ပဒုဏ္ဏ။ စာပေဆုရ

ဒုတိယဘာဝအစနှင့်

# အကြင်နာနှလုံးသားအလှများ

**သိန်းဇော်**

။ ရွှေလီဦး ။



# စာရေးသူ၏ဝန်ခံချက်

ကျွန်တော်ရေးသားယှဉ်ပြိုင်သော **ဒုတိယဘဝအစနဲ့ အကြင်နာ နှလုံးသားများ** ဝတ္ထုရှည်သည် ကျေးလက်တောရွာများတွင် တွေ့ရလေ့ရှိသည့် စရိုက်ဆိုးဆိုးလူငယ် တချို့အကြောင်းကို အခြေတည်ကာ ဇာတ်လမ်းဖွဲ့ထားပါသည်။ ထိုလူငယ်များသည် အခြေအနေ အချိန်အခါအရ အဆိုးမှသည် အကောင်းဖက်သို့ ပြောင်းလာနိုင်သလို ထိုကဲ့သို့ လူငယ်များအား လျစ်လျူမရှုဘဲ ပြုပြင်ထိန်းသိမ်းနိုင်ကြောင်းများအား ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်း တိုက်သည့်ကာလ၊ ပြုပြင်တည်ဆောက်ရေးကာလများတွင် အသိမှန်၊ စိတ်ထားမှန်ဖြစ်လာပြီး အများအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် လူငယ်တစ်ဦးအကြောင်း ဇာတ်လမ်းဆင်၍ ယခုကာလနှင့်ကိုက်ညီသော အသင်းအဖွဲ့ အသုံးအနှုန်း၊ အခြေအနေများကို ပြောင်းလဲ ပြင်ဆင်ဖြည့်စွက်၍ ဇာတ်အိမ်ဖွဲ့ကာ ပြန်လည်ရေးသားထားသော ဝတ္ထုရှည်တစ်ပုဒ် ဖြစ်ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျေးရွာတစ်ချို့တွင်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်များကို ပေါင်းစပ်ထည့်သွင်း ရေးသား ထားပါကြောင်း ဝန်ခံအပ်ပါသည်။

သိန်းဇော် (ရွှေလီဦး)

## အခန်း-၁

"ပစ်တိုင်းထောင် စံပြရွာ"

သပ်ရပ်သော ရွာဆိုင်းဘုတ်၊ သစ်သားရေဆေးတံတား၊ ကျေးရွာ မီးကင်းမျှော်စင်တစ်ခုက သူတို့မော်တော်ဆိုက်ကပ်ရာ ဆိပ်ကမ်းသာလေးအနီးတွင် လှမ်းတွေ့လိုက်ရသည်။ မော်တော်လေးမှာ ရေကျချိန်မို့ ကမ်းနှင့် အနည်းငယ် အလှမ်းဝေးနေသဖြင့် လှေ၊ သမ္ဗာန်အချို့ပေါ်တွင် ကုန်းဘောင်များ ပျဉ်ချပ်များ ဖြတ်ခင်းထားသောနေရာမှ နိုင်ဇော်မင်းတို့ သူငယ်ချင်းတစ်စု ခက်ခက်ခဲခဲ ကမ်းပေါ်သို့ တက်နေချိန်။

"ကျောင်းသားကြီးတွေ မြန်မြန်လာကြ၊ မင်းတို့အစ်ကိုတွေ၊ အစ်မတွေဆီက ပစ္စည်းတွေ လာကူသယ်ပေးကြဦးဟေ့"

ကြားလိုက်ရသည့် အသံရှင်ကို လှမ်းကြည့်လိုက်တော့ ဦးပဉ္ဇင်းတစ်ပါးကို သူတို့ လှမ်းတွေ့လိုက်ရသည်။ အင်္ကျီအဖြူနှင့် လုံချည်အစိမ်းဝတ်ထားသော ကျောင်းသားလေးတချို့ သူတို့ထံ လျှင်မြန်စွာ ဆင်းလာကြပြီး အဝတ်အိတ်တွေ သယ်သူကသယ်၊ တွဲခေါ်သူက တွဲခေါ်ကြသဖြင့် ကမ်းပေါ်သို့ ကြာကြာခရီးမဖင့်ဘဲ သူတို့ရောက်ခဲ့ကြသည်။ ကမ်းပေါ်ရောက်သည်နှင့် နိုင်ဇော်မင်းက ဦးပဉ္ဇင်းကို လက်အုပ်ချီလိုက်ရင်း -

"တပည့်တော် ဦးမောင်မောင်နိုင်ရဲ့သားပါဘုရား။ တပည့်တော်တို့ သူငယ်ချင်းငါးဦး အဖွဲ့ပါ။ အခု ဦးပဉ္ဇင်း မြင်ရတဲ့အတိုင်း ယောက်ျားလေးသုံးဦးနဲ့ မိန်းကလေးနှစ်ဦးပါ ဘုရား"

နိုင်ဖေမင်း လျှောက်ထားနေစဉ် အားလုံး ဦးပဉ္ဇင်းကို လက်အုပ်ချီထားလျက် ရှိနေကြသည်။ ဦးပဉ္ဇင်းမှ ခေါင်းညိတ်ပြုံးပြလိုက်ရင်း -

"ဒကာကြီး ဦးမောင်မောင်နိုင် ရန်ကုန်က လှမ်းဖုန်းဆက်ထားပါတယ်။ အားလုံး အစီအစဉ်တွေလည်း ဆရာတော်ကြီးကို လျှောက်ထားပြီးပြီ။ လိုင်းကောင်းမော်တော်က ဒီနေ့ ရေအလှည့်သင့်တော့ စောစော ဝင်လာတာကိုး။ ကဲ- ဒကာလေးတို့အဖွဲ့ နေထိုင်စားသောက်ရေး အားလုံးစီစဉ်ထားပြီးပြီ ကျောင်းဘက် သွားကြမယ်လေ... ဦးပဉ္ဇင်းလည်း မှတ်ထားကြဦး။ ဦးသောဘိတတဲ့။ ဆရာတော်ကြီးရဲ့ လက်ရင်းတပည့်ပေါ့ကွယ်"

သို့ဖြင့် ရွာဆရာတော်ကြီး လက်ရင်းတပည့်လည်းဖြစ်၊ ရပ်ရေးရွာရေးကိစ္စတွေမှာလည်း အားတက်သရော ပံ့ပိုးနေသည့် မျှော်စရိမသူ့ အဖွဲ့ ဦးပဉ္ဇင်း ဦးသောဘိတနှင့်အတူ သူတို့ လူငယ်တွေ ရွာလမ်းအတိုင်း လမ်းလျှောက်လာခဲ့ကြသည်။ သန့်ရှင်းသပ်ရပ်သော ရွာလမ်းမှာ ဆယ်ပေခန့်ကျယ်ဝန်းသော ကျောက်စရစ်လမ်းဖြစ်ပြီး လမ်းဘေးတိုင်များ၊ အရိပ်ရနေပြီးသော စနစ်တကျ စိုက်ထားသည့် ပိတောက်ပင်ပျို သရက်ပင်ပျို၊ လမုပင်၊ အုန်းပင်၊ ကွမ်းသီးပင်များက မျက်စိပသာဒဖြစ်စရာပင်။ ထို့ပြင် သန့်ရှင်းသပ်ရပ်သော ဖျဉ်ထောင်၊ သွပ်မိုးအိမ်များ အစီအရီတွေ့ရသလို ခပ်လှမ်းလှမ်း နေရာတွင်လည်း တစ်ထပ်စတေးတည်း ပုံစံတူတည်ဆောက်ထားသော အိမ်များကို သွပ်မိုးတပြောင်ပြောင်ဖြင့် လှမ်းတွေ့လိုက်ရ

သေးသည်။ မကြာခင် ရွာလယ်လမ်းဆုံသို့ ရောက်လာပြီး စာကြည့်တိုက်၊ ဆေးပေးခန်း၊ ရေတုံကင်၊ ရေသန့်စင်ကန်များ အစီအရီ တွေ့ရသလို ဓနိနံ့များ၊ ဓနိဖျစ်နေသူများ၊ ငါးပုစွန် ရွေးနေသူများ၊ ငါးများချိန်တွယ် သယ်ယူနေသူများကိုလည်း တွေ့ကြရသည်။ ထိုလမ်းဆုံမှ အရှေ့ဘက် အနည်းငယ် ဝင်သွားလိုက်သည်နှင့် "ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ပစ်တိုင်းထောင်ရွာ" ဆိုင်းဘုတ်ကို ထင်ထင်ရှားရှား တွေ့လိုက်ရပြီး ဦးပဥ္စင်းက ကျောင်းအတွင်းသို့ ဦးဆောင်ဝင်သွားသည်။

"မင်္ဂလာပါ"

"ပစ်တိုင်းထောင်သား နှစ်ခါမွှား အားသစ်တဝေဝေ၊ ကြွလာသူပေါင်း××× မိတ်ဆွေကောင်း××× ကောင်းကျိုးအထွေထွေ××× အဏ္ဍပရုနှစ်ဌာန××× နှလုံးသားအလှ××× ဖြိုးပါစေ. . .၊ အဲဒါမှ လောကအလှ ထာဝရတည်မှာပေ. . . မင်္ဂလာပါ"

ကျောင်းသား ကျောင်းသူလေးများ၏ နှုတ်ခွန်းဆက်သံနှင့်အတူ လက်အုပ်လေးများချီ၍ ကြိုဆိုနေသည်ကို မြင်ရတော့ နိုင်ဇော်မင်းတို့တစ်တွေ ကြက်သီးဖြန်းဖြန်းထမျှ ပီတိတွေ ဖြစ်သွားကြရသည်။

"ဦးပဥ္စင်းတို့ကျောင်းမှာ ကျောင်းသားကျောင်းသူ ၅၆ ယောက် ရှိပြီး အဲဒီအထဲမှ မိဘမဲ့ကလေးက အခု ၃၁ ဦး ရှိပါတယ်၊ ဆရာတော်ကြီးကတော့ ဒီအချိန် တရားရှုမှတ်နေပြီ၊ ဟဲ-ကျောင်းတော်ကြီးဘက် သွားကြရအောင်၊ နောက်ပြီးမှ နေရာချပေးမယ်၊ ပစ္စည်းတွေကို ကျောင်းသားလေးတွေ လာပို့လိမ့်မယ်"

သို့ဖြင့် ဦးပဥ္စင်း ဦးသောဘိတနှင့်အတူ ကျောင်းကြီးပေါ်သို့ တက်လာခဲ့ကြသည်။ ကျောင်းကြီးအနီး စေတီတော်မှ ဆည်းလည်းသံ

မှတစ်ပါး ကျောင်းကြီးပေါ်တွင် ဘာသိမှုမကြားရ။ ကျောင်းကြီးပေါ်ရှိ ဘုရားခန်းတွင် သစ်သီးမျိုးစုံနှင့် ပန်းတွေ လှိုင်နေအောင် ကပ်ထားသည့် ကြည်ညိုဖွယ်ကောင်းသော ကျောက်ဆင်းတု ရုပ်ပွားတော်မြတ်ကို ဖူးတွေ့ကြရသည်မှာ သူတို့အားလုံး ရင်ထဲတွင် အေးချမ်းသွားသည်။

"အရင်က တပည့်တော်တို့ ကြားလိုက်ရတဲ့ စကားတွေ၊ ဖတ်ခဲ့ရ မြင်ခဲ့ရတဲ့ အကြောင်းတွေနဲ့တော့ တကယ်ကို ကွာသွားပါပြီဘုရား။ ဒီရွာလေးဟာ မြို့နဲ့မခြား အလွန်ပြည့်စုံတိုးတက်နေတာ တွေ့ရပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ပြည့်စုံနေတာ ရွာအခြေအနေ အကဲခတ်ကြည့်ရုံနဲ့ သိရှိနိုင်ပါတယ်ဘုရား။ ဒါနဲ့အတူ ဆရာတော်ကြီးထံ ခိုလှုံနေတဲ့ ကျောင်းသားလေးတွေကို တပည့်တော်တို့ အားလပ်ရက်မှာ ပညာဒါန လုပ်ခွင့်ရတာလည်း အထူးဝမ်းသာရပါပြီ ဘုရား။ တပည့်တော်တို့ကို လိုတာရှိရင် မိန့်ကြားသွန်သင်ပါ ဘုရား"

သူတို့အဖွဲ့ကို ဦးဆောင်လာခဲ့သူ နိုင်ဇော်မင်း၏စကားကို ဦးပဥ္စင်းဦးသောဘိတက ခေါင်းတညိတ်ညိတ် နားထောင်ရင်း-

"အစီအစဉ်တွေကို ဆရာတော်ကြီးထံမှာ လျှောက်ထားပြီးပါပြီ၊ နောက် တဖြည်းဖြည်း ပြောပြပါမယ်၊ ဒကာကြီး မောင်မောင်နိုင်ပါ တစ်ပါတည်း ပါလာမယ်တောင် ဆရာတော်ကြီးက ထင်ထားတာ။ ဒါနဲ့ သူတို့မိဘတွေကရောကွယ်"

ဦးပဥ္စင်းအမေးကြောင့် အားလုံးကို လှည့်ကြည့်ပြီးမှ -

"တပည့်တော်ရဲ့ သူငယ်ချင်းတွေဖြစ်သလို ဖေဖေရဲ့ မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ သားသမီးတွေပါ ဘုရား။ သူတို့

အကြောင်းလေးတွေ ရေးထားတဲ့ စာရွက်တွေ တပည့်တော်ဆီမှာ ရှိပါတယ်ဘုရား၊ မကြာခင်မှာတော့ မေမေနဲ့အတူ သူတို့မိဘတွေလည်း ဒီကိုအလည်လာကြရင်း လိုအပ်တာလေးတွေ လှူဒါန်းဖို့ လိုက်လာကြမှာပါဘုရား"

ဟု လျှောက်ထားလိုက်လျှင် ဦးပဉ္ဇင်းက -

"သာဓု. . . သာဓု. . . သာဓု ကောင်းပါတယ်၊ အင်း- အခုကာလမှာ လူငယ်တွေ ပရဟိတစိတ်တွေ ရှိလာတာ၊ များလာတာ တွေ့နေရတာ ဝမ်းသာစရာပါ။ ဒါလည်း ဆရာသမား မိဘတွေရဲ့ကျေးဇူးပဲ၊ တစ်နည်းအားဖြင့် လူငယ်လူရွယ်တွေကို အလေးထားကြတဲ့ကာလလို့ ဆိုရမှာပေါ့၊ ဒါလည်း ကမ္ဘာနဲ့အဝန်း ခေတ်မီပညာတွေဟာ လူငယ်တွေနဲ့ အသားကျနေကြပြီလေ၊ လူငယ်လူရွယ်တွေကို အလေးအနက် မထားမိတာရယ်၊ လူငယ်လူရွယ်တွေကိုယ်တိုင်က မိမိဘ၊ မိမိအနာဂတ်ကို အလေးမထားဘဲ ဖြစ်ချင်ရာဖြစ် ရေစုန်မျောတာတွေရယ်ကြောင့် ဝံသာနုရက္ခိတတရားတွေ ကင်းမဲ့ကြ၊ ပရဟိတစိတ်တွေ မရှိကြနဲ့ အမျိုးဘာသာ တိုးတက်မှုနည်းခဲ့တာ တချို့ သမိုင်းဖြစ်ရပ်တွေမှာ သက်သေပြခဲ့ပြီ မဟုတ်လား။ ဟော- အခုကာလ အပိုင်းတွေမှာ လူငယ်လူရွယ် တော်တော်များများ တစ်ဖန်ပြန်ပြီး အခုန ဦးပဉ္ဇင်း ပြောခဲ့တဲ့ ပရဟိတစိတ်တွေ တိုးလာတာတွေ၊ လက်တွေ့ နယ်ပယ်မှာ အကောင်အထည် ဖော်လာကြတာတွေ တွေ့ရမြင်ရတော့ ဦးပဉ္ဇင်းတော့ လူငယ်စိတ်နဲ့ အရမ်းကို ဝမ်းသာပီတိ ဖြစ်ရပါတယ်၊ ကဲ- အမောပြေ ရေနွေးကြမ်းနဲ့ ငါးခြောက်ဆီဆမ်းလေး စားကြပါဦး"

ကျောင်းသားလေး တစ်ယောက်က ရေနွေးကြမ်း ပဲကြမ်းကြော်နှင့် ငါးခြောက်ဆီဆမ်း လာချပေးသည်။

"ဦးပဥ္စင်း အမိန့်ရှိတာ မှန်ပါတယ် ဘုရား။ အဲဒီဖြစ်ရပ် မှန်တွေ လုပ်ရပ်တွေကြောင့်လည်း တပည့်တော်တို့ အားကျကုဂ်ယူမိပါတယ်၊ ဒါကြောင့်လည်း ဘယ်ဒေသ ဘယ်အရပ်ဖြစ်ဖြစ် လူမှုဒုက္ခတွေ ခံစားရတာတွေကြားရရင် ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီချင်စိတ်တွေ အမြဲပေါ်ပေါက်တတ်ပါတယ်၊ အခုတော့ ထင်တာထက်ပိုပြီး လက်တွေ့ အကောင်အထည်ဖော်ခွင့် ရပါပြီဘုရား"

ဟု လျှောက်ထားလိုက်သလို နွေးနွေးလှိုင်ကလည်း -

"တပည့်တော်မတို့ ဒီနယ်ကအကြောင်းတွေ ကြားရ သိခဲ့ရတဲ့အချိန် တော်တော် စိတ်မကောင်း ဖြစ်ရပါတယ် ဘုရား၊ အခုလို ရွာလေးတွေ တိုးတက်နေတာ တွေ့ရတော့ မယုံနိုင်စရာပါပဲ ဘုရား"

နွေးနွေးလှိုင်စကားကို ဦးပဥ္စင်း ဦးသောဘိတက ခေါင်းညိတ်နားထောင်ရင်းက -

"အင်း- အားလုံးမြင်တဲ့အတိုင်းပါပဲ၊ ရုပ်ဝတ္ထုပိုင်းတွေကတော့ တိုးတက်သင့်သလောက် တိုးတက်လာပါပြီ၊ လိုနေတာက စိတ်ပိုင်းဆိုင်ရာတွေပဲ၊ တချို့ အားငယ်တာတွေ၊ နှလုံးကြောင်ကြောင် ဖြစ်နေတာတွေ၊ ပူဆွေးမှုတွေ အခုထက်ထိ ရှိဆဲပဲ၊ ဒါတွေကို ခံစားနားလည်စိတ်တွေ ဖေးကူဖို့လိုနေတာပဲ၊ စိတ်ကုစားမှုတွေ လိုနေသေးတယ်၊ ခံစားနားလည်ပေးဖို့ လိုတယ်ကွယ့်၊ အခုလို တိုးတက်ပြောင်းလဲလာတာဟာလည်း သဘာဝတရားတွေက သင်ပြလမ်းညွှန်သွားခဲ့တာဆိုရင် မမှားဘူးကွယ့်"

ဦးသောဘိတစကားကြောင့် အားလုံး ပို၍ စိတ်ဝင်စားကြသလို တိုးတက်အောင်က -

"သဘာဝတရားက သင်တယ်ဆိုတာ ဘယ်လိုပါလိမ့်"

ဟု မေးလိုက်လျှင် ဦးပဉ္စင်း ဦးသောဘိတက လက်ကာပြ လိုက်ရင်း -

"တဖြည်းဖြည်း သိလာကြမှာပါ။ အချက်အလက်တွေတော့ အများကြီးပဲကွယ်။ ကဲ- အခုတော့ နားလိုက်ကြပါဦး"

"တင်ပါ့ဘုရား"

ooo

## အခန်း-၂

"သစ်ဆွေးပင်ကြီးရဲ့အမြစ်က မယုံနိုင်လောက်အောင် ပါလား နော်"

"ဒီအပင်ပျိုလေး သုံးပင်ကို အစာကျွေးနေသလိုပေါ့နော်"

"ဟုတ်တယ်၊ ပင်မကြီး အမြစ်ကော်လဲပြီး အမြစ်လေး တစ်မြစ် ကျန်တာပဲ၊ ဒါကြောင့် ပင်စည်ကြီးက တစ်ခြမ်း ခြောက်နေတာပေါ့"

"ကျန်တဲ့တစ်ခြမ်းနဲ့ အသက်ဆက်ပေးနေတာပေါ့"

"ပင်စည်အားလုံး ဆွေးတော့မယ်နော်"

နိုင်စော်မင်းတို့ သူငယ်ချင်းတွေအားလုံး ထင်မြင်ချက်တွေ ပေးရင်း တအံ့တဩ ဖြစ်နေကြသည်။ မြင်နေရသည့် မြင်ကွင်းက တုံးလုံးလဲနေပြီး အခွံပါးပါးသာ ကျန်နေသည့် သစ်ဆွေးပင်ကြီး တစ်ပင်။

"ဟုတ်တယ်ကွယ်၊ အားလုံးမြင်နေရတဲ့ ဒီသစ်ပင်ကြီး အမြစ်ဟာ အံ့ဩစရာဖြစ်သလို သံဝေဂယူစရာလည်းဖြစ်တယ်၊ နောက်ပြီး မိဘမေတ္တာကို ဖော်ထုတ်နေတာလို့ပဲပြောပြော၊ မျိုးဆက်သစ်အတွက် သစ်ခွံသစ်သားဆိုတဲ့ အသားအရေ ခန်းခြောက်တဲ့အထိ အနစ်နာခံသူတွေပဲလို့ပြောပြော အလွန်ဥပမာပြစရာကောင်းတဲ့မြင်ကွင်း

တစ်ခုပေါ့၊ အင်း ဒီသစ်ပင်ကြီးဟာ ပြီးခဲ့တဲ့လေးနှစ်ကျော်ကျော်က နာဂစ်မုန်တိုင်းဒဏ်ခံရတော့ ဘုန်းဘုန်းလဲကျသွားခဲ့ရတယ်၊ လမ်းပေါ်ဖြတ်လဲနေတော့ ပင်စည်ကြီးကို အလယ်ကနေဖြတ်၊ အကိုင်းအခက်တွေ ခုတ်ထစ်ပြီး ဒီအပင်ကို အခုလို လမ်းနဲ့လွတ်အောင် ခပ်လွယ်လွယ် ရွှေ့ထားလိုက်ကြရတာပေါ့၊ သူပိုင်ရှင်တွေကလည်း နာဂစ်မှာ မိသားစုလိုက် သေသွားကြတာလေ၊ ဒီလိုပဲထားလိုက်ရတာပေါ့၊ အင်း- တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ဒီအပင်ကြီးလဲသလို အကိုင်းအခက် အကျန်လေးအဖြစ် သမီးလေးတစ်ယောက် ကျန်ခဲ့တယ်၊ သူလေးကတော့ ပုလဲဝင်းတဲ့၊ တွေ့ကြရမှာပေါ့၊ ဆက်ပြောရမယ်ဆိုရင် ဒီအပင်ကြီးက ဒီဒေသ ဒီရွာမှာ သေသူတွေကို ကိုယ်စားပြုနေသလို အခု အပင်ဖျားလေးသုံးပင် သူ့ကိုယ်ကထွက်ပြီး သစ်ပင်အင်္ဂါတွေနဲ့အညီ စည်ပင်ဖွံ့ဖြိုးနေတာဟာ ဘာနဲ့တူသလဲဆိုတော့ ရွာမှာ မသေဘဲ ကျန်ခဲ့တဲ့လူတွေ၊ မျိုးဆက်သစ်တွေနဲ့ တူနေတယ်"

အားလုံးက ဆရာကြီး ဦးမြင့်ရွှေစကားကို ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်နေကြသည်။

"ဒါကြောင့် ဒီရွာမှာတော့ နာဂစ်ကြောင့် စတေးခံရတဲ့သူတွေ၊ သေကျေပျက်စီးခဲ့ကြသူတွေရဲ့ အသွေးအသားတွေဟာ ထာဝရ ဒီမြေမှာတည်နေပြီး အဲဒီဖြစ်ရပ်တွေ၊ ကြေကွဲစရာတွေရဲ့ ဖြစ်ရပ်တွေပေါ် မူတည်ပြီး ကျန်တဲ့လူတွေက ချွေးအလူးလူး သွေးအလူးလူး မျက်ရည် အလူးလူးဖြစ်နေတဲ့ ဒီမြေ ဒီရေကို ပိုပြီး ခင်တွယ်လာတယ်၊ သံယောဇဉ် တွယ်လာတယ်၊ ကျေးဇူး သိလာကြတယ်၊ အဲဒီဖြစ်စဉ်တွေရဲ့ ပြယုဂ်တစ်ခုလိုပေါ့ကွာ"

အားလုံးက စိတ်ဝင်တစား နားထောင်နေကြသလို ဆရာကြီး မြင့်ရွှေက အားလုံးကိုကြည့်ရင်းပြောပြန်သည်။

"ဆရာကြီးပြောတဲ့အဖြစ်က မယုံနိုင်စရာပဲ၊ ဟောဒီ အပင်ကြီး လိုပဲ နောက်မှာ သေသွားကြတဲ့ မိခင်တချို့ ကလေးကို နို့တိုက်ရင်း သေနေတာတွေ တွေ့ရတယ်၊ တချို့လည်း မသေမရှင် တွေပေါ့"

"အို"

"ဟင်"

"ကျွတ်"

"ကျွတ်"

"အဲဒီ ကလေးတချို့ဟာ သေနေတဲ့မိခင်တွေ၊ မသေမရှင် မိခင်တွေနို့စို့ရင်း ရေမျောကမ်းတင် အနေအထားတွေကို မယုံ နိုင်စရာ တွေ့ကြရတယ်၊ ကဲ- ဒီသစ်ပင်ကြီးလည်း ဘာထူးလဲ၊ ဒါကြောင့် ဒီသစ်ပင်ကြီးရဲ့အဖြစ်က ပစ်တိုင်းထောင်ရဲ့ ပြယုဂ် တစ်ခုလို့ ဆိုချင်တာပေါ့ကွယ်"

"မှန်ပါတယ် ဆရာကြီး၊ ဒီမြင်ကွင်းကို ကြည့်ရမြင်ရတုံနဲ့ ဆရာကြီးပြောတဲ့အဖြစ်တွေ ပိုပြီး လေးနက်သွားပါတယ် ခင်ဗျာ"

နိုင်ဇော်မင်းက ပြောလိုက်သလို ဆရာကြီး ဦးမြင့်ရွှေက -

"ဒီလိုပဲ စိတ်ဝင်စားစရာတွေ အများကြီးကွယ်၊ နောက်မုန်တိုင်း ကြောင့် နိုင်းတဲ့လူတွေလည်း ယဉ်ပါးလာဆိုသလို အရင်က ရွာမှာ ဆိုးသွမ်းခဲ့တဲ့ ရွာက အောင်ကြောလန် လူငယ်တစ်စုရဲ့ အင်အားနဲ့ ဒီအခြေအနေတွေ ဟောဒီပစ်တိုင်းထောင်ရွာမှာ ဖြစ်လာခဲ့တယ်၊ တိုးတက်လာခဲ့တယ်ဆိုရင် မင်းတို့ အံ့ဩသွားလိမ့်မယ်၊ အခုနပြော တဲ့ နို့စို့ကလေးတွေကိုတောင် ရွာထဲမှာ နို့အလှူခံပြီး တိုက်ကျွေး ပေးခဲ့တဲ့အထိ သူတို့လုပ်ခဲ့ကြတယ်၊ အဲဒီလူတွေကို တွေ့ချင်ကြသလား"

"ဟာ- စိတ်ဝင်စားစရာပေါ့ ဆရာကြီးရဲ့၊ တွေ့ချင်ပါတယ်ခင်ဗျာ"

သူတို့အထဲမှ ထွန်းထွန်းဇော်က ပြောလိုက်သလို အားလုံး ဆရာကြီး ဦးမြင့်ရွှေပြောမည့်စကားကို နားစွင့်နေကြသည်။ ဆရာကြီး ဦးမြင့်ရွှေက အဝေးတစ်နေရာကို လှမ်းကြည့်ရင်း -

"အင်း- အခုတော့ တွေ့လို့မရသေးဘူး၊ မကြာခင်ရက်ထဲမှာပဲ ပြန်လာကြမှာကွယ့်၊ တကယ်တော့ ဆရာကြီးတို့ ဒီရေ ဒီမြေ ဒီရွာ၊ ဒီနယ်မှာ ရွာက ဆရာတော်ဘုရားကြီး အမိန့်ရှိသလို ဒုတိယဘဝနဲ့ နှလုံးသားလှကြသူများဆိုသလို အားလုံး ဒီနာဂစ်ဘေးဆိုးကြီးကို နာကျင်စွာ ကျော်လွှားဖြတ်သန်း ဘဝသစ်ရောက်ကြပြီးမှ နှလုံးသားတွေ ပိုလှလာကြတာလို့ ယည်ယည်ကျေကျေ မိန့်လိုက်တာပေါ့၊ အဓိပ္ပာယ် အများကြီးဆောင်ပါတယ်"

"ဒုတိယဘဝကျမှပဲ နှလုံးသား လှလာကြတာဟုတ်လား ဆရာကြီး"

ဒီတစ်ခါ နိုင်ဇော်မင်းမှ မေးလိုက်သလို ဆရာကြီး ဦးမြင့်ရွှေက ခေါင်းညိတ်လိုက်ရင်း -

"ဒီစကားရဲ့ အနက်အဓိပ္ပာယ်တွေ ဒီကမပြန်ခင် သိကြမှာပါ၊ ဆန္ဒတော့ မစောနဲ့ဦး၊ တဖြည်းဖြည်း ဇာတ်ရည်လည်လာမှာပါ၊ ကဲ- ကျောင်းပြန်စို့ ကျောင်းသားကျောင်းသူလေးတွေ စုံလောက်ပြီကွယ့်၊ လာကြ. . . လာကြ"

နိုင်ဇော်မင်းတို့တစ်တွေ သစ်ဆွေးပင်ကြီးအနီးမှ ပြန်လှည့်လာကြသလို သူတို့အားလုံး ရင်ထဲတွင်လည်း ဒုတိယဘဝနှင့် နှလုံးလှကြသူများအကြောင်း သိချင်သည့်ဆန္ဒတွေ ဖြစ်ပေါ်နေကြပေပြီ။

○○○

## အခန်း-၃

တန်ခူးလမို့ ကောင်းကင်တွင် မိုးရိပ်များက မကင်းချင်၊ အနောက်တောင်ထောင့်မှ တိုက်လာသည့် အနောက်ရှမ်းလေသည် ညနေပိုင်း သည်လိုအချိန်ရောက်လျှင် တဖြူးဖြူးဖြစ်လာသည်။ ဟိုအဝေး တစ်နေရာဆီမှာတော့ လှိုင်းသံတွေက တဝုန်းဝုန်း ကြားနေရသည်။

"အားလုံး ကြားကြသမျှ ရွာမိရွာဖများ အမှူးထား၍ ကာလသမီး၊ ကာလသား အပေါင်းတို့ခင်ဗျား၊ ယနေ့ညနေ လေးနာရီတိတိ အချိန်မှစတင်၍ ရှင်လောင်းလှည့်မှာ ဖြစ်ပါသောကြောင့် ကျွန်းသာရွာ အလှူရှင် ဦးအောင်ဇံ၊ ဒေါ်သန်းနှစ်တို့၏ အလှူမင်္ဂလာမဏ္ဍပ်သို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါတယ်ရှို့"

လေအသင့်ဝယ် အသံချဲ့စက်မှ ထွက်ပေါ်လာသည့် ရှင်လောင်းလှည့်ရန် နှိုးဆော်သံနှင့်အတူ အိုးစည်သံတထုံထုံကို စောင်ကြားလိုက်ရသလို သီချင်းသံတွေကလည်း လေထဲတွင် ပျံ့လွင့်လို့နေသည်။

"တောင်ပေါ်မှာ ရေကြီးလို့. . . မြေကြီးက မိုးခေါင်. . . (ဖျိုတို့မောင်. . . ဖျိုတို့မောင်)၂. . . ဖျိုတို့မောင်. . . ဟေလားလေ မောင်တို့ဝါး . . ."

ဖိုးစည်ဝိုင်းမှ ညာသံပေး၍ တီးမှုတ်သံများက လေအသင့် ဝယ် တစ်ရွာကျော် နှစ်ရွာကျော်အထိ ကြားနေရပေပြီ။

"ဟေ့ကောင်- ရွှေဒင်္ဂါး ဘယ်ရောက်နေတာလဲ၊ ဗျို့- ဘကြီး ဗလာကြား၊ ဗျို့- ဘကြီးကြား"

"ဟေ့ ဘယ်သူတွေလဲကွ"

ပြောရင်း တဲအတွင်းမှ လူးလဲထလာသည့် ဦးဗလာကြား တစ်ယောက် ပုဆိုးတစ်ထည်ဖြင့် တစ်ထည်စည်းပြီး တဲအပြင်သို့ ထွက်လာသည်။

"ဘကြီး. . .၊ ရွှေဒင်္ဂါး ဘယ်သွားလဲ၊ သူများရွာက ဖိုးစည် ဝိုင်းတောင် စတီးနေတဲ့အသံကြားနေပြီ" ဟုပြောရင်း တဲရှေ့ရောက် လာသည့် ဆင်ပေါက်ကို ဦးဗလာကြား မျက်စိပွတ်ကြည့်ရင်း -

"ဟကောင်ရေ ငါလည်း မနေ့ညက အိပ်ရေးပျက်လို့ နေ့ခင်း အိပ်နေတာ၊ ဒါနဲ့ ဒီကောင် မင်းတို့ဆီ မလာဘူးလား"

ဦးဗလာကြားက ပုဆိုးကိုပြင်ဝတ်ရင်း ဆင်ပေါက်ကို ပြန်မေး လိုက်သည်။ ဆင်ပေါက်က ခေါင်းတရမ်းရမ်း ကုတ်လိုက်ပြီး -

"ဟာ- မလာပါဘူး ဘကြီးရာ၊ ဒီကောင့်ကို အလှူသွားဖို့ စောင့်နေတာ၊ အားလုံး လူစုံသလောက် ဖြစ်ပြီ၊ အဲဒါ လာခေါ် တာဗျ၊ ဟိုမှာ အသံချဲ့စက်ကနေ တကြော်ကြော် ဟစ်နေပြီ"

ဟုပြောရင်း ဟိုမျှော်သည်မျှော် လုပ်နေသည်။ ထိုစဉ် တဲအနားသို့ ဦးဘေးကြောင်တစ်ယောက် သိုင်းကွက်နင်းပြီး လျှောက်လာရင်း သူတို့ပြောနေသည့် စကားများကို ခါးဆန့် နားထောင်လိုက်ပြီးမှ -

"ဟေ့ကောင် ဆင်ပေါက်၊ ဘယ်မှသွားရှာမနေနဲ့၊ ခင်ညိုတို့ အိမ်မှာ မင်းအကောင် ဆက်ရက်မင်းစည်းစိမ် ကျနေလေရဲ့၊ ဘာတဲ့

မင်းအကောင်က ငါ့ကိုလည်း ပြောလိုက်သေးတယ်၊ သူတို့ ဟို အောင်နံ့အလှူမှာ ကရမှာမို့ ရဲဆေးနည်းနည်းတင်နေတာတဲ့၊ ထို့ တော်တော် သတ္တိနည်းတဲ့အကောင်တွေ၊ အရက်သောက်မှ ကရဲ တယ်လို့ကွာ၊ အခုန ဟိုဝိုင်းကဆိုနေတာ လေ်စပီကာထဲကလည်း ကြားလိုက်ပါသေးတယ်၊ ဘာတဲ့ တောင်ပေါ်မှာ ရေကြီး၊ မြေကြီးက မိုးခေါင်ဆိုလား၊ နိမိတ်မရှိ နမာမရှိကွာ၊ ဟင်း၊ ဆိုတဲ့အသံတွေ ကလည်း တောမရောက် တောင်မရောက်နဲ့၊ ဟိုကက်ဆက်ထဲက လမ်းသရဲတွေ ဆိုတဲ့အတိုင်းပဲ"

ဟု သူပြောချင်သည့်စကားကို မကျေမနပ် တရစပ်ပြောရင်း ဒယိမ်းဒယိုင် ဆက်လျှောက်လာသော ဦးဗလာကြား၏ တဲထရံကို မှီထိုင်လိုက်သည်။ ဆင်ပေါက်က ဦးဘေးကြောင်ကို စိတ်ပျက် လက်ပျက်ကြည့်ရင်း -

"ဝေဖန်မနေနဲ့၊ ဘကြီးတို့ခေတ်ကလည်း ဆိုခဲ့တာပဲ မဟုတ်လား၊ အဆန်းလုပ်ပြောမနေနဲ့ ဟာဗျာ. . . ပြောနေရင် ကြာတယ်၊ ဟိုကောင် ရွှေဒင်္ဂါးကို အမြန်သွားခေါ်ဦးမှ"

ပြောရင်း ဆင်ပေါက်တစ်ယောက် မခင်ညိုတဲဘက်သို့ အပြေးတစ်ပိုင်းဖြင့် ထွက်သွားသည်။ ဦးဘေးကြောင်တစ်ယောက် ဆင်ပေါက်၏နောက်ကျောကို လက်ညှိုးထိုးရင်း -

"သွား. . . သွား၊ ဟား. . . ဟား. . . ဆင်ပေါက်၊ မင်း အကြောင်း မသိရင်ခက်မယ်၊ ဟိုမှာ ရွှေဒင်္ဂါးတို့အဖွဲ့နဲ့ ဒီပွတ်ထဲက ဒီပဲ လုပ်ဦးမှာ မဟုတ်လား၊ ဟား. . . ဟား. . ."

ပြောရင်း ဟားတိုက် ရယ်နေသည်။ ဦးဗလာကြားက ဦးဘေးကြောင်ကို မျက်မှောင်ကြုတ်ပြီးကြည့်ရင်း မကျေမနပ်ဖြင့် ပြောလိုက်သည်။

"ဟော့ကောင် သေးကြောင်၊ မင်းက လူငယ်တွေသာ လျှောက်ပြောနေတာ၊ မင်းကိုယ်တိုင် ညနေတောင် မစောင်းသေးဘူး၊ မူးနေပြီမဟုတ်လား၊ ခဏထိုင်ဦးကွာ၊ ငါ ပလုတ်ကျင်း လိုက်ဦးမယ်" ဟုပြောရင်း စဥ္စအိုးကြီးရှိရာ တဲနောက်ဖေးဘက်သို့ ထွက်သွားသည်။

"ဟား. . . ဟား. . .၊ မင်းရော ဘာထူးသလဲ ဗလာကြားရယ်၊ နေ့ခင်းက ငါလာတုန်းက တစ်ခွက်တစ်ဖလားချပြီး ထမင်းတောင်မစားဘဲ နဂါးမင်းစည်းစိမ်ခံပြီး အိပ်နေတဲ့ အကောင်ကများ၊ ဟင်း. . . သေးကြောင်နဲ့ ဗလာကြား အခုမှ တွဲလာတာ မဟုတ်ပါဘူးကွာ၊ ရွာထဲမှာ တို့နှစ်ယောက်တွဲလာတာ အမေ့ချက်ကြီးဖြတ်ပြီးကတည်းက ခေတ်သိတွေပါကွာ ဟား. . . ဟား. . ." ပြောအပြီး ထရုံမှီရှင်း ဆေးလိပ်တိုကို ခပ်ပြင်းပြင်း ဖွာနေ၏။ အဝေးလေအသင့်မှာတော့ အလျှုံအိမ်မှ အိုးစည်သံနှင့်အတူ သီချင်းသံတွေ၊ လူသံတွေက သစ်ပင်မြင့်မြင့်ပေါ်မှာ တင်ထားသော အသံချဲ့စက် အော်လံဟွန်းကြီးများမှနေ၍ မကြားချင်အဆုံး ဆူညံဖွဲ့လွှင့်လျှက်။

○○○

## အခန်း-၄

"ဟေ့ကောင် ဆင်ပေါက်။ ဘာလဲကွ မင်းဟာက ကျွဲလိုက်နွားလိုက်နဲ့"

မခင်ညို့ဆိုင်ရောက်နေသည့် ရွှေဒင်္ဂါးမှာ အဝေးမှပင် ဆင်ပေါက်လာနေသည်ကို လှမ်းမြင်နေရသဖြင့် ဈေးကြီးသုတ်ဖျာ လာနေသည့် ဆင်ပေါက်၏ဟန်ပန်ကြောင့် အနားမရောက်ခင် အော်မေးလိုက်သည်။

"ဘာကျွဲလိုက်နွားလိုက်လဲကွ၊ မင်းက ပြောရတယ်ရှိသေးတယ်နော်၊ ဟိုမှာကြားလား၊ ရှင်လောင်းလှည့်ဖို့ ခေါ်နေပြီကွ၊ လေးနာရီအရောက် သွားရမှာကွ သိရဲ့လား"

ကိုယ်ရှိန်သတ်ရင်း ဆင်ပေါက်က ခပ်မာမာ ပြန်ပြောလိုက်သည်။

"ငါ သိပါတယ် ဆင်ပေါက်ရာ၊ သုံးနာရီတောင် မထိုးသေးပါဘူး၊ ဒီကို လာစမ်းပါဦး၊ ဒီမှာ ဘယ်သူတွေလဲ ဝင်ကြည့်စမ်းပါဦးကွာ"

ရွှေဒင်္ဂါးက တဲပေါက်ဝတွင်ရပ်နေသော ဆင်ပေါက်ကို အထဲဝင်ခဲ့ဖို့ လှမ်းခေါ်လိုက်သည်။

"ဟေ့ကောင် ဘာကြည့်နေတာလဲ၊ ဝင်ခဲ့ပါဦးကွ အစောကြီးရှိသေး. . . တော့"

တဲအတွင်းမှ ပြောလိုက်သံကို ကြားလိုက်သည်နှင့် ဆင်ပေါက်က ခေါင်းတချင်းချင်းကုတ်နေသည်။ မျက်လုံးအကြည့်ကလည်း တဲအတွင်းကြည့်နေဆဲ. . .။

"ဟာ- ဘကြီးလှထွန်းလည်း ဒီရောက်နေတာကိုး၊ အလှူအိမ်ကို ထမင်းပေါင်းဖို့ မသွားရတော့ဘူးလား"

ပြောရင်း ဆင်ပေါက် တဲအတွင်းသို့ ဝင်လိုက်သည်။ ဝါးထရံ ကျိုးတိုးကျဲတဲ ကာထားသည့် ယာယီတဲအတွင်းဝယ် ဝိုင်းဖွဲ့၍ အရက်သောက်နေသူများကတော့ ဆုံနေကျလူတွေပင်။ ဦးလှထွန်း နှင့် ရွှေဂေါ်းတို့ဝိုင်းအပါအဝင် သုံးဝိုင်းတိတိ၊ ခြေတိုတို သစ်သား စားပွဲဝိုင်း သုံးလုံးပေါ်တွင်လည်း အညိုရောင် ငှက်ပျောဖူးပုလင်း များမှာ ဝိုင်းတိုင်းလိုလို အစီအရီ ထောင်ထားသည်။ ရွှေဂေါ်းတို့ ဝိုင်းတွင် ဆင်ပေါက်ဝင်ထိုင်လိုက်တော့ ပုလင်းနှစ်လုံး စားပွဲ အောက်တွင် လဲနေသည်ကို တွေ့လိုက်ရသည်။

"နေပါဦး ဘကြီးရဲ့ မနေ့က အလှူအိမ် ထမင်းပေါင်းဖို့ အိုးတွေ၊ ပေါင်းချောင်တွေ၊ ယောက်မကြီးတွေ ထမ်းသွားတာ တွေ့လိုက်သလားလို့"

ဆင်ပေါက်ကပြောရင်း ပုစွန်ဆိတ် အခြောက်ပန်းကန်ထဲသို့ လက်နှိုက်လိုက်သည်။

"ဟေ့ကောင် ဆင်ပေါက်၊ အရက်မသောက်ဘဲနဲ့ အမြည်း မစားနဲ့၊ ဒီမှာ ခွက်အားပြီ၊ သောက်ပြီးမှစား"

ရွှေဂေါ်းက ပြောလိုက်တော့ ဆင်ပေါက် လက်တွန့်သွားသည် ကို မြင်လိုက်သဖြင့် ဦးလှထွန်းက ဝင်ပြောသည်။

"ဟာ ရွှေဂေါ်းကလည်း အရက်နဲ့အမြည်း၊ အမြည်းနဲ့အရက် ဘယ်ဟာကအရင်ဆိုတာ ငါ့ကာချဲ့မနေစမ်းပါနဲ့ကွာ၊ နောက်ဆုံး

တော့လည်း မူးဖို့အမိကပဲမဟုတ်လား၊ ကဲ- သောက်ကြ၊ အေး ဒီလိုပြောကြစတမ်းဆိုရင် မင်းတို့ဖိုးစည်ပိုင်းက သိချင်းလိုပဲပေါ့ကွာ၊ တောင်ပေါ်မှာရေကြီး၊ မြေကြီးကမိုးခေါင် ဆိုသလို ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး ဖြစ်ချင်လည်းဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး၊ ဟော- အခုလုပ်ပြန်ပြီ၊ မင်းတို့ ပိုင်းက မြေလျှောက်မိကျောင်းအကတဲ့၊ ပေါက်ပေါက်ရှာရှာကွာ၊ ဘယ်မှာမှ မကြားဖူးသေးဘူး၊ အခု ဒီပိုင်းက ထပြန်သွားတဲ့ ဘေးကြောင်ပြောသလို နိမိတ်မရှိ နမာမရှိ ကြောင်စီစီနဲ့ကွာ"

"ဗျှန်း"

"တော်ဗျာ ဘကြီး"

ရွှေခါးမှာ မကျေမနပ်ဖြင့် စားပွဲပေါ် လက်နိုက်သံနှင့်အတူ ပြောလိုက်သည့်စကားအသံ ကျယ်သွားသဖြင့် အခြားဝိုင်းများပင် စကားသံ တိတ်သွားသည်။ ရွှေခါးက ဆက်၍ပြောသည်. . .။

"ဘကြီး လုထွန်းက ကျွန်တော်တိုက်တဲ့ အရက်လည်း သောက်သေးတယ်ဗျာ၊ ဒီမှာ ဘကြီး ကျွန်တော်ပြောမယ်၊ လက်တွေ့ မမြင်ရတဲ့ ဂေါ်ဒီလာတို့ နဂါးအကတို့တောင် ကကြသေးတာပဲ၊ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မြင်နေရတဲ့ ကျွဲအကတို့ မိကျောင်းအကတို့ ဆိုတာ ပိုသဘောကျတာပေါ့၊ ကျွဲ အကက နိုးနေပြီ၊ အဲဒီတော့ ရွှေခါး တို့အဖွဲ့က သူများရွာက မကဖူးသေးတဲ့ မိကျောင်းကနဲ့ ဖိုးစည်ပိုင်းထွက်မယ်၊ ထူးမယ်၊ ဆန်းမယ်၊ နာမည်ကြီးမယ်၊ ကျွန်တော်တို့အဖွဲ့ နာမည်ကြီးရင် ဟောဒီတစ်ကျွန်းလုံးမှာ ကမ်းသာရွာ နာမည်ကြီးမယ်၊ ဒါကြောင့် မိကျောင်းအက စီစဉ်တာဗျ၊ ကမှာက အထီးတစ်ကောင်၊ အမတစ်ကောင်၊ နှစ်ကောင်

တွဲကဦးမှာ၊ ဘဘမှ နိမိတ်တွေ နမာတွေ လုပ်မနေနဲ့ ဘကြီး၊ ကျွန်တော်တို့လုပ်တာ ကမ်းသာရွာ နာမည်ကြီးဖို့ သူများထက်သာဖို့ဗျ၊ သာဖို့"

"ဟာ- ဟုတ်တယ်၊ ရွှေခေါင်းပြောတာ ငါ ထောက်ခံတယ်" တစ်ဖက်ဝိုင်းမှ ပိုက်သမားကျင်မောင်က ပြောလိုက်သလို မူးနေပြီဖြစ်သော အောင်ထွန်းကလည်း -

"ဟာ. . . ကောင်းတယ်၊ ရွှေခေါင်းအစီအစဉ် ကောင်းတယ်၊ အဲဒီ မိကျောင်းနှစ်ကောင်ကို အလှူအိမ်အထိ ငါ ထမ်းပို့ပေးမယ်၊ ဒါမှ ဟိုမှာ အားနို့ပါနို့ ကလို့ရမှာ၊ ဟား. . . ဟား. . . ဟား. . ."

"ကဲ- မင်းတို့အားလုံးပြောတာ ငါ သဘောပေါက်ပြီ၊ အဲဒီတော့ ဟိုကောင် အောင်ထွန်းပြောသလို မိကျောင်းလည်း ထမ်းမပို့ရအောင် မိကျောင်းကမယ့်လူတွေ ဒီဟာတွေသောက်တာ ထိန်းထားဦး၊ တော်ကြာ မိကျောင်းက မကနိုင်ဘဲ ခွေလဲနေဦးမယ်၊ မင်းတို့ ငါပြောတာ နားထောင်ကြဦး၊ သူများရွာတွေနဲ့ ပြိုင်ရမှာနော်၊ သတိပြုကြဦး"

ဦးလှထွန်းက သတိပေးစကားပြောလိုက်လျှင် ရွှေခေါင်းလည်း ခေါင်းအဆက်မပြတ် ညိတ်ရင်း ဝမ်းသာအဲလဲပြောသည်. . .။

"ဟုတ်တယ် ဘကြီး၊ မှန်တယ်၊ အဲဒီလို ပြောစမ်းပါဗျာ၊ ဒါပဲ လိုချင်တာ၊ နိမိတ်တွေ နမာတွေ မပြောနဲ့၊ ရွာအတွက် အားပေးစမ်းပါဗျာ၊ တောင်ပေါ်မှာ ရေလည်းမကြီးဘူး၊ မြေကြီးကလည်း မိုးခေါင်မှာမဟုတ်ဘူး၊ လေတွေမိုးတွေက သူ့အချိန်ကျ သူတိုက်မှာပဲ၊ ရွာမှာပဲ၊ ပူမနေနဲ့ တို့သွားကြမယ်"

ပြောရင်း ထိုင်ရာမှထလိုက်လျှင် ဦးလှထွန်းကလည်း ပုဆိုးတိုတိုဝတ်ပြီး ပြောသည်၊

"ဟော့ကောင်တွေ၊ မင်းတို့သွားရင် ငါလည်းလိုက်မှာပေါ့ကွ" ဆင်ပေါက်က ဦးလှထွန်းကိုကြည့်ရင်းပြောသည်။

"ဟာ- ဘကြီးက အရင်သွားမှပေါ့၊ အလှူအိမ်မှာ ထမင်းပေါင်းရဦးမှာ မဟုတ်လား"

ပြောလိုက်လျှင် ဦးလှထွန်းက ကိုယ်ကို မတ်မတ်ထာရှုရပ်လိုက်ရင်း -

"အေး- အဲဒါပြောမလို့၊ ငါ တစ်သက်လုံး ရွာပွဲရပ်ပွဲတွေမှာ ထမင်းပေါင်းလာတာ မင်းတို့အသိ၊ အခု ဒီအလှူကျမှ ငါ ထမင်းပေါင်းတာ မှာတယ်၊ ပျော့တယ် အပြောခံရတယ်၊ အဲဒါနဲ့ အခု ပြောဝင်တဲ့ညမှာ သူတို့ရွာက ကာလသမီးတွေ ထမင်းချက်ကြမယ်တဲ့၊ အဲဒါနဲ့ ငါလည်း ဆန်နှစ်တင်းပေါင်းပြီးတာနဲ့ ပြန်လာတာ၊ မနက်ဖြန် အလှူကြီးနေ့ကျွေးဖို့ သူတို့ဒီည အမျိုးခေါင်း မနောင်းကြီးခေါင်းဆောင်ပြီး ထမင်းချက်ကြမှာကွ၊ ဟိုအလှူ့ရှင် သာဓုတူမ ကောလိပ်ကျောင်းသူလေးကလည်း မြို့ကပြန်ရောက်နေပြီ ရှေ့ထုံးမပျက်အောင် အမျိုးသမီးတွေ အလှူမှာ ထမင်းချက်မယ်ဆိုလား ဘာဆိုလား၊ ကဲ- အဲဒါတွေ ထားပါကွာ၊ အဲဒီတော့ မင်းတို့ကို ငါ လိုက်အားပေးမယ်" ဟု ရှင်းပြလိုက်လျှင် ဆင်ပေါက်က -

"သြော်- ဒီလိုပေါ့၊ ကဲ- ဒါဆိုလည်း ကျွန်တော်တို့ အိုးစည်ဝိုင်းနဲ့ လိုက်ပေတော့၊ ဒါပေမဲ့ ဘကြီးပေါင်းထားတဲ့ ထမင်းလက်နှစ်ဖက်လောက် စတောနဲ့ ယူပေဦး ဘကြီးရယ်"

"ဟာ ဘာလုပ်ဖို့တုန်းဟ ဆင်ပေါက်ရ" ဟု ဦးလှထွန်းက မေးလိုက်လျှင် ရွှေဂါ်းကဝင်၍ -

"ဟာ ဘကြီးကလည်း တောသားလည်းဖြစ်သေး၊ ဗိုက်မှာလည်း ချက်ကြီးနဲ့ပါလား ပြောရမလိုဖြစ်နေပြီ၊ ဒီကောင်ပြောတာ

က ဒိုးစည်ပတ်စာတင်ဖို့ဗျာ တပ်ဖို့ မီးဖိုပြာကလေးပါ ယူလာခဲ့" ဟု ပြောလိုက်လျှင် ဦးလှထွန်းက -

"တော်တော်နောက်တဲ့ အကောင်တွေကွာ၊ ဒါလေးများ ဟိုရွေ့က မုဆိုးမ အေးပုကြီးဆီ ဝင်ယူလိုက်ရင် မင်းတို့ပြောတာတွေ အကုန်ရစေရမယ်၊ မယုံမရှိနဲ့ မောင်တို့ရေ ဟဲ. . . ဟဲ. . ." ဟု ပြောလိုက်ရာ ဆင်ပေါက်က -

"ဟား. . . ဟား. . . ဘကြီးတို့က ပိုင်ပါ့ဗျာ၊ အသက်ကြီးပေမယ့် မျက်နှာပွင့်ချက်ကတော့ ကမ်းကုန်ပဲဗျို့၊ ရာပါ လှထွန်း ဒါကြောင့် နာမည်ကြီးတာ၊ ပေါ့ကောင် ရွှေဂါး မင်း အရက်တိုက်ရတာ တန်တယ်ကွာ၊ ဒိုးစည်ပတ်စာထိုးပေးမယ့်လူ အခမဲ့ ပါလာပြီကွ၊ ဟား. . . ဟား. . ." ဟု ပြောလိုက်သလို သူတို့အဖွဲ့မှာ သူတစ်ခွန်း ငါတစ်ခွန်း တပေးပေး တဟားဟားဖြင့် ကမ်းစပ်တစ်လျှောက် ဆူညံလျက်ရှိနေတော့သည်။

○○○

## အခန်း-၅

"ဟဲ့- မြခင်ယော်၊ ဟိုကမ်းသာက အိုးစည်ဝိုင်းက အထူးအဆန်း မိကျောင်းကတဲ့ဟဲ့၊ လာ- သွားကြည့်ရအောင်"

"ဟယ်- ဟုတ်လား၊ ငါတို့က ဟိုထီးလယ်နဲ့ ပိုးဥအကကို သဘောကျနေတာ"

သွယ်သွယ်စိုး ပြောစကားကြောင့် မြခင်ယော်မှာ အနားတွင်ရှိသော နီနီဝင်းလက်ကိုဆွဲလိုက်ပြီး မိကျောင်းအကကြည့်ရန် ခေါ်နေသည်ကိုကြည့်ပြီး သွယ်သွယ်စိုးက -

"ဟဲ့- မြခင်ယော်၊ ထီးလယ်ပိုးဥအကဝိုင်းက အေးချမ်းဦးတို့ဝိုင်းဟဲ့၊ နီနီဝင်းကို ခေါ်မနေနဲ့ ထားခဲ့ ထားခဲ့" ဟု ပြောလိုက်လျှင် နီနီဝင်းဒေါသဖြစ်သွားပြီး သွယ်သွယ်စိုးအား ခါးထောက် ကြည့်ရင်း-

"အမယ်၊ ငါ့မယ်လနက ပြောင်းပြန်ဟပ်နေပြန်ပြီ၊ အဲဒီ အေးချမ်းဦးကို ပိုးနေတဲ့ကောင်မကများ ငါ့ကိုပြောရတယ် ရှိသေးတယ်၊ ဟင်း" ဟု ပြောလိုက်သလို သွယ်သွယ်စိုးက -

"အလိုတော် ဒေါသချည်းပဲ၊ ငါက ဘာပြောတာ မှတ်လို့ ထီးလယ်ပိုးဥ ကနေတဲ့ဝိုင်းက တို့ရွာဝိုင်း၊ တို့ရွာသား အေးချမ်းဦးတို့

ဝိုင်းမို့ အားပေးဖို့ ထားခဲ့မလို့ပါဟယ်၊ အင်အား လျော့သွားမှာစိုးလို့ ပြောတာများ တစ်မျိုးထင်နေတယ်၊ ဟင်း ဟင်း" ဟု ပြောလိုက်လျှင် နီနီဝင်းက -

"ဟဲ့- ကောင်မစုတ်၊ နင်တို့က ငါ့ကို ဒီမှာထားခဲ့ပြီး ဟိုသူများရွာက ဝိုင်းကိုကျော်ပြီး အားပေးမလို့ပေါ့၊ ဟင်း- ရွာကျော်ခဲပစ်မယ့်ဟာတွေ မုန်းတယ်" ဟု သူ့ဝသီအတိုင်း တုတ်ထိုးအိုးပေါက် ပြောလိုက်လျှင် မြဇင်ယော်လည်း နီနီဝင်း အမူအရာကို ကြည့်ရင်း ရယ်မိလိုက်သလို -

"ကဲပါ- နီနီဝင်းရယ်၊ ဟိုဝိုင်းရော ဒီဝိုင်းရော ကနေတဲ့ လူငယ်တွေအားလုံး တစ်ကျောင်းတည်းထွက် တို့သူငယ်ချင်းတွေချည်း မဟုတ်လား၊ ကဲ- လာပါ၊ ဝိုင်းကို မြင်နေတာပဲ၊ သွားကြည့်ကြရအောင်" ဟုပြောရင်း မိကျောင်းအကပါသည့် ကမ်းသာရွာ အိုးစည်ဝိုင်းဘက်သို့ ထွက်လာခဲ့ကြ၏။

"အခုဆိုရင် မလက်တိုမိကျောင်းနဲ့ ငရမန်ကန်း မိကျောင်း နှစ်ကောင် အပြိုင်ကြလို့ ကိုက်ကြတဲ့ပွဲပါခင်ဗျား၊ ဒီနယ်တစ်ဝိုက်မှာ ရန်သူဆိုဗိုလ်မထားတဲ့ ငရမန်ကန်းဟာ သူ့နယ်ကို နယ်ကျွံလာတဲ့ လက်တစ်ဖက်ပြတ် မလက်တိုမိကျောင်းမကို ပညာပြနေတာပါ ခင်ဗျား၊ ရေထဲမှာ အပြိုင်ကြပြီးလို့ ကုန်းပေါ်မှာ ကိုက်တဲ့ပွဲမို့ ကုန်းပွဲပါ ခင်ဗျား၊ ရုန်းတယ်၊ ကိုက်တယ်၊ ကိုက်တယ်ခင်ဗျာ. . ."

"သေးသေးလေး သေးသေးလေး မသေးသေးလို့ ခေါ်ပါတယ် ခင်ဗျာ"

ကမ်းသာရွာမှ အိုးစည်မင်းသား ကိုဘိုးပုံက အိုးစည်သံလေး ပေးပြီး ပြောနေသည့်အသံကြောင့် အားလုံးက စိတ်ဝင်စားစွာ တိုးဝှေ့ကြည့်လျက် ကိုဘိုးပုံမှာ သူ့စကားအဆုံးတွင် အိုးစည်ခေါ်သံ

ပေးလိုက်သည်နှင့် ဖိုးစည်ပိုင်းမှာ အဆူတီး တီးလိုက်ကြသလို သူတို့၏ မိကျောင်းနှစ်ကောင်မှာလည်း သဲသဲမဲမဲ တိုက်ခိုက်နေသည့် အကကလည်း အလှုအလိုမ့်တွေ စုလို့နေ၏။ ထိုသို့ တစ်ဖက်ဝိုင်း ကျွန်းသာရွာ ဖိုးစည်ဝိုင်းဘက်မှလည်း အသံချဲ့စက်တွန်ကြီးကို မိကျောင်းဝိုင်းဘက်သို့လှည့်၍ ပြောလိုက်သည့်အသံက ထွက်ပေါ် လာပြန်သည်။

"ဟောဒီမှာ ကိုထီးလပ်တစ်ယောက် ဓားမကြီး တကားကားနဲ့ မပိုးဥကို လိုက်နေပြန်ပြီဗျ ရင်ထဲကသနွေ့သား အရယူမယ်ပေါ့ဗျာ၊ မပိုးဥကလည်း မြင်တဲ့အတိုင်း ဝိုက်တကားကားနဲ့ ခြေဦးနဲ့ဒူး တည့်ရာ ပြေးတာပေါ့ဗျာ၊ တောင်းပန်လိုက်၊ ပြေးလိုက်၊ ကိုထီးလပ် ကလည်း မရဘူးခင်ဗျာ၊ ဓားမကြီးတရွယ်ရွယ်နဲ့ အတင်းထိုးလိုက်၊ ဟော- မပိုးဥဝိုက်ကြီးနဲ့ ချော်ပစ်လဲ၊ ကိုထီးလပ်မီလာပြီ၊ အတင်း ပြေးလိုက်ပြီး. . . ဓားမကြီးနဲ့ ဝိုက်ကို အတင်းဝင်ခုတ်လိုက်တော့ မယ်လို့ ရွယ်နေပြီ၊ ကဲ- လာလေရော"

အသံအနေအထား ကောင်းကောင်းဖြင့် ပြောနေသည့် ကိုပွစီ၏အသံက အဆက်မပြတ်သေး။

"ဟို- အမေကယ်ပါ၊ ကိုထီးလပ်တစ်ယောက် မပိုးဥ ဝိုက်ကို အတင်းခွဲဖို့ ပြေးအဝင် မပိုးဥကြောက်အားလန့်အားနဲ့ မီးနေခန်း မှာသုံးဖို့ ဆောင်ထားတဲ့ နနွင်းထုပ်နဲ့ လှစ်ခနဲအပေါက်၊ ကိုထီးလပ်တင် ပြေးရတာမဟုတ်ဘူး၊ ဟို- ကမ်းသာ မိကျောင်းနှစ်ကောင် ဒီနနွင်း တွေ့လို့ကတော့ မာရသွန်ပြေးသလို အပြေးထောင်ပြေးမှာ၊ မြင်ရမှာ တောင် မဟုတ်တော့ဘူး၊ ကဲ- မယုံရင် သတ္တိရှိတဲ့သူက မပိုးဥဆီက နနွင်းထုပ်ကိုယူပြီး ဟိုမိကျောင်းနှစ်ကောင်ကို ပက်ကြည့်ပါလား၊ မပြေးရင် မိကျောင်းလို့မသတ်မှတ်နဲ့ ခေါင်းညိတ်တဲ့ ပုတ်သင်ညို

ပေါ့ဗျား၊ ဟော- ကိုထီးလပ် ထလာပြန်ပြီ. .၊ ထလာပြီ ပြေးပေ တော့ မပိုးဥရေ ပြေးပေတော့"

အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ကျွန်းသာဝိုင်းမှ ကိုပုစိ၏အပြောကြောင့် ကြားရသူများအားလုံး သဘောကျရယ်မောကြသလို ကျွန်းသာ ရွာသားများ၏ လက်ခေါက်မှုတ်သံ၊ အော်ဟစ်အားပေးသံများ ဆူညံနေသလို ကမ်းသာမိကျောင်းဝိုင်းဘက်တွင် လူမရှိသလောက် ဖြစ်သွားပြန်သည်။

"တောက်၊ ဒီကျွန်းသာက အကောင်တွေ ပြောနေတာ တို့ကို စော်ကားနေတာကွ၊ ဟေ့ကောင်တွေ ဒီကောင်တွေ ဝိုင်းနားသွားပြီး ဘီးကြမယ်ကွ၊ နွှင်းကို မိကျောင်းကြောက် မကြောက် လက်တွေ့ ပြကြတာပေါ့ကွာ"

ကမ်းသာဝိုင်းခေါင်းဆောင် ကိုဒုံးပျံက ပြောလိုက်သည်နှင့် သူတို့တစ်ဝိုင်းလုံး ပိုးဥထီးလပ်ကနေသည့် ကျွန်းသာဝိုင်းနှင့်ယှဉ် ကာ အိုးစည်ဝိုင်းကို အဆူတီးလိုက်ကြရာ အိုးစည်နှစ်ဝိုင်းစလုံးက ဘာတွေတီးလို့ ဘာတွေပြောမှန်း မသိနိုင်တော့၊ ထိုစဉ်မှာပင် ထီးလပ်ပိုးဥ ကနေသည့်ဝိုင်းသို့ မိကျောင်းနှစ်ကောင်က ခုန်ပျံ ကျော်လွှားလာပြီး ဝင်၍လုံးထွေးကလိုက်သည်နှင့် အိုးစည်သံတွေ ရပ်သွားပြီး ရန်ဝိုင်းအသွင်သို့ ကူးပြောင်းသွားတော့သည်။

"ဘာကောင်တွေလဲကွ၊ လာရှုပ်တာ"

"ဘာကောင်တွေလဲဟေ့"

"ကျွန်းသာကို ဒီလို လာမကျော်နဲ့"

"ဘာ အခုမှ ဘာကြောက်ပါပြီလဲ"

"နွှင်းမှုန်နဲ့ ပက်တာလောက်တော့ ရယ်ရတာပေါ့၊ ရယ်ရ တာပေါ့"

"ချကွာ၊ နိုက်ကွာ"

ရုတ်ရုတ်သဲသဲ ဖြစ်သွားသလို မကြာခင်မှာပင် ဘိုးစည်ဝိုင်း နှစ်ဝိုင်းနားသို့ လူကြီးလေးငါးဦး အပြေးအလွှား ရောက်လာကြပြီး အတင်း လူစုခွဲနေကြရပြီ။

"ဟေ့ကောင်တွေ၊ ဟိုမှာ ဆရာကြီးဦးမြင့်ရွှေ လာနေပြီ" ဟု ဦးလှထွန်းက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သလို အနားရောက်လာသည့် ဆရာကြီး ဦးမြင့်ရွှေက အားလုံးကိုကြည့်လိုက်ရင်း -

"ဟေ့- နံ့းပုံနဲ့ပူစီ၊ မင်းတို့ ငါ့အနား ခဏလာခဲ့ကြစမ်း။ ကျန်တဲ့အဖွဲ့တွေ ကိုယ့်ဝိုင်းနဲ့ကိုယ်နေကြ၊ မင်းတို့အသံတွေ ငါ ဘာမှ မကြားချင်ဘူး၊ အလှူမှုတ္တော့ပ်ထဲ သွားနေကြ"

ပြောလိုက်သလို နံ့းပုံနှင့် ပူစီတို့နှစ်ဦးလည်း ဆရာကြီး ဦးမြင့်ရွှေ ရှေ့တွင် မျက်နှာသေလေးနှင့် ရပ်နေကြသည်၊ ဘိုးစည်ဝိုင်းနှစ်ဝိုင်းမှ အဖွဲ့သားများနှင့် ကြည့်နေသည့် ပရိသတ်များလည်း မဏ္ဍပ်ဆီသို့ အသီးသီးထွက်သွားကြသည်။ ထီးလပ်ပိုးဥဝိုင်းမှ ပိုးဥလုပ်သူ စံသာကလည်း ဗိုက်တွင်ကပ်ချည်ထားသော ဘူးသီးခြောက်ကြီးကို ဖြုတ်ပစ်လိုက်သလို မိကျောင်းနှစ်ကောင်လုပ်၍ ကသူ ရွှေဘကြီးနှင့် ဆင်ပေါက်တို့ကလည်း မိကျောင်းရုပ်ကြီး ချွတ်လိုက်ကြသဖြင့် လူရုပ်ပေါက်သွားကြလေပြီ။

○○○

## အခန်း-၆

"ကဲဟေ့- တပည့်တို့ မင်းတို့အားလုံး မနေ့ကထမင်းဝိုင်းနဲ့ ဒီနေ့ထမင်းဝိုင်း ဘာထူးသလဲဟေ့"

အလှူထမင်းရုံကြီးအတွင်းမှ ထွက်လာပြီး လက်ဆေးသူ၊ ရေသောက်နေသူ တပည့်များကိုကြည့်ရင်း ဆရာကြီးဦးမြင့်ဆွေ တစ်ယောက် ပြုံးပြုံးကြီးဖြင့် မေးလိုက်သည်။ ထမင်းရုံအပေါက်ဝ အထွက် ဘုန်းပင်စုစု အရိပ်အောက်တွင် စုနေသည့် လူအုပ် ထဲရှိ ကိုဝိုးပုံက -

"ဟာ- ဆရာကြီး ဒီနေ့ ထမင်းစားရတာ အရမ်းမြိန်တာပဲ၊ ငါးသလောက်နှပ်ရော၊ မျှင်ငါးပိ ဆီကြော်ရော အရမ်းကောင်း၊ မှိုခြောက်ပန်းခြောက်နဲ့ ဆယ့်နှစ်မျိုးဟင်းချိုကလည်း ငါးပိဆီကြော် နဲ့ အရမ်းလိုက်တယ် ဆရာကြီးခင်ဗျား" ဟု ပြောလိုက်သလို ရွှေကျွန်းသားမှ ကိုပုစိက -

"ဟာ- ဒါတင် ဘယ်ကမလဲ ဒိုးပုံရဲ့ တို့ကျွန်းသားက ဒေါ်ဝါနဲ့ ဖောက်တဲ့ ပဲချဉ်ပေါက်လည်း ကောင်းတာကိုးကွ" ဟု ပြောလိုက် သလို ဆင်ပေါက်ကလည်း -

"ဟာ- ကိုကြီးပုစိကလည်း၊ ကမ်းသာသောင်တရုတ် ငါး သလောက်၊ ဒီငါးစားမိလို့က လူမပြောနဲ့ သိကြားမင်းတောင်

ဟင်းကောင်းတော့ နကင်းဗောင်းတောင် ကျန်ခဲ့တယ်ဆိုလား ဟား. . . ဟား. . . ဟား"ဟု ပြောလိုက်ရာ အားလုံး ပွဲကျသွားသည်။

"အေး- အဲဒီလို မင်းတို့တစ်တွေ ပျော်ရွှင်ရယ်မောသံတွေ ကြားရတော့ ဆရာကြီး အခုနပြောတဲ့ ထမင်းဝိုင်းထက်တောင် မြိန်သေးတယ်ကွာ၊ အေး- ပြောလက်စနဲ့ ပြောရရင် မနေ့က ဟောဒီ ငါ့တပည့်တွေ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မခံချင်အောင်ပြောကြတော့ စကားတွေများကြ၊ အချေအတင်တွေပြောကြ၊ နောက်ဆုံး ရန်ဖြစ်မယ် ဖြစ်ကြဆိုတော့ ဒေါသတွေ လွှမ်းကုန်ကြတာပေါ့၊ အဲဒီ ဒေါသတွေ ပြည့်နေတဲ့ ကိုယ်တွေနဲ့ စားရတဲ့ထမင်းက ဘယ်မှာကောင်းတော့မှာလဲ၊ အခုလို တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ကြည်ကြည်နူးနူး ဖြစ်နေတဲ့အချိန်ဟာ မင်းတို့ရင်ထဲမှာ၊ ကိုယ်ထဲမှာ ကြည်နူးတဲ့ နှလုံးသားတွေ၊ ကြည်နူးတဲ့စိတ်ကိုယ်တွေနဲ့ စားတဲ့ထမင်းဟင်းဟာ ပိုပြီး မြိန်ရှက်တာပေါ့ကွာ၊ ဒါကြောင့် ဆရာကြီးက မင်းတို့တစ်တွေကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ မြင်ချင်တဲ့စိတ်ကြောင့် မနေ့ကထမင်းဝိုင်းနဲ့ ဒီနေ့ထမင်းဝိုင်း ဘာထူးသလဲလို့ မေးကြည့်တာ၊ အဲဒါတွေ ပြောချင်လို့ပေါ့" ဟု ပြောလိုက်ရာ ရွှေဂါးက -

"ဆရာကြီးပြောတာ ကျွန်တော်တို့ နားလည်ပါပြီ၊ ဟိုငယ်ငယ်တုန်းက ကျွန်းသာ မူလတန်းကျောင်းမှာ အတူတကွ ကျောင်းတက်၊ အတူတကွ ဆော့ကစားကြ၊ မုန့်တွေ ဝေစားကြ၊ လုစားကြတဲ့ ကျွန်တော်တို့ ဒီကျွန်းပေါ်က ကျွန်းသာ၊ ကမ်းသာ၊ ကုန်းသာ ရွာလေးသုံးရွာရဲ့ တစ်ခုတည်းသောကျောင်းမှာ နေခဲ့ရတဲ့ဘဝတွေကို ကျွန်တော်တို့ ပြန်သတိရပြီး ငယ်ငယ်ကလို စိတ်တွေမွေးမြူပြီး

ချစ်ချစ်ခင်ခင်နေကြဖို့ ဆရာကြီး ကျွန်တော်တို့ကို မနေ့က ဆုံးမခဲ့တာ မှတ်ထားပါတယ်၊ ကျွန်တော်တို့ရှေ့မှာ ဆရာကြီး အမြဲရှိနေရင် သိပ်ကောင်းမှာပဲ၊ ဆရာကြီး အသက်ရှည်ပါစေလို့ ဆုတောင်းမိပါတယ်" ဟု ရွှေဒင်္ဂါးက ဝင်ပြောလိုက်လျှင် ဆရာကြီး ဦးမြင့်ရွှေက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း -

"အင်း- ငါတပည့် ရွှေဒင်္ဂါးတို့၊ ဆင်ပေါက်တို့အကြောင်း ဆရာကြီး ကြားကြားနေရတယ်၊ မင်းတို့ ခိုက်လုံးကြီး ကြတုန်းပဲ၊ အပြောအဆိုကစပြီး မြင်ကြဦး၊ ငါလည်း ကြုံရင်ကြုံသလို ပြောပေါင်းများလှပြီ၊ မင်းတို့က ပြောတုန်းခဏပဲ ခေါင်းညိတ်ကြတာ၊ နောက်ပြီး မင်းတို့ လုပ်ချင်တာလုပ်ကြတာပဲ မဟုတ်လား၊ အေးကွာ ဆရာကြီးကလည်း အသက်ကြီးလာပြီဆိုတော့ မင်းတို့ဆီ မရောက်နိုင်ဘူး၊ မင်းတို့ရွာတွေ နှံ့အောင်မရောက်နိုင်တော့ဘူး၊ ဒါတောင် လေဖြတ်တဲ့ခြေထောက်က အခုလိုသွားနိုင်လို့ မင်းတို့ ငါ့ကိုတွေ့ရတာ၊ အေး- ရွှေဒင်္ဂါးရေ သမီးရသဘောအရတော့ သေခြင်းတရားကို မလွန်ဆန်ပါဘူးကွယ်၊ ဒါပေမဲ့ မင်းတို့ရင်ထဲမှာ ဆရာကြီး အမြဲ မသေအောင် ထားလို့ရပါတယ်ကွာ၊ ဆရာကြီး မင်းတို့ကို ဆုံးမချင်တာက အသီးတစ်ရာ အညှာတစ်ခု သီချင်းထဲကလို တစ်လမ်းစီ သွားကြရပြီး ဘဝအတွေ့တွေ့ရောက်ကြပေမယ့် ရွာကျောင်း ခေါင်းလောင်းသံလေးကို အမြဲ သတိရနေကြမယ်ဆိုရင် အနီးအဝေး၊ အနိမ့်အမြင့် ဘဝအဆင့်အတန်းတွေ ဘယ်လိုပင်ကွာပေမယ့် သူငယ်ချင်းတွေအချင်းချင်း ချစ်ခင်စိတ်၊ စာနာစိတ်တွေနဲ့ နိုင်းပင်းကူညီ စောင့်ရှောက်ကြပြီး ဝံသာနုရကွိတ တရားတွေ တိုးပွား ပွားများနိုင်ပါစေကွာ" ဟုပြောလိုက်လျှင် အားလုံးက

"ဆရာကြီး" ဟု တညီတညွတ်တည်း အသံထွက်သွားသလို ဆင်ပေါက်က -

"ဆရာကြီးရာ ဆရာကြီးပြောမှ ကျွန်တော် တစ်ခုသတိရတာ ပြောရဦးမယ်၊ ကျွန်တော်တို့ သူငယ်ချင်းတွေဟာ အဲဒီလို အဆင့်အတန်းခွဲ ဆက်ဆံတဲ့လူတွေ မရှိသလောက်ပါ၊ တချို့ လူတွေကျတော့ သိပ်ပြီး အဆင့်အတန်းခွဲတာ ဆရာကြီးရဲ့ အလှူပွဲလာကြတဲ့ အထဲမှာတောင် ရှောင်တိန်ုင်တဲ့သူမှ ခေါင်းရင်းခန်းတင်ပြီး ဧည့်ခံ ချင်ကြ၊ ထမင်းကျွေးချင်ကြတာ၊ ကျွန်တော်ကျတော့ မှတ်လေတဲ့ ငါးပိ ရှိတယ်တောင် မထင်ကြဘူး၊ အဲဒါကြောင့် ဟိုကုန်းသာက အလှူကတည်းက ကျွန်တော်တို့အိုးစည်ဝိုင်းက အရွဲ့တိုက်ပြီး ဟိုသီချင်းဆိုလို့တောင် စကားများကြသေးတယ်၊ နင်တို့လည်း ဆန်စားတာပဲ ငါတို့လည်း ဆန်စားတာပဲ ထပ်ထပ်ဆိုပြလိုက်တာ" ဟု ပြောလိုက်လျှင် မိန်းကလေးဝိုင်းထဲမှာ နီနီဝင်းက-

"ဟဲ့- ဆင်ပေါက်၊ အဲဒီတုန်းက ခေါင်းရင်းမှာ ဧည့်ခံရတာက မြို့ကဧည့်သည်တွေဟဲ့၊ နင်တို့က ဘာသိလို့လဲ" ဟု ပြောလိုက်ရာ ဆရာကြီး ဦးမြင့်မွှေးကပင် -

"ကဲ- အားလုံးနားထောင်ကြ၊ ငါတပည့်တွေ အားလုံးပြောကြတဲ့ စကားတွေရဲ့ နောက်ဆုံးနိဂုံးချုပ်ကတော့ လူတွေအားလုံးရဲ့ အမြန်လမ်းမှာ အားလုံးချုပ်ငြိမ်းသွားပြီး ညီမျှခြင်း ဖြစ်သွားကြရတာပါပဲကွာ" ဆရာကြီး ဦးမြင့်မွှေးက ပြောလိုက်လျှင် တပည့်တချို့ ခေါင်းညိတ်ကြသလို ရှုံးရှုံးလင်းလင်း နားမလည်သူ ဆင်ပေါက်က သိချင်စိတ်ဖြင့် -

"ဆရာကြီး ခင်ဗျား၊ လူတွေအားလုံးရဲ့ အမြန်လမ်းမှာ ညီမျှခြင်း ဖြစ်သွားတယ်ဆိုတာ. . ." ဟု မေးလိုက်လျှင် -

"အေး- မင်းတို့လည်း နီးလျက်နဲ့ဝေးနေကြတာကိုး ဆင်ပေါက်ရေ မင်းလည်း ကြီးဖွားပြီးသားပါ၊ ငါ ပြန်မေးရဦးမယ်၊ မင်းတို့လူသေရင် အဝတ်တစ်ထည် ကိုယ်တစ်ခုအပြင် ဘာတွေများ အပိုပါသွားကြသလဲ၊ နောက်ပြီး ပြောစရာစကားလည်း ရပ်သွားကြပြီ မဟုတ်လား၊ အဲဒါကို ဆရာကြီးက ရည်ရွယ်ပြောတာ၊ ဒါကြောင့် တွေ့တုန်းကြုံတုန်းခဏ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ နေကြရင်းနဲ့ အမြတ်ထုတ်ကြကွယ်၊ ဆရာကြီးပြောတာ တွေးကြည့်ကြပေါ့ကွာ၊ ပဉ္စင်းလောင်းတွေ သိမ်တက်နေကြတာ မနည်းကြာသွားပြီ၊ သိမ်ဆင်းမယ့် အချိန်တောင်နီးပြီ၊ ကဲ- သိမ်ဆင်းလောင်းမယ့် အဖွဲ့တွေတောင် သွားကုန်ပြီ၊ တို့လည်း သွားကြမယ်"ဟု ပြောရင်း ဆရာကြီး ဦးမြင့်ရွှေက ဦးဆောင်၍ အလှူအိမ်နှင့်မနီးမဝေး ကွန်းသော ဘုန်းကြီးကျောင်းဘက်သို့ ထွက်လာကြသလို သူ့နောက်တွင်လည်း သူ့တပည့်များ လိုက်ပါကြသည်။ ယောက်ျားလေး အများစုမှာ အလှူမဏ္ဍပ်ဘက်သို့ ထွက်သွားကြသည်။ အိုးစည်ဝိုင်း အဖွဲ့သားများကလည်း ဆရာတော်ကြီးနှင့် သံဃာတော်များမဏ္ဍပ်သို့ ကြွလာမည့်အချိန်တွင် အစွမ်းကုန်တီးမှုတ်ကခုန်ရန် တာစူနေကြလေပြီ။

၀၀၀

## အခန်း-၇

"ကျွန်တော်တို့ မနက်ဖြန်စောစော လာခဲ့ပါမယ်၊ အခု ညဥ့်လည်းနက်ပြီဆိုတော့ ပြန်လိုက်ပါဦးမယ် ဦးလေးတို့ခင်ဗျာ"

ဖိုးမိဦးခန်း ခေါင်းရင်းဘက်တွင် စကားပြောနေသည့် အသက်ကြီးကြီး လူကြီး သုံးလေးဦး ဝိုင်းနားသို့ တရိုတသေ ပြောလိုက်သည့်စကားကြောင့် စကားဝိုင်းတွင်ရှိနေသော ဦးဘူးခါးက ခါးဆန့်လိုက်တာ ပြည့်ဖြိုးမောင်တို့ကိုကြည့်ရင်း -

"အေးကွယ်၊ မောင်ပြည့်ဖြိုးမောင်တို့ သူငယ်ချင်းနှစ်ယောက် တကူးတက လာကူညီတာ ဘကြီးတို့ ကျေးဇူးတင်ပါတယ်ကွယ်၊ အခု ဆုံးသွားတဲ့ ဒေါ်မယ်ရင် ဆိုတာဟာလည်း ဆရာတော်ကျောင်းမှာထားတဲ့ ဖတဆိုး မိုးနီလေးတို့ ဥမမည် တာမခြောက်ခင်ကတည်းက ကိုငမြာ ဆုံးသွားတော့ သူကပဲ ဈေးတောင်းခေါင်းပေါ်ရွက်ရင်း ကျွန်းပတ်ပြီး ကုန်စိမ်းရောင်း ကျွေးခဲ့တာ၊ သေတဲ့အထိ မနားရဘူးပေါ့ကွာ၊ အသက်ကလည်းကြီး၊ ပင်ပန်းတာလည်းရှိ အခုရက်ပိုင်းကလည်း နေကပြင်းဆိုတော့ အခုလို ရုတ်တရက် ဖြစ်သွားတာမို့ ဆွေမျိုးသားချင်းမရှိတဲ့ အသုဘဆိုတော့ ပိုပြီး ဝိုင်းဝန်းပေးကြပါကွာ"

ဒေါ်မယ်ရင် ရုတ်တရက် သေဆုံးသွားသဖြင့် လာရောက်ကူညီပြီး ညအိပ်စောင့်နေကြသူတွေထဲမှ ကမ်းသာရွာမှ ဦးဘူးခါးက အိမ်ပေါ်ရှိသူများ ကြားလောက်အောင် အသံခပ်ကျယ်ကျယ် ပြောလိုက်သဖြင့် အားလုံး နားစွင့်နားထောင်နေကြသည်။ ပြည့်ဖြိုးမောင်ကလည်း -

"ဟုတ်ကဲ့ပါ ဘကြီး၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ကျွန်းပတ်ပြီး အကျိုးအကြောင်းသိအောင် လိုက်ပြီး ပြောပေးထားပါတယ် ဘကြီး၊ မနက်ဖြန်စောစောလည်း ကျောင်းက ဘုန်းကြီးပင့်ဖို့ ကျွန်တော်တို့ တာဝန်ယူထားပါတယ်၊ ကျောင်းကနေဆိုင်ကယ်နဲ့ ပင့်လာဖို့လည်း စီစဉ်ထားပါတယ်၊ မနက်စောစောထရမှာမို့ ခွင့်ပြုကြပါဦး ခင်ဗျာ"

ပြည့်ဖြိုးမောင်က လူကြီးများဘက်သို့ မျက်နှာမူကာ တချို့တသေပြောရင်း ခွင့်တောင်းသလို ဦးဘူးခါးကလည်း ခေါင်းတဆတ်ဆတ် . . .။

"ကြော်- အေး. . .အေး၊ ကောင်းပါပြီကွာ၊ မြေပါးကင်းပါးလည်း သတိထားသွားကြကွယ့်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ဆိုင်ကယ် ပါပါတယ်"

ပြည့်ဖြိုးမောင်နှင့် အေးချမ်းဦးတို့နှစ်ယောက် ဆိုင်ကယ်ကိုယ်စီဖြင့် သူတို့ရွာသို့ ပြန်ထွက်သွားကြသည်။ ဦးဖလံမိုးက -

"ကိုဘူးခါးရေ၊ ကျွန်တော်တို့ကျွန်းထဲမှာတော့ ဒီသူငယ်လေးနှစ်ယောက် အတော်ကို အားကိုးရတယ်ဗျာ၊ နေရာတကာမှာ သူတို့က ဆော်ဆော်ကြြကြြပဲဗျာ"ဟု ပြောလိုက်သလို ခေါင်းရင်းခန်းတွင် ထိုင်နေကြသည့် လူများကလည်း ခေါင်းတညိတ်ညိတ်နှင့်။

"သူတို့မပါရင် မပြီးဘူး ဖြစ်နေပြီဗျို့၊ ချီးမွမ်းပါတယ်ဗျာ"

သူတို့ပြောနေသည့်စကားကို နားစွင့်နေသည့် ခြေရင်းဘက် ခိနပ်ချွတ်အဆင့်ပေါ်တွင် ကျားထိုးနေသောဝိုင်းထဲမှ ရွှေခါးက ကျားဝိုင်းမှလူများကို လက်ကာပြလိုက်ရင်း ကွမ်းတံတွေးကို ဖျစ်ခနဲ ထွေးလိုက်ကာ -

"အဟမ်း- နေပါဦး ဘကြီးဖလံနီးရဲ့၊ နေရာတကာမှာ ဒီကောင်နှစ်ယောက်မပါရင် မပြီးပါဘူးဆိုတော့ အခုတစ်ညလုံး ဒီအိမ်မှာအိပ်ဖို့ ခေါ်ထားလေဗျာ၊ ဘကြီးတို့ပဲ တော်တော်ကြာ ပြန်အိပ်ကြမှာမို့လား၊ ကျွန်တော်တို့လည်း ပြန်မယ်"

ပြောလိုက်သည့်စကားကြောင့် အားလုံး ခဏငြိမ် သွားကြပြီး ဦးဘူးခါးက -

"ဟာ- ရွှေခါးကလည်းကွာ၊ စကားအကျအန တောက်နေပြန်ပါပြီ၊ ဒီလိုနေရာမျိုးကျတော့ မင်းတို့ရှိမှဖြစ်မှာကွ၊ ငါ အားလုံး စီစဉ်ထားပါတယ်ကွာ"ဟု ပြောလိုက်သဖြင့် ရွှေခါးက-

"စကားအကျအန တောက်တာမဟုတ်ဘူး ဘကြီးရဲ့၊ ကျွန်းသာက ဘကြီးဖလံနီးပြောတာကြည့်၊ သူ့ရွာသားဘက် အလေးပေးလွန်းတယ်၊ ဟိုကောင်တွေမပါရင် မပြီးသလိုမျိုးနဲ့ဗျာ" ဟု ပြောလိုက်သဖြင့် အနားမှ ဆင်ပေါက်ကလည်း -

"ကျွန်းသာတို့ ကုန်းသာတို့ကတော့ ဒီအတိုင်းပါပဲ၊ ကုန်းသာဆိုလည်း သူတို့မှာ သူတို့ကျောင်းကို တစ်ကျွန်းလုံးကိုးကွယ်နေရတော့ အဲဒါနဲ့ အသာစီးယူတယ်၊ ကျွန်းသာကျတော့လည်း စာသင်ကျောင်း ရှိတော့ သူတို့ကပဲ လူတွင်ကျယ်လုပ် ပြောနေကြတယ်၊ အဲဒါ အစဉ်အလာပဲ၊ ကျွန်တော်တို့ကမ်းသာကျတော့ နှိမ်ချင်ကြတယ်" ဟု ဆင်ပေါက်က သူပြောချင်သည့်စကားကို မကျေမနပ်ဖြင့် ပြောနေ

သလို သူတို့ကျွားဝိုင်းထဲတွင်ရှိသော သူများကလည်း ကမ်းသာ ရွာသား အများစုမို့ ဆင်ပေါက်စကလေးကို သူတစ်ပေါက်ငါ တစ်ပေါက် ထောက်ခံနေပြန်သည်။

"ဟုတ်တယ်၊ ဆင်ပေါက်ပြောတာ မှန်တယ်"

"ဒါဆို ဒီမှာစောင့်အိပ်ဖို့ တခြားလူတွေခေါ်၊ ကျွန်တော်တို့ အဖွဲ့ပြန်မယ်"

"ဟေ့ ဝိုင်းသိမ်းမယ်ကွာ"

ဆူညံစွာပြောနေသဖြင့် ဦးဘူးခါးက ကြမ်းကို လက်ဝါးဖြင့် ရိုက်လိုက်ရင်း -

"ဟေ့ကောင်တွေ တော်ကြတော့ကွာ၊ ငါ တောင်းပန်ပါတယ်၊ မင်းတို့စကားတွေက တောရောက် တောင်ရောက်နဲ့ ဘုန်းကြီး ကျောင်း ရောက်ရောက်၊ စာသင်ကျောင်း ရောက်ရောက် ဖြစ်ကုန်ပြီ ကွာ၊ အဲဒါတွေ ထားစမ်းပါ၊ မင်းတို့က ပြောလေကဲလေ၊ မန်းလေ ပြလေ မလုပ်ကြနဲ့၊ ဟောဒီအိမ်မှာ ခုနစ်ရက်လည်တဲ့အထိ အိပ်ဖို့ မင်းတို့ပဲ ကူညီကြရမှာ၊ ကူညီကြဖို့လည်း ငါ တောင်းပန်တယ်၊ အဲဒီအတွက် ညတိုင်း မင်းတို့စားဖို့ရော သောက်ဖို့ရော ငါ အားလုံး စီစဉ်ထားပြီးပြီ၊ မနက်ဖြန် မြေကျင်းတူးဖို့ ဟောဒီ အသုဘကိစ္စ မြေချဖို့လည်း မင်းတို့ကြိုက်တဲ့ အရက်၊ အမြည်း အားလုံး နှစ်ဆ တိုးပေးမယ်၊ ဟိုပြော ဒီပြော မပြောကြပါနဲ့ကွာ၊ ငါ ထပ်တောင်းပန် ပါတယ်"ဟု ဦးဘူးခါးက ပြောဆိုနေလျှင် ဆင်ပေါက်က -

"ဘကြီးဘူးခါး တာဝန်ယူတယ်နော်၊ ကျွန်တော်တို့က မသောက် မစားရလို့ကတော့ မထိဘူး၊ မကိုင်ဘူးမှတ်"ဟု ပြော လိုက်သည်။ ကျွန်းသာမှ ဦးဖလံနှိုကလည်း လေသံခပ်ပျော့ပျော့ဖြင့်-

"စိတ်ချပါ ငါ့တူတို့ရာ၊ ဘကြီးတို့လည်း မင်းတို့အတွက် အဆင်ပြေဖို့ တာဝန်ယူပါတယ်၊ ဘကြီး အခုန ဟိုသူငယ်နှစ်ယောက်ကို ချိုမွှမ်းစကားပြောတာလည်း တစ်မျိုးမမြင်ပါနဲ့ကွာ၊ တစ်ကဏ္ဍပါ မင်းတို့လည်း တော်ကြပါတယ်၊ စိတ်ဝမ်းကွဲစကား ပြောတာ မဟုတ်ရပါဘူး ကလေးတို့ရယ်၊ မင်းတို့ကို အားကိုးပါတယ်ကွာ" ဟု တောင်းပန်သလို ပြောဆိုနေပြန်သည်။

"ဒါဆိုလည်း ပြီးရော ဘကြီးတို့ရာ"

ရွှေဂါးက စိတ်မရှည်သလိုပြောပြီး သူတို့ကျားဝိုင်းကို ပြန်ကစားဖို့ သူ့လူတွေကို ပြောလိုက်သဖြင့် ကျားဝိုင်းပြန်စရန် တာစူနေသည်ကို တွေ့လိုက်ရသည်။ ခေါင်းရင်းဘက်ဝိုင်းမှ ဦးဘူးခါးတို့ ဦးဖလံနိုတို့ လူကြီးများကလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ သက်ပြင်းတွေ အခါခါချလိုက်ကြသည်။ ပြော်- ဆရာသမား၊ လူကြီးမိဘတွေ ပြောတုန်းခဏ နားထောင်မယ့်လူစားတွေ၊ နောက်တော့ ကိုယ်လုပ်ချင်တာ၊ ပြောချင်တာတွေ ပြောနေကြရမှ ကျေနပ်သည့် ရွှေဂါးတို့အကြောင်း ကောင်းကောင်းသိကြသည် မဟုတ်လား။

○○○

# အခန်း-၈

"ပြည့်ဖြိုးမောင် မင်းတို့သင်္ဘော ပုသိမ် ဘယ်တော့ ထက်မှာလဲ"

"ဘာလဲ- မြခင်ယော်၊ နင် ခရီးကြုံလိုက်ချင်လို့လား"

"အေးလေဟာ၊ ဟောဒီက မြခင်ယော်က ဟိုးငယ်ငယ်တုန်းကလို စက်လှေကြီးစီးပြီး ဒီလမ်းကို ပြန်ချင်နေတာဟ၊ အဲဒါကြောင့် နင်တို့သင်္ဘောနဲ့ အေးအေးဆေးဆေး လိုက်ချင်လို့ မေးနေတာ၊ သိပြီလား" ဟု နီနီဝင်းက ပြည့်ဖြိုးမောင်ကို ပြောလိုက်လျှင် ပြည့်ဖြိုးမောင်က -

"အေး- သွားမယ့်ရက်ကတော့ သန်ဘက်ခါထွက်ဖို့ပဲ၊ နင်တို့သိတဲ့အတိုင်း ဖိုးနီအမေက ဒီနေ့မှ မြေချရတယ်ဆိုတော့ နောက်တစ်ပတ်လောက်တော့ ကြာဦးမှာပေါ့" ဟု ပြောလိုက်လျှင် -

"အေးဟာ- အစီးလေးမယ်ရင် ဟို ဦးလေးအောင်ဇံ အလျှာတုန်းကမှ သွက်သွက်လက်လက်နဲ့ ထမင်းတွေချက်၊ ဟင်းတွေချက်၊ စကားတွေဖောင်အောင်ပြောနဲ့၊ အကောင်းကြီးဟာ" ဟု မြခင်ယော်က ပြောလိုက်လျှင် သူတို့နှင့် အတူရှိနေသူ ဇော်ခင်က -

"အေးဟာ- အခုရက်ပိုင်းက အပူချိန်ကလည်းများတယ်၊ နောက်ပြီး အစီးလေးမယ်ရင်က ဟိုအပ်ပုန်းဆရာနဲ့ ဆေးထိုးမှားသလိုလို ပြောသံကြားတယ်ဟ" ဟု သူ့ထင်မြင်ချက်ပြောပြနေလျှင်-

"ဟယ်- ဟုတ်လား"

မြင်ဝေယံနှင့် နီနီဝင်းတို့ အံ့ဩသွားကြသလို ပြည့်ဖြိုးမောင်က-

"အေး- အဲဒါတော့ ငါလည်းကြားတယ်၊ ခက်ပါတယ်ဟာ၊ တို့ရွာသားတချို့လည်း ဟိုဘက်ကျွန်းစုမှာ ဆေးခန်းလည်းရှိ၊ ကျန်းမာရေးမှုးလည်း ရှိတာတောင် တစ်ဆိတ်ဆို အင်ပုံးကို အားကိုးချင်ကြတယ်၊ အဲဒါကလည်း ပြောမယ့်သာ ပြောရတယ်၊ အရေးကြုံတော့ ပျောက်တာ၊ သက်သာတာ ရှိခဲ့ဖူးတော့ ယုံကြည်တဲ့ စိတ်က ရှိနေကြတယ်လေ" ဟု ပြောလိုက်လျှင် ဇော်ခင်က -

"မင်းပြောတာလည်း ဟုတ်တယ်ကွ၊ ဒါပေမဲ့ တို့ရွာသူ ရွာသားတွေဟာ ရုပ်မြင်သံကြားတွေ၊ သတင်းတွေ၊ ဂျာနယ်တွေ၊ စာစောင်တွေ၊ စာကြည့်တိုက်တွေ ရှိနေတာတောင် ဗဟုသုတယူ ရမှန်း မသိကြသေးဘူး၊ ခေတ်နောက်ပြန်ဆွဲတဲ့ အယူအဆတွေ မပျောက်နိုင်ဘူးပေါ့၊ ဟိုနတ်တို့၊ ဦးရှင်ကြီးတို့ကအစ ပြောရရင် မဆုံးတော့ဘူးကွာ" ဟု ပြောလိုက်သလို နီနီဝင်းက -

"ဟဲ့- ဇော်ခင် ဘာတွေပြောနေတာလဲ၊ နင်တော့ နတ်ဖမ်းနေဦးမယ် မပြောနဲ့ဟယ်၊ ကဲ- တို့လည်း စကားကောင်းနေတာနဲ့ ဘုရားတောင် ဦးမချရသေးဘူး၊ ကဲ- တို့ရွာ၊ တို့ကျောင်း၊ တို့သူငယ်ချင်းတွေဆုံတုန်း၊ ရောက်တုန်း အလှူခံပုံးထဲ အလှူငွေစုထည့်ရအောင်နော်၊ ပေး- နင်တို့ထည့်မယ့်ပိုက်ဆံ"

သို့ဖြင့် သွက်သွက်လက်လက်ဖြင့် နီနီဝင်းက သူငယ်ချင်းလေးဦးထံမှ ပါလာသည့်ငွေများကို စုလိုက်ပြီး အလှူခံပုံးထဲ ထည့်လိုက်ရင်း -

"ကဲ- တို့အားလုံး အလှူငွေထည့်ရင်း ဖိုးနီအမေ အမြီးလေး မယ်ရင် ကောင်းရာသုဂတိလားဖို့ ဆုတောင်းကြရအောင်နော်"

ဟု ပြောလိုက်သလို သူတို့လေးဦး ရှာဦးကျောင်း စေတီလေးအား ဦးသုံးကြိမ် ချလိုက်ကြသည်။

လေအလွှင့်တွင် ပျံ့လွင့်လာသည့် ဆည်းလည်းသံလေးများက တလွင်လွင် တချွင်ချွင်၊ ထိုစဉ် ခပ်လှမ်းလှမ်းမှ သူတို့ကိုကြည့်ရင်း ပြောနေသည့်အသံတွေက ပေါ်ထွက်လာသည်။

"ဟော- ဟိုမှာ မင်းသမီးတွေ မင်းသားတွေကွ"

"ဟိုနှစ်ယောက်က မင်းသားမဟုတ်ဘူးကွ၊ ဟင်းစား... ဟင်းစား၊ ဟား... ဟား... ဟား..."

ဟားတိုက်ရယ်သော အသံများကြောင့် နီနီဝင်း ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း -

"ဟင်း- ဟိုကောင်တွေ၊ ဟိုကောင်တွေ၊ နင်တို့ မကြည့်နဲ့၊ အလကား အမူးသမားတွေ၊ သူများမျက်ရည်ကျမှ အရက်သောက်ပြီး ပျော်နေတဲ့ကောင်တွေ ဟင်း" ဟု ခပ် တိုးတိုးပြောလိုက်သည်။

"ဆုတောင်း... ဆုတောင်း... ဒါမှ ဘဝကူးပြောင်း ကြမှာ၊ ဘဝအကူးအပြောင်းမှာတော့ တို့အဖွဲ့နဲ့ ဖူးပေါင်းရမှာပဲ၊ ဟား... ဟား"

ဒယိမ်းဒယိုင်းဖြင့်သွားရင်း ခပ်ကျယ်ကျယ် အော်ပြောလိုက်သည့် ဆင်ပေါက်အသံကြောင့် ဇော်ခင် ထောင်းခနဲ ဒေါသဖြစ်သွားရင်း -

"ဟဲ့ကောင်တွေ၊ ဘာ..."

ဇော်ခင် စကားဆက်မပြောနိုင်လိုက်၊ လက်မြန်ခြေမြန် နီနီဝင်းက ပါးစပ် အတင်းပိတ်လိုက်ရင်း -

"နေစမ်းပါ ဇော်ခင်ရာ၊ ဟိုက သင်္ချိုင်းကပြန်လာလို့ မူးနေပြီ၊ တောင်စဉ်ရေမရပြောတာကို နင်က အတည်ယူပြီး ဒေါသဖြစ်နေ

တယ်လို့ဟာ ပြောမနေပါနဲ့ဟယ်။ ဒီကောင်တွေနဲ့တူပြီး ရန်မဖြစ်စမ်းပါနဲ့ဟာ"ဟု ပြောလိုက်သဖြင့် ဇော်ခင်တစ်ယောက် ဘာမှမပြောတော့ဘဲ ဆင်ပေါက်တို့အဖွဲ့ကို မကျေမနပ် လှမ်းကြည့်နေသည်။

"သူငယ်ချင်းရှာ။ ဒီကောင်တွေ မူးလို့ပြောတာပါ၊ အင်းတကယ်တွက်ကြည့်တော့လည်း တို့ကျွန်းသုံးရွာမှာ သူတို့တွေက လူတွေသေလို့ ဘဝအကူးပြောင်းမှာတော့ အားလုံးသိကြတဲ့အတိုင်း လူတော်တော်များများ ရှောင်တဲ့အလုပ်တွေ လုပ်ပေးကြတာမို့လား" ဟု ပြည့်ဖြိုးမောင်က ပြောလိုက်သလို ဇော်ခင်က ပြည့်ဖြိုးမောင်ကို တစ်ချက်ကြည့်လိုက်ရင်း -

"အေး- မင်းပြောတာ မှန်သင့်သလောက် မှန်တယ်၊ ဒါပေမဲ့ ဒီကောင်တွေက လူမှုရေးအသိစိတ် ရှိကြလို့မှ မဟုတ်ဘဲ၊ အရက်သောက်ရလို့ လုပ်တာကများများကွ၊ ဟင်း" ဟု ပြောလိုက်သလို မြဇင်ယော်က -

"အေး၊ ဟုတ်တယ်၊ ဇော်ခင်ပြောတာ မှန်တာပဲ၊ အဲဒီဆင်ပေါက်တို့ ရွှေဂါးတို့အုပ်စုကတော့ ဒါမျိုးမှာ အရက်တမြမြလုံလောက်အောင်ပေးနိုင်မှ၊ ဟင်း- မရှိမကောင်း ရှိမကောင်းတွေ" ဟု ပြောလိုက်သလို နီနီဝင်းက -

"မြဇင်ယော်ရဲ့၊ မရှိမကောင်း ရှိမကောင်း ပြောမနေနဲ့၊ မရှိလေကောင်းလေ လူစားတွေ၊ ကျွန်းသုံးရွာမှာတော့ အော့ကြောလန်တွေဟဲ့၊ နင်က အခုမှ ရွာရောက်တော့ သူတို့အကြောင်းတွေ သိပ်မသိသေးတာ၊ ဟင်း. . . "ဟု ပြောလိုက်လျှင် ပြည့်ဖြိုးမောင်က အားလုံးကို ကြည့်လိုက်ရင်း -

"ကဲ- တော်ကြပါဟာ။ ဆရာတော့်ကျောင်းပေါ် သွားကြရအောင်"

သို့ဖြင့် ပြည့်ဖြိုးမောင်တို့ သူငယ်ချင်းလေးယောက် ကုန်းသာကျောင်းကြီးဆီသို့ ထွက်လာကြသည်။ သူတို့ ကျောင်းလှေကားကြီးအပေါ် တက်နေချိန်တွင် ကြေးမောင်းသံ နှစ်ချက်ထိုးသံ ကျောင်းကြီးပေါ်က ကြားလိုက်ရသလို ကျောင်းအောက်မှ ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူနေပြန်သည်။

○○○

## အခန်း-၃

"သမီးရေ. . . မြဇင်ယော်"

"ရှင်. . . မေမေ၊ သမီး ဒီမှာ"

မိခင်၏ခေါ်သံကြောင့် အိမ်ရှေ့အုန်းပင်အောက်တွင် စာဖတ်နေသည့် မြဇင်ယော် အသံပြုလိုက်သည်။ ဒေါ်မြဥတစ်ယောက် အိမ်ရှေ့ထွက်လာရင်း -

"အမလေး သမီးရယ်၊ အသံပျောက်လို့ ခေါ်လိုက်ရတာ၊ အခု သမီးက စာအုပ်တစ်ထပ်နဲ့ စာဖတ်နေတာကိုး၊ ရွာရောက်တုန်း အေးအေးဆေးဆေး နားပါသမီးရယ်"

မြဇင်ယော် စာအုပ်ပိတ်လျက် သူ့မိခင်အနားသို့ လျှောက်လာကာ -

"စာအုပ်ဖတ်တာလည်း နားတာပဲ မေမေရဲ့၊ နောက်ပြီး ဒီစာအုပ်တွေ ဖတ်နေတာက ရွာစာကြည့်တိုက်နဲ့ သင့်တော်မယ့် စာအုပ်လေးတွေ ရွေးနေတာလည်း ပါပါတယ် မေမေရယ်၊ ဒါနဲ့ မေမေ သမီးကို ဘာခိုင်းစရာရှိသေးလဲ၊ မရှိရင် သမီး ရေချိုးလိုက်တော့မယ်" ဟုပြောလိုက်လျှင် ဒေါ်မြဥက စဉ်းစားသလိုလုပ်ရင်း-

"ဩော်- သမီးပြောမှ မေမေ သတိရတယ်၊ ဟို- ကမ်းသာဘက်က ကျောက်မြှုတ်ဖို့ ပိုက်ဖော်လောက်ပြီ၊ အဲဒီမှာ မေမေ ငါးမှာထားတာ၊ အဲဒါ သမီး အဖော်တစ်ယောက်ခေါ်ပြီး သွားယူလိုက်ပါဦးကွယ်၊ ဩော်- ဟို မိစာမလေး ဘယ်ရောက်သွားလဲ မသိဘူး၊ သူ့ကို အဖော်ခေါ်သွား" ဟုပြောပြီး အိမ်ပေါ်ပြန်တက်ရန် ပြင်လိုက်သည်။

"မေမေ- ဟို. . . မိစာမလေးကို လယ်တဲဘက်မှာ ကန်စွန်းမှုင်၊ ကန်စွန်းသီးလေးတွေ ငါးပိရည်နဲ့တို့ဖို့ ရှာခိုင်းထားတယ်၊ သမီး နီနီဝင်းပဲ ခေါ်သွားလိုက်ပါ့မယ်"

"အင်း- ငါ့သမီးကတော့ အမေအတိုင်းပဲ၊ အတို့အမြှုပ်တော့ ကြိုက်ချက်ကတော့ ကမ်းကုန်တယ်၊ ကဲ-ကဲ မြန်မြန်လေး သွားလိုက်" ဟုပြောရင်း ခေါ်မြဲ အိမ်ပေါ်ပြန်တက်သွားသည်။ မြဖင်ယော်လည်း စာအုပ်ပုံများကို အစီအရီထပ်လိုက်ရင်း ကြိုးဖြင့် အသေအချာ စည်းလိုက်သည်။ ပြီးလျှင် အိမ်ပေါ်တက်ကာ ထီးကလေးတစ်ချောင်း ယူလိုက်ပြီး စာအုပ်ထုပ်ကိုဆွဲကာ နီနီဝင်း အိမ်ဘက်သို့ ထွက်လာခဲ့သည်။

"ဟဲ့- ဟဲ့၊ ဒါက ဘာဖြစ်လာတာလဲ၊ ထီးက တစ်ဖက်၊ စာအုပ် တစ်ဖက်နဲ့"

နီနီဝင်း အိမ်နားရောက်လျှင် အခန့်သင့်တွေ့ရသော နီနီဝင်းက လှမ်းမေးနေသည်။

"စာအုပ်က စာကြည့်တိုက်လှူဖို့ ရွေးထားတာ၊ စာအုပ်ကလေးတွေ နင့်အိမ်မှာ ခဏသိမ်းထားပေးဦး၊ အခု ဟိုကမ်းသာဘက်က ဘကြီးကျောက်မြှုတ်ဖို့ ပိုက်ဖော်တဲ့ဘက်ကိုသွားပြီး မေမေ မှာထားတဲ့ ငါး သွားယူမလို့ နင့်ကိုဝင်ခေါ်တာ၊ အဖော်လိုက်ခဲ့ပေးဦး"

"ဪ.. ဒီလိုကိုး ခဏနေဦး ငါ အမေ့ကို သွားပြောလိုက်ဦးမယ်"

သို့ဖြင့် မြဇင်ယော်နှင့် နီနီဝင်းတို့ သူငယ်ချင်းနှစ်ယောက် ကမ်းသာယာဘက် ထွက်လာခဲ့ကြသည်။ အုန်းပင်တန်းတွေ အစီအရီပေါက်နေသော သူတို့ရွာနှစ်ရွာကြား လမ်းကလေးပေါ်ဝယ် မြဇင်ယော်တို့ သူငယ်ချင်းနှစ်ယောက် လျှောက်လာချိန်တွင် မြစ်မကြီးဘက်မှ လေခပ်ပြင်းပြင်းလေး တိုက်နေသလို တဝုန်းဝုန်း လှိုင်းသံတွေက ဆူညံနေသည်။ မြဇင်ယော်နှင့် နီနီဝင်းတို့ သီချင်းလေး တအေးအေးဖြင့် လျှောက်လာခဲ့ကြသည်။

"ဟော့- ဒီနှစ်ယောက် ဘယ်လဲ"

အသံကြားရာ လှမ်းကြည့်လိုက်စဉ် အုန်းပင်တွေကြားလမ်းမှာ တွေ့လိုက်ရသည့် ဆင်ပေါက်တို့နှစ်ယောက်။ ဆင်ပေါက်က ခပ်ယိုင်ယိုင်၊ သူ့နောက်မှာ ရွှေဒင်္ဂါးက လှော်တက်ကိုယမ်း၍ လာနေသည်။ နီနီဝင်း သူတို့နှစ်ယောက်ကိုကြည့်ရင်း ခါးထောက်လျက်. . .။

"ငါတို့ ဘယ်သွားသွား နင်တို့အပူလား၊ ဟင်း" ဟု ပြန်ပြောလိုက်ရာ ဆင်ပေါက်က -

"ဒီလိုလဲ ဘယ်ဟုတ်မလဲဟ၊ ပူရတာပေါ့ တို့က တစ်ကျောင်းတည်းထွက်ခဲ့တဲ့ သူငယ်ချင်းတွေပဲကွာ၊ ဟုတ်တယ် မဟုတ်လား ရွှေဒင်္ဂါး"

ဆင်ပေါက်က ရွှေဒင်္ဂါးဘက် လှည့်ကြည့်လိုက်ရင်း -

"အဲဒီလို မပြောပါနဲ့ နီမရာ၊ နင်တို့နဲ့ ငါတို့က သူငယ်ချင်းအရင်းခေါက်ခေါက်တွေပဲ၊ မတော်လို့ မသူတော်တွေနဲ့တွေ့မှာ စိုးလို့ပါဟာ" ဟု ရွှေဒင်္ဂါးက ပြောလိုက်၏။ မြဇင်ယော်က -

"ကဲ- နီနီဝင်းရေ ဒီ ဆန်ကုန်မြေလေးတွေနဲ့ တုပြောမနေနဲ့၊ ဒီကျွန်းမှာ မသူတော်စာရင်း ဘယ်သူတွေ ဝင်တယ်ဆိုတာ ကလေး ကအစ သိတယ်၊ ကဲ- လာ၊ ဘကြီးကျောက်ဖြူပိုက်သောင်မှာ ငါးသွားယူဖို့ နောက်ကျနေဦးမယ်၊ ဖယ်ပါ၊ ရှေ့ကနေ ကန့်လန့် ကန့်လန့်နဲ့" ဟုပြောရင်း ခြေလှမ်းပြင်နေသည့် မြဇင်ယော်ကို ရွှေဒင်္ဂါးက လက်ခါပြလိုက်ရင်း -

"ဟာ- အဲဒါပြောတာပေါ့ မြဇင်ယော်ရာ၊ ဘကြီး ကျောက်ဖြူ တို့ဆီ ငါးသွားယူမယ်ဆိုရင်တော့ မသွားနဲ့တော့၊ ခြေညောင်းတာ အဖတ်တင်မယ်၊ ဒီလောက် လေထနေတဲ့ရက်တွေမှာ တော်ရုံ ပိုက်သမား ဘယ်က ငါးရမှာလဲ၊ တို့လို စွန့်စွန့်စားစား ဝီရိယနဲ့ရှာတဲ့ လူတောင်မှ ပေါဒီ ခါးပိုက်ထောင်တစ်လုံးစာပဲ ရခဲ့တာ၊ ရော့- ပေါဒီ ငါးတွေ ယူသွားလိုက်"

ပြောရင်း ခါးပိုက်ထောင်ကို ဖြည်လိုက်ရာ မြဇင်ယော်က မျက်နှာတစ်ဖက်လွှဲသလို နီနီဝင်းက -

"အို- ရှုပ်ရှုပ်ယှက်ယှက် မလိုချင်ပါဘူး။ ဘယ်က အချောင် ရလာမှန်း မသိဘဲနဲ့၊ ဖယ်ကြပါ၊ ဘယ်လို မှုတ်မှုးကြောင်တွေနဲ့ လာတွေ့နေမှန်း မသိပါဘူး" ဟုပြောရင်း မြဇင်ယော်လက်ကိုဆွဲ၍ သူတို့အနားမှသွားရန် ခြေလှမ်းပြင်လိုက်စဉ် ဆင်ပေါက်က လက် တကာကာဖြင့် -

"ဟာ. . . ဟာ. . . ဟာ၊ မလောနဲ့ဟာ၊ တို့က သူငယ်ချင်းတွေမို့ ချစ်လို့စတာပါ၊ ပေါဒီ ရွှေဒင်္ဂါးဆိုတဲ့ကောင်က နင်တို့ကို သူရှာ လာတဲ့ငါးကိုပေးတာ ကံကောင်းတယ်မှတ်၊ တော်ရုံတန်ရုံ ဆိုရင် ပေးတာ မဟုတ်ဘူး၊ မြဇင်ယော်မို့ သံယောဇဉ် ရှိလို့ ချစ်လို့တဲ့ဟဲ့"

"ဘာပြောတယ် ဆင်ပေါက်၊ နှင်နေ့၊ ငါ့လက်က ပါးမရွေးဘူး၊ လွှန်မလာနဲ့ ဟင်း" ဟုပြောရင်း မြင်မောင် အသားတွေ တဆတ်ဆတ် တုန်နေသည်။ ရွှေဒင်္ဂါးကလည်း ဆင်ပေါက် လေကြောကို နင်းလိုက်ရင်း -

"ဒါလေးပြောတာ ဒီလောက်မဖြစ်ပါနဲ့ မြင်မောင်ရယ်၊ ဆင်ပေါက် ပြောလိုက်တော့လည်း သိတဲ့အတွေ့တူ၊ မထူးတော့ပါဘူး၊ ပြောပါရစေ။ ငါ နှင့်ကို တကယ်ချစ်တာပါ၊ ဟိုငယ်ငယ်ကတည်းက ဆိုပါတော့"

"တော်စမ်း ရွှေဒင်္ဂါး၊ နှင့်ဟာနင် ဘယ်လောက်ချစ်ချစ်၊ နင်တို့ နှစ်ယောက်စလုံး သိထားဖို့က နင်တို့ကို အခုလို စကားပြန်ပြောနေတာတောင်မှ သနတယ်၊ ကျက်သရေယုတ်တယ်ဟဲ့ သိလား၊ ရွာနိုးကိုးပေါက် လျှောက်မူးနေပြီး ကွင်းကျော်ရွာကျော်တွေကများလာပါ နီနီဝင်း၊ သူတို့မဖယ်ရင် ငါတို့ပြန်မယ်" ဟုပြောရင်း နောက်ကြောင်းပြန်လှည့်ရန် ပြင်လိုက်စဉ် ဆင်ပေါက်က -

"ငါတို့နဲ့ စကားပြောရတာ နင်တို့က သနတယ် ဟုတ်လား၊ ငါတို့က ရွာနိုးကိုးပေါက် လျှောက်နေတာ မဟုတ်ဘူး၊ တို့က အလုပ်အစုံလုပ်နေလို့ ရွာကျော်ကွင်းကျော် ဖြစ်နေတာ၊ မှတ်ထားဦး၊ သူများတွေလို ရေပေါ်ဆီတွေ မဟုတ်ဘူးနော်၊ အလကား သူတို့လိုလားတဲ့ ဟိုနှစ်ကောင်ကျတော့ အပြတ် အထင်ကြီးနေလိုက်ကြတာ၊ ထွီ- ဟောကောင် ရွှေဒင်္ဂါး၊ စိတ်ပြောင်းလိုက်စမ်းပါကွာ၊ ချစ်စရာတွေ ဒီကွင်းမှာ အပုံကြီး၊ ဒီမှာ မြင်မောင်နဲ့ နီနီဝင်း"

"ဘာလဲ"

"အေး နင်တို့မှတ်ထားဖို့က ဒီနှစ်ယောက်ဟာလေ ဟောဒီ ကျွန်းသော တစ်အုပ်စုလုံးမှာ တို့မပါရင် ပွဲမပြီးဘူးမှတ်၊ နင်တို့ အကောင်တွေသာ ဟင်း- မပြောလိုက်ချင်ဘူး"

ဆင်ပေါက်စကားကြောင့် နီနီဝင်းမှာ ဒေါပွသွားပြီး ဆင်ပေါက်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ -

"ဘာ- နင်တို့ ဘာအကောင်တွေလဲ၊ စကားကိုကြည့်ပြောနော်၊ နင်တို့သိထားဖို့ကလည်း ဟောဒီ ကျွန်းသောအုပ်စုထဲက အကျိုးပြု အလုပ်တွေမှာ နင်တို့မပါရင် မပြီးသလို သူတို့မပါရင်လည်း မပြီးဘူး ဆိုတာ မှတ်ထားဦး၊ နင်တို့မပါရင် ပွဲမပြီးဘူးဆိုတာက မလွဲသာလို့ အားလုံးက ရွံကြောက်ကြီး ဖြစ်နေကြတာ၊ ရွံလည်းရွံ ကြောက် လည်းကြောက်၊ ဘောကြောလန်နေကြတာဟဲ့၊ အဲဒါကို သတိထား ကြဦး၊ ငတောငမိုက်တို့ရဲ့၊ လာ- မြဇင်ယော် ပြန်ကြမယ်"

နီနီဝင်း ဒေါသဖြင့် တစ်ဘော်ပြောပြီး မြဇင်ယော်လက်ကို ဆွဲကာ နောက်ကြောင်းပြန်လှည့်သွားတော့၏။ နီနီဝင်း၏အပြော နှင့် သူတို့၏မျက်နှာထားတွေကြောင့် ရွှေဂါး ခေါင်းတွင်တွင် ခါရင်း သက်ပြင်းချလိုက်သလို ဆင်ပေါက်ကထပ်ဆင့်၍ -

"ဟုတ်တယ်၊ နင်တို့ပြောတာ ဟုတ်တယ်၊ ဟုတ်တယ်ဟေ့၊ နင်တို့ မြဲမြဲမှတ်ထားဖို့က ရွှေဂါးနဲ့ ဆင်ပေါက်ဟာ ဘာလုပ်လုပ် ပွဲပြီးမှလုပ်တဲ့အကောင်တွေဆိုတာ မြဲမြဲမှတ်ထား၊ နေနှင့်ကြဦးပေါ့ ကွာ ဟင်း. . ."ဟု အသံကုန်ဟစ်ဘော် ပြောနေရာ ရွှေဂါးက-

"လာစမ်းပါ ဆင်ပေါက်ရာ၊ ပြောမနေပါနဲ့၊ တော်ပါပြီကွာ၊ ငါက စေတနာနဲ့ပေးတာ၊ ငါ့ရော၊ မေတ္တာရောကွ၊ သူနဲ့ မထိုက်လို့

မယူလိုက်တာ ငါ့အပြစ်မဟုတ်ဘူး၊ ဟဲ- လာ၊ မခင်ညို အိမ်ဘက်ကို နှိုတက်ရင်း အမြည်းအတွက် ဟောဒီငါးကို ဘဝပြောင်းပေးလိုက်ကြစို့၊ ဟား... ဟား... ဟား..."

ဆင်ပေါက်နှင့်ရွှေခင်း ပြောနေသည့်စကားများကို လေအောက်ဘက်တွင်ရှိနေသည့် မြဇင်ယော်နှင့် နီနီဝင်းတို့ မကြားချင်လည်း အတိုင်းသား ကြားနေရသည်မို့ မကျေမနပ် ပြန်ကြည့်လိုက်၊ ဆောင့်ကြီးအောင့်ကြီးနှင့် သွားလိုက် ဖြစ်နေသည်၊ နီနီဝင်းတို့နှစ်ယောက်အဖြစ်ကို မြင်နေရသည့် ရွှေခင်းနှင့် ဆင်ပေါက်တို့က တမင်တကာ အရွဲ့တိုက်၍ တဟားဟား ရယ်ပေးနေကြသည်မို့ တစ်ဖက်သားဒေါသကို ဆွပေးနေသလို ဖြစ်နေပြန်သည်။

ooo

## အခန်း-၁၀

"ကိုဗလာကြား၊ ထွက်ခဲ့စမ်းပါဦး"

တဲအပြင်မှ အသံကုန်ခေါ်လိုက်သည့် အသံကြောင့် ဦးဗလာကြား တဲအပြင် ထွက်လိုက်သည်။

"ဟာ- မမြူ၊ မှောင်ခါနီးမှ ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိလို့လာတာ၊ ရှင့်သား ဘယ်မှာလဲ"

"ဩော်- လူလေးလား၊ ဟိုကုန်းသာဘက်မှာ ဆင်ပေါက်နဲ့ နှစ်ယောက် မနက်ဖြန် နေ့ကောင်းဆင်းဖို့ သွားစပ်ကြတယ် ထင်တယ်"

"ကောင်းတယ်၊ အဲဒီ ဆင်ပေါက်နဲ့ နှစ်ယောက်ဆိုတော့ နေ့ကောင်းတော့ မဟုတ်ဘူး၊ အရက်သောက်ဖို့ဖြစ်မယ်၊ ဟင်း. . ."

ဒေါသသံနှင့် ပြောသည့် ဒေါ်မြူကိုကြည့်ရင်း ဦးဗလာကြား တစ်ယောက် လေသံအေးအေးဖြင့် -

"ကဲ- မမြူ လာတဲ့ကိစ္စကိုပြော၊ ရွှေဒင်္ဂါးမေးတာ ဘာကိစ္စလဲ၊ နေ့ကောက်ခ ကြိုယူပြီး မဆင်းလို့လား"

ဟု မေးလိုက်လျှင် ဒေါ်မြူ ခါးထောက်လိုက်ရင်း -

"ဒီမှာ ကိုဗလာကြား၊ ရှင့်သားလိုလူမျိုး နေ့ကောက်ခေါ်ဖို့ ဝေးသေးတယ်၊ ကျွန်မလာတာ ရှင့်သားမေးက ကျွန်မသမီးကို

လိုက်နှောင့်ယှက်လို့ရှင့်၊ အဲဒါ ရှင် ဆုံးမထားပါရှင်၊ မပတ်သက်ပါစေနဲ့ နောက်တစ်ခါဆို ရဲစခန်း တစ်ခါတည်းတိုင်မယ် ဒါပဲ၊ ဟင်း- ဘယ်လိုလူစားတွေလည်း မသိဘူး" ဟုပြောရင်း ဒေါသနှင့် ထွက်သွားသည်။ ဒေါ်မြဥကိုကြည့်ရင်း ဦးဗလာကြား သူ့ခေါင်းသူ တဗျင်းဗျင်းကုတ်လိုက်ရင်း -

"ခြော်- မြဥ. . . မြဥ၊ ငယ်ငယ်တုန်းကနဲ့ အပြောအဆို တခြားစီပါလား၊ ဟင်- ဒီကောင် ရွှေဂေါ်း သူ့သမီးကို ဘာတွေများ သွားပြောပါလိမ့်"

ဦးဗလာကြားတစ်ယောက် ခပ်တိုးတိုးပြောရင်း တဲအတွင်း ဝင်လိုက်သည်။ မှောင်စပြုလာပြီမို့ သူတို့သားအဖအိပ်သည့် ခြေရင်းဘက်ရှိ ခြောက်ဗိုအား ဘက်ထရီဖြင့်ထွန်းသော တစ်ပေမီးချောင်းလေး ထွန်းလိုက်သည်။ မီးချောင်းလေး အလင်းရောင်ကြောင့် သူတို့သားအဖ နေထိုင်ရာ တဲလေးအတွင်း အတန်ငယ် လင်းသွားသည်။ ဦးဗလာကြား အိပ်ရာပေါ် စိတ်ပျက်ပျက် လှဲအိပ်လိုက်ရင်း ဒေါ်မြဥ ပြောသွားသည့် စကားတွေကို ဆက်စပ်တွေးနေမိသည်။ ထို့အတူ မီးရောင်နှင့်မြင်ရသည့် အိပ်ရာဘေး ထရံတွင် ကပ်ထားသည့် သူ့သားဓာတ်ပုံကိုလည်း အကြည့်ရောက်သွားသည်။ အုန်းပင်တစ်ပင်ကိုမှီ၍ လက်ပိုက်ရပ်နေသည့်ပုံ။ ကိုယ်အထက်ပိုင်းဗလာဖြင့် မှိုက်ထားပြီး လက်ပိုက်ထားသဖြင့် သူ့ဗလကို ထုတ်ပြနေသည့်နှယ်။ အနားမှာလည်း အုန်းသီးနိုင်တွေ အစီအရီ။ ဒီကောင် အုန်းပင်တက်တာ ဝါသနာပါသလို ကျွမ်းသည်။ သူ့မှမဟုတ်၊ သူနှင့်တွဲနေသည့် ဆင်ပေါက်လည်း ဘာထူးလဲ။ ဒီကျွန်းမှာ သူတို့မတက်ဘူးသေးသည့် အုန်းပင် မရှိသလောက်ပင်၊ ဒီဓာတ်ပုံလည်း မြို့က ဓာတ်ပုံဆရာအဖွဲ့ကို အုန်းသီးတက်ခူးပေးလို့ သူတို့ရိုက်ပေးတဲ့

ခါတ်ပုံမှီလား။ ဦးဗလာကြားတစ်ယောက် ဓာတ်ပုံကိုကြည့်ရင်း ခေါင်မြူ ပြောသွားသည့်စကားကို မေ့သွားပြီး သူ့သားအကြောင်း အတွေးရောက်နေပြန်သည်။ ကြော်- မိတဆိုးသားဆိုတော့ ငါကလည်း အလိုလိုက်မိတာကိုး။

"အဖေ အစောကြီးအိပ်နေတာလား။ ထမင်းရော စားပြီးပြီလား"

ခနိုးမိုး ခနိုကာတဲအတွင်း ခေါင်းပြူဝင်လာပြီး ပြောလိုက်သည့် သားအသံကြောင့် ဦးဗလာကြား အတွေးပြတ်သွားရင်း ခေါက်ခနဲ ထထိုင်လိုက်ကာ -

"မစားရသေးပါဘူးကွာ၊ ထမင်းရော၊ ငါးခြောက်ဖုတ်ရော အဆင်သင့် လုပ်ပြီးသား၊ မင်းစားရင်စား၊ အဖေတော့ မဆာသေးဘူး၊ မင်း မီးမွှေးပြီး ရေနွေးအိုးသာ တည်ထားလိုက်ကွာ၊ ရေနွေးအိုးဆူမှ ထမင်းစားတော့မယ်"

"ကျွန်တော်လည်း မဆာသေးပါဘူး အဖေရဲ့ ရေနွေးအိုး တည်ရင်း ပါလာတဲ့ ပုစွန်နှစ်ကောင် ဖုတ်လိုက်ဦးမယ်၊ ပုစွန်အသုပ် နဲ့ စားကြတာပေါ့ အဖေရယ်"

ရွှေဂါး သူ့အဖေကို ပြောလိုက်ရင်း မီးမွှေးကာ ရေနွေးအိုး တည်နေသည်။ မီးနှိုန်ရတော့မှ သူပါလာသည့် ပုစွန်နှစ်ကောင်ကို မီးထဲထည့်ဖုတ်လိုက်သည်။ ပုစွန်မီးဖုတ်အနံ့က ဦးဗလာကြား နှာခေါင်းထဲ ဝင်လာသည်။

"အေးကွာ၊ ပုစွန်မီးဖုတ်နံ့ရမှ ထမင်းဆာလာတော့ တယ်ဟေ့၊ အဖေ ရှောက်သီး သောင်းလိုက်မယ်၊ မင်း ပုစွန်အခွံ ချွတ်လိုက်ကွာ"

သို့ဖြင့် သားအဖနှစ်ယောက်အတွက် မကြာခင်မှာပင် ထမင်းဝိုင်း အသင့်ဖြစ်သွားလေတော့၏။

"ကဲ- သားရေ့ အမေ ထမင်းစားရင်းနဲ့ပဲ မင်းကို မေးရဦးမယ်"

သားအမနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်မိသည်နှင့် ဦးဗလာကြားမှ စကားစလိုက်သည်။ ရွှေဒင်္ဂါးလည်း သူ့မခင်မျက်နှာကို ကြည့်လိုက်ရင်း -

"ဘာမေးစရာရှိလို့လဲ အမေ"

"ဒီလိုကွ၊ သားမရောက်ခင် ခပ်စောစောက မမြဲ့တစ်ယောက် လာသွားတယ်ကွ"

"ဘာပြောသွားသေးလဲ အမေ"

ရွှေဒင်္ဂါးမှာ ဒေါ်မြဲ့အကြောင်း သိထားသူမို့ အလောတကြီး မေးလိုက်သည်။

"ဒေး- ကိစ္စကတော့ကွာ၊ မင်းက သူ့သမီးကို လိုက်နှောင့်ယှက်လို့တဲ့၊ အဲဒါ ဆုံးမပေးဖို့ လာပြောတာတဲ့ကွ၊ မင်း ဘာဖြစ်လို့ သူ့သမီးကို နှောင့်ယှက်ရတာလဲ" ဟု မေးလိုက်ရာ ရွှေဒင်္ဂါးက ခေါင်းခါလိုက်ရင်း -

"အမေရာ၊ ကျွန်တော် လိုက်နှောင့်ယှက်တာ မဟုတ်ပါဘူး၊ အဲဒီ ဒေါ်မြဲ့သမီး မြဇင်ယော်နဲ့ နီနီဝင်းတို့နှစ်ယောက် လမ်းမှာတွေ့တော့ ဆင်ပေါက်ကလေးလို့ ကျွန်တော်က ဝင်ပြောရင်း သူတို့စိတ်ဆိုးသွားကြတာ၊ နှောင့်ယှက်တယ်လို့တော့ မဟုတ်ပါဘူး အမေရာ"

"ဆင်ပေါက်က ဘာတွေလို့ မင်းက ဘာဝင်ပြောရတာလဲ လူလေးရယ်၊ ဒီလောက်နဲ့တော့ ငါ့ကို လာမတိုင်လောက်ပါဘူးကွာ"

"ဟာ- အမေကလည်း ကျွန်တော် မလိမ်ပါဘူး၊ အမေ မရှိတတည်းက ဒီအမေနဲ့ဒီသား နှစ်ယောက်တည်းနေလာတာ၊ သား

သိရင် အမေသိရမယ်၊ အမေသိရင်လည်း သားသိရမယ်ဆိုသလို ကျွန်တော် ဘာညာပြောစရာရှိလို့လဲ အမေရာ၊ ဖြစ်ပုံက ဒီလို အမေရေ"

ဟု အစချီရင်း မြဇင်ယော်တို့နှင့် တွေ့ခဲ့ပုံအကြောင်း၊ သူ ပြောမိသည့်အကြောင်းများကို ရှင်းလင်းလိုက်သည်။ ဦးဗလာကြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း -

"အမေ သဘောပေါက်ပါပြီကွာ၊ ဘာပဲဖြစ်ဖြစ် သူတို့က ချမ်းသာတယ်၊ အမေတို့က ဆင်းရဲတယ်၊ နေ့စားနေ့ကောက်နဲ့ ရေထဲမှာရော၊ ကုန်းပေါ်မှာရော ဓနိခုတ်၊ ထင်းခုတ်၊ လယ်ထဲ ဆင်း၊ ငါးရှာ၊ ဂဏန်းရှာနဲ့ ပျံကျလုပ်စားရတဲ့ လူတန်းစားတွေ ကိုးကွ၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ် သူတို့နဲ့တော့ အဆင့်မတူဘူးပေါ့ ကွာ။ အဲဒီတော့ ဘာအကြောင်းပဲဖြစ်ဖြစ် ဘာမှ သွားပြီးမပတ် သက်ပါနဲ့ လူလေးရယ်၊ ကဲ- အဲဒါတွေထားလိုက်တော့၊ ထမင်းစား၊ ထမင်းစား"

ဟုပြောရင်း သားဖြစ်သူဘက်သို့ ပုစွန်သုတ်ပန်းကန် ထိုးပေး လိုက်သည်။ ရွှေဂေါ်းမှာ သူ့မခင်မျက်နှာကိုကြည့်ရင်း -

"အမေရာ၊ အမေက မပတ်သက်နဲ့လို့ ပြောပေမယ့် ကျွန်တော် နိုးနိုးပဲ ဝန်ခံပြောရရင်တော့ အဲဒီဒေါ်မြဉသမီး မြဇင်ယော်မျက်နှာ ကို မြင်ရရင် စကားတွေလည်း အများကြီး ပြောချင်တယ်၊ ဟို. . . ချစ်တယ် အမေရဲ့"

"ဟော"

ဦးဗလာကြီးတစ်ယောက် သူ့သားစကားကြောင့် ပါးစပ်ထဲ သွင်းမည့်ဆဲဆဲ ထမင်းလုတ် ပါးစပ်ထဲမသွင်းနိုင်တော့။

"မဖြစ်နိုင်တာ မစဉ်းစားပါနဲ့ လူလေးရာ၊ စိတ်လျှော့လိုက်ပါ၊ တို့နဲ့ဘဝတူတဲ့ ပိုဘက်တဲစုက မိခွန်းတို့၊ ငွေးငွေးတို့ဆိုရင် တော်သေးတယ်ကွာ"

"အဖေရာ- မိခွန်းတို့၊ ငွေးငွေးတို့ဆိုတာ ကျွန်တော့်မျက်စိထဲမှာ မလှဘူး အဖေရဲ့"

"ဟေ့ကောင် ရွှေဒင်္ဂါး၊ လှတာမက်ရင် ညစာခက်လိမ့်မယ်ကွ၊ ဟောဒီ တို့စားနေတဲ့ထမင်းက မိခွန်း ညနေက လာချက်ပေးထားတာကွ သိရဲ့လား"

"ဟာ အဖေကလည်း ဘာဆိုင်လို့လဲဗျာ. . ."

"ဟား. . . ဟား. . . ဟား"

စိတ်ပျက်လက်ပျက် ပြောလိုက်သည့် သူ့သား၏ဟန်ပန်ကို ကြည့်ရင်း ဦးဇလာကြား သဘောကျစွာ ဟားတိုက်ရယ်လိုက်တော့သည်။

○○○

## အခန်း-၁၁

"ပြည့်ဖြိုးမောင်၊ နင်ပြောတဲ့စကားက စောပါသေးတယ်ဟာ"

"မစောတော့ပါဘူး မြဇင်ယော်၊ ငါ နင့်ကို ဖွင့်ပြောတာတောင် တစ်နှစ်ကျော်ပြီပဲဟာ"

"ဒါတော့ ဒါပေါ့ဟာ၊ ငါ့စိတ်ထဲမှာလေ အခုထိ နင်ပြောထားတဲ့ စကားအတွက် အဖြေမရှိသေးဘူးဟ၊ ရှင်းရှင်းပြောရရင် ငါ့ရင်ထဲမှာ ချစ်ရမယ့်လူ မရှိသေးဘူးဟာ၊ နောက်ပြီး နင့်အပေါ် လည်း ငယ်ငယ်တုန်းကလိုပဲ ဘာမှမပြောင်းလဲဘူးဟ၊ ဘာပြောရမလဲဟာ၊ ရင်မခုန်ဘူးလို့ပဲ ဆိုရမလား၊ ငါ့စိတ်ထဲမှာ မောင်နှမတွေလိုပဲ ထင်နေတာဟ၊ အဲဒါ ငါ့ရင်ထဲက အမှန်စကားတွေပါ ပြည့်ဖြိုးမောင်၊ တစ်မျိုးတော့ မထင်ပါနဲ့ဟာ"

"ဟင်- နင့်စိတ်က တစ်မျိုးပါလား မြဇင်ယော်ရာ၊ အေးလေ ငါက ယောက်ျားလေးဆိုတော့ နင့်အပေါ် ရင်ခုန်မိတာ အပြစ်တော့ မမြင်ပါနဲ့ဟာ၊ ငါလည်း နင့်လိုပဲ ဟိုတုန်းက မောင်နှမတွေလို နေကြရာက ဘယ်လို ဘယ်လိုဖြစ်လာပြီး နင့်အပေါ် ချစ်စိတ်ဝင်လာတယ်ဆိုတာတော့ ငါလည်း မပြောတတ်ဘူးဟာ၊ ငါ နားလည်တာက နင့်အပေါ် ငါချစ်မိတယ်၊ အဲဒီ အချစ်က ငါ ရိုးသားတယ်

ဟာ၊ အေးလေ နင်ပြောသလို မိန်းကလေးတစ်ယောက်အနေနဲ့ ချစ်တဲ့စိတ်၊ ယောကျ်ားလေး တစ်ယောက်အပေါ် ရင်ခုန်တတ်တဲ့ စိတ် ရှိလာတဲ့တစ်နေ့ ငါ ကံကောင်းပါစေလို့ ဆုတောင်းနေရမှာ ပဲဟာ"

မြည့်မြိုးမောင်က အဝေးတစ်နေရာကိုကြည့်ရင်း ပြောနေသလို မြဖင်ယော် တို့နှစ်ယောက် တစ်ပြိုင်တည်း လှည့်ကြည့်လိုက်ကြသည်။

"နင်တို့ကလည်းဟာ အတူသွားမယ်ဆိုပြီး ငါတို့တောင် မစောင့်ဘူး။ ကဲ- ဘယ်လေ့နဲ့သွားကြမှာလဲ" ဟု ပြောရင်း နီနီဝင်း တစ်ယောက် မြဖင်ယော်အနီးရောက်လာသည်။

"ဟဲ့- နီနီဝင်း နင်တို့ကို မစောင့်တာ မဟုတ်ဘူး။ ဟိုဘက်ကမ်း ကူးမယ့်လေ့ရှိရင် ခဏဆိုင်းထားဖို့ အရင်ဆင်းလာတာပါဟယ်"

မြဖင်ယော်က ပြောလိုက်သလို မြည့်မြိုးမောင်က -

"ကဲ- ဒါတွေအားလုံး အခု တို့ ဟိုဘက်ကမ်းကူးမယ့်လေ့ မကြုံဘူး ဖြစ်နေတယ်ဟာ၊ အဲဒီတော့ ဟိုတဲ့စုဘက်သွားပြီး လေ့ငှားကြမလား"ဟု တိုင်ပင်သလိုပြောလိုက်ရာ နီနီဝင်းက မြည့်မြိုးမောင်နှင့် ဇော်ခင်ကိုကြည့်ရင်း -

"အေး- အဲဒါကောင်းတယ်၊ ကူးတို့လေ့က တော်တော်နဲ့ ရောက်လာဖို့ မသေချာဘူး၊ နင်တို့ သွားငှားကြ၊ ပြော်- ဒါနဲ့ ဆင်ပေါက်တို့၊ ရွှေဒင်္ဂါးတို့နဲ့ ပတ်သက်တဲ့လေ့တွေတော့ ငှားမလာကြနဲ့နော်၊ ငါတို့ မစီးဘူး"

နီနီဝင်းစကားကြောင့် ဇော်ခင်က လှမ်းနေသည့် ခြေလှမ်းတုံ့ခနဲ ရပ်လိုက်ရင်း -

## အခန်း-၁၂

"အခုလို ကြွရောက်လာကြတဲ့ ရွာသူရွာသားများ ခင်ဗျား. . . ၊ အစည်းအဝေး ခေါ်ရတဲ့အကြောင်းကို ဆရာကြီး ဦးမြင့်ရွှေက ရှင်းပြပါလိမ့်မယ် ခင်ဗျား"

ပြည့်ဖြိုးမောင်မှာ ကျွန်းသုံးရွာတွင် တစ်ခုတည်းသော ဘုန်းတော်ကြီးကျောင်းဖြစ်သည့် ကုန်းသာဘုန်းတော်ကြီးကျောင်း အပေါ် ရောက်နေကြသည့် ကမ်းသာ၊ ကျွန်းသာ၊ ကုန်းသာရွာတို့မှ ရွာမိရွာဖများနှင့် ရွာသားအချို့တို့ကို ဂါရဝပြုရင်း စကားစလိုက်၏။ ကျောင်းပေါ်တွင် ရှိနေကြသူများအားလုံး ငြိမ်သက်သွားကြသဖြင့် ဆရာကြီး ဦးမြင့်ရွှေက အားလုံးကို ဦးညွှတ်လိုက်ရင်းပြောသည်။

"ကျွန်တော်တို့ ကျွန်းသုံးရွာက ရွာမိရွာဖများ အမှူးထား၍ ကျွန်တော်တို့ ရွာသူရွာသားတွေကို ခေါ်ရခြင်းအကြောင်းကတော့ အဓိက တင်ပြအသိပေးချင်တဲ့ အချက်နှစ်ချက်ရှိတယ်" ဟု ပြောရင်း စကားခဏရပ်လိုက်ကာ အားလုံးကို လိုက်ကြည့်ပြီးမှ စိတ်ဝင်တစား နားထောင်နေကြောင်း မြင်လိုက်ရသဖြင့် အသံ အနည်းငယ်မြှင့်လိုက်ကာ ဆက်ပြောသည်။

အတိုင်းပဲ" ဟု ပြောလိုက်လျှင် နီနီဝင်းမှာ စဉ်းစားသလိုလုပ်ရင်း အမေးစကားပြုသည်။

"အင်း အဲဒါဆို ဟောဒီလှေကလေးရဲ့ အခြေအနေနဲ့ နင့်သဘောကို ပြောတယ်ဆိုရင် ဟောဒီလှေကလေးဟာ ရေတက်လာရင် ရေပေါ်ရောက်သွားပြီး ပေါလော ရွေ့မှာနော်၊ လှုပ်ရှားလာမှာပေါ့နော်" ဟု ပြောလိုက်လျှင် မြဇင်ယော် နီနီဝင်းကို ပြုံးပြုံးလေးကြည့်နေမိသည်။ ပြီးမှပြောသည်။

"ဟင်း-ဟင်း၊ အဲဒီလို ပြောကြစတမ်းဆို ဒီထက် ရေကျသွားမယ်ဆိုရင် လှေက ကုန်းပေါ်ရောက်ပြီး လှုပ်ပါဦးမလား"ဟု မျက်စလေးချီ၍ ပြောလိုက်ရာ နီနီဝင်း စဉ်းစားသလို လုပ်လိုက်ရင်း-

"အင်း- ဒါလည်းဟုတ်တာပဲနော်၊ ဟို. . . နင်တို့အဖြစ်က သောင်မတင်ရေမကျ ဆိုသလို ဖြစ်နေတာပေါ့"

"အေး ဟုတ်တယ်၊ နင်ပြောသလို သောင်မတင် ရေမကျမှု တို့ ဟိုဘက်ကမ်းကို လှေနဲ့ကူးပြီး ဆရာကြီး တို့ကို ခိုင်းထားတဲ့ ကိစ္စလေးတွေ လုပ်လို့ရမှာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်"

"ဟင်း. . . ဟင်း. . . ဟင်း"

နီနီဝင်းနှင့် မြဇင်ယော်တို့ ပြိုင်တူရယ်လိုက်ကြသည်။

ကမ်းသာတဲ့ဘက်မှာတော့ ချွေးဟောင်းသံတွေ၊ လှိုင်းသံတွေ ရောပြီး ကြားနေရသည်။

○○○

"အဲဒီတော့ ပထမအချက်အနေနဲ့ ကျွန်တော်တို့ ကျွန်းသုံးရွာက ကိုးကွယ်တဲ့ ကုန်းသာဆရာတော်ကြီးဟာ အခု မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ရောက်ခဲ့ပြီဖြစ်တဲ့အတွက် ဝါတော် ၅၅ နှစ်၊ သက်တော်အားဖြင့် ၇၅ နှစ်တိတိ ရှိခဲ့ပါပြီ"

"ဟေ- ဆရာတော်ကြီးတောင် သက်တော် ၇၅ နှစ် ပြည့်ပြီပဲ"

"ဟာ- ဟုတ်လား"

"ဆရာကြီးပြောမှ သတိထားမိတယ်"

စသည့်အသံများ ပရိသတ်ထဲမှထွက်လာသလို ကျောင်းဓါင်းရင်းခန်း တိုင်ကြီးတွင် ချိတ်ထားသော ဆရာတော်ကြီး၏ ပုံတူပန်းချီကားကြီးကို လှမ်းကြည့်သူများလည်း ကြည့်နေကြသည်။

ဆရာကြီး ဦးမြင့်ရွှေက ဆက်၍ပြောလာသည်။

"ကဲ- အဲဒီတော့ ဆရာတော်ကြီးရဲ့သက်တော်ဟာ ၇၅ နှစ် ရှိပြီဆိုတော့ စိန်ရတု တိုင်ခဲ့ပြီဆိုတာ အားလုံးက သိကြမှာပါ၊ အဲဒီတော့ ဆရာတော်ကြီးရဲ့ ပူဇော်ပွဲကို ကြီးကြီးကျယ်ကျယ်၊ ခမ်းခမ်းနားနားနဲ့ လုပ်ပေးချင်ပါတယ်၊ အဲဒါ ပထမအချက်ပါ"

"ဟာ- လုပ်ရမှာပေါ့"

"ရည်ရွယ်ချက် ကောင်းပါတယ်"

"အလှူကြီးလုပ်တာ ကောင်းပါတယ်"

လူကြီးများ၏ ထောက်ခံမှုပေးသည့် အသံများ အပြိုင်ထွက်လာသည်။

"ဆရာတော်ကြီးရဲ့ စိန်ရတုပွဲမှာ ကပွဲတွေ မျိုးစုံထည့်ပေးပါ"

"အငြိမ့်လည်း ထည့်ပေးပါဦး"

လူငယ်လူလတ်ပိုင်းများက အသံစုံအောင် ထွက်လာပြန်သည်။ ဦးမြင့်ရွှေက လက်ကာပြလိုက်ပြီး ဆက်ပြောသည်။

"ကဲ- ခဏနားထောင်ကြပါ။ အဲဒီတော့ ဒီစိန်ရတုပွဲကြီး ကျင်းပဖို့အတွက် ကျွန်တော်တို့ဒေသမှာ ဆားလုပ်ငန်းတွေ ပြီးတဲ့ အချိန်၊ နောက် လယ်လုပ်ခွင် မဆင်းရသေးတဲ့အချိန်၊ အလုပ် ပါးတဲ့ ကဆုန်လပြည့်နေ့ကို သတ်မှတ်လိုက်ရင် မကောင်းပေဘူး လားဗျာ။ အဲဒါ ညှိနှိုင်းပေးကြပါ"

"ဟာ- ကောင်းပါတယ်"

"ကောင်းတယ်ဗျို့"

"သင့်တော်ပါတယ်"

စသည့်အသံများအပြင် ကျွန်းသာမှ ရွာမိရွာဖ ဦးဖလံမှိုက ထ၍ ထောက်ခံစကားပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကဆုန်လပြည့်ကို ဗုဒ္ဓနေ့လို့ ခေါ်ကြသေး တယ်ဗျာ၊ မဟုတ်ဘူးလား ကိုဘူးခါးရဲ့" ဟု အနီးရှိ ကမ်းသာရွာမှ ဦးဘူးခါးအား တိုင်ပင်သလို မေးလိုက်သည်။

"မှန်တာပေါ့ဗျာ၊ ကဆုန်ညောင်ရေသွန်းပွဲတော်နဲ့လည်း တိုက်ဆိုင်၊ မိုးတစ်ပြိုက် နှစ်ပြိုက်လောက်လည်း ရွာနိုင်ဆိုတော့ အပူရှိန်လည်း သက်သာမှာဗျ ကောင်းတယ်ဗျား၊ ကောင်းတယ်"

ကျွန်းသာမှ ဦးဖလံမှိုး၏ တိုင်ပင်သည့်စကားကို ကမ်းသာ ရွာမှ ရွာမိရွာဖ ဦးဘူးခါးက သဘောတူသလို အားလုံးကလည်း သဘောတူကြသဖြင့် ဦးမြင့်ရွှေက ဆက်၍ပြောသည်။

"ကဲ- ဟုတ်ပါပြီ၊ ဒါဆိုရင် ဆရာတော်ကြီးရဲ့ စိန်ရတုပွဲကို ကဆုန်လပြည့်နေ့မှာ သတ်မှတ်လိုက်မယ်၊ အဲဒီတော့ ပထမအချက် ပြီးသွားပြီ၊ ဒုတိယအချက်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ဆရာတော်ကြီးက သက်တော်ကြီးလာတာနဲ့အမျှ ကျန်းမာရေး ချို့ယွင်းလာတာ တွေ့ရတယ်၊ ပြီးခဲ့တဲ့နှစ်တွေက ဆေးတစ်လုံးတောင်

မထိုးခဲ့၊ မတိုက်ခဲ့ရတဲ့ ဆရာတော်ကြီးဟာ ဒီနွေပိုင်းမှာ အသက်ရှူရတာ တစ်ခါတလေ မောတယ်လို့တော့ ပြောဖူးတယ်၊ ဒါကြောင့် ဟိုရက်ကဆိုရင် ကျွန်တော့်တပည့်လေးတွေကို ဆရာတော်ကြီး ရင်ကျပ်ပန်းနာဆေးအဖြစ် သောက်ချင်တယ်ဆိုလို့ ကုန်းဗေဒါ အရွက်တွေတောင် သွားရှာခိုင်းရသေးတယ်၊ အခုတော့ အဲဒီ ကုန်းဗေဒါ သောက်တဲ့တန်ခိုးကြောင့် ချောင်းတဟွတ်ဟွတ်ဆိုးတာ ပျောက်လို့ အားလုံးသိကြတဲ့အတိုင်း ဟိုကုန်းတွင်းဘက်က အလှူကိုတောင် မနက်ကကြွသွားနိုင်ပါပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ ဆရာတော်ကြီးနဲ့ အနီးကပ်နေတဲ့သူတွေ ကြိုတင်တိုင်ပင်ထားတဲ့ အတိုင်း တင်ပြရရင် အခုရက်ပိုင်းအတွင်းမှာ ဆရာတော်ကြီးကို ပုသိမ်က တိုင်းဆေးရုံကြီးမှာ သမားတော်ကြီးတွေနဲ့ ပြကြည့်ချင်တယ်၊ အဲဒီအကြောင်း ဆရာတော်ကြီးကို ပထမ လျှောက်ထားတော့ ငါ ဘာမှမဖြစ်ဘူးလို့ မိန့်ပါတယ်"

ဆရာဦးမြင့်ရွှေ ပြောလက်စ စကားကို ခဏရပ်လိုက်သော်လည်း အားလုံးက ငြိမ်၍ နားထောင်လျက်ရှိနေသည်။

"အဲဒီတော့ ဆရာတော်ကြီးကို ဒီအတိုင်းလျှောက်လို့ မရဘူး၊ ဟောဒီကျွန်းသုံးရွာက ဒကာ၊ ဒါယိကာမတွေက ဆေးဝါးအလှူ လှူဒါန်းလိုကြပြီး ဆရာတော်ကြီး ကျန်းမာရေးအတွက် ဆောင်ရွက်ပေးကြဖို့ စုဝေးတိုင်ပင် ဆုံးဖြတ်ထားကြပါတယ် ဘုရား၊ အားလုံး ဒကာ၊ ဒါယိကာမတွေရဲ့ စိတ်ဆန္ဒကို လိုက်လျောသောအားဖြင့် ဆေးကုသမှုခံယူရအောင် ကြွပါဘုရားလို့ လျှောက်ထားမှ ဖြစ်တော့မယ်၊ အဲဒါကြောင့် အခုလို ခေါ်ယူတိုင်ပင်ရတာပါ၊ အားလုံးက ဆေးဝါးအလှူ လှူချင်ကြရင်ဖြင့် ဟောဒီ လူငယ်ခေါင်းဆောင်၊ ကြက်ခြေနီခေါင်းဆောင်တွေဖြစ်တဲ့ မောင်ပြည့်ငြိမ်းမောင်တို့၊

မောင်ဇော်ခင်တို့၊ မောင်အေးချမ်းဦးတို့နဲ့အတူ ရွာသုံးရွာက လူငယ်တွေကို အဖွဲ့ဖွဲ့ထားပါတယ်၊ အားလုံး လှူဒါန်းနိုင်ပါတယ်၊ ဆရာတော်ကြီးရဲ့ စိန်ရတုပူဇော်ပွဲအတွက်ကတော့ နောက်ရက်တွေမှာ ဆက်ပြီးညှိနှိုင်းကြမှာ ဖြစ်ပါတယ်၊ ဆရာတော်ကြီး ဆေးကုသဖို့အတွက် ဘယ်လို သဘောရပါသလဲခင်ဗျာ"

"ဟာ- ဆရာတော်ကြီးအတွက် ကြိုတင်စမ်းသပ်တာ ကောင်းတယ်"

ကုန်းသာမှ ဦးတောက်ထိန်က ထပြောသလို အားလုံးကလည်း တစ်ယောက်တစ်မျိုးစီဖြင့် ဆရာတော်ကြီး ဆေးစမ်းသပ်ကုသဖို့ သဘောတူ တိုက်တွန်းကြသည်။ ထို့ကြောင့်ပင်လျှင် ဦးမြင့်ရွှေက ဝမ်းသာအားရဖြစ်သွားသည်။

"ကဲ- ဒါဆိုရင် ဆရာတော်ကြီး အလှူက မြန်ကြလာတာနဲ့ တစ်ပြိုင်နက် အားလုံးကိုယ်စား ကျွန်တော်တို့ လူကြီးပိုင်းတချို့နဲ့ လူငယ်တွေကိုယ်စား မောင်မြည်ဖြိုးမောင်တို့အဖွဲ့က ဝိုင်းဝန်း လျှောက်ထားကြည့်မယ်၊ ဆရာတော် ခွင့်ပြုရင် သွားရေးလာရေး တာဝန်ယူကြမယ့်အဖွဲ့တွေ စနစ်တကျဖွဲ့ပြီး စီမံလိုက်ပါမယ်၊ အထူးသဖြင့် ဆရာတော်ကြီး ဝေယျာဝစ္စကို လူငယ်တွေကပဲ ဦးဆောင်ပါလိမ့်မယ်ဆိုတဲ့အကြောင်း အများသိအောင် အသိပေးလိုက်ပါတယ်ခင်ဗျား"

"ကောင်း. . . ကောင်း. . . ကောင်း. . ."

"သာဓု၊ သာဓု၊ သာဓု"

ဆရာဦးမြင့်ရွှေ စကားဆုံးတော့ လက်ခုပ်သံတွေ ထွက်ပေါ်လာသလို သာဓုခေါ်သံတွေလည်း ထွက်လာသည်။

"ပြည့်ဖြိုးမောင်တို့ လူငယ်အဖွဲ့တွေကတော့ တက်ညီ လက်ညီ ပဲဗျို့၊ ချီးမွမ်းစရာပါပဲ၊ ကျွန်တော့်အလှူတုန်းကလည်း ဒီလိုပါပဲ"

ကျွန်းသာရွာမှ ဦးအောင်ဖေက ပြောလိုက်သလို ကုန်းသွားရွာမှ ဦးရွှေဂဲကလည်း ဝင်ပြောပြန်သည်။

"အေးဗျာ- အဲဒီ ကိုဖြိုးသာရဲ့သား ပြည့်ဖြိုးမောင်တို့ကတော့ လူငယ်ခေါင်းဆောင်ပီပီ အစစအရာရာ ဦးဆောင်တာ အားရစရာ ဗျို့၊ တချို့ လူငယ်တွေဆို မပြောချင်ပါဘူးဗျာ၊ အော့ကြောကို လန်လို့"

"ဟုတ်တယ်ဗျို့၊ ဟုတ်တယ်"

"ဟုတ်ပ့ါတော်"

"အင်း- သူများသားသမီး မပြောချင်ပါဘူး၊ ဟို- အဝှာတို့ အုပ်စုများ ဆန်ကုန်မြေလေး ဝမ်းရေပြား စပ်တာတွေလည်း ရှိပ့ါတော်"

တိုးတိုးအသံတွေ ထွက်လာသလို အခမ်းအနားမှူးလုပ်သူ ပြည့်ဖြိုးမောင်က မတ်တတ်ရပ်လိုက်ပြီး အသံမြှင့်၍ပြောသည်။

"အခုလို ကျွန်တော်တို့ကျွန်းပေါ်က ကျွန်းသာ၊ ကုန်းသာ၊ ကမ်းသာဆိုတဲ့ ရွာညီနောင်များရဲ့ ဆရာတော်ကြီးကိုစွ ဆွေးနွေး တိုင်ပင်တဲ့ အစည်းအဝေး အောင်မြင်ပါပြီ၊ နောက်နောင်လည်း ဘယ်ကိစ္စမဆို တက်ညီလက်ညီ စိတ်တူကိုယ်တူနဲ့ ကျွန်တော်တို့ ရွာသူရွာသားတွေ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်အောင် ကျွန်တော် တို့လူငယ်တွေကလည်း ကိုယ်အားဉာဏ်အား ရှိသလောက် ပါဝင် ဆောင်ရွက်ပေးပါမယ်လို့ ကတိပေးပါတယ်၊ အားလုံး ပြန်လို့ရပ်ပြီ ခင်ဗျား"

ပြည့်ဖြိုးမောင် စကားဆုံးတော့ ရွာသားတွေအားလုံး ကျောင်းပေါ်မှ တသီးသီး ဆင်းသွားကြသည်။ ကျောင်းပေါ်မှ ဆင်းလာသူ မိန်းမကြီးများက ကျောင်းလှေကားရင်း အုန်းပင်နားတွင် ငိုင်တိုင်တိုင် ထိုင်နေကြသော ဆင်ပေါက်နှင့် ရွှေဒင်္ဂါးတို့ကို တွေ့လိုက်ကြရသဖြင့် မနှစ်မြို့သောမျက်နှာများဖြင့် ခပ်တိုးတိုး ပြောသွားသည်လည်း တွေ့နေရသည်။

"ဟေ့ ရွှေဒင်္ဂါးတို့ ဆင်ပေါက်တို့ ကျောင်းပေါ် တက်မလာကြဘူးလား"

ဆရာကြီးဦးမြင့်ရွှေက တပည့်နှစ်ယောက်အား တွေ့လိုက်သဖြင့် မေးလိုက်လျှင် ရွှေဒင်္ဂါးတို့နှစ်ယောက် မတ်တတ်ရပ်လိုက်ကြသည်။ ပြီးမှ ဆင်ပေါက်ကပြောသည်. . .။

"ဆရာကြီးတို့ပြောတာ အားလုံးကြားရပါတယ်၊ ဒီကနေနားထောင်နေတာပါ။ ဆရာတော်ကြီး ဆေးဖိုးအတွက် ကျွန်တော်တို့လည်း ဆရာကြီးဆီကို လာထည့်ပါမယ်"

"အေးကွာ၊ သာဓု သာဓု သာဓု၊ ရပါတယ်ကွာ၊ မင်းတို့လှူတာပဲ၊ ဘယ်မှာထည့်ထည့် ဖြစ်ပါတယ်"

ဆရာကြီးဦးမြင့်ရွှေမှာ တပည့်နှစ်ယောက်ကိုကြည့်ရင်း ခေါင်းတညိတ်ညိတ်။

"ကဲ- ဆရာကြီး သွားလိုက်ဦးမယ်ကွာ၊ မင်းတို့ကိုလည်း ဆရာကြီး စကားတွေပြောချင်တယ်၊ အလုပ်အားရင် ဆရာကြီးအိမ်ကို လာခဲ့ကြဦးကွာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ရွှေဒင်္ဂါးနှင့်ဆင်ပေါက် ပြိုင်တူပြောလိုက်သလို ဆရာကြီးဦးမြင့်ရွှေလည်း ကျောင်းအပြင်ဘက် ရွာထဲသို့ပြန်ထွက်သွားသည်။

သူတို့အနားတွင် ဖြတ်သွားဖြတ်လာများ မရှိတော့မှ ရွှေဂါးက ဆင်ပေါက်ကိုကြည့်ပြီး ခပ်တိုးတိုးပြောသည်။

"ကဲ- ဆင်ပေါက်၊ ဆရာကြီးကို ကတိပေးပြီးပြီ၊ မပျက်စေနဲ့နော်"

"အေးပါကွာ စိတ်ချစမ်းပါ၊ အလှူငွေကိုတော့ ဆရာကြီးအိမ်ပဲ သွားထည့်မယ်ကွာ၊ ဟိုကောင်တွေက ပိုက်ဆံရှိတဲ့ သားသမီးပီပီ လှုတွင်ကျယ်လုပ်လွန်းလို့ကွာ၊ အလှူငွေ အတွက်ကတော့ မပူနဲ့ သူငယ်ချင်း၊ ပေဟဒီ ဒုန်းပင်တွေရှိသမျှ ဆင်ပေါက် ငွေရှာဖို့ လွယ်ပါတယ်ကွာ၊ ဟား. . . ဟား. . . ဟား"

လက်မထောင်ရင်း ဒုန်းပင်ကို မော့ကြည့်ကာ ပြောနေသည့် ဆင်ပေါက်ကို ရွှေဂါးက ပခုံးကိုသိုင်းဖက်လိုက်သည်။

"ငါလည်း မင်းလိုပါပဲ ဆင်ပေါက်ရာ၊ ဒီဒုန်းပင်တွေ တင်မကဘူး၊ ဓနိတောတွေ၊ ဓနုတောတွေ၊ ဒီချောင်းတွေ၊ မြောင်းတွေ အပြင် ဟိုပင်လယ်ပြင်ကြီးတွေ တို့ဝန်းကျင်မှာ ရှိနေတာကိုက တို့အတွက် သဘာဝအမွေတွေကွ၊ အဲဒီအမွေတွေကို ငါးဖြစ်အောင် လုပ်မယ်၊ ဆားဖြစ်အောင်လုပ်မယ်၊ ငွေရအောင် လုပ်လို့ရတယ်ကွ၊ မလုပ်ချင်သေးလို့ သိလား"

"ကဲ- ဒါဆို မင်းက ဘာဖြစ်လို့ မလုပ်ချင်ရတာလဲ" ဟု မေးလိုက်လျှင် ရွှေဂါးက ဆင်ပေါက်ကို ခပ်ပြုံးပြုံးကြည့်ရင်း -

"ဩော်- ဆင်ပေါက်ကလည်း ရေနံသားလည်းဆိုသေး၊ ဗိုက်မှာလည်း ဆားပွင့်တွေနဲ့ပါလားကွာလို့ ပြောရတော့မလိုပဲ၊ မင်း မှတ်ထား၊ မလုပ်သေးတာက ပေဟဒီကျွန်းသုံးရွာမှာ ငွေရှိတဲ့ သူတွေနဲ့ ပြီးတော့ အထူးသဖြင့် ဟိုဒေါ်မြဉကြီးတို့လိုလူတွေနဲ့ အဆင့်အတန်း တူသွားမှာ စိုးလို့ကွ၊ အဆင့်အတန်း တူသွားရင်

သူတို့နဲ့အတူသွား၊ သူတို့နဲ့အတူစား ရောရောနှောနှောနေရမှာ ငါမလိုလားလို့ပါကွာ၊ သူတို့နဲ့ မဆက်ဆံချင်သေးတာကြောင့်ကွယ်ကျွန်ကြီးရ သိပြီလား၊ ဟား... ဟား... ဟား..."

"တော်တော်လည်း ကျလောက်တဲ့အကောင်၊ ကိုယ့်ကျွန်တပည့် ပီသပါပေတယ်၊ စကားက မနည်းနားထောင်ကောင်းတယ်၊ ကိုယ့် အရင်းအနှီးမရှိလို့ မလုပ်နိုင်တာကို ကြီးကြီးကျယ်ကျယ် ပြောရတယ်ရှိသေးကွာ"

"ဟား... ဟား... ဟား..."

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ပခုံးတစ်ယောက် ဖက်ရင်း အားပါးတရ ဟားတိုက်ရယ်လိုက်ကြသည်။ နောက်ပြီး သူတို့နှစ်ဦး ပါးစပ်မှ ထွက်လာသည့် အရက်နံ့ချဉ်စုတ်စုတ်များကြောင့် မြိုင်တူ နှာခေါင်းရှုံ့မိလျက်သား ဖြစ်သွားကြတော့၏။

○○○

## အခန်း-၁၃

၁၃၆၉ ခုနှစ်၊ သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ရက်များအတွင်း ကျွန်းသား၊ ကမ်းသာနှင့် ကုန်းသာ ကျွန်းသုံးရွာတွင် အလှူအတန်းများ ပေါ်များသလို အိုးစည်သံ၊ ဗိုးပတ်သံ၊ သီချင်းသံတွေ မြိုင်ခဲ့ကြသည်။ ဒီနှစ် သင်္ကြန်ပိတ်ရက် ဆယ်ရက်ရှိသည်မို့ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်လာကြသည့် ကျွန်းသားများမှာ နှစ်တိုင်းနှင့်မတူ များပြားခြင်းကြောင့်လည်း အလှူတွေပေါ်ပြီး ဒီနှစ် သင်္ကြန်ရက်များမှာ ပို၍ စည်ကားသည်။ သင်္ကြန်လွန်သည်နှင့် ဆရာတော်ကြီး ပုသိမ်ကြွနိုင်ဖို့ ဆရာကြီးဦးမြင့်ရွှေက ရက်ရွှေ့ပေးခဲ့သည်။ ထို့ကြောင့် သင်္ကြန်ကျပြီး ၁၃၇၀ ပြည့်နှစ်၊ တန်ခူး လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဆရာကြီး ဦးမြင့်ရွှေ အပါအဝင် ကျွန်းသုံးရွာမှ လူကြီးတစ်ဦးစီ လိုက်ပါရန် စီစဉ်ထားပြီး လူငယ်ထဲမှ ဆရာတော်ကြီးလက်ရင်းတပည့် မောင်ဖိုးစီနှင့် မောင်ဖိုးနီတို့ ပါဝင်သောအဖွဲ့ ကမ်းသာရွာဆိပ်ကမ်းတွင် ရောက်ရှိနေကြပြီ။

"ကဲ- အားလုံး လိုက်ပို့ကြတဲ့အဖွဲ့တွေ ကိုယ့်လုပ်ငန်းတွေလည်း ရှိနေကြတယ် မဟုတ်လား၊ ပြန်လို့ရပါပြီကွယ်"

ဆရာတော်ကြီးက မိန့်လိုက်သလို ဦးမြင့်ရွှေကလည်း ပြောလိုက်သည်။

"ကဲ- စီစဉ်ထားတဲ့စက်လှေ လာနေပါပြီ၊ အားလုံး အဆင်ပြေပါတယ်၊ ဒီကနေ မြစ်ကျယ်ရောက်ရင် သင်္ဘောကြီးနဲ့ သွားဖို့လည်း စီစဉ်ထားတယ်၊ အားလုံး စိတ်ချလက်ချ နေကြပါနော်၊ အားလုံး ကိုယ်စား ကျွန်တော်တို့ တာဝန်ယူပါတယ်၊ ဒီမှာလည်း ပုသိမ်ကို လိုက်ကြမယ့် မြဖင်ယော်တို့ သွယ်မိုးတို့ သမီးငယ်တွေအဖွဲ့လည်း ခရီးကြုံနေတော့ ပိုပြီး အဆင်ပြေပါတယ်"

ဦးမြင့်ဆွေ စကားဆုံးတော့ ပြည့်ဖြိုးမောင်၏ မိဘများ ပိုင်ဆိုင်သည့် ပြည့်ပန်းတိုင် စက်လှေကြီး ကမ်းကပ်လာသည်။

"သမီး မြဖင်ယော်ရေ သမီးအိတ်တွေ အမေ့ဆီမှာ ထားခဲ့၊ စက်လှေပေါ် အရင်တက်လိုက်၊ ဟောဒီသင်ဖြူးမှာ ဆရာတော်ကြီးထိုင်ဖို့ စက်လှေရှေ့ခန်းမှာ ခင်းထားပေးလိုက်"

"ဟုတ်ကဲ့ပါ မေမေ"

စက်လှေ ကုန်းဘောင်ထိုးပြီးသည်နှင့် ဒေါ်မြဥ ပြောလိုက်သည့် စကားကြောင့် မြဖင်ယော်မှာ စက်လှေကြီးပေါ် တက်လိုက်သည်။ သူ့နောက်က မိုးနီတို့ ညီအစ်ကိုက ဆရာတော်ကြီး၏ သံဃာတော် အသုံးအဆောင်ပစ္စည်းများ လက်ဆွဲသင့်သည်များ ဆွဲ၍လည်းကောင်း၊ ပန်းပေါ် ထမ်း၍လည်းကောင်း ရှေ့ဆင့် နောက်ဆင့် တက်လိုက်ကြသည်။ ဆရာတော်ကြီး နေရာထိုင်ခင်းနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပြီးလောက်ချိန်တွင် ဒေါ်မြဥကပြောသည်။

"ဆရာကြီးရှင့် ကျွန်မတို့အိမ်က ဆရာတော်ကြီးအတွက် ငါးဆင့်ချိုင့်နဲ့ ဆွမ်းရော၊ ဟင်းရော ထည့်ပြီး သမီးကို ပေးထားပါတယ်၊ ဆွမ်းကပ်ချိန် သမီးကို ပြင်ခိုင်းလိုက်ပါရှင့်၊ အားလုံးမှာထားပါတယ်ရှင့်"

"ဩော်- ဟုတ်ကဲ့ပါ ဒေါ်မြဥ၊ မြစင်ယော် ပြောထားပါတယ်၊ ကဲ- ကိုပန်းသာရေ ဆရာတော်ကြီးကို စက်လှေပေါ် ပင့်လို့ရပါပြီ"

သို့ဖြင့် ဆရာတော်ကြီးနှင့်အတူ လိုက်ပါကြမည့် ဂေါပက လူကြီးများနှင့် လူလတ်ပိုင်း သုံးလေးဦးမှ ဆရာတော်ကြီးကို စက်လှေကြီးပေါ်သို့ ဂရုတစိုက်တွဲ၍ ပင့်လာကြသည်။ ဆရာတော်ကြီး ပါးစပ်မှ တတွတ်တွတ်ဖြင့် မေတ္တာပို့ရင်းက ကုန်းဘောင်ပေါ်တွင် တဖြည်းဖြည်း ကြွနေသည်။

"ကဲ- ကျောင်းဆရာရေ အားလုံး မြန်နိုင်းလိုက်ပါကွယ်၊ ဘုန်းကြီးလည်း စက်လှေပေါ်ရောက်ပြီပဲ"

"တင်ပါ့ဘုရား"

"သမီးရေ ပုသိမ်ရောက်ရင် လူကြုံနဲ့ စာပြန်ထည့်လိုက်ဦးနော်"

"ဟုတ်ကဲ့ပါ မေမေ"

"ဒီး . . . ဒီး . . . ဒိန်း . . . ဒိန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

စက်လှေကြီး စက်နှိုးသံနှင့်အတူ စက်လှေလုပ်သားများက ကုန်းဘောင်ကို ဆွဲတင်လိုက်ကြသည်။ ကမ်းစပ်တွင်ရှိနေသော ရွာသူရွာသားများက စက်လှေကြီးဘက်သို့ လက်အုပ်လေးတွေ ချီလိုက်ကြသည်။ အနည်းငယ် ကမ်းနှင့်ဝေးသွားတော့မှ ကမ်းစပ်တွင် ရှိနေသည့် ရွာသူရွာသားများကို ကြည့်လိုက်ရင်း ပြည့်ဖြိုးမောင်က ပြောသည်။

"ကဲ- အားလုံး စိတ်ချမ်းနေကြပါ၊ စက်လှေအတွက်ရော ခရီးလမ်းအတွက် ကိစ္စအဝဝတွေရော ကျွန်တော်တို့ တတ်နိုင်

သလောက် ဆောင်ရွက်ထားပြီးပြီ ဖြစ်ပါတယ်။ ပုသိမ်ရောက်ရင်လည်း တည်းဖို့နိုဖို့အတွက် မေမေက အားလုံးစီစဉ်ထားပါတယ်၊ ဆရာတော် ကြီးအတွက် စိတ်ချကြပါဗျာ။ စိတ်ချကြပါ"

ပြည့်ဖြိုးမောင်က အားလုံးကိုကြည့်ရင်း ပြောလိုက်သည်။

"သာဓုပါ မောင်ရာ သာဓုပါ၊ ဘုန်းကြီးလို့ အသက်ရှည်ပါစေတွယ်'ဟု ကုန်းသာမှ အဘဦးရွှေဂဲ၏ အသံအဆုံးဝယ် လူတိုင်းက ပြည့်ဖြိုးမောင်တို့ကို သာဓုခေါ်ကြသလို သူတို့၏စိတ်ထဲတွင်လည်း ဆရာတော်ကြီး ဆေးကုသသွားသည့် ခရီးလမ်း ဖြောင့်ဖြူးသာယာပါစေကြောင်း ဆုတောင်းနေကြလျက်. . .။

○○○

## အခန်း-၁၄

"မြဖင်ယော် တူမရေ ဟော့- မြဖင်ယော်၊ မမြူ"

"ဟော- အစ်ကိုကြီး ဒိုးမောင်ပါလား၊ ဘယ်လှည့်လာတာလဲ"

"ဘယ်ကမှ လှည့်လာတာ မဟုတ်ပါဘူး၊ နင်တို့ကို မင်္ဂလာသတင်းပေးမလို့ဟ" ဟု ပြောရင်းဝင်လာသည့် ဦးဒိုးမောင်အား ဒေါ်မြူက အိမ်ထဲတွင် နေရာပေးလိုက်သည်။ ပြီးမှမေးသည်။

"ဘာမင်္ဂလာသတင်းလဲ အစ်ကိုကြီးရဲ့၊ နောက်ပြီး မထူးမေတို့သားအမိတွေ နေကောင်းကြရဲ့လား၊ ကြော်- အစ်ကိုကြီး ဟောဒီမှာ ကွမ်းအစ်နဲ့ ရေနွေးကြမ်းပူပူလေး သောက်လိုက်ဦး၊ သမီးက ဟိုနေ့ကပဲ ပုသိမ်ပြန်သွားပြီ" ဟု ပြောရင်း ဦးဒိုးမောင်အနားသို့ ကွမ်းအစ် ရွှေ့ချပေးလိုက်သည်။

"ကြော်- အေး. . . အေး နေကောင်းပါတယ်ဟ၊ အခုဟာက သားကြီးဇော်မင်းဦး နင့်တူကို နေရာချထားပေးတော့မလို့၊ အဲဒါ ငါးခြောက်နှစ်ကျော်မယ်လို့ စီစဉ်ထားပြီးပြီ၊ အဲဒါကြောင့် ဒီကျွန်းထဲက ငါးခြောက်လိုချင်လို့ ကိုကျော်မြွေတို့ တဲဝိုင်းကို လာမှာရင်း လှည့်ဝင်လာတာ"

"ဟို- ဟုတ်လား၊ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ဟို- မောင်ဇော်မင်းဦးက ဘယ်သူ့သမီးနဲ့လဲ၊ ဘယ်တော့ မင်္ဂလာဆောင်မှာလဲ"





ဟု မေးလိုက်ပြီးသည့်နောက် ဦးဒိုးမောင် ရေနွေးကြမ်းတစ်ခွက်မှုတ်သောက်လိုက်ပြီး အမောကိုဖြေသည်။

"ဘယ်သူ့သမီးပါလို့ ပြောရင်လည်း ငါ့ညီမသိမှာ မဟုတ်ဘူး၊ သူတို့က ဒီနယ်က မဟုတ်ဘူး၊ ဟိုအထက်ဘက်က ရေကြည်ငါးသိုင်းချောင်းနယ်ဘက်က ဆားကွင်းမှာလာပြီး အလုပ်လုပ်ကြတဲ့ မိသားစုထဲကပါ"

"ဟင်- အစ်ကိုကြီးဟာက ဆားကွင်းအလုပ် လာလုပ်တဲ့အထဲကတော့. . . ဟို- သူတို့အကြောင်းလည်း ကိုယ်က မသိ၊ နောက်ပြီး ပွဲကျအလုပ်သမားတွေဆိုတော့. . ."

ဒေါ်မြူတစ်ယောက် စကားဖြတ်ပြောရင်း ဦးဒိုးမောင်ကို ကြည့်နေသည်။ ဦးဒိုးမောင်က ကွမ်းတမြုံ့မြုံ့ဝါးရင်း ခေါင်းတညိတ်ညိတ် လုပ်ကာအဖြေပေးသည်။

"ကြော်- အင်း အင်း၊ ငါ့ညီမပြောလည်း ပြောစရာပေါ့ကွယ်၊ ဒါပေမဲ့ အဲဒီမိန်းကလေးမိသားစုက အစ်ကိုကြီးတို့ဆီ အခုလို နွေဝိုင်းမှာ အလုပ်လာလုပ်တာ လေးနှစ်လောက်ရှိပြီ၊ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကတည်းက သားနဲ့ရည်ငံခဲ့ကြတာလေ၊ အစ်ကိုကြီးလည်း အကဲခတ်ပြီးပါပြီ၊ သူတို့မိသားစုက မပြည့်စုံတာကလွဲလို့ ရိုးသားကြပါတယ်၊ လူ့တန်ဖိုးကလည်း ရိုးသားဖို့ကို မဟုတ်လားကွယ်"

ဦးဒိုးမောင်စကားကြောင့် ဒေါ်မြူ သက်ပြင်းချလိုက်ရင်း-

"အင်း- ဒါတော့လည်း ဒါပေါ့ အစ်ကိုကြီးရယ်၊ ရိုးသားတာတစ်ချက်တည်းကြည့်ပြီး ကိုယ့်သားသမီး ရွေးရေးအတွက် ကျွန်မတော့ မဆုံးဖြတ်ချင်ဘူး၊ နောက်ပြီး စကားတောင်ရှိသေးပဲ၊ မိဘဆိုတာ ကိုယ့်သားသမီးကို ဆင်စီးလို့ မြင်းရံစေချင်တာပဲ မဟုတ်လား"

အစ်ကိုဖြစ်သူ ဦးဒိုးမောင်၏မျက်နှာကို မချင့်မရဲ ကြည့်ရင်း ပြောလိုက်ရာ ဦးဒိုးမောင်လည်း ခေါင်းတဆတ် ဆတ်ညိတ်နေရှာသည်။

"အင်း- ငါ့ညီမပြောတာလည်း မှန်ပါတယ်၊ ကဲ- အဲဒါတွေကတော့ နောက်မှပြောကြတာပေါ့၊ နင့်တူ မင်္ဂလာဆောင်ကျရင် လာဖြစ်အောင်တော့ လာခဲ့ကြနော်" ဟုပြောရင်း ပါးစပ်ထဲမှ ကွမ်းကို ထွေးထုတ်နေသည်။ ဒေါ်မြဥကလည်း သူ့အစီအစဉ်တစ်ရပ်ကို ရင်ဖွင့်သည်။

"ဪ- အစ်ကိုကြီးရာ၊ အစ်ကိုကြီးလည်း သိအောင် တစ်ပါတည်း ပြောလိုက်ပါရစေ၊ အစ်ကိုကြီးတူမ မြဇင်ယော်ကိုတော့ ညီမလေး မြယုရဲ့ အိမ်နီးနားချင်း ပညာတတ်လူငယ်လေးတစ်ယောက်ရဲ့ မိဘတွေက သဘောကျနေတယ်တဲ့၊ အဲဒါ ကျွန်မလည်း သမီးကို အမေတစ်ခုသမီးတစ်ခုဆိုတော့ အိမ်ထောင်ချထားမပေးချင်သေးဘူး၊ ဒါပေမဲ့ အဲဒီလို အချိန်ဆွဲထားရင်လည်း ဟိုမတော်တရော်တွေနဲ့ တွေ့သွားမှာ ကြောက်ရသေးတယ်"

"အင်း- ငါ့ညီမလည်း အတွေးချော်သကိုး၊ မြဇင်ယော်လို ခေတ်ပညာတတ်၊ တက္ကသိုလ်ဘွဲ့ရလို့ ဟိုမှာ သူ့အဒေါ်နဲ့တောင် အတူသွားပြီး ပွဲရုံလုပ်ငန်းတွေ ဦးဆောင်နိုင်နေပြီမဟုတ်လား၊ တူမလေးအနေနဲ့ အိမ်ထောင်ဘက် ရွေးတဲ့နေရာမှာ တော်၏မတော်၏ စဉ်းစားတတ်မှာပါကွယ်၊ ဒီလောက်လည်း ပူမနေပါနဲ့ ငါ့ညီမရယ်" ဟု ပြောလိုက်လျှင် ဒေါ်မြဥမှာ အစ်ကိုဖြစ်သူ ဦးဒိုးမောင်ကို မျက်မှောင်ကြုတ် ကြည့်လိုက်ရင်း -

"ပူရတယ်အစ်ကိုရေ၊ သမီး ရွာကိုပြန်လာတဲ့ရက်မှာတောင် ဟိုကမ်းသာဘက်က ကာလသားတွေက ခေါင်းပါးရိပ်ခြည်ပြောတာ ခံရလို့ သမီးကို ပုသိမ်အမြန်လွှတ်လိုက်တာပဲ၊ ဒီမှာဆိုရင်



ဟိုမတော်တရော် အကောင်တွေက များပါဘိသနဲ့၊ ဟိုတစ်လောကတောင် သမီးအတွက် ဟိုတဲစုဘက်မှာ စကားများရသေးတယ်၊ အစ်ကိုကြီးရေ" ဟု ပြောလိုက်လျှင် ဦးဒိုးမောင်က ခေါင်းညိတ်စဉ်းစားနေမိသည်။

"အင်း- ငါ့ညီမလည်း မိန်းမသားတစ်ယောက်တည်းနဲ့ အလုပ်တွေ များပါဘိကွယ်၊ အစ်ကိုတို့နေတဲ့ ကုန်းတွင်းဘက်ကို ပြောင်းလာရင် မကောင်းဘူးလား" ဟု ပြောလိုက်လျှင် ဒေါ်မြဥ စဉ်းစားဟန်ဖြင့် တွေဝေနေသည်။

"အစ်ကိုကြီး ပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီမှာကလည်း ကိုယ်လုပ်ခွင့်ရတဲ့ ဒီလယ်တွေရယ်၊ နောက်ပြီး ကျွန်းကထွက်တဲ့ ရေထွက်ကုန်ပစ္စည်းလေးတွေ ဟိုပစ္စည်းနဲ့ထပ်၊ ဒီပစ္စည်းနဲ့ထပ်၊ နောက် ပုသိမ်ပို့ပြီး ပွဲရုံမှာ ရောင်းတဲ့အလုပ် ရှိနေပြန်၊ နောက်တစ်ချက်ကလည်း အင်း. . . သွားလေသူ အစ်ကိုကြီးယောက်ဖရဲ့ လက်ငုတ်လက်ရင်းလေးတွေဆိုတော့ ကျွန်မအနေနဲ့ ရှင်းရှင်းပြောရရင် ဒီကနေ ဘယ်မှမသွားချင်ဘူး၊ ပြောင်းလည်း မနေချင်ဘူး ဖြစ်နေတယ်၊ နောက်ပြီး ဒီမှာလည်း ဘိုးစဉ်ဘောင်ဆက် နေခဲ့တာကြောင့် သံယောဇဉ် ဖြတ်လို့မရ ဖြစ်နေတယ် အစ်ကိုကြီးရယ်" ဟု ပြောလိုက်လျှင် ဦးဒိုးမောင်က ညီမဖြစ်သူ ဒေါ်မြဥကိုကြည့်ရင်း ပြုံးသက်နေသည်။

"ပုထုဇဉ်သဘောကတော့ ဒီလိုပါပဲလေ" ဟု ပြောလိုက် သလို ဒေါ်မြဥက ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရင်း -

"အစ်ကိုကြီး ပြောတဲ့စကား ဟုတ်ပါတယ်၊ ဒါကြောင့်လည်း သမီးကို ကျွန်မလိုဖြစ်မှာ၊ ဒီနေရာကို သံယောဇဉ်တွယ်နေမှာကို

စိုးရိမ်နေတာပဲ" ဟု ပြောလိုက်သည်။ ဦးဒိုးမောင်လည်း ထိုင်နေရာမှ ထလိုက်ရင်းက -

"ဒီလောက်လည်း မပူပါနဲ့ ငါညီမရယ်၊ ကဲ- အစ်ကိုကြီး ပြန်ဦးမယ်၊ ကူးတို့စက်လှေ ထွက်ချိန်နီးပြီ လိုတာရှိလည်း လှမ်းမှာလိုက်၊ နင့်တူလည်း အိမ်မှာ အခုရက်ပိုင်း အားနေတယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဦးဒိုးမောင်တစ်ယောက် ခေါင်မြည့်ခြံထဲမှ ထွက်သွားချိန်တွင် ခြံဝတွင် လူနှစ်ယောက် ငါးကြီးတစ်ကောင်ကို ဝါးလုံးပေါ်တင်၍ ထမ်းလာသည်ကို တွေ့လိုက်ရသည်။ ငါးကြီးကို ထမ်းလာသူများ နောက်မှ လူသုံးဦးကလည်း စကားတွေ တဖောင်ဖောင်ဖြင့်ပြောပြီး လိုက်လာကြသည်။ သူတို့အားလုံးမှာ လူလောက်နီးနီး ငါးကြီး တစ်ကောင်ရသဖြင့် အပျော်ကြီးပျော်နေကြသည့် ပိုက်သမား များပင်ဖြစ်သည်။

○○○

## အခန်း-၁၅

"ဟေ့ကောင်- ရွှေခါး၊ ဘာငိုင်နေတာလဲ ချလေကွာ"

"ဟုတ်တယ်ဗျ ကိုကြီးပူစီရ ဒီနေ့ ဒီကောင် အရက် နှစ်ခွက်လောက် ဝင်နေတာတောင် ခပ်ငေါင်ငေါင် ဖြစ်နေတယ်။ စကားလည်း သိပ်မပြောပါလား၊ ကြားသားမိုးကြိုးဗျာ"

တစ်ဝိုင်းထဲတွင် အရက်အတူသောက်နေသည့် ကိုပူစီနှင့် ဆင်ပေါက်တို့ ရှေ့ဆင့်နောက်ဆင့် ပြောလိုက်သည့်စကားကြောင့် ရွှေခါးက ငုံ့ထားသည့်အရက်ခွက်ကို လက်ကမြှောက်ကိုင်ရင်း ပြောလာသည်။

"ဟုတ်တယ်၊ စကားနည်းဆို စဉ်းစားနေတာကွ ဆင်ပေါက်ရဲ့ ဒီက ကိုကြီးပူစီ ကျွန်တော့်ရင်ထဲမှာ မတင်မကျ ဖြစ်နေတာ မေးချင်လို့" ဟု စကားစလိုက်လျှင် ကိုပူစီက သောက်လက်စ အရက်ခွက်ကို မော့လိုက်ရင်း ပြန်မေးသည်။

"ဘာများလည်း ရွှေခါးရဲ့ မင်းက အထူးအဆန်း ပြောပြန်ပါပြီ၊ ကဲ- ဘာလဲ၊ ပြောကွာ" ဟု စမေးလိုက်လျှင် ရွှေခါးက -

"ဒီလိုဗျာ ကိုကြီးပူစီရဲ့ ကိုကြီးပူစီက ကျွန်တော်တို့ ကျွန်းသုံးရွာပေါင်းထားတဲ့ ကျွန်းသာအုပ်စုတစ်စုလုံးမှာဆိုရင် တိုးစည်ဒိုးပတ်ဝိုင်းက မင်းသားလည်းဖြစ်၊ ကိုယ့်သီချင်းလေးတွေ ကိုယ်ရေး

"ငါ သိပါတယ် နီနီဝင်းရာ၊ နေရာတကာ နင် ဆရာ မလုပ်ပါနဲ့ နင်တို့က ငှားဆိုရင်တောင် တို့သွားငှားရင် သူတို့ကလည်း လိုက်မှာ မဟုတ်ဘူးဟ" ဟုလှည့်၍ ပြန်ပြောလိုက်ရာ ပြည့်ဖြိုးမောင်က -

"လာစမ်းပါကွာ၊ တော်ကြာ တဲစုကလူတွေ ငါးရှာထွက်သွားလို့ ဘယ်လှေမှ မရဘဲဖြစ်နေဦးမယ်၊ ငါက ဒီပြင်လှေမရရင် ရွှေဒင်္ဂါးနဲ့ ဆင်မပေါက်တို့လှေ ဆွဲခေါ်လာမှာနော်" ဟု ပြောလိုက်လျှင် နီနီဝင်းက မျက်စောင်းထိုးလိုက်သည်။

"အဲဒီလှေတွေ ငှားလာရင် နင်တို့နှစ်ယောက်တည်း သွားကြ၊ ငါတို့မလိုက်ဘူးနော်၊ ဒါပဲ လှေမြင်တာနဲ့ အိမ်ပြန်မယ်"

"ဟား. . . ဟား. . . ဟား"

ပြည့်ဖြိုးမောင်နှင့် ဇော်ခင်တို့ တဟားဟားရယ်ရင်း ကမ်းသာ တဲစုဘက်သို့ ထွက်သွားကြသည်။

"ဟဲ- မြဇင်ယော်၊ ငါတို့မလာခင် နင်တို့ ဘာတွေ ပြောနေကြတာလဲ" ဟု နီနီဝင်းက မြဇင်ယော်ကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။ မြဇင်ယော်က ကမ်းစပ်ရှိ လှေပျက်ကလေးပေါ်တွင် ပြန်ထိုင်လိုက်ပြီး ပြုံးစေ့စေ့နှင့်ဖြေသည်။

"ဘာမှတော့ မဟုတ်ပါဘူးဟာ၊ နင့်ကို ငါ ပြောထားတဲ့အတိုင်း ပြည့်ဖြိုးမောင်က ငါ့ကို အဖြေတောင်းတာပါ"

"နင်က ဘယ်လိုသဘောရလဲ၊ အဖြေပေးလိုက်ပြီလား"

နီနီဝင်းအမေးကို မြဇင်ယော် ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း၊ ငါ့သဘောက ဘယ်လိုမှလည်း မဟုတ်ဘူး၊ အဖြေလည်း မပေးနိုင်ဘူး၊ နင့်ကို ငါ ရှင်းပြရရင် ငါ့စိတ်က ဟောဒီ လှေကလေးလိုပဲ ကုန်းပေါ် တစ်ဝက်၊ ရေပေါ် တစ်ဝက်လို ပြည့်ဖြိုးမောင် အပေါ် ချစ်လည်းမချစ်ဘူး၊ မုန်းလည်းမမုန်းဘူး၊ ငယ်ငယ်က

ဆိုတော့ စာလေးပေလေးနဲ့ နီးစပ်တယ်၊ ဒါကြောင့် ကျွန်တော် မသိတာလေး မေးချင်လို့ပါဗျာ"

ရွှေဒင်္ဂါးစကားကြောင့် ဆင်ပေါက်က ကိုပုစီမျက်နှာ လှမ်းကြည့်ရင်း ခေါင်းညိတ်ပြနေသလို ကိုပုစီက ခေါင်းကို တွင်တွင်ခါနေသည်။

"ဟာ- ရွှေဒင်္ဂါးကလည်းကွာ၊ စာပေနဲ့နီးစပ်တယ်ဆိုရင် ငါ့ကို မေးတာထက် တို့ဆရာကြီးဦးမြင့်ရွှေကို မေးပါလားကွာ၊ ဆရာကြီး ဆိုတာက. . ."

အာလေးလျှာလေးနှင့် ပြောနေသော ကိုပုစီ၏ စကားမဆုံးလိုက်ရ၊ ရွှေဒင်္ဂါးက လက်ကာပြရင်း မကျေမနပ်ဖြင့် ပြောလာသည်။

"ခဏနေဦး ကိုကြီးပုစီ၊ ဒါတော့ ကိုကြီးပုစီပြောမှ မဟုတ်ဘူး၊ ကျွန်တော်လည်း သိတာပေါ့ဗျာ၊ ဒီမေးချင်တဲ့ သိချင်တဲ့ နောက်ပြီး ကျွန်တော့်ရင်ထဲမှာ မတင်မကျဖြစ်နေတဲ့ အကြောင်းတွေက ဟောဒီလို ဝိုင်းမျိုး၊ ဒီလိုဗျာ- မူးမူးပေါ်လာတာဆိုတော့ ဘယ်ကလာ ဆရာကြီးနား ကပ်ရဲမှာလဲ၊ ဒါကြောင့် ဟောဒီက အစ်ကိုကြီး ပုစီတို့ ဆင်ပေါက်တို့ ဟောဒီ ဟောဒီ ကျွန်တော်တို့ဝိုင်းမှာ အမြဲလာထိုင်တဲ့ ဟောဒီ- အောင်ထွန်းတို့နဲ့ဆုံတိုင်း ရင်ဖွင့်ချင်တယ်၊ မေးချင်တယ်ဗျ" ရွှေဒင်္ဂါးစကားကို ဆင်ပေါက်က နားထောင်ရင်း တဟားဟား ရယ်နေသည်။

"ဟာ. . . ဟာ. . .၊ ရွှေဒင်္ဂါးက ဘာများလဲလို့ မင်း မေးချင်တာ၊ မကျေနပ်တာ မူးမူးပေါ်တယ်ဆိုတော့ တို့ကျွဲနိုးတာလည်း မရှိဘူး၊ ရွားနိုးတာလည်း မရှိဘူး၊ အဲ. . . ငါးတော့ ရှိရင်ရှိမယ် ထင်တယ် မဟုတ်ဘူးလား အောင်ထွန်း ဟား ဟား" ဟု ပြောလိုက်ရင်း ရွှေဒင်္ဂါးက စားပွဲကိုလက်ဝါးနှင့် ခပ်ဆတ်ဆတ်လေး ပုတ်လိုက်ရင်း ပြန်ပြောလိုက်သည်။ အသံက ခပ်ကျယ်ကျယ် . . .။

"ဟော့ကောင်၊ အကောင်းပြောနေရင် မဖောက်စမ်းနဲ့ကွာ" ဟု ခပ်ဆတ်ဆတ်ပြောလိုက်သဖြင့် ဆင်ပေါက်မှာ အရှိန်သတ်သွားသလို မျက်နှာပြန်တည်သွားသည်။ ကိုပူစီက ဝင်ပြောသည်။

"ဆင်ပေါက် ခဏနေပါဦးကွာ၊ ကဲ- ရွှေဂေါ်း မင်းပြောချင်တာပြော၊ ငါလည်း သိသလောက် မှတ်ထားသလောက် ပြောမယ်၊ ဟော့- မခင်ညိုရေ တို့ဝိုင်းကို နှစ်လုံးထပ်ချ ငါးကင်လေးကောင်လည်း ထပ်ပေးဟာ"ဟု ပြောလိုက်လျှင် အောင်ထွန်းကပြောသည်။

"ဟာ- ကိုကြီးပူစီ ဒီလောက် မလိုပါဘူး၊ ငါးကင်လောက်ပဲ လုပ်ပါဗျာ၊ မသောက်နိုင်ကြပါဘူး၊ အပိုတွေလုပ်လို့ဗျာ" ဟု ပြောလိုက်လျှင် ကိုပူစီက သူ့ဆန္ဒကိုမပြောင်း . . .။

"မင်း မသိဘူးလေကွာ၊ တော်ကြာ မခင်ညိုဆိုင် အရက်ပြတ်သွားရင် မင်း ကုန်းသာ တက်ယူနိုင်ပါ့မလား၊ ကုန်တာခန်းတာအကြောင်းမဟုတ်ပါဘူး၊ ဟော့ကောင်- အောင်ထွန်း မင်းသိဖို့ မင်းအစ်ကိုကြီး ဒါတွေက မိုင်နာပါ" ဟု တိုးချည်တစ်လှည့် ကျယ်ချည်တစ်လှည့်ဖြင့် မခင်ညိုကိုကြည့်လိုက်၊ အောင်ထွန်းကို ကြည့်လိုက် ပြောနေလျှင် အောင်ထွန်းက မချိုမချဉ်မျက်နှာဖြင့် ပြောသည်။

"သဘောပေါက်ပြီ. . . သဘောပေါက်ပြီ" ဟု ပြောလိုက်ရာ ကိုပူစီလည်း ပြုံးဖြီးဖြီးမျက်နှာဖြင့် ကျေနပ်နေသည်။

"ကဲ- အဲဒါ တစ်ကဏ္ဍထားစမ်းပါ အောင်ထွန်းရာ၊ ကဲ-ရွှေဂေါ်း မင်းရင်ထဲကစကား ပြောစမ်းကွာ" ဟု ပြောလိုက်လျှင် ရွှေဂေါ်းက ခေါင်းညိတ်လိုက်ရင်း စကားစသည်။

"ကဲ- ခင်ဗျားတို့ စကားတွေဖြတ်ဗျာ၊ ကျွန်တော်ပြောမယ်၊ ဒီမှာ ကိုကြီးပူစီ ကျွန်တော် ဦးဗလာကြားရဲ့သား၊ ကျွန်တော့်အဖေ အရက်သောက်တတ်တယ်ဗျာ၊ ကျွန်တော်လည်း သောက်တတ်

တယ်၊ ငါးရှာချင်ရှာတယ်၊ ဂဏန်းရှာချင်ရှာမယ်၊ ဓနိခုတ်၊ ထင်းခုတ်ချင်ခုတ်မယ်၊ ရွာမှာ သာမှုနာမှုမှန်သမျှ အောက်ခြေသိမ်းလုပ်တယ်၊ အဖေ့သားဖြစ်တဲ့ ကျွန်တော် အဖေ့လိုပဲလုပ်တယ်၊ အဲဒါ အစ်ကို အသိနော်"

"ဟာ- ဒါတော့ ငါလည်းသိတယ်၊ တစ်ရွာလုံးလည်း သိတယ်၊ တစ်အုပ်စုလုံးလည်း သိတယ်လေကွာ၊ ဒါ ဘာဆန်းလို့လဲ"

ကိုပုစီက မထူးသလိုပြောလိုက်လျှင် ရွှေဂေါ်း ပုလင်းကို ဆောင့်ချသလို လုပ်လိုက်သည်။

"ဆန်းတယ်ဗျ. . . ဆန်းတယ်၊ အဲဒါကို ကျွန်တော် မကျေနပ်နိုင်တာ၊ အဓိကအချက်က ကျွန်တော်တို့သားအဖနဲ့ ဟောဒီ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း ဆင်ပေါက်အပါအဝင်ပေါ့ဗျာ ကျွန်တော်တို့ကို လူရာမသွင်းချင်ကြတဲ့ လူတချို့၊ အော့နှလုံးနာတယ်ပြောတဲ့ လူတချို့၊ ဟိုဗျာ- မနစ်မြို့တဲ့လူတချို့၊ ရှင်းရှင်းပြောရရင် ကိုယ့်ရွာသားတချို့ အထူးသဖြင့် ရွာမှာ ငွေရှိတယ်ဆိုတဲ့ ငါးလုပ်ငန်း၊ ဆားလုပ်ငန်း၊ လယ်လုပ်ငန်း၊ ဓနိလုပ်ငန်း၊ နောက်ဆုံး ထင်းခုတ် မီးသွေးဖုတ်တဲ့သူ အချို့အထိ ကျွန်တော်တို့ကို နှိမ်ချင်တဲ့ အသိုင်းအဝိုင်းတစ်ခု ရှိနေတယ်၊ တစ်မျိုးကြီး ဆက်ဆံနေတယ်ဗျာ၊ လူတိုင်းတော့ မဟုတ်ဘူးနော်၊ အဲဒါတွေ ကျွန်တော်မြင်နေရတယ်၊ တွေ့နေရတယ်၊ ခံစားနေရတယ်၊ အဲဒါ- ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို ရှင်းပြ"

သူ့ခံစားချက်ကို မနားတမ်းပြောချလိုက်လျှင် နားထောင်နေသူ ကိုပုစီအပါအဝင် တခြားဝိုင်းကလူတွေပါ စကားသံ ငြိမ်သွားသည်။ ကိုပုစီ သက်ပြင်းတစ်ချက် လေးလေးတွဲတွဲချလိုက်ပြီး စဉ်းစားဟန်ဖြင့် ပြန်မေးလိုက်သည်။

"နေပါဦးကွာ၊ ငါ တစ်ခု မေးပါရစေဦး။ မင်းတို့ကို ဘယ်သူတွေက ခွဲခြားဆက်ဆံနေလို့လဲ၊ ငါ့ကို ရှင်းရှင်းပြောစမ်းပါကွာ။ ဒါမှ ငါ ဝေဖန်ကြည့်လို့ ရတော့မှာပေါ့ကွာ" ဟု ပြောရင်း အရက်တစ်ခွက်ကို ငွတ်ခနဲ ငွတ်ခနဲမြည်အောင် မော့သောက်ချနေသည်။ ရွှေဒင်္ဂါး အဝေးတစ်နေရာကို မျှော်ကြည့်ရင်း ဆက်ပြောသည်။

"အင်း- ကိုကြီးပူစီ သဘောပေါက်အောင် အနီးကပ်ဆုံး အဖြစ်တွေနဲ့ပြောရင် ကျွန်တော် မိန်းကလေးတစ်ယောက်ကို ရင်ထဲကချစ်တယ်၊ အဲဒါကြောင့် ရိုးရိုးစကားပြောဖို့ ကြိုးစားကြည့်တယ်၊ ချစ်ရေးဆိုဖို့ ကြိုးစားတယ်၊ အဲဒီအခါမှာ အဲဒီ မိန်းကလေးရော၊ သူ့မိဘ အသိုင်းအဝိုင်းကရော ကျွန်တော့် အပေါ ကို မတူမတန်သလို ပြောဆိုဆက်ဆံလာတယ်၊ ဒီလိုပဲ ရွာထဲမှာ ကျွန်တော့်လို ဆင်းရဲတဲ့လူတွေမှာလည်း နှလုံးသားကိစ္စ ရှိကြတာပဲ၊ ဒါပေမဲ့ ကျွန်တော့်လို ခါးခါးသီးသီး တုံ့ပြန်ကြတာ မကြားခဲ့ရဘူး၊ မတွေ့လည်း မတွေ့ခဲ့ဘူး၊ အဲဒါ- ကျွန်တော့်မှာ ဘာချို့ယွင်းချက် ရှိနေသလဲဗျာ"

ရင်ထဲက စကားသံများနှင့်အတူ ရွှေဒင်္ဂါးမျက်နှာမှာ ညှိုးငယ်လျက် ကိုပူစီကိုကြည့်ရင်း ပြောနေသည်။ ဆင်ပေါက်ကလည်း ဝင်ပြောလာသည်။

"တောက်- ရွှေဒင်္ဂါးပြောတာ ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ဟို- ကောင်မလေး ဟို- ကုန်းသာရွာက ဟာ- မပြောချင်ပါဘူးဗျာ၊ အဲဒါ- အဲဒါ ရွှေဒင်္ဂါးပြောသလိုပဲဗျာ။ တကယ်ခံစားရတယ်" ဟု အားလေးလျှာလေးနှင့် ပြောနေသည်။ ကိုပူစီ စဉ်းစားသလို

လုပ်ရင်း ခဏကြာမှ ခါးကိုမတ်လိုက်ပြီးနောက် ဟန်ပါပါနှင့် ပြောသည်။

"အေး- မဟုတ်မှလွဲရော ငါ စဉ်းစားမိပြီ၊ ဒီမှာ ရွှေဂေါ်းနဲ့ ဆင်ပေါက် ငါလည်း ကြားမိတဲ့စကားနဲ့ ဆက်စပ်ပြီး တွေးယူပြော ရရင် မင်းတို့နှစ်ယောက်၊ နောက်ပြီး မင်းအမေ အပါအဝင်ပေါ့ကွာ၊ ဒီကျွန်းရဲ့ အခမဲ့ ဧည့်သည်တွေ ဖြစ်နေလို့ပေါ့ကွာ" ဟု ပြောချ လိုက်လျှင် ဆင်ပေါက်က နားလည်ဟန်နှင့်မေးသည်။

"ဘာလဲဗျ အခမဲ့ ဧည့်သည်ဆိုတာ"

မျက်မှောင်ကြုတ် မေးလိုက်သည့် ဆင်ပေါက်အမေးကို ဖြေသူက ကိုပူစီ. . .။

"ဟာ- မင်းကလည်း ဆရာကြီးကျောင်းထွက် ဖြစ်ရက်နဲ့ ဧည့်သည်ဆိုတာ ဟို- မသာကီစွာ မသာကျင်း၊ အသုဘ ဟို-သချိုင်း၊ ဟို- ဘာလဲကွာ"

ကိုပူစီ စကားမဆုံးလိုက်ရ၊ ရွှေဂေါ်း ကိုပူစီကို မျက်လုံး ပြူးကြည့်လိုက်ရင်းသည်။ ရင်ထဲမှာတော့ မကျေနပ်. . .။

"တော်တော့- ကိုကြီးပူစီ၊ ကျွန်တော် သဘောပေါက်ပြီ၊ ဒါကြောင့် မသတီတဲ့သဘောပေါ့၊ တော်ပြီဗျာ- ဒါဆို ဒီနေ့ကစပြီး အဲဒီအလုပ် ငါတို့မလုပ်တော့ဘူးဗျာ၊ မဟုတ်ဘူးလား ဆင်ပေါက်" ဟု ဆင်ပေါက်ဘက်လှည့်ပြီး ပြောလိုက်လျှင် ဆင်ပေါက်က ခါးကို ဆန့်လိုက် ခေါင်းမော့ကာ လက်တကာကာဖြင့် ပြန်ဖြေသည်။

"ဟုတ်တယ်၊ မလုပ်တော့ဘူးကွာ၊ လုပ်ချင်တဲ့သူ ရှိရင်လုပ်၊ မရှိရင် ပုပ်ပေါ့ကွာ" ဟု ပြောလိုက်လျှင် ကိုပူစီက ကမျာကယာ လက်ကာလိုက်ရင်း တောင်းပန်စကားဆိုသည်။

"ဟာ- ဒါတော့ ဘယ်ဖြစ်မလဲကွ၊ အဲဒီကိစ္စတွေက မင်းတို့မှ နားလည်တာလေ၊ တော်ကြာ မသာချ ဟာ- မပြောကောင်းပါဘူး ကွာ မဖြစ်ပါဘူး၊ မင်းတို့လုပ်ရမှာပေါ့၊ အဲဒီလိုလုပ်လို့ မသေတဲ့ လူရှိရင် စာရင်းမှတ်ထား၊ ငါ ရှင်းမယ်၊ ငါ ရှင်းမယ်၊ သူတို့အိမ် ဟို. . . ဟာ ဒါလည်း မပြောကောင်းပါဘူးကွာ" ဟု ခေါင်း တခါခါနှင့် စိတ်ရှုပ်သွားဟန်ဖြင့် ပြောနေလျှင် ရွှေဒင်္ဂါးက -

"အဲဒါပဲဗျ၊ ကျွန်တော် မရှင်းတာ၊ ဒါကြောင့် ကိုကြီးပုစိကို မေးတာ၊ အဲဒီအလုပ်ကြောင့် ဖြစ်တာလို့ ကိုကြီးပုစိက ပြောတယ်၊ ဒါကို မလုပ်ဘူးဆိုတော့လည်း မလုပ်လို့မရဘူးပြောတယ်၊ ပြောရင် ရှုပ်တယ်၊ အဖြေမရဘူး၊ တော်ပြီဗျာ၊ အရက်ပဲ မူးအောင် သောက် တော့မယ်၊ နောက်ပြီး ဒီမြင်အလုပ်တွေ ပြောင်းလုပ်ကြည့်ဦးမယ် မဟုတ်လား ဆင်ပေါက်၊ ဟား. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား"

ရွှေဒင်္ဂါး အားပါးတရ ရယ်သံနောက်သို့ ကိုပုစိပါ ရောယောင် ဟားတိုက်ရယ်နေပြန်သည်။ တစ်ဝိုင်းကျော်မှ ကိုငှက်ပေါက်က -

"ဟုတ်တယ်၊ ရွှေဒင်္ဂါးပြောတာ မှန်တယ်၊ ဆွေးနွေးတာ မှန်တယ်၊ အဲဒီလူမျိုးတွေ ကျွန်တော် ကြည့်မရဘူး မုန်းတယ်၊ ကျွန်တော်လည်း အကြောင်းရှိမှ အဆော်ခိုင်းတယ်၊ အကြောင်း မရှိရင် မခေါ်တော့ဘူးဗျာ၊ ဟင်း. . ."ဟု ပြောလိုက်လျှင် အောင်ထွန်းက ပြန်ဖြေသည်။

"ကိုငှက်ပေါက် ရှင်းရှင်းပြောပါဦး၊ ခင်ဗျားကို ဘာ အဆော် ခိုင်းတာလဲ" ဟု မေးလိုက်လျှင် ကိုငှက်ပေါက်က မျက်လုံး မှေးစင်း ကြည့်ရင်းက ပြန်ဖြေသည်။

"ဟာ- အောင်ထွန်းရာ၊ ကြောင်မနေပါနဲ့၊ အဆော်နိုင်းတာ ဆိုတာ ဗျိုးဟစ်တာကို ပြောတာကွ၊ မင်းကလည်း ရွာဆော်ဆိုမှတော့ ရွာဆော်ပေါ့ကွာ၊ ဆော်ရတာပေါ့၊ ဟား. . . ဟား. . ."ဟု သူ့စကား သူ သဘောကျသလို ဟားတိုက်ရယ်နေရာ ဆင်ပေါက်က -

"အိပ်လည်း ရယ်မနေနဲ့ ကိုငှက်ပေါက်၊ ခင်ဗျား ရွာဆော် တာတော့ ဟုတ်တယ်နော်. . . မသာပေါ်ရင်တော့ ချွေခါးတို့ အဖွဲ့နဲ့ တွေ့သွားမယ် ဟဲ. . . ဟဲ. . ."

"ဟာ- တယ် ဒီကောင်၊ မဦးမချွတ်၊ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါ စေကွာ" ဟုပြောရင်း သူ့နဖူးကို တံတွေးဖြင့် အကြိမ်ကြိမ်ဆွတ် နေရာ မခင်ညိုဆိုင်လေးအတွင်း ရယ်သံတွေ လွှမ်းသွားတော့သည်။

○○○

## အခန်း-၁၆

"ဒီနှစ် မိုးဦးကျကာနီးလေ ငါးရှာရတာ ပိုက်မတိုးဘူး ဖြစ်နေတယ်ကွာ။ ဘာတွေဖြစ်နေလဲတော့ မသိတော့ဘူး"

လှေဦးမှ ကျင်မောင်က ပြောလိုက်သည်. . .။

"ဘာဖြစ်ရမှာလဲကွာ၊ တို့ ငါးရှာတဲ့သူတွေအားလုံးက ခပ်ဝေးဝေးမှ မသွားချင်ကြဘဲ၊ ဒီနေရာ ဒီချောင်းထဲမှာပဲ စုပြုံတိုးနေကြတာကိုးကွာ"

ကျင်မောင့်ကို လှေပဲ့တွင်လှော်နေသည့် ဆားခါးက ပြန်ပြောလိုက်သလို ကျင်မောင်ကလည်း ဝင်ပြောသည်။

"အေးကွာ၊ တို့အရပ်ကလူတွေကလည်း သူ ဒါလုပ်ရင် ငါ ဟိုဟာ ပြောင်းမလုပ်ချင်ကြဘူး။ သူများ ထင်းခုတ်ဆို ထင်းခုတ်၊ ဓနိလှေဆို ဓနိလှေ၊ မီးသွေးဖုတ်ဆို မီးသွေးဖုတ်၊ ဒီကွာ နောက်ဆုံး လုပ်ယက်လုပ္ပယ်တွေလည်း ဘာထူးလဲ၊ တစ်ယောက် မင်္ဂလာဆောင်ရင် ဆောင်ပါလေရော၊ တစ်သီကြီး တစ်တန်းကြီးပဲ၊ ရှာလိုက်ရတဲ့ လက်ဖွဲ့ငွေ၊ အိမ်မှာ သုံးရတယ်ကို မရှိပါဘူးကွာ" ဟု ခပ်ညည်းညည်း ပြောလိုက်လျှင် ဆားခါးက ကျင်မောင့်စကားကို သဘောကျသလို တဟဲဟဲ ရယ်နေသည်။

"အဲဒါတော့ လူမပြောနဲ့ တိရစ္ဆာန်တွေတောင်မှ လုပ်လိုက်ရင် တညီတည်းပဲ၊ မင်း သတိထားမိရဲ့လား။ အခု မိုးဦးမကျခင်ကတည်းက ငှက်တွေ အသိုက်လုပ်တာ အနိမ့်ထဲမှာချည်း တညီတည်း တွေ့ရတယ်။ သူတို့လည်း တို့ဆီက လူတွေလိုပဲ ဖြစ်နေပြီကွ" ဟု ပြောလိုက်လျှင် ကျော်မောင်က လက်မခံသည့်နှယ် ပြန်ပြောသည်။

"ဟေ့ကောင်- ငှက်တွေ အနိမ့်မှာ အသိုက်လုပ်တာက အကြောင်း ရှိတယ်ကွ၊ ဒီနှစ် လေထန်မယ့်သဘော၊ မင်း မှတ်ထားဦး။ ဟို- အထက်ဘက်ကလာတဲ့ ကုန်စိမ်းသည်တွေ ပြောနေတာ ဒီနှစ် ပေါက်စေ့မှာလည်း အောက်ဆုံးအစေ့ကညှက်ပြီး အပေါ်နဲ့ အလယ် စေ့က ကြီးနေတယ်၊ မိုးဦးလေဦး မိုးလယ်ကောင်းပြီး မိုးနှောင်း ညံ့မယ်လို့ ပြောနေကြတယ်"ဟု ပြောလိုက်လျှင် ဆားခါးက -

"အေးကွာ၊ ဒါတွေလည်း မယုံလို့ မဖြစ်ဘူးကွ၊ သဘာဝနဲ့ ယှဉ်ပြီး ဖြစ်လာတာဆိုတော့ ဒီနှစ် လေကြီးမိုးထန်နေရင် ဒုက္ခပဲ ကွာ"ဟု စိတ်ပျက်သလို ပြောလိုက်လျှင် ကျော်မောင်က -

"အေးပါကွာ၊ ဒါတွေ သိပ်ပြီး တွေးပူမနေပါနဲ့၊ လက်တွေ့က တို့ ငါးများများရအောင်ရှာနိုင်မှ အိမ်ထမင်းအိုးပြည့်မှာ၊ ကဲကွာ- မြန်မြန်လှော်၊ ပိုက်ဖော်ချိန်နီးပြီ"

သို့ဖြင့် သူတို့လှေကလေးမှာ သူတို့ပိုက်ချထားရာ ချောင်း အကွေ့ လမုတောများရှိနေသည့် လေကွယ်ရာ နေရာလေးသို့ ရောက်လာပြီး သူတို့ပိုက်တွေကို ဖော်လိုက်ကြသည်။

"ဟာ- ပိုက်တွေ လူဖော်ထားတယ်ကွ"

"ဟေ- ဟုတ်လား၊ သေသေချာချာ ကြည့်ပါဦးကွာ"

"ဟာ- သိပ်ဟုတ်တာပေါ့ကွာ၊ ဟေ့ကောင် ဆားခါး ဒီမှာ ကြည့်ပါဦး၊ ဖော်ယူတာမှ ငါးတွေကို တစ်ကောင်လုံး မယူဘူး အမြီး

ပိုင်းတွေ ဖြတ်ယူသွားတာကွ. . . တောက်၊ တော်တော် ယုတ်တဲ့ အကောင်တွေကွ ပေဘာဒီမှာကြည့်" ဟု လေ့ဦးမှ ပိုက်ဖော်နေသူ ကျင်မောင်က ဒေါသသံဖြင့် မကျေမနပ်ပြောလိုက်သလို လှေပဲ့ကိုင် နေသူ ဆားခါးကို လက်ညှိုးထိုးပြလိုက်သည်။ ဆားခါးလည်း ခေါင်းပိုင်းချည်းသာ ပိုက်မှာ ကျန်နေသောငါးများကို ကြည့်ရင်း အံ့အားသင့်နေသည်။

"တစ်ခါမှ မကြားဖူးပါဘူးကွာ၊ ပိုက်က ငါးနိုးတာ တစ်ကောင် ဆိုတစ်ကောင်၊ နှစ်ကောင်ဆိုနှစ်ကောင်ပေါ့၊ တစ်ကောင်လုံး ဖြတ် ယူသွားရင်လည်း ပြီးတာပဲ၊ အခုတော့ တစ်ဝက်ဖြတ်နိုးရတယ် လို့ကွာ၊ ကျန်တာတွေလည်း ရောင်းလို့ခက်၊ တောက်. . . ဒီငါးသူနိုး တွေ တွေ့လို့ကတော့ ဆားခါးအကြောင်း သိစေရမယ်ကွ၊ ကဲ- ကြာပါတယ်ကွာ၊ ကျန်တာတွေဖြတ်ပြီး ပိုက်သိမ်းရအောင်" ဟု ပြောရင်း လှေကို ပိုက်တန်းနှင့်ယှဉ်၍ လှော်ပေးလိုက်သည်။ ကျင်မောင် ပိုက်ကို စနစ်တကျခေါက်ပြီး လှေပေါ်ကို ဆွဲတင်နေရင်းက ပြောလိုက်သည်။

"ဒီငါးနိုးတဲ့အကောင်တွေ မိုးလင်းခါနီးမှ ကသောကမျောနဲ့ နိုးသွားတာကွ၊ ငါးတစ်ကောင်လုံးဖြတ်ရင် ကြာမှာစိုးလို့ ဓားနဲ့ တစ်ပိုင်းစီဖြတ်ယူသွားတာ၊ မဟုတ်မှလွဲရော၊ ဒီကောင်တွေ ပိုက်သမားထဲက မဟုတ်တာတော့ သေချာတယ်" ဟု သူ့အထင်ကို ပြောလိုက်လျှင် ဆားခါးက တောက်တစ်ချက် ခေါက်လိုက်ရင်း -

"တောက်၊ ငါတော့ မကျေနပ်ဘူးကွာ၊ ဒီနိုးသွားတဲ့အကောင် တွေက ငါတို့ကို သက်သက်မဲ့ မခန့်လေးစား လုပ်သွားတာကွ၊ အဲဒါကို မကျေနပ်တာ ဟင်း. . ." ဟု ပြောလိုက်သလိုကျင်မောင်က-

"အေး အဲဒါ ဘယ်သူတွေဆိုတာ စုံစမ်းကွာ၊ ပိုက်သမား အချင်းချင်းထဲကဆိုရင်တော့ ဟိုလည်း သူတို့လို ပြန်လုပ်မယ်၊ ကဲကွာ ကျန်တဲ့ငါး ဖြစ်သလိုရောင်းရမှာပဲ၊ ကဲ- လှော်ကွာ"

"ဟောက်"

ဆားခါး ဟောက်တစ်ချက်ခေါက်လိုက်ရင်း လှေကိုကြံ့လှော်လိုက်သည်။ ရေသံ တစ်ဝုန်းဝုန်းကြောင့် ခပ်ဝေးဝေး ကမ်းစပ်တွင် အစာချောင်းနေသည့် ဖျိုင်းတစ်အုပ်ပင် ဖွေးခနဲ ထပျံသွားကြသည်။ သူတို့ နောက်အကွယ် ချောင်းကွေ့ ဓနိတောထဲမှာတော့ လှေတစ်စီး ရှိနေသည်။

"ဟော့ကောင်တွေ ခဏရပ်ဦး"

ချောင်းအကွေ့ ဓနိပင်တွေကြားမှ ကြားလိုက်ရသည့် အသံကြောင့် ဆင်ပေါက်တစ်ယောက် ရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။ ရွှေဂါး လှေတက် ခဏငြိမ်လိုက်ရင်း နားစွင့်လိုက်သည်။ မည်းခနဲ ဓနိတောထဲမှ ထွက်လာသည့် လှေဦးပေါ်မှာ ခိုးတက်နေသည့် သွားများကို တမင်မြင်ရအောင် ရယ်ပြနေသလား အောက်မေ့ရသည့် ကြည်စိုး၊ လက်ထဲတွင် အမဲသားတဲ့ကြီး ကိုင်မြှောက်လျက် ရပ်နေသည်ကို တွေ့လိုက်ကြရသည်။

"ဟော့ကောင်တွေ ဘာကြောင်ကြည့်နေတာလဲ၊ စကျွတော့ မင်းတို့နှစ်ကောင်ပေါင်းပြီး ဘာမဟုတ်တာ လုပ်လာပြန်ပြီလဲ ဟဲ. . . ဟဲ" ပြောပြီးရယ်နေသည်။

"ဟာ- ဒီကောင် အလန့်တကြားဖြစ်အောင် တော်တော်လုပ်တဲ့ အကောင်၊ ဟဲ. . . ဟဲ. . . ငါတို့ကလည်း မဟုတ်တာလုပ်လာတော့ နည်းနည်းလန့်သွားတာပေါ့၊ ဟော့ကောင်- ပေါ်ပြန်ပြီလား ဟင်၊ မင်းလုပ်ပုံနဲ့ ကျွန်းထဲက ကျွဲတွေနွားတွေ ကုန်တော့မှာပဲကွာ"

ဆင်ပေါက်က လှေချင်းကပ်လာသည့် ကြည်စိုးကိုကြည့်ရင်း ပြောလိုက်သည်။ ကြည်စိုးက ပါးစပ်ကို လက်ညှိုးဖြင့် ခေါင်လိုက်ကပ်လိုက်ရင်း -

"ဟေ့ကောင် ဆင်ပေါက် တိုးတိုးပြောစမ်းပါကွာ၊ သူများတွေကြားသွားပါဦးမယ်၊ အခုဟာက မြို့က လိုင်စင်ကုန်သည်ကို ပိုမယ့်နွားကြီး အားပြတ်သေတာပါကွ၊ ရော့- မင်းတို့အတွက် တစ်ပိဿာတစ်တွဲ ယူသွား၊ ဟင်းစားပေးတာ၊ မင်းတို့ အကြံအဖန် တည့်လာရင်သာ တို့ကိုမမေ့နဲ့" လှေဦးမှ ဟင်းတွဲကိုင်လာသည့် ကြည်စိုးက ရွှန်းရွှန်းဝေအောင် ပြောနေသလို လှေပဲ့မှ ပဲ့ကိုင်သန်းဌေးကလည်းပြောသည်။

"ဟေ့ကောင်တွေ၊ မင်းတို့မြဲမြဲမှတ်ထားဦး၊ သတ္တဝါဆိုတာလူချွတ်မှကျွတ်တာကွ၊ မင်းတို့လှေပေါ် ကငါးတွေ မင်းတို့ချွတ်လိုက်တာ မဟုတ်လား၊ ချွတ်တာမှ ခေါင်းတောင် မပါပါလား ဟေ့ကောင်တွေရဲ့"

လှေချင်းအကပ်မှာ ပြောလိုက်သည့် သန်းဌေးစကားကြောင့် ရွှေဒင်္ဂါး ကယောင်ကတမ်း လက်ကာပြလိုက်ရင်း ပြောသည်။

"ဟေ့ကောင်- တိုးတိုးပြောစမ်းပါကွာ၊ ပိုင်ရှင်တွေ ကြားကုန်ပါမယ်၊ ဒီမှာ သန်းဌေး မင်းက ကြီးကြီးကျယ်ကျယ်နဲ့ သတ္တဝါလူချွတ်မှ ကျွတ်တာလေး ဘာလေးနဲ့၊ မသိလည်း မှတ်ထားဦး၊ ငါတို့က ငါးအမြီးပိုင်းက ကျွန်းမာရေးနဲ့ညီလို့ ရွေးစားတာကွ၊ မှတ်ထားဦး"

"ဘာကျွန်းမာရေးလဲကွ"

သန်းဌေးက ပြန်မေးသည်။

"ငါးအမြီးက ရေကူးရတာများတော့ အဆီမရှိဘူးကွ၊ လှုပ်ရတာ ကူးရတာများတယ်လေ၊ ဟဲ-ဟဲ ခေါင်းပိုင်းကျတော့ အဆီရှိတော့ ကျန်းမာရေးမညီညွတ်ဘူးလေကွာ၊ ဒါကြောင့် အမြီးပိုင်းချည်းစားတာ၊ ဟဲ- ဟဲ"

"တော်စမ်းပါ ရွှေဒင်္ဂါးရာ၊ မသိရင်ခက်မယ်၊ မင်းတို့သာ လက်ကြောမတင်းတဲ့ကောင်တွေ၊ ပိုက်ကနေ တစ်ကောင်လုံး ဖြုတ်နေရင် ကြာမှာစိုးလို့ အမြီးပိုင်းဖြတ်လာတဲ့ အကောင်တွေက များကွာ" ဟု ကြည်စိုးက ဝင်ပြောလိုက်လျှင် ဆင်ပေါက်တမှာ မကျေမနပ် ဖြစ်သွားသည်။

"ဟဲ- ဟေ့ကောင်တွေ အတူတူနဲ့ အနှုန်းချည်းပဲ၊ ပြောမနေကြနဲ့ မနက်ဖြန် မိုးနိုင်းရှိတယ် မမေ့နဲ့ဦး၊ ပေး မင်းတို့ အမဲသား ရော- ဟောဒီမှာ ငါး"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

သူတို့လေးယောက်ရဲ့ ရယ်သံတွေမှာ ဆူညံပွက်နေသည်။

○○○

## အခန်း-၁၇

"မခင်ညို၊ တစ်လုံး မြန်မြန်ချဟာ"

တဲအတွင်း မရောက်ခင်ကပင် လှမ်းပြောလိုက်သည့် ဆားခါးကို မခင်ညို တစ်ချက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့ ဒီလောက်စောင် လောနေရတာလဲ သေနာကောင်ကလဲ၊ တဲထဲရောက်အောင်ပဲ ဝင်ပါဦးဟဲ့" ဟု ပြောလိုက်သလို နောက်မှကပ်ပါလာသူ ကျင်မောင်က -

"လောရမယ်ပေါ့ ဒီနေ့ ငါတို့က နောက်ကျတာဟ၊ ဟောဒီ အင်္ကျီမဲ့တဲ့ငါးတွေ ရောင်းနေရတာကြာနေလို့၊ ဟင်းစားသမားလိုက်ရောင်းနေရတာလေ၊ ရော့ ဟောဒီမှာ ငါး တစ်ပိုင်းဖြတ်တွေ၊ တစ်ပိဿာတော့ ကျော်မယ်၊ နင် အပိုင်းဖြတ်ပြီး အရက်သာပြန်ပေး၊ တို့လည်း နည်းနည်းကြော်ပေးဟာ၊ ဆီနဲ့ ငါတို့ခံမယ်" ဟု ပြောလိုက်လျှင် မခင်ညိုတဲအတွင်း အရက်ထိုင်သောက်နေသူ သုံးလေးဦးထဲက အောင်ထွန်းက -

"ဟာ ကျင်မောင်နဲ့ဆားခါး၊ ထူးလည်းထူးပါ့ကွာ၊ ငါးတွေ တစ်ပိုင်းဖြတ် ရောင်းရတယ်လို့ ဟား. . . ဟား"

"ဟေ့ကောင် အောင်ထွန်း၊ မင်း ဘာမှမသိဘဲနဲ့ ရွတ်ပြောမနေနဲ့၊ ငါ့ဒေါ်သတွေ မင်းဆီရောက်သွားမယ်နော်၊ မူရင် ကောင်း

ကောင်းနေ" ဟု ပြောလိုက်လျှင် အောင်ထွန်းတစ်ယောက် ပြုံးဖြီးဖြီး မျက်နှာဖြင့် လက်ကျန်ဖန်ခွက်ကိုကိုင်ကာ ဆားခါးအနားသို့ ကပ်ထိုင်လိုက်ရင်း ပြောသည်။

"ယောက်ဖရာ ချစ်လို့စတာပါကွာ၊ ငါ မမူးသေးပါဘူး။ မင်း စောင့်နေတာနဲ့ အတော်ပဲ၊ ဟဲ-ဟဲ" ဟု မျက်နှာချိုသွေးရင်း ပြောလိုက်ရာ ကျော်မောင်က ခပ်တည်တည်နှင့်ပြောလိုက်သည်-

"ဟေ့ကောင်- ကပ်သောက်ရင် ကောင်းကောင်းသောက်၊ စကားတွေ များမနေနဲ့၊ ဘာလဲ မင်းက ဒီနေ့မှ ထူးထူးခြားခြား မင်းအကောင်တွေနဲ့ မဆုံသေးဘူးလား" ဟု ပြောလိုက်လျှင် ငါးကြော်ပန်းကန် လာချပေးသူ မခင်ညိုက ဝင်ပြောလာသည်။

"သူ လူပေါင်း ရွှေဒင်္ဂါးတို့ ဆင်ပေါက်တို့က ဒီညနေ စောစော လာသောက်နေတာ၊ ကိုဘိုးမျိုး လာခေါ်လို့ ကောလိုက်သွားတာ၊ ကိုဘိုးမျိုး စက်လှေကြီး နိုးမရလို့ ခေါ်သွားတာ၊ ဒီနေ့တော့ အထူးအဆန်း ချည်းပဲ၊ ဟိုနှစ်ကောင်ကလည်း အမြည်းအတွက်ယူလာတာ ငါးတစ်ပိုင်း ချည်းပဲ၊ တစ်ပိုင်းဖြတ်တာမှ ငါးအမြီးပိုင်းတွေချည်းပဲ ဟင်း. . ဟင်း"

မခင်ညို အမြည်းပန်းကန် လာချပေးရင်း ပြောလိုက်သည့် စကားကြောင့် သောက်လက်စ အရက်ခွက်ကို အမြန်မော့သောက် လိုက်ရင်း ဆားခါးတစ်ယောက် မျက်လုံးပြူးမျက်ဆံပြူးဖြင့် မေးသည်။

"ဘာ- မခင်ညို၊ ရွှေဒင်္ဂါးတို့ ယူလာတာ ငါးအမြီးပိုင်းတွေ ချည်းပဲ ဟုတ်လား၊ ပြစမ်း. . . ပြစမ်း ငါ့ကို" ဟု ပြောလိုက်ရာ မခင်ညိုက စိတ်မရှည်ဟန်နှင့်. . .။

"ကဲ- ဆားခါး နင့်တော့ ယူမပြနိုင်ဘူး၊ ဟိုထောင့်က စားပွဲ ပေါ်က ပန်းကန်ထဲမှာ ပက်ခွံ့နဲ့ အုပ်ထားခဲ့တယ်၊ သူတို့ပြန်လာကြ ဦးမှာ"ဟု ပြောရင်း မီးဖိုချောင်ဘက် ပြန်ဝင်သွားသည်။ ဆားခါး

အမြန်ထလိုက်ရင်း ပက်ခွဲနှင့်အုပ်ထားသော အမြည်းများကို ဖွင့်ကြည့်လိုက်ရာ သံဇလုံထဲတွင် တွေ့လိုက်ရသော ငါးကြော်တွေ အမြီးပိုင်းချည်း ဖြစ်နေသည်ကို တွေ့လိုက်ရသည်နှင့် -

"တောက်- ကျင်မောင်၊ ဒီမှာလာကြည့်၊ ဒီကောင်တွေ လက်ချက်ကွ၊ မိပြီ"

ဆားခါး ပြောလိုက်သည့်စကားကြောင့် ကျင်မောင်လည်း ငါးကြော်ဇလုံကို ယူကြည့်လိုက်သည်။

"ဟာ- ဟုတ်တယ်ကွ၊ မခင်ညို. . . မခင်ညို" ဟု ပြောရင်း မခင်ညိုကို တစ်ဆက်တည်းခေါ်လိုက်ရာ မခင်ညို တစ်ဖက်ရပ် ကာထားသည့် မီးဖိုချောင်ဘက်မှထွက်လာရင်း -

"ဘာဖြစ်လို့ ဒီလောက်အော်ခေါ်နေရတာလဲ၊ ဘာလဲ အရက် ထပ်ယူမလို့လား"ဟု ပြောရင်း မခင်ညို ယောက်မကိုင်လျက် ထွက်လာရာ -

"နင်ကလည်း ခေါ်ရင် အရက်ချပေးဖို့လောက်သာ ထင်နေ တာ၊ ငါ မေးပါဦးမယ်၊ အဲဒီကောင်တွေ ယူလာတဲ့ငါးတွေက တစ်ပိုင်းဖြတ်တွေချည်းပဲ မဟုတ်လား။ နောက်ပြီး အမြီးပိုင်းကချည်း မဟုတ်လား"ဟု မေးလိုက်လျှင် မခင်ညို ယောက်မကိုင်ရင်းက ဟန့်ပါပါ ခါးထောက်လိုက်ရင်း -

"ဟုတ်တယ်၊ အဲဒီမှာ မြင်တဲ့အတိုင်းပဲ၊ နင်တို့က ခေါင်းပိုင်း ယူလာတယ်၊ သူတို့က အမြီးပိုင်းယူလာတယ်၊ အမြီးပြတ်နဲ့ ခေါင်းပြတ် ဘယ်ကအကြံအဖန် တည့်လာကြတယ် မသိဘူး။ ဒါများ အထူးအဆန်းလုပ်ပြီး မေးနေရသေးတယ်၊ ဒါပဲလား။ ကျွန်မ ထမင်းအိုး ဆူတော့မယ်၊ အရက်လိုရင်လည်း ဟိုမှာယူသောက်လိုက် မသိရင်ခက်မယ့်ဟာတွေ. . . ဟင်း"ဟု မကျေမနပ်ပြောရင်း မီးဖို

ဘက် ပြန်ဝင်သွားသည်။ ကျွင်မောင်လည်း ဆားခါးကို လှည့်ကြည့် လိုက်ရင်း မခင်ညို ကြားလောက်အောင် အသံမြှင့်၍ ပြောသည်။

"ထူးတယ်ဟေ့၊ ထူးတယ်၊ အဲဒီထူးတာ မကြာခင်ရှင်းတာ နင် သိရမယ်" ဟု ပြောလိုက်ရင်း ဆားခါးကို တီးတိုးပြောနေလေသည်။

"ဟေ့- ဘော်ဒါတွေ၊ ဘာတွေပြောနေတာလဲ၊ အမြီးပြတ်တွေရော၊ ခေါင်းပြတ်တွေရော စုံနေတာပဲဗျာ၊ သောက်ရတာ စိမ်ပျက်တယ်၊ ဒီမြည်းပိုင်းပန်းကန် သွေးနေရာသွ ပြန်ပို့လိုက်စမ်းပါဗျာ" အောင်ထွန်းက ပြောလိုက်လျှင် ဆားခါးက -

"တောက်- မသိရင် အသာနေစမ်းပါ အောင်ထွန်းရာ၊ မင်း အရက် ကပ်သောက်မှာသာသောက်၊ သွား တစ်လုံးထပ်ယူ" ဟု ခပ်မာမာပြောလိုက်လျှင် အောင်ထွန်း ဘာမှမပြောတော့ဘဲ ခပ်ကုတ်ကုတ်ဖြင့် အရက်ပုလင်းများ စီထောင်ထားရာ နေရာသို့ ထသွားသည်။ အောင်ထွန်း အရက်ပုလင်းကိုင်၍ ဝိုင်းသို့ပြန်လာချိန်တွင် ရွှေခေါင်းနှင့်ဆင်ပေါက် မခင်ညို တဲ တံစက်မြိတ်အောက် ရောက်လာချိန်မို့ ဆင်ပေါက်ကလှမ်း၍ ပြောသည်။

"အမယ်. . . ကျားသားမိုးကြိုး အောင်ထွန်းတောင် အရက်တွေ ဘာတွေ ကိုယ်တိုင် ဝယ်သောက်နေပါလား၊ ဒီကောင် ထောင်နေပြီကွ ရွှေခေါင်းရဲ့" ဟု ပြောလိုက်သလို ရွှေခေါင်းက -

"ပြောနေရသေးသလားကွာ၊ ဒီကောင် တို့မစောင့်ဘဲ ဝယ်သောက်နေမှတော့ အကြံအဖန် မိလာပြီပေါ့ကွာ၊ ဟား- တို့လည်း တစ်လှည့်တိုက်ပါဦးကွာ၊ ဟဲ-ဟဲ" ဟုပြောရင်း အောင်ထွန်းရှိရာ ဝိုင်းအနီး ရောက်လာသည်။ ဝိုင်းတွင်ထိုင်နေသော ဆားခါးနှင့် ကျွင်မောင်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြီး ပြုံးနေသည်။ ဆင်ပေါက်က -

"လာပါကွာ ရွှေဒင်္ဂါးရော၊ ဒီနေ့ အောင်ထွန်းက ပိုက်သာမားတွေနဲ့ပေါင်းတော့ တို့ဆက်အမြည်းကောင်းမှာပေါ့၊ ဟာ-တို့အမြည်းတွေလည်း မရှိတော့ပါလား၊ မခင်ညိုရေ အရက်တစ်လုံးပေးဟာ၊ တို့အမြည်းတွေ နင် သိမ်းထားသလား" ဟု တစ်ဖက်ကို လှည့်မေးလိုက်လျှင် မခင်ညို မီးဖိုဘက်က အသံကျယ်ကျယ်ဖြင့် ပြန်ဖြေသည်။

"ဒီမှာ လက်မအားသေးဘူး၊ နင့်ဟာနင် တစ်လုံးဆွဲသောက်တော့၊ နင်တို့ အမြည်းပန်းကန် ဆားခါးတို့ မေးလိုက်" ဟု ပြောလိုက်လျှင် ဆင်ပေါက်လည်း အရက်တစ်လုံး အမြန်ယူလိုက်ကာ ဆားခါးကို ကြည့်လိုက်ရင်း မေးသည်။

"ဟေ့ကောင် ဆားခါး၊ ငါတို့အမြည်း မင်းတို့ယူမြည်းနေတာပေါ့၊ ရပါတယ်ကွာ ယောက်ဖရော၊ တို့တစ်ဝက် ပြန်ပေးဦးကွ၊ အောင်ထွန်း ယူလာခဲ့ပါဟေ့"ဟု လှမ်းပြောလိုက်သလို အောင်ထွန်းက-

"အေး-အေး၊ လာပေးဆိုရင်တော့ တစ်ခွက်တိုက်ရမယ်ဟေ့" ဟုပြောရင်း သူတို့ခုံလေးပေါ်ရှိ အမြည်းပန်းကန်ကိုယူရင်း ထလိုက်သည်၊ ဆားခါးက အောင်ထွန်းလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး ဆောင့်ဆွဲလိုက်ရာ အောင်ထွန်း ဟန်ချက်ပျက်သွားကာ ခပ်ငိုက်ငိုက်ဖြစ်သွားပြီး ကုန်းကွကြီး ဖြစ်သွားသည်၊

"ဟေ့ကောင် ဆင်ပေါက်၊ ဒီငါးကြော်တွေဟာ မင်းတို့ဟာ သေချာလို့ တောင်းတာပေါ့နော်" ဟု ဆားခါးက ဆင်ပေါက်ကို မျက်လုံး မှေးကြည့်ရင်း ခနဲ့တဲ့တဲ့ပြောလိုက်သည်။ ဆင်ပေါက်က ခါးထောက်ရင်းနှင့် ပြန်မေးသည်၊

"ဟေ့ကောင် ဆားခါး မင်းဘာသိချင်တာလဲ၊ အဲဒါ ငါတို့ အမြည်းပန်းကန်၊ သေချာအောင်ပြောရရင် အမြီးပိုင်း သီးသန့်

ကြော်ထားတာကွ၊ ဘာမှ မမှားနိုင်ဘူး၊ ပေးကွာ ငါတို့ပန်းကန်" ဟုပြောရင်း ငါးကြော်ပန်းကန်ကိုယူရန် ခြေလှမ်းပြင်လိုက်သည်၊ ဆားခါးက ငါးကြော်ပန်းကန်ကို ပစ်ချလိုက်သည်။

"ဟေ့ကောင် ဆင်ပေါက်၊ အဲဒီငါးတွေဟာ မင်းတို့က ငါတို့ ဝိုက်ကငါးကို ဓားနဲ့တစ်ဝက်ဖြတ်ပြီး ခိုးယူလာတာ မဟုတ်လား၊ အလကား လက်ကြောမတင်းတဲ့သူခိုးတွေ၊ လက်တွေ့မိပြီ"

"ဘာကွ"

"ခိုး. . . ခွမ်း. . . ခလွမ်"

ပါးစပ်မှပြောမပြီးခင် နံပေါ်မှ ပုလင်းကိုယူ၍ ဆားခါးကို ပစ်လိုက်သည်။ ဆားခါးလည်း ခေါင်းငုံ့ပေးလိုက်သဖြင့် သီသီလေး လွတ်သွားပြီး ငါးတိုင်မှန်သွားသည်၊ ထို့အတူ ဆားခါးအနားမှ ကျွင်မောင်ကလည်း ရွှေဒင်္ဂါးကို ဖင်ထိုင်ခုံနှင့် လှမ်းပေါက်လိုက်သည်။ ထိုအချိန်တွင် ဆားခါးက ခုန်ထလိုက်ရင်း ဆင်ပေါက်ကို အတင်းဝင်ထိုးသည်။ ခဏချင်း ဝုန်းဒိုင်းကြဲဖြစ်သွားကာ အလယ် တွင်ရှိနေသူ ဖောင်ထွန်းကလည်း ငေးကြောင်ကြောင်ဖြင့် သတိ ဝင်လာပြီး ထားရတော့သည်။

"ဟာ- ဆားခါးလွန်မယ်၊ ရွှေဒင်္ဂါး တော်တော့ကွာ၊ ငါ တောင်းပန်ပါတယ်"

ပြောရင်းကပင် ရွှေဒင်္ဂါးနှင့် ကျွင်မောင်က တစ်ဆိုင်း၊ ဆားခါး နှင့် ဆင်ပေါက်က တစ်ဆိုင်း သူတစ်ပြန် ထိုးကြိတ်နေသလို တွေ့ရာ ပုလင်း၊ ဖင်ထိုင်ခုံတို့ဖြင့် ပစ်ပေါက်နေကြရာ ဆူညံနေတော့၏။

"ဟေ့ကောင်တွေ ရပ်ကြစမ်း၊ ပြောနေတာ မကြားဘူးလား၊ ခုချက်ချင်းရပ်ကွာ၊ ရပ်ဆိုရပ်ကြ"

ကိုဒုံးပျံအသံက အားလုံးကို လွှမ်းမိုးသွားသလို ဝရုန်းသုန်းကား ဖြင့် ထိုးကြိတ်လုံးထွေးနေသူများ ရပ်သွားကြသည်။ ကိုဒုံးပျံကို ရန်ဖြစ်နေသူလေးဦးစလုံးက ချစ်ကြောက်ရိုသေသောသူ ဖြစ်သလို ကျွန်းသာတွင် လူငယ်များအပေါ် အရာရာ ဦးဆောင်နေသူပင် ဖြစ်ပြီး ဘောလုံးအသင်းခေါင်းဆောင်လည်း ဖြစ်သည်။

"မင်းတို့ တော်တော်ဆိုးတဲ့ အကောင်တွေကွာ၊ ရန်သူတွေ ကျနေတာပဲ၊ ကိုယ့်ဝိုင်းကိုယ်ထိုင်၊ ဟော့ကောင်- ဆင်ပေါက်၊ မင်း ဒီဘက်ကိုလာ၊ ပြောစမ်းပါဦး မင်းတို့ ဘာဖြစ်တာလဲ" ဟု မေးလိုက် လျှင် ကျင်မောင်က -

"ကိုကြီးဒုံးပျံ၊ ကျွန်တော်တို့ဝိုက်က ငါးတွေကို ဟောဒီ ကောင်တွေ ခိုးတယ်၊ ခိုးတာမှ ဖြတ်ခိုးတာ မဟုတ်ဘူး၊ ဓားနဲ့ တစ်ပိုင်းဖြတ်ပြီး ယူသွားကြတာ၊ အဲဒါ ဒီမှာလာကြွားတယ်၊ အမြည်းလုပ်တယ်၊ ဟောဒီမှာ သူတို့ဖြတ်သွားလို့ ကျန်တဲ့ငါးခေါင်း ပိုင်းတွေ၊ အဲဒါက စတာပဲ" ဟု ပြောလိုက်လျှင် ဆင်ပေါက်က -

"ကိုကြီးဒုံးပျံ၊ ကျွန်တော်တို့ခိုးတာ မဟုတ်ဘူး၊ ဈပ်ထိုးရောင်းတဲ့ ငါးသည်ဆီက ဝယ်လာတာ၊ ဒီကောင်တွေက သက်သက်မဲ့ ဘာလိုင်းကြီး စွပ်စွဲတာ"

"ဟော့ကောင်- ဆင်ပေါက်၊ ဘယ်သူမှ အဲဒီလို မခိုးဘူး မင်းတို့က ညာဏ်နီညာဏ်နက်များတာ"

ဆားခါးစကားအဆုံး -

"ဘာကွ"

ဆင်ပေါက်မှ လက်ကားယား ခြေကားယားဖြင့် ပြောလိုက် လျှင် ကိုဒုံးပျံမှာ မနေသာတော့။

"ဟေ့ကောင် ဆင်ပေါက် ခဏနေစမ်း၊ မင်းတို့ အခု အငြိုး အတောက် မတည့်တဲ့ စကားတွေနဲ့ ငြင်းကြဦးမှာပဲ၊ ပြောမနေကြနဲ့၊ ကျင်မောင်နဲ့ဆားခါး မင်းတို့ ဒီကောင်တွေ ယူတယ်လို့ထင်ရင် ငါ ငါးအစားပေးမယ်၊ ဒီနေ့ ဒီကောင်တွေ ငါ့အိမ်မှာ စက်ပြင် နေကြတာမို့ ငါ့တာဝန်ထားကွာ၊ လျော်ပေးမယ်" ဟု ပြောလိုက်လျှင် ရွှေခါးက -

"ဟာ- ကိုကြီးဖိုးယုံ့ အဲဒီလိုတော့ မလုပ်ပါနဲ့၊ ကျွန်တော်တို့ အစားပေးလိုက်ပါ့မယ်၊ ဒီမှာ ဆားခါးနဲ့ ကျင်မောင်၊ ငါတို့မသိလို့ ဟို ဦးလှထွန်းကြီး ပိုက်မချရဖူးချထားလို့ သူ့ပိုက်ထင်ပြီး ပြောင် ချင်နောက်ချင်လို့ ငါးတွေတစ်ပိုင်းဖြတ်ယူခဲ့တာပါကွာ၊ မင်းတို့ဟာ ဆိုရင် ငါတို့ အစားပြန်ပေးမယ်၊ ဘာမှပြောမနေနဲ့၊ မှတ်ထား မင်းတို့" ဟု ခပ်မာမာပြောလိုက်သလို ဆင်ပေါက်က -

"ဟေ့ကောင် ကျင်မောင်၊ တို့ကို မင်းအကောင် ဆားခါးက ငါးကြော်ပန်းကန် လွှင့်ပစ်ပြီး စိန်ခေါ်တာ ရှင်းတယ်ကွာ"

"မင်းတို့က တို့ကို မခံချင်အောင်လုပ်ပြီး ကြောသလိုလုပ်တာ ကိုးကွ" ဆားခါးက ကြားဖြတ်ပြောနေပြန်သည်။

"ကဲ ဆင်ပေါက်တို့ရော၊ ဆားခါးတို့ရော တော်ပြီကွာ၊ ရပ်ကြ တော့၊ မင်းတို့ကို ဒီမှာ အဆင်သင့်တွေ့တာနဲ့ အတော်ဘဲ၊ မနက်ဖြန် ညနေကို ငါတို့ကျွန်းနဲ့ ဟိုဘက်ကမ်း တောင်ညိုနဲ့ ဘောလုံးကန်ဖို့ ချိန်းထားတယ်၊ အဲဒါ မနက်ဖြန် ဆားခါးရော ကျင်မောင်ရော ထည့်ထားတယ်"ဟု ပြောလိုက်လျှင် ဆားခါးက ဝမ်းသာအားရ ပြောသည်။

"ဟာ ကိုကြီးဒုံးပျံလည်း၊ ကျွန်တော်တို့ ကျွန်းသုံးရွာအသင်းနဲ့ တောင်ညှိအသင်း ကန်ကြမှာဆိုတော့ ဘယ်အညှဲ့ခံလို့ ဖြစ်မလဲဗျာ၊ ကျင်မောင်ရော၊ ကျွန်တော်ရော လိုက်မှာပေါ့၊ နောက်ပြီး ဒီကောင်တွေလည်း ပါမှာပေါ့ဗျာ" ဟု ပြောလိုက်လျှင် ကိုဒုံးပျံက -

"ဟာ- မင်းကလည်း ဒီကောင်နှစ်ကောင်လည်း ငါပြောပြီးပါပြီကွ၊ အေး- တစ်ခုတော့မှာမယ်နော်၊ မင်းတို့ဘောပွဲက သုံးနာရီလောက်စမှာ၊ နေကလည်း ပြင်းတယ်၊ အရက်တော့ သောက်မလာကြနဲ့၊ အရက်သောက်ထားရင် ငါထည့်မကန်ဘူးနော်၊ ပြီးမှ သောက်ရင်သောက်ကြ" ဟု ပြောလိုက်လျှင် အားလုံးက -

"စိတ်ချ"

ဟု တစ်ပြိုင်တည်းပြောလိုက်ကြသည်။ ကိုဒုံးပျံက -

"ကဲ- မင်းတို့ အခုနရန်ဖြစ်တာ ဘယ်ကောင်မှ စိတ်ထဲမှာ မထားကြနဲ့နော်၊ ကဲ- ဒီညနေ ငါပဲ ဒကာခံပါမယ်၊ ကဲ- သောက်ကြ သောက်ကြ" ဟု ပြောလိုက်သည်နှင့် သူတို့လူစုမှာ တစ်ဝိုင်းတည်း ထိုင်၍ ခွက်တိုက်နေလေတော့၏။ စကားသံတွေကလည်း ဆူညံလာတော့၏။ မနက်ဖြန်ကန်မည့် ဘောလုံးပွဲအကြောင်း စီမံချက်တွေ ချနေသည်မှာ မဆုံးတော့။

ထိုစဉ် ဆိုင်ကယ်သံကြားလိုက်သဖြင့် ကိုဒုံးပျံက အနီးရှိ ဆင်ပေါက်ကို ပခုံးပုတ်လိုက်ရင်း မေးငေါ့ပြကာ ပြောသည်. . .။

"ဟေ့ကောင်- တဲအပြင် ခဏကြည့်စမ်း၊ ဆိုင်ကယ်သံကြားတယ်"

ကိုဒုံးပျံ စကားမဆုံးခင် တဲအပြင်မှ အသံကြားလိုက်ရသည်။

"ကိုကြီးဒုံးပျံ ကျွန်တော်ပါ၊ ရွှေဒင်္ဂါးတို့ကို လိုက်ရှာရအောင် သွားတယ်လို့ မကျေးဖြူပြောလိုက်လို့ မေးစမ်းပြီး လိုက်လာတာ"ဟု ပြောရင်း တဲအတွင်းဝင်လာသူမှာ ပြည့်ဖြိုးမောင်. . .။

"ဟေ့ မောင်ဖြိုး၊ ဘာအရေးကြီးလို့လဲကွာ၊ အစည်းအဝေး ရှိလို့လား၊ လာထိုင်ကွာ"

"မထိုင်တော့ပါဘူး ကိုကြီးဒုံးပျံရာ၊ အဓိကအကြောင်းကတော့ အခု ၇၂ နာရီဆိုတော့ နှစ်ရက်အတွင်းမှာ မုန်တိုင်းရှိတယ်လို့ သတင်းကြေညာနေတယ်၊ အဲဒါ ကျွန်တော်လည်း တစ်ကျွန်းလုံး ပတ်ပြီး ပြောရင်းနဲ့ ကိုကြီးဒုံးပျံဆီ ဝင်လာတာ၊ အဲဒါ တစ်ဆင့် တစ်ဆင့် ပြောပေးပါဦးဗျာ၊ အခုမုန်တိုင်းက အင်အားကြီးတယ် ပြောတယ်၊ အဲဒါ ကိုကြီး လာပြောတာ၊ ကျန်တဲ့ဘက်တွေ ပတ်ပြော လိုက်ဦးမယ်"

"ဟာ- ဟုတ်လား၊ မောင်ဖြိုးရေ စိတ်ချပါကွာ၊ အစ်ကိုကြီး ဆက်ဆက် ကြေညာပေးလိုက်ပါ့မယ်"

သို့ဖြင့် ပြည့်ဖြိုးမောင် ဆိုင်ကယ် အမြန်မောင်းထွက် သွားသည်။

"သောက်မှာသာ သောက်ပါ ကိုကြီးဒုံးပျံရာ၊ ပင်လယ်သားတွေ ရေဒီယိုက မုန်တိုင်းသတင်းသာ ကြောက်နေရင် အခု မြည်းနေတဲ့ ငါးတောင် မြည်းစရာမရှိ ဖြစ်တော့မှာပေါ့၊ မိုးဦးကျဆိုတော့ ဒီလို ပြောနေကျပါဗျာ" ဟု ဆားခါးက ပြောလိုက်သလို ဆင်ပေါက်က-

"လူတွေ အလုပ်တွေ အရှိန်ပျက်လို့ဗျာ၊ ဒီလောက်လေများ တိုက်လာတဲ့ဘက် ငါးခုတ်တဲ့ဓားမ ထောင်ပြလိုက်တာနဲ့

ပြေးလောက်ပါတယ်ဗျာ။ ဒါပဲနော် ကိုကြီးဒိုးပုံ့ မုန့်တိုင်းမကလို့ လေသင်တုန်းပဲလာလာ မနက်ဖြန် ဘောလုံးပွဲတော့ မဖျက်နဲ့နော်" ဟု ပြောလိုက်လျှင် ရွှေဒင်္ဂါးနှင့် ကျန်သူများကလည်း -

"ဟုတ်တယ် ဟုတ်တယ်" ဟု ပြောလိုက်ကြသည်။ ကိုဒိုးပုံ့က-

"အေးပါကွာ၊ မောင်ဖြိုးပြောတဲ့သတင်းလည်း လူတိုင်း ပြောပေးဖို့ ငါ့မှာတာဝန်ရှိတယ်ကွ၊ နောက်ပြီး ငါ ခေါင်းဆောင်တဲ့ ကျွန်းသာအုပ်စု ဘောလုံးအသင်း မနက်ဖြန်ကန်ရင် နိုင်ဖို့လည်း ငါ့မှာ တာဝန်ရှိတယ်ဆိုတာ ခေါင်းထဲမှာ ရှိပြီးသားပါကွ၊ အေး ဆင်ပေါက် ပြောသလို ဘောလုံးပွဲတော့မဖျက်ဘူး၊ လေသင်တုန်းကို ခြေသလုံးနဲ့ ကန်ပစ်မယ်ကွာ၊ ကျေနပ်ပြီလား ဟား ဟား ဟား" ဟုပြောရင်း ဟန်ပါပါလုပ်ပြလိုက်သည်။

"ဟား. . . ဟား. . . ဟား"

ကိုဒိုးပုံ့ အပြောနဲ့ဟန်ပန်ကြောင့် ရွှေဒင်္ဂါးတို့မှာ သဘောကျစွာဖြင့် ရယ်လိုက်သည့် ရယ်သံများမှာ ဆူညံနေလေတော့၏။

○○○

## အခန်း-၁၈

"ကိုဖိုးပျံ့ တစ်ယောက်တော့လေ သူများတကာတွေ လေတိုက်မယ်ကြားလို့ စိတ်ညစ်နေရတဲ့အထဲ ရှင်တို့က တရုန်းရုန်းနဲ့ ဘာတွေလုပ်နေကြဦးမှာလဲရှင်၊ ဟောဟိုမှာ ဆားခါးကလည်း ဦးရှင်ကြီးတင်တဲ့ ကျောင်းဆောင်ကြီး အိမ်ထဲကို ထမ်းလာပါလား"

ကိုဖိုးပျံ့၏ ဇနီးသည်ဖြစ်သူက ကိုဖိုးပျံ့နှင့် သူတို့ ကျွန်းသုံးရွာမှ လူငယ်တစ်စုကိုကြည့်ရင်း မေးလိုက်သည်။ ကိုဖိုးပျံ့လည်း မကျော့မြကို တစ်ချက်ကြည့်သည်။ ပြီးမှ ပြောသည်။

"ဘာမှလုပ်နေတာ မဟုတ်ပါဘူး မကျော့မြရာ၊ ဒီညနေ ဟိုဘက်ကမ်းမှာ ဘောလုံးပွဲရှိလို့ မသွားခင် ဦးရှင်ကြီးကို ဆွမ်းတင်မလို့ လူစုနေတာပါကွာ။ ဒါနဲ့ နေပါဦး သွားတုန်းက သားလေး ပါသွားပြီး အခု ဘယ်မှာကျန်ခဲ့သလဲကွ"

"ဘယ်မှကျန်ခဲ့တာ မဟုတ်ပါဘူးရှင်၊ ရှင့်သားက သူ့အဘွားတွေအိမ်မှာ နေခဲ့ချင်တယ်ဆိုလို့ ထားခဲ့တာ၊ သူ့ အဘွားကလည်း မနက်ဖြန်မှ လာခေါ်ပါတဲ့၊ သူ့ဒေါ်လေးတွေကလည်း အတင်းခေါ်ထားတာလေ"ဟု မကျော့မြမှ ကိုဖိုးပျံ့အမေးကို ဖြေလိုက်ရင်း

သူ့အိမ်တွင် ဘောလုံးကန်ရန်အတွက် ရောက်နေကြသော အငြိ ဘောင်းဘီ အရောင်စုံဖြင့် တက်ကြွနေကြသည့် လူငယ်များဘက်သို့ လှည့်ကြည့်လိုက်ရင်း ပြောသည်။

"မင်းသားချောတွေကတော့ ဟန်ရေးတပြပြနဲ့ ဘာမှ မှုပင် ရမှန်း မသိကြဘူး။ တစ်ကျွန်းလုံးမှာတော့ အခု လေလာမလား၊ မိုးလာမလားနဲ့ တထိတ်ထိတ်ဖြစ်နေကြပြီ နင်တို့ အခုလို အချိန်မျိုးမှာ မိဘတွေအတွက်၊ အိမ်အတွက်ရော မပူကြတော့ဘူးလား၊ ငါ့ယောက်ျားတော့ မတူကြနဲ့ မှားလိမ့်မယ်နော်"

မကျေးဖြူအပြောကြောင့် လူငယ်များအားလုံး ပြုံးစိစိ ဖြစ်သွားကြသလို ကိုဒုံးပုံနှင့် ဦးရှင်ကြီးတင်ရန် ပြင်ဆင်နေသည့် ဆားခါးက ပြုံးစေ့စေ့နှင့်ပြောလာသည် . . .။

"ဟာ မမလေးကျေးဖြူကလည်းဗျာ၊ စိန်ကောင်းကျောက် ကောင်း ရောင်းတဲ့နေရာမှာ ဆေးနိုးသည်ကန့်လန့် လုပ်မနေပါနဲ့၊ ဒီနေ့ဘောလုံးပွဲမှာ ဦးရှင်ကြီး ဆွမ်းတင်ပြီး နိုင်အောင် ဆုတောင်း နေတာဗျ ဟောဒီ ရှိတဲ့လူအားလုံး မေးကြည့် ဟောဒီ ကိုကြီးဒုံးပုံက ကျွန်တော်တို့ခေါင်းဆောင်၊ ဆရာသမား၊ ဆရာသမားကို ဇနီးဆိုတဲ့ ပါဝါနဲ့ သိက္ခာမချပါနဲ့ဗျာ၊ မဟုတ်ဘူးလားဟေ့ ဘော်ဒါတို့ရေ"

"မှန်တယ်. . . ဟုတ်တယ်" ဟု အားလုံးက သံပြိုင်ပြော လိုက်ကြသလို လက်ခုပ်လက်ဝါးပါ တီးလိုက်ကြသည်။

ကိုဒုံးပုံကလည်း ဇနီးသည်နှင့် သူ့လူများ ပြောနေသည့်စကား ကို ဂရုမစိုက်အားပေ။ ဦးရှင်ကြီးတင်နေသည့် ကျောင်းဆောင်ကို လက်အုပ်ချီလျက် ဆုတောင်းပွဲ ကျင်းပနေပြီ. . .။

"ကျွန်းညီသခင် နတ်ဦးရှင်ဗျာ၊ ဆွမ်းတော်သုံးပြီးပြီဆို လက်တော် ဆေးပါ၊ ပလုတ်ကျင်းပါခင်ဗျာ၊ တပည့်လက်သားတွေကိုလည်း

ကောက်ညှင်း၊ လက်ဖက်၊ ဘုန်း ထန်းလျက်၊ ကွမ်းယာများကိုလည်း စွန့်ကြပေပါခင်ဗျာ"

ကိုဖိုးပျံပြောပြီးသည်နှင့် ဦးရှင်ကြီး တင်မြှောက်ပသထားသော စားသောက်ဖွယ်ရာများကို အားပါးတရယူ၍ စားသောက်နေကြလေ၏။

"ထည့်စမ်းကွာ၊ ခန်ဒိုးထဲမှာ ကျန်တဲ့ကောက်ညှင်း ကျန်သေးတယ်မဟုတ်လား၊ လာဟေ့- ဆင်ပေါက်၊ မမ ကျေးဖြူ ငါးပိရည်နဲ့ ဆမ်းပြီး တစ်ဝတီးလိုက်ကြရအောင်"

ရွှေခေါ်းစကားကြောင့် အားလုံး မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားကြသလို ဆားခါးက ကိုဖိုးပျံကို လှမ်းကြည့်ရင်းပြောသည်။

"အစ်ကိုကြီးဖိုးပျံ့ ဟိုကောင်တွေ ကြည့်ဦးနော်၊ ဆွမ်းတင်တဲ့ အစားအသောက်တွေက အငန်အဖျားတွေနဲ့ ရောစားလို့ မရဘူး၊ အစ်ကိုကြီးလည်း သိသားနဲ့ တော်ကြာ မဟုတ်တာတွေ ဖြစ်ကုန်ဦးမယ်၊ အခုဟာက အဖွဲ့လိုက်သွားမယ့်ဟာဗျ" ဟု မတိုးမကျယ်ပြောလိုက်ရာ နားပါးသူရွှေခေါ်းက တုံ့ခနဲရပ်လိုက်ရင်း ပြောသည်။

"ဟေ့ကောင် ဆားခါး မင်းစကား ဒီမှာတင်ရပ်နော်၊ အဖွဲ့နဲ့ဘာမှမဆိုင်ဘူး၊ ငါနဲ့ဆင်ပေါက် နှစ်ယောက်တည်းစားတာ၊ ဖြစ်စရာရှိ တို့ဖြစ်ပါလေ့စေ၊ ခံစရာရှိ တို့ပဲခံမှာပေါ့၊ မင်းဒီလို ဆွမ်းတင်တာမပြောနဲ့၊ မင်းတို့ကွင်းပိုင်ကြီးတဲ့အကောင် ဝက်သားတောင် ကွင်းထဲတင်စားတဲ့ကောင် မဟုတ်ဘူးကွ၊ နွှင်းတွေများလို့ အိမ်မှာရေဆေးပြီးမှ ပြန်ချက်စားတဲ့အကောင်၊ အရက်နဲ့မြည်းတဲ့အကောင်ကွ မှတ်ထား၊ လာ- ဟေ့ကောင် ဆင်ပေါက် ငါးပိချက်တင်မဟုတ်ဘူး၊ ရေတ်သီးများများထည့်၊ ဒါမှ စားကောင်းတာ" ဟု

ခပ်တိုက်တိုက် ပြောနေရာ ခပ်ဝေးဝေးမှကြားနေရသူ မကျေးဖြူက မှာ မနေသာတော့။

"ဟဲ့-ဟဲ့၊ တော်ကြစမ်းပါဟာ၊ နင်တို့ပြောနေတာတွေဟာ မပြောကောင်းမှန်းသိ၊ ပြောကောင်းမှန်းမသိနဲ့ မပြောကြနဲ့တော့၊ အမလေး- ကိုဖိုးယုံရေ ရှင့်လူတွေလည်း ကြည့်ပြောထားဦး၊ စည်းလွတ်ဝါးလွတ်တွေ၊ ဟင်း. . ." ဟု အော်ကြီးဟစ်ကျယ်နှင့် ပြောနေရာ ရွှေခင်းက -

"အမလေး- မမလေး ကျေးဖြူရား၊ တစ်သက်လုံး ဒီကောင်တွေက ကိုဖိုးယုံ ကျေးဖြူအိမ်မှာ စည်းလွတ်ဝါးလွတ် လုပ်နေကျ၊ အခုမှ အဆန်းလုပ်နေလို့ ရတော့မှာလား၊ မိဘအိမ်လို့ သဘောထားနေကြတာဗျ၊ ဟောကောင်တွေ စားချင်တဲ့လူရှိရင် ဦးရှင်ကြီးပွဲ ကောက်ညှင်းပေါင်းနဲ့ ငါးပိချက်ကောင်းတယ်ဟေ့" ဟုပြောရင်း အားရပါးရစားနေရာ မကျေးဖြူက ခါးထောက်ကြည့်ရင်း မကျေမနပ်ဖြစ်နေသည်။

"လုပ်ချင်သလို လုပ်ပေတော့ ရွှေခင်းရေ၊ နင်နဲ့ဆင်ပေါက်က ပြောလို့လည်း နာမှာမဟုတ်ဘူး၊ ဆန်ကုန်မြေလေး၊ သေမထူး နေမထူးတွေမို့ မပြောတော့ဘူး၊ ကျန်တဲ့လူတွေအတွက် ပူတာဟဲ့၊ ပူတာ" ဟုပြောလိုက်ရာ ဆင်ပေါက်က -

"ဟား-ဟား၊ သိပါတယ် အစ်မလေး ကျေးဖြူရား၊ ပူတဲ့အထဲ အစ်ကိုကြီးဖိုးယုံက အပူဆုံး မဟုတ်လား" ဟု ရွှတ်နောက်နောက် ပြောလိုက်ရာ မကျေးဖြူက အနားရှိ ဒုန်းတံမြက်စည်းဖြင့် ဆင်ပေါက်ကို လှမ်းပစ်လိုက်သည်။

"နှင့်စကားက ဘာပြောတာလဲ၊ ဘာအပူဆုံးလဲ ကောင်စုတ်၊ ဟင်း. . . "ဟု ပြောလိုက်ရာ အားလုံးက ဆင်ပေါက် ရှုံ့မဲ့နေဟန် ကိုကြည့်ရင်း ဝိုင်းရယ်လိုက်ကြသလို ဆင်ပေါက်က -

"အမလေး ရက်စက်လိုက်တာဗျာ၊ တံမြက်စည်းနဲ့မရိုက်ရဘူး မပစ်ရဘူးဗျ၊ မမလေးကျေးဇူးဖြစ်ရ လူ့ဝင်စားဆိုရင် ဘဝဟောင်း ပြန်ရောက်တတ်တယ်ဗျ"ဟုပြောလိုက်ရာ ဒိုးပုံ -

"ဟေ့ကောင် ဆင်ပေါက်၊ မင်းနဲ့ရွှေဒင်္ဂါးက ဘာမှ အယုံ အကြည်ရှိတဲ့အကောင်တွေ မဟုတ်ဘူးဆိုကွ၊ တံမြက်စည်းနဲ့ပစ်တာ ကျတော့ ဘဝဟောင်းပြန်မလေး ဘာလေးနဲ့ ဒီလိုဆိုတော့လည်း ကြောက်ချေက အပါသား၊ မကျေးဇူး နောက်တစ်ချောင်းယူပြီး ဟိုကောင် ရွှေဒင်္ဂါးပေါ် ပစ်လိုက်၊ ပစ်လိုက်"

"အမလေး- မလုပ်ပါနဲ့ဗျာ၊ ကိုကြီး အုန်းတံမြက်စည်းက အိမ်ယောင်ဦးထဲက တံမြက်စည်းနော်၊ အဖျားမရှိတော့ဘူး၊ အရင်း ရောက်အောင် တိုနေပြီ၊ ထိရင်နာမယ်ဗျ မလုပ်နဲ့ မလုပ်လိုက်နဲ့"

"ဟား. . . ဟား. . . ဟား. . . "

ရွှေဒင်္ဂါး ဖက်ပူ၍ လက်တကာကာနှင့်ပြောနေရာ အားလုံး သဘောကျသံများ ကိုဒိုးပုံတို့အိမ်မှာ ဆူညံသွားတော့၏။

ooo

## အခန်း-၁၃

"မြဇင်ယော်တို့ရွာကို အဆက်အသွယ်ရသေးလား၊ မုန်တိုင်း အခြေအနေက တစ်နေ့ထက်တစ်နေ့ အားကောင်းလာနေတယ်လို့ သတင်းတွေက ကြေညာနေပြီ"

စိုးရိမ်စိတ်ဖြင့် မေးနေသည့် ဒေါက်တာမျိုးလွင်အောင်ကို ကြည့်ရင်း မြဇင်ယော် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မနေ့ကတော့ ရွာနဲ့အဆက်အသွယ် ရပါတယ်၊ သဘော်တွေ၊ စက်လှေတွေတော့ အသွားအလာ ရပ်ထားတယ်လို့ ကြားတယ်၊ ဟိုမှာတော့ မုန်တိုင်းတို့ လေပြင်းကျတာတို့ကတော့ အတွေ့အကြုံ ရှိဖူးတဲ့လူများပါတယ်၊ ဒါပေမဲ့ အခု မုန်တိုင်း အားပြင်းတယ်ဆိုတော့ စိတ်တော့ပူနေရတယ်ရှင့်" ဟု ပြောလိုက်လျှင် မျိုးလွင်အောင်က-

"ဟုတ်တယ်ဗျာ၊ အဲဒီအကြောင်းပဲ လူတွေက ပြောနေကြတာလေ၊ ဟိုအရင် ပုသိမ်မှာတိုက်ခဲ့ဖူးတဲ့ မုန်တိုင်းထက်ပြင်း နိုင်တယ်တဲ့"

ပြောလိုက်ချိန်တွင် ဒေါ်မြယု အိမ်ထဲဝင်လာပြီး ဒေါက်တာ မျိုးလွင်အောင်ကို တွေ့လိုက်ရသည်နှင့် -

"ဟော- မောင်မျိုးလွင်အောင် ရောက်နေတာကြာပြီလား၊ အန်တီလည်း ဈေးအတင်းဝယ်ပြီး ပြန်လာတာ၊ မိုးလေဝသအထူး သတင်းက မကြာခဏ လွှင့်နေလို့ အရေးကြီးတာပဲ ဝယ်ပြီးပြန်လာ

တာ၊ ဪ-တူမကြီးရေ မောင်မျိုးလွင်အောင်အတွက် အစေးလေး လုပ်လိုက်ပါလားကွယ်"

"နေပါစေ အန်တီ၊ ကျွန်တော် အခု ပြန်တော့မှာပါ၊ ကျွန်တော် ကော်ဖီ သောက်ထားလို့ပါ" ဟု ပြောလိုက်သည်။ ဒေါ်မြယုက ဆက်ပြောလိုက်သည်။

"ဪ- ဒါနဲ့ မောင်မျိုးလွင်အောင်ရေ ဆရာတော်ကြီးက ရန်ကုန်ကနေပြီး တစ်ဆက်တည်း ဇာတိမြေဖြစ်တဲ့ ရွှေစက်တော် နားက လက်ကိုင်းဘက်ကို ဆက်ကြွသွားတယ်၊ ဆရာကြီးဦးမြင့်ရွှေ တို့ကလည်း ငယ်စဉ်ကာလကတည်းက အောက်ပြည်အောက်ရွာ ရောက်နေတဲ့ ဆရာတော်ကြီးကို အညာဘုရားဖူးခရီးနဲ့ ဇာတိမြေ ကို ပြန်ကြွနိုင်ဖို့ တိုက်တွန်းစီစဉ် ကြတာလေ၊ အဲ- ဆရာတော်ကြီး အညာကနေ ပြန်ကြွလာရင်လည်း ငါတို့အနေနဲ့ ဆရာတော်ကြီးကို နောက်တစ်ခါ ဆေးစစ်ဖို့ စီစဉ်ပေးဦးနော်" ဟု ပြောနေသဖြင့် ဒေါက်တာ မျိုးလွင်အောင်က -

"ဟုတ်ကဲ့ စိတ်ချပါ အန်တီ၊ ကျွန်တော် စီစဉ်ထားပါမယ်၊ အားလုံးက စိတ်ပူကြလို့သာ ဆရာကြီးကို ဆေးစစ်ဖို့ စီစဉ်ပေး ကြပေမယ့် ကျွန်တော်တို့ပါရဂူကြီးတွေနဲ့ (Medical Checkup) လုပ်ကြည့်ကတည်းက ဆရာတော်ကြီးက ဒီအသက်အရွယ်ထိ ထွေထွေထူးထူး ရောဂါမရှိပါဘူး၊ အခုနှစ်ပိုင်းက ရာသီဥတု ပူပြင်း တာကြောင့် လူကြီးပိုင်းဖြစ်တတ်တဲ့ ချွေးထွက်များပြီး မောပန်း တတ်တာ ဒီလောက်ပါပဲ အန်တီ၊ အဲဒါကလည်း ဆရာတော်ကြီး ဟာ ငယ်စဉ်ကတည်းက ဆေးလိပ်မသောက်၊ ကွမ်းမစားဘူးလို့ သိရသလို ဟိုတုန်းက အသက် ၆၀ နားလောက်အထိ ဆွမ်းခံတာ၊

လမ်းလျှောက်တာ တစ်နေ့ သုံးမိုင်ထက်မနည်းဘူးလို့လည်း သိရပါတယ်ခင်ဗျာ" ဟု ပြောလိုက်သလို ဒေါ်မြယုက -

"အဲဒါတော့ ဟုတ်တယ် မောင်မျိုးလွင်အောင်ရေ အခုထက်ထိ ဆရာတော်ကြီးက လမ်းလျှောက်တာမလုပ်ရရင် စကြံနံလျှောက်နေကျ၊ တစ်ခါတလေကျ လမ်းလျှောက်တော့ လေတိုက်ခံရပြီး ရင်ကျပ်တာ၊ ချောင်းဆိုးတာတွေရှိလို့ ကျွန်းထဲက ရွာသားတွေက တားယူရတဲ့အထိကွယ့်"ဟု ပြောလိုက်သလို မြဇင်ယော်က-

"ဟုတ်တယ်နော်၊ ဆရာတော်ကြီးက နံနက်ပိုင်း အရုဏ်ဆွမ်းစားပြီးရင် အခုအထိ လမ်းလျှောက်ကြတာ၊ နောက်ပြီး ကိုယ်တိုင်လည်း ဆွမ်းခံကြွသေးတာ၊ သမီးတို့ ရွာမှာရှိတုန်းကတောင် အအေးပတ်ပြီး ရင်ကျပ်လို့ ဆရာတော်ကြီးအတွက် ဆရာကြီးဦးမြင့်ရွှေက သမီးတို့ ပြည်ဖြိုးမောင်တို့ကို ကုန်းဗေဒါတို့ အခြားဆေးပင်တွေ အရှာခိုင်းလို့ ရှာပေးရသေးတယ်"ဟု ပြောလိုက်သဖြင့် ဒေါက်တာ မျိုးလွင်အောင်က မြဇင်ယော်ကို ကြည့်ရင်း -

"ကုန်းဗေဒါဆိုတာက ဘယ်လိုအပင်လဲ မြဇင်ယော်" ဟု မေးလိုက်သဖြင့် မြဇင်ယော်မဖြေခင် ဒေါ်မြယုက -

"ဩော် ကုန်းဗေဒါဆိုတာ အခုခေတ်စားနေတဲ့ ပိစပ်လို အပင်ပေါ့ကွယ်၊ ဟိုတုန်းက အန်တီတို့ တောရွာတွေမှာတော့ ထိခိုက်ရှနာ အနည်းအပါးဖြစ်ရင် သူ့အရွက်ညှစ်ပြီး ထွက်လာတဲ့အရည်လည်း ထည့်၊ အဖတ်လည်း အုံပေးလိုက်ကြတာပဲ၊ ရင်ကျပ်၊ ချောင်းဆိုးဖြစ်ရင်လည်း အရွက်ကိုညှစ်ပြီး သောက်လိုက်တာကွယ့်" ဟု ပြောလိုက်လျှင် ဒေါက်တာမျိုးလွင်အောင်က -

"ဩော်- ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော်တို့နိုင်ငံမှာလည်း ကျွန်တော်တို့လို အနောက်တိုင်းဆေးပညာတွေ သင်ယူတတ်မြောက်

ပြီး အသုံးချနိုင်အောင် ဆောင်ရွက်တဲ့နည်းတူ တိုင်းရင်းဆေးပညာတွေလည်း ဖော်ထုတ်ပြီး ဆေးဖက်ဝင် အသီးအရွက်၊ အခေါက်အမြစ်တွေလည်း အသုံးဝင်လာတာ တွေ့ရပါတယ်ခင်ဗျား။ ဒါတွေဟာ အမျိုးသားကျန်းမာရေးအတွက် အဘက်ဘက်က တိုးတက်ဖြစ်ထွန်းပြီး အကျေ ကျိုးအကျိုးဖြစ်လာတာ ဝမ်းသာစရာပေါ့ဗျာ" ဟု ပြောလိုက်သဖြင့် မြဇင်ယော်က ခပ်ပြုံးပြုံးလေးဖြင့်-

"ဒီနေရာမှာတော့ ကိုမျိုးလွင်အောင်နဲ့ ကျွန်မ သဘောထားတူသွားပြီ၊ အဘက်ဘက်က တိုးတက်နေတဲ့ခေတ်ကြီးမှာ ခေတ်မီတဲ့ နည်းစနစ်တွေ၊ ဆေးပညာတွေ ထွန်းကားလာတာ အလွန်တန်ဖိုးရှိသလို ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ အတတ်ပညာတွေ၊ တိုင်းရင်းဆေးပညာတွေလည်း ဖော်ထုတ်ပြီး ခေတ်မီအောင် ဆောင်ရွက်သင့်ပါတယ်၊ အဲဒါကို တချို့လူတွေက အထင်သေးကြသလို မလိုဘူးလို့ ပြောတတ်ကြသလို အထူးသဖြင့် ဆေးပညာနဲ့ပတ်သက်ရင် ဆရာဝန်တွေ တော်တော်များများက တိုင်းရင်းဆေးကို ရှုံ့ချကြသလားလို့" ဟု ပြောလိုက်လျှင် ဒေါက်တာမျိုးလွင်အောင်က -

"ဒါတော့ လူအမျိုးမျိုးက ခံယူချက်အမျိုးမျိုးနဲ့ ရှုထောင့်အမျိုးမျိုးက အမြင်တွေကိုးဗျ၊ တစ်နေ့ကျရင်တော့ အဖြေတစ်ခုခုတွေ့သွားကြမှာပေါ့ဗျာ၊ အခုနေတော့ အင်း. . ." ဟုပြောရင်း စကားဖြတ်ထားလိုက်ရာ မြဇင်ယော်က ဒေါက်တာမျိုးလွင်အောင်ကိုကြည့်ရင်း ခပ်တိုးတိုးလေး ရယ်လိုက်တာ -

"ဟင်း. . . ဟင်း၊ ကိုမျိုးလွင်အောင်က ဆရာဝန် မော်ဒန်ကဗျာဆရာလို့ မပြောရဘူးနော်၊ အဓိပ္ပာယ်အမျိုးမျိုးထွက်အောင် ပြောတတ်တယ်၊ ဟင်း. . . ဟင်း. . ."

မြဇင်ယော်ကိုကြည့်ရင်း ဒေါက်တာမျိုးလွင်အောင်က တစ်ချက်ပြုံးလိုက်ရင်း -

"ကျွန်တော့်ခံယူချက်၊ ထင်မြင်ချက်ကို ပြောတာပါဗျာ၊ ဖြော် ဒါနဲ့အန်တီ ဆရာတော်ကြီး ရွာကိုပြန်ကြွရင် အန်တီလိုက်ပို့မှာလား" ဟု မေးလိုက်လျှင် ဒေါ်မြယုက -

"အန်တီတော့ လိုက်နိုင်မယ် မထင်ပါဘူးကွယ်၊ ဒီမှာ ရောက်နေကြတဲ့ အန်တီတို့ရွာသားတွေထဲက ကိုဖြိုးသားတို့ သုံးလေးယောက် လိုက်မယ်လို့ကြားတယ်၊ ဘာလဲ မောင်မျိုးလွင် အောင်က အန်တီတို့ ရွာကို လိုက်လည်ချင်လို့လား" ဟု မေးလိုက် လျှင် ဒေါက်တာမျိုးလွင်အောင်က ခပ်ပြုံးပြုံးဖြင့် -

"အန်တီ့ရင်ထဲမှာ ပုဏ္ဏားလေးရှိနေသလား အောက်မေ့ ရတယ်၊ ဟုတ်တယ် အန်တီ၊ ကျွန်တော် နွေရာသီ ခရီးသွားနေကျ ဆိုတော့ သွားနေကျနေရာတွေ မသွားဘဲ အသစ်တစ်နေရာရာ သွားရင် ကောင်းမလားလို့ပါ"

"သွားရင်ကောင်းမလား လုပ်မနေနဲ့ မောင်မျိုးလွင်အောင်ရေ အန်တီတို့ရွာကို လိုက်ဖြစ်အောင်လိုက်ဖို့ စီစဉ်ထားတော့၊ မင်းသွား ဖြစ်ရင်တော့ အန်တီပါလိုက်မယ်ကွာ"

"ဟင်း- ဒေါ်ဒေါ်က စောစောကပြောတော့ သွားနိုင်မယ် မထင်ဘူးဆို ဟင်း. . . ဟင်း"

အဒေါ်ဖြစ်သူကိုကြည့်ရင်း မြဇင်ယော်မှ တဟင်းဟင်း ရယ်ရင်းပြောနေလျှင် ဒေါ်မြယုက -

"အမယ်လေး- မြဇင်ယော်ရယ်၊ ခေတ်ပညာတတ်ဖြစ်ပြီး အတွေးခေါင်နေလိုက်တာ၊ အခုလို ဆရာဝန်တစ်ယောက်နဲ့ ခရီး

သွားရမှာဆိုတော့ လမ်းခရီးမှာ သွေးပေါင်တက်မှာ၊ သွေးပေါင်ကျမှာ မူးမှာမော်မှာ မပူရတော့ဘူး။ ဒီလိုအခွင့်အရေးကြုံတာကို မသွားဖြစ်ရင် ဒေါ်ဒေါ် ထက်မိုက်တဲ့လူ ရှိပါဦးမလား၊ မဟုတ်ဘူးလား မောင်မျိုးလွင်အောင်ရယ်၊ ဟင်း . . . ဟင်း"

မျက်လုံးမျက်ခုံးချီ၍ ပြောနေလျှင် မြင့်ယော် အနေအထိုင် ခက်သလို ဖြစ်နေသည်။ ဒေါက်တာ မျိုးလွင်အောင်က -

"ကဲ- အန်တီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ မမြင့်ယော် . . . ၊ ပြန်လိုက်ပါဦးမယ်ခင်ဗျာ"

"ဟုတ်ကဲ့ရှင်"

"မောင်မျိုးလွင်အောင်ရေ အန်တီတို့ရွာကို လိုက်ဖြစ်အောင် ကြိုးစားနော်၊ အန်တီလည်း မရောက်တာ ကြာပြီပဲ၊ အန်တီ စီစဉ်ထားလိုက်မယ်နော်" ဟု နှုတ်ဆက်၍ ပြန်ထွက်သွားသော ဒေါက်တာ မျိုးလွင်အောင်ကို ဒေါ်မြယု ထပ်ခါထပ်ခါပြောနေသဖြင့် -

"ကြော် ဒေါ်ဒေါ်ကလည်း ဘာမှန်းလည်းမသိဘူး" ဟု ပြောလိုက်သလို ဒေါ်မြယုက -

"ဘာမှန်းလည်း မသိဘူး မလုပ်နဲ့ မြင့်ယော်ရေ ဘာမှန်းသိအောင်ကိုလုပ်တာ၊ သူ့မိဘတွေက ဟောဒီက ငါ့တူမ အလှအပလေး၊ အချောအလှလေးနဲ့ သူတို့သားကို သဘောတူနေတာ၊ ငါ့တူမကြီးတို့ နှစ်ယောက်ကသာ ကျွန်မတို့ ကျွန်တော်တို့အဆင့်က မတက်သေးတာ၊ ဟော အခုလို မောင်မျိုးလွင်အောင် တို့ရွာကို လာလည်တော့ တို့ဆွေမျိုး အသိုင်းအဝိုင်းတွေနဲ့လည်း မိတ်ဆက်

ပေးရတာပေါ့၊ ဖြစ်နိုင်ရင် ပွဲရုံတွေ ခေါ်လှဲ့ခဲ့ပြီး ငါ့တူမပါ လိုက်ရမယ်နော်" ဟု သူ့ဆန္ဒကို ပြောလိုက်လျှင် မြင့်ယော်က -

"ဒေါ်ဒေါ်ရယ် ကျွန်မတို့က မိန်းကလေးဘက်က သမီးရှင်ဆိုတာလည်း ထည့်တွက်ပါဦး"ဟု ပြောလိုက်လျှင် ဒေါ်မြယုက-

"ဟင်း- ညည်းအဒေါ် သိပါတယ် မြင့်ယော်ရယ်၊ သိလို့လည်း ပညာတတ်၊ ရုပ်ချော၊ သဘောကောင်းတဲ့ ဆရာဝန်နဲ့ ငါ့တူမကို သဘောကျနေလို့ ရွှေလမ်းငွေလမ်းခင်းတဲ့ သဘောပါနော်၊ ငါ့နှယ်အေ နေရာချင်းသာ လဲလိုက်ချင်တော့တယ်" ဟု ပြောလိုက်သဖြင့် မြင့်ယော်တစ်ယောက် သူ့အဒေါ် ဒေါ်မြယုကို ပြုံးပြုံးလေးကြည့်ရင်း -

"လဲလိုက် ဒေါ်ဒေါ်ရယ်၊ လဲလိုက်" ဟု ခပ်တိုးတိုးလေး ပြောလိုက်လေတော့၏။

○○○

## အခန်း-၂၁

"ဟေ့ကောင် ရွှေဒင်္ဂါးရေ. . .၊ ရွှေဒင်္ဂါး"

"ဘာလဲကွ ဆင်ပေါက်။ ငါ ဒီမှာကွ၊ အိပ်ရာထဲမှာ"

ဆင်ပေါက်ခေါ်သံကြောင့် ရွှေဒင်္ဂါး ကွေးအိပ်နေရာမှ လှမ်းပြောလိုက်သလို လူက မထနိုင်သေး။

"ဟေ့ကောင် ဘယ်အချိန်ရှိပြီလဲ၊ ထစမ်းပါဦးကွ၊ မင်းမှာလည်း နေနိုင်လိုက်တာ၊ ပတ်ဝန်းကျင် အနေအထားလည်း ထကြည့်ပါဦး၊ လေတိုက်တာ နည်းနည်းများလာသလားလို့" ဟု ပြောရင်း တဲအတွင်းဝင်လာသည့် ဆင်ပေါက်မှာ ပုဆိုးတစ်ထည်ကိုခြုံ တစ်ထည်ကို ခေါင်းမှာ အုပ်ပေါင်းထားသည်။

"ဟေ့ကောင်- ဆင်ပေါက်၊ မင်းအခြေအနေက တော်တော်ဆိုးနေသလား၊ မင်းလုပ်ပုံနဲ့တော့ ပုဆိုးရောင်းတဲ့ ဒေါ်ကြီး သူဌေးဖြစ်တော့မယ်"

"ဟေ့ကောင်၊ ဘာတွေ အိပ်ချင်မူးတူးနဲ့ ပြောနေတာလဲ၊ လေတိုက်နေတာလည်း ထကြည့်ဦး၊ သူများတွေ ဗျာယာခတ်နေပြီ"

"ငါ သိပါတယ် ဆင်ပေါက်ရာ၊ ဒီလောက်က တို့နေရာမှာ တိုက်နေကျပါ၊ အဲဒါကြောင့်လည်း ငါ အေးအေးရှိတာနဲ့ အိပ်ထဲ

ဝင်ကွေးနေတာ" ဟု ပြောလိုက်သလို ကမ်းစပ်ဘက်မှ တက်များကို စုထမ်းလာသည့် ဦးဗလာကြီးကလည်း -

"ဟေ့ကောင် သားကြီး ထစမ်း။ မုန်တိုင်းဆိုတာ မှန်လောက် တယ်ကွ၊ လှေလေးတွေ ကြိုးတွေချည်ထားရအောင်၊ တော်ကြာ ပျောက်ရှကုန်နိုင်တယ်၊ လှေကြီးတွေကတော့ သိပ်ကိစ္စမရှိလောက် ဘူး၊ ထကွ မြန်မြန်၊ ဆင်ပေါက်လည်းရောက်တုန်း ငုတ်ရိုက် သင့်တာ ရိုက်ရအောင်" ဟု ပြောပြီး ဦးဗလာကြီးက ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကို ငုံ့၍သောက်နေသည်။

"ဟာ- ဒီလောက်တောင် ဖြစ်နေပြီလား အဖေ၊ ရတယ် ရတယ်၊ ကျွန်တော်နဲ့ဆင်ပေါက် လုပ်လိုက်မယ်၊ အဖေ ချမ်းနေပြီ၊ တဲထဲမှာနေပါ၊ လာဟေ့- ဆင်ပေါက် ငါ့ကို ကူညီဦးကွာ"

သို့ဖြင့် ဆင်ပေါက်နှင့် ရွှေဂါးတို့နှစ်ယောက် လှေများထားရာ သို့ ဆင်းသွားကြသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ လက်ချည်းမလာသွားလို့ ဘာလုပ် ရမှာလဲ၊ ဟောဒီမှာ နိုင်လွန်ကြိုးတွေရော၊ သံကြိုးတွေရော ယူသွား ကြဦးကွာ"

ဦးဗလာကြီး လှမ်းပြောသံကြောင့် ရွှေဂါး ပြန်လှည့်လာပြီး တဲအတွင်းမှ ပစ္စည်းများယူ၍ လှေများထားရာဆီသို့ ဆင်းသွားလေ ၏။ သူတို့လှေများကို ငုတ်ရိုက်ကြိုးချည်လုပ်နေချိန်တွင် လှိုင်းတွေက တဝုန်းဝုန်း ဖြစ်နေသည်။ အနောက်တောင်ဘက်မှ လေများက တဟူးဟူး တိုက်နေသလို မိုးသားတိမ်လိပ်များက တရိပ်ရိပ်ပြေး နေသည်။

"ဗလာကြားရေ ဟေ့- ဗလာကြား. . ."

အဝေးမှ လှမ်းခေါ်နေသည့် အသံတစ်သံကြောင့် ရွှေဂါး လှည့်ကြည့်လိုက်သည်။

"ဦးလေး ဘေးကြောင်ပါလား၊ ဦးလေးလူ တဲထဲမှာရှိတယ်၊ သွားလိုက်၊ ကျွန်တော်တို့ လေ့တွေချည်ပြီးရင် လာခဲ့မယ်"

"ဟေး. . . ဟေး. . ."

ဦးဘေးကြောင်တစ်ယောက် ရွှေဂါးတို့အနားမှနေ၍ တဲဘက်သို့ လှည့်ထွက်သွားသည်။ ရွှေဂါးနှင့် ဆင်ပေါက်လည်း သူတို့တဲရှေ့တွင် ပိုင်ရှင်တချို့ လာအပ်ထားသော လှေကြီး လှေငယ် များကို ငုတ်ရိုက်ကြိုးချည် လုပ်နေစဉ်အတွင်းမှာပင် လေက အနည်းငယ် လျော့သွားသည်။

"ဆင်ပေါက်ရေ ဒီအတိုင်းဆိုရင် လေက နည်းနည်းငြိမ်သွားပြီ ကွ၊ ဒါဆိုရင် ကိစ္စသိပ်မရှိတော့ဘူး၊ လာကွာ ချမ်းတယ်၊ အဝတ် အစားလဲပြီးရင် မခင်ညိုတို့အိမ်ဘက်ကို ဒိုးကြစို့"

"ကောင်းတယ်ကွာ၊ သွားဖို့သင့်တာ ကြာပြီ"

သို့နှင့် ရွှေဂါးနှင့် ဆင်ပေါက်တို့နှစ်ယောက် တဲဘက်သို့ ပြန်လာကြသည်။

"ဟေ့ကောင် ဗလာကြား၊ ကောင်းကင်က မိုးနည်းနည်း ပါလာ ပေမယ့် တစ်ခွင်တစ်ပြင်လုံး အနီရောင်သမ်းနေပုံထောက်ရင် မုန်တိုင်းက သေချာနေပြီကွ"

"ဟုတ်တယ် ဘေးကြောင်ရေ့ အဲဒါကို ငါလည်း ထွက်ကြည့် နေတာ၊ နောက်ပြီး ကောင်းကင်ပေါ်မှာ တိမ်တွေပြေးနေပုံကလည်း အပေါ်ပိုင်းက အနောက်ဘက်ပြေးနေသလို မြေပြင်နဲ့နီးတဲ့ အောက်ပိုင်းက အရှေ့ဘက်ပြေးနေတာ တွေ့နေရတယ်ကွ" ဟု

ဦးဗလာကြီးကပြောလိုက်သည်။ ဦးဘေးကြောင်က ဆက်ပြောသည်။ သူတို့အသံထဲမှာ စိုးရိမ်စိတ်တွေ ပါနေသည်။

"ငါ့အတွေ့အကြုံပြောရရင် မုန်တိုင်းက တို့အရပ်ဘက်မှာ ဖြင်းလိမ့်မယ် ထင်တယ်ဟေ့၊ သတိထားကြည့်မှ" ဟု ပြောလိုက်ချိန် တဲဝရောက်လာသည့် ဆင်ပေါက်က -

"ဟာ ဦးလေးဘေးကြောင်ကလည်း လေတောင် နည်းနည်း ငြိမ်သွားပြီ၊ အဲဒီလောက်လည်း မဖြစ်လောက်ပါဘူးဗျာ၊ တချို့ လူတွေ ငါးဖမ်းတောင် မပျက်ကြဘူးဗျ" ဟု ပြောလိုက်သလို ရွှေဒင်္ဂါးက အဝတ်အစားလဲနေရင်း -

"ဟုတ်တယ် ဦးလေးရေ ဆင်ပေါက်ပြောတာ မှန်တယ်၊ လေက စောစောကလောက် မတိုက်တော့ဘူး၊ အဲဒီတော့ ကျွန်တော်တို့လည်း မခင်ညိုတို့အိမ်ဘက် အပန်းဖြေရင်း အချမ်းပြေသွားလိုက်ဦးမယ်၊ ကဲ- သွားမယ်ဟေ့ ဆင်ပေါက်" ဟု ပြောရင်း တဲအပြင် လှမ်းထွက် လိုက်ကြသည်။

"ဟေ့- သားကြီး စောစောပြန်လာခဲ့နော်၊ သတိဆိုတာ ပိုတယ်လို့တော့ မရှိဘူးကွ၊ မင်း ပြန်လာရင် ဟို- တဲစုက မိခွန်းတို့ဆီ ဝင်ပြီး ထမင်းအိုးဝင်ယူလာခဲ့၊ မိခွန်းက လေလာမယ်ဆိုတဲ့အသံ ကြားကတည်းက ထမင်းချက်ပေးဖို့ အိုးနဲ့ဆန် လာယူသွားတာ" ဟု ပြောလိုက်သည်။ အနားရှိ ဦးဘေးကြောင်က ဝင်ပြောပြန်သည်။

"ဟာ- ဗလာကြီးတို့ကတော့ သားမျက်နှာနဲ့ မတော်ရ သေးတဲ့ ချွေးမလေးက လောကွပ်ကိုကျေလို့ ပိုင်ပေါ့ကွာ"

"ဟေ့ကောင် ဘေးကြောင် စွတ်ပြောမနေနဲ့၊ မင်းတူက ငါ မျက်နှာပူအောင် လုပ်နေတာကွ၊ မင်းကြည့်ပြောဦး" ဟု ပြောလိုက် လျှင် ရွှေဒင်္ဂါးက -

"ဟာ- အဖေကလည်း၊ တစ်နေ့တစ်နေ့ မိခွန်းနဲ့ချည်း အောင်သွယ်နေတာပဲ၊ ထမင်းချက်၊ ဟင်းချက်လောက်ဆိုရုံနဲ့တော့ သူ အမေကြီး ဒေါ်မိဆင်ကို အမေယူလိုက်လည်း ပြီးတာပဲဗျာ"

"ဟာ ဒီကောင် အဖေကို ဒီလိုပြောရသလားကွ၊ ခွေးကောင်လေး"

"ဟား... ဟား... ဟား..."

ဦးဗလာကြားနှင့် ရွှေဒင်္ဂါးတို့သားအဖ အပြန်အလှန် အပြောကြောင့် ဦးဘေးကြောင်နှင့် ဆင်ပေါက် ဟားတိုက်ရယ် လိုက်ကြသည်။

သူတို့ရယ်သံများက လေတိုက်သံများနှင့်အပြိုင်...။

○○○

## အခန်း-၂၁

"ဟော့ကောင်တွေ၊ ရွှေဒင်္ဂါးတို့ ဆင်ပေါက်တို့ ဗိုင်းမသိမ်းနိုင် ကြသေးဘူးလားကွ၊ မင်းတို့ကောင်တွေကလည်း တော်တော်အရစ် ရှည်တဲ့ အကောင်တွေပဲကွာ"

ပြောရင်းဆိုရင်းဖြင့် ခြေလှမ်းကျဲကျဲနှင့် ဆိုင်အတွင်း ဝင်လာ သည့် ကိုဗိုးပျံ့ကိုမြင်လိုက်သည်နှင့် ဆားခါးက ကိုဗိုးပျံ့ကို ပြုံးကြည့် လိုက်သည်။

"ဟာ- ကိုကြီးဗိုးပျံ့ . . .၊ လာမယ်ဆိုရင်လည်း စောစောလာ ပေါ့ဗျာ၊ နောက်ကျလိုက်တာ လွန်ပါရော၊ ကျွန်တော်တို့လည်း ကိုကြီးဗိုးပျံ့ ပြောသလို ဗိုင်းမသိမ်းသေးဘူး၊ အတော်ပဲ၊ မိုးကလေး လေကလေးနဲ့ဆိုတော့ အားကစားသမားအကြိုက် ဆိုသလိုပေါ့ ဟော့ကောင် ရွှေဒင်္ဂါး တစ်လုံးဖိုးထုတ်ကွာ"

မနားတမ်း ပြောနေသည်ကို ကိုဗိုးပျံ့ ကြည့်ရင်း ပြောသည်။

"ဟော့ကောင်၊ ငါ အရက်သောက်ရအောင် လာတာမဟုတ် ဘူးကွ" ဟု ပြောလိုက်သဖြင့် ရွှေဒင်္ဂါး ဖိတ်ထဲနှိုက်နေသည့်လက် ရပ်သွားသည်။ ကိုဗိုးပျံ့ကဆက်၍ အသံမာမာဖြင့် -

"မင်းတို့ ပတ်ဝန်းကျင်ကို လေ့လာဦး၊ ဒီမှာတင် ဖားပုလုံး ဒိတ်မနေနဲ့ အခု လေတိုက်နေတာ သာမန်လေ မဟုတ်ဘူး၊ ရေပါ ထလာသလိုဖြစ်နေတယ်၊ လတာပြင်တွေရော၊ သောင်တွေရော မြုပ်ကုန်ပြီ၊ ဒါကြောင့် အားလုံးကို သတိပေးရင်း မင်းတို့ကို လာခေါ်တာ"

အားလုံးကိုကြည့်ရင်း ပြောလိုက်ရာ ဆိုင်အတွင်းရောက်နေသူများနှင့် ရေချိန်ကိုက်နေကြသူများပင် အမူးပြေသလိုဖြစ်သွားသည်။

"ဟာ ဟုတ်လား"

"ဟင်"

"ခုကွပါပဲကွာ၊ ထကြ. . . ထကြ"

"အေး- ဟုတ်တယ်၊ ပြောတာမယုံလည်း ကမ်းစပ်ဆင်းကြည့်ကြဦး၊ ဟို- ဖိုးတင်တို့ ထွန်းမြတို့လည်း တော်ကြကွာ၊ မင်းတို့လည်း အိမ်ပြန်ကြဦး၊ ဟိုမှာ သားတွေ၊ မယားတွေက စိတ်ပူနေကြသနဲ့၊ ငါလည်း လိုက်သတိပေးနေတာ နေရာနှံ့နေပြီ၊ ကဲ-ရွှေခါးနဲ့ ဆင်ပေါက် ငါ့အိမ်လိုက်ခဲ့၊ ဟိုမှာ- ထမင်းရော၊ ဟင်းရော၊ သောက်ဖို့ရော စီစဉ်ထားတယ်" ဟု ပြောလိုက်သည်နှင့် ဆင်ပေါက်က -

"ဟာ- အစားက ဒီလောက်မဟုတ်ပါဘူး အစ်ကိုကြီးရဲ့ သောက်ရဖို့ အဓိကပါ" ဟု ပြောလိုက်သည်။ ရွှေခါးက -

"လှည့်ယူ လိုက်ဦးမယ်၊ ဒါနဲ့ ကိုကြီးဒုံးပျံ ကျွန်တော်တို့ခေါ်တာ ဘာအလုပ်ရှိလို့လဲဗျ" ဟု ရွှေခါးက မေးနေလျှင် ကိုဒုံးပျံက စိတ်မရှည်ဟန်ဖြင့် -

"ဟာ- ဒီကောင်၊ အမေးအမြန်းကလည်း ထူလိုက်တာကွာ၊ မင်းတို့ခေါ်တာ ငါ့ခက်လှေ ချိုးယွင်းရင် ဖက်ပြင်ဖို့ အသင့်ခေါ်ထား

တာကွ၊ မင်းတို့ကလည်းကွာ သောက်ဖို့စားဖို့ ပျော်ဖို့ပါးဖို့လောက် စိတ်ရောက်နေတာကိုးကွ လေကာ တိုးမလာဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ၊ အဲဒါ ညကြီးမင်းကြီးကျ စက်လှေရှိရက်နဲ့ စက်မကောင်းရင် ဘယ်နှယ်လုပ်ကြမလဲ၊ အသင့်လုပ်ထားတာကွ၊ ရှင်းပလား၊ ကျုပ်တို့အကောင်တွေလည်း ငါးခေါ်ထားသေးတယ် ငတုံးငမိုက်တွေရဲ့ ရွာအတွက်၊ ရွာအတွက်ကွ"ဟု ဒေါသသံစွက်၍ ပြောနေရာ ဆင်ပေါက်က -

"ပေါက်ပြီ ကိုကြီးဒုံးပျံရာ၊ စိတ်မဆိုးပါနဲ့၊ ကျွန်တော်တို့ ဒီလောက် မတုံးသေးပါဘူးဗျ ကိုကြီးဒုံးပျံအတွက်ဆို လုပ်ပေးပါ့မယ်၊ ရွာအတွက် ဘာအတွက်တွေ ပြောမနေပါနဲ့ဗျာ၊ ကိုကြီး စက်လှေ အတွက် ကျွန်တော်တို့တာဝန်ထားဗျာ၊ ပောကောင်-ရွှေဒင်္ဂါး မင်းသွားနှင့်၊ မင်းအဖေပြောပြီးလာခဲ့၊ မခင်ညိုရေ ကျွန်တော်တို့ အရက်နှစ်လုံး ပုလင်းပါငှားလိုက်ပါဦး၊ ပောကောင် ရွှေဒင်္ဂါး မင်း ရေသန့်ဘူးရှာပြီး ရေထည့်ယူလာခဲ့ဦးကွာ"

"အေး"

ရွှေဒင်္ဂါးနဲ့ဆင်ပေါက် အတိုင်အဖောက် ညီနေသလောက် ကိုဒုံးပျံမှာ ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း စိတ်မရှည်တော့။

"ပောကောင်တွေ၊ မင်းတို့ကတော့ လွန်လာပြီကွာ၊ တော်တော် ရစ်တဲ့ အကောင်တွေပဲကွာ၊ ဟိုကျမှ သောက်ကြစမ်းပါကွာ"ဟု ပြောလိုက်သည်။ ဆင်ပေါက်က လက်မခံ...။

"ဟာ- ကိုကြီးဒုံးပျံကလည်း ရစ်နေတာ မဟုတ်ပါဘူးဗျ၊ ကျွန်တော်တို့ ရေချိန်မကိုက်သေးလို့ပါ၊ ကိုကြီးဒုံးပျံ ပြောသလို လေမုန်တိုင်းသာ တကယ်တိုက်ရင် ဘယ်က အရက်ထွက်ဝယ်လို့ ရတော့မှာလဲ၊ ဟိုမှာ လူတွေလည်း ရှိနေသေးတယ်ဆို၊ အဲဒါ

ကြောင့်ပါ၊ ကိုကြီး ဒုံးယုံ့စက်လှေကို တာဝန်စောင့်ယူရင်း အေးအေး ဆေးဆေး သောက်ဖို့ပါ၊ အခု တော်ပါပြီ"ဟု ထပ်ကွန့်ပြောနေသဖြင့်-

"တဲ- ပြောမရလည်း ယူမှာဖြင့် မြန်မြန်ယူကွာ၊ သွားကြမယ်"

ဆိုနှင့် ကိုဒုံးယုံနှင့်အတူ ရွှေခါးနှင့် ဆင်ပေါက်တို့နှစ်ယောက် ငှက်ပျောဖူးပုလင်းနှစ်လုံးကို တစ်ယောက်တစ်လုံး ခါးထိုးရင်း လိုက်လာခဲ့သည်။ မိခွန်းတို့ တဲစုရောက်တော့ မိုးက မနည်းပါလာသလို လေကတော့ ငြိမ်လိုက်၊ တိုက်လိုက်နှင့်၊ ညနေ လေးနာရီအချိန်လောက်က အတိုင်းပင်။ ရွှေခါးမှာ မိခွန်းတို့အိမ်ထဲ အမြန်ဝင်ပြီး ထမင်းအိုးယူကာ ခေါင်းပေါ်မှာ မှောက်ရွက်ရင်း အပြေးတစ်ပိုင်းဖြင့် သူတို့တဲဘက်သို့ သွားနေသည်။

ရွှေခါး တဲအတွင်း ရောက်ချိန်တွင် သူ့ဖခင်နှင့်အတူ ဦးဘေးကြောင်တို့နှစ်ယောက် ဆက်ရက်မင်းစည်းစိမ် ကျနေကြပေပြီ။

"အဖေ ထမင်းစားပြီးလို့ ဒီထက်လေကြမ်းလာရင် ဦးလေးဘေးကြောင်တို့အိမ်ဘက်ကို လိုက်သွားနော်၊ ကျွန်တော် အခုည ကိုကြီးဒုံးယုံ့က သူ့စက်လှေကိုဦးစီးဖို့ ကျွန်တော်နဲ့ဆင်ပေါက်ကို ခေါ်ထားလို့ သွားတော့မယ်"ဟု ပြောလိုက်လျှင် ဦးဖလာကြားက-

"အေး. . . အေး" ဟု ပြောလိုက်သလို ဦးဘေးကြောင်က -

"ဟား. . . မင်းတို့နှစ်ယောက်ကတော့ မဟုတ်သေးပါဘူးကွ "ဖလာကြားနဲ့ ဘေးကြောင်သွေးမကြောင်" "ဘေးကြောင်နဲ့ ဖလာကြား ကမ်းသာက အားထား" ဆိုတဲ့ အကောင်တွေပါကွ စိတ်ချစမ်းပါ၊ ဆင်ပေါက်နဲ့ရွှေခါးသာ လူ့အလကားတွေ မဖြစ်စေနဲ့ကွ၊ ဟား. . . ဟား. . . ဟား. . ."

"ဟာ- ဦးလေးဘေးကြောင်ကလည်းဗျာ ပြောရောမယ်၊ ဦးလေးတို့အဖေတို့ လွန်တော့ မသောက်ကြနဲ့နော်၊ ကျွန်တော်သွားလိုက်ဦးမယ်" ဟု ပြောလိုက်လျှင် ဦးဘေးကြောင်က-

"ဟာ- ဘယ်ကလွန်ရမလဲ၊ တို့နှစ်ယောက် စကားပြောကောင်းနဲ့ အာဆွတ်လျှာဆွတ်လေး လုပ်နေတာပါကွာ၊ မင်း ဘာမှ မပူနဲ့ ဘေးကြောင်နဲ့ ဟောဒီ ဗလာကြီး လူဖျိုပေါက်ကတည်းက အရက်သောက်လာတာ၊ တန်ဆေးလွန်ဘေး စကားနဲ့ ညီသောက်လာလို့ ဒီအသက်အရွယ်အထိ ဒီလို သန်မာနေတာ စိတ်ချသွား၊ ဗလာကြီး မင်းရဲ့သားလည်း ပြောထားပါဦးကွာ၊ ဟား. . . ဟား. . ." ဟု ပြောနေသဖြင့် ဦးဗလာကြီးက -

"သားရေ- မင်းဦးလေးပြောတာ ဟုတ်တယ်ဟေ့၊ ဘာမှ မပူနဲ့ အဖေတို့လည်း ထမင်းစားတော့မှာပါကွာ၊ သွား-သွား ဒိုးပွဲက စိတ်စောပါဘိသနဲ့"

သူ့ဖခင်က ပြောနေသဖြင့် ရွှေဂါးတို့ ပွဲလှွားအိမ်ဘက်သို့ ရေပုလင်းနှစ်လုံး ခါးထိုးပြီး ထွက်လာခဲ့သည်။ ရွှေဂါး ကိုဒိုးပွဲအိမ်ရောက်တော့ ဆားခါးတို့အဖွဲ့တောင် ရောက်ကုန်ကြပြီ၊ သူတို့အားလုံး ပြီးခဲ့သည့်ရက်က တောင်ညိုရွာကို အနိုင်ရခဲ့သည့် ဘောလုံးပွဲအကြောင်း အားရပါးရ ပြောဆိုနေလေ၏။

"အဲဒီပွဲမှာတုန်းကကွာ ရှေ့တန်းမှာ နာမည်ကြီးတဲ့ ကျွန်းသာက မောင်တာတို့ ကိုကျော်ကြီးနဲ့အပြိုင် တိုက်ကမ်းသာရွာသား ရွှေဂါးကလည်း အဝေးဘောကစ်လိုက်တာ ပွဲကိုပြီးရောကွာ"ဟု အောင်ထွန်းက ပြောလိုက်သလို ဆားခါးကလည်း -

"အေးကွ၊ အဲဒီနေ့ကတော့ တို့အချစ်တော်ကြီးတွေဖြစ်တဲ့ ရွှေဂါးနဲ့ ဆင်ပေါက်ကြောင့် နိုင်တယ်လို့တောင် ပြောရမလိုပဲ

ကွ၊ အဲဒီနေ့က နှစ်ဖက်အသင်း ခြေညီနေတာလေ၊ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်စစ်တွေဆင်လိုက်၊ သူတစ်လှည့် ကိုယ်တစ် လှည့် ဂိုးတွေ သွင်းကြနဲ့ သရေကျပြီ ထင်နေတာကွ၊ ဟောင်ကန်ဘောရလို့ ဟိုကောင် ဆင်ပေါက်ကန်လိုက်တာ ဟောင့်ထဲ တန်းခနဲဝင်သွားပြီး မကြာခင်မှာပဲ မြွေဂိုးထည့်လိုက်တာ ပွဲကိုပြီးရော၊ ဒီကောင်တွေ ဖင်ထိုင်ကိုကျသွားရော ဟား. . . ဟား. . . ဟား. . ." ဟု အားပါးတရပြောနေသည့် ဆားခါးကိုကြည့်ရင်း မြွေဂိုးက -

"ဟေ့ကောင်- ဆားခါး တို့နှစ်ယောက် အဲဒီနေ့က ခြေပေါ်တာ ဘာဖြစ်လို့လဲသိလား"

"ဟေ့ မသိဘူး"

"ဘာဖြစ်လို့လဲကွ၊ ပြောပါဦး" ဟု မေးလိုက်လျှင် မြွေဂိုးက ဝင်၍ -

"ဟေ့ကောင် မသိရင်မှတ်ထား၊ ဦးရှင်ကြီးဆွမ်းတင်တဲ့ ကောက်ညှင်းတွေ ဟောဒီ မကျေးမြွှေတို့အိမ်က ငါးပိချက်နဲ့ အဝ နယ်စားသွားလို့ကွ"

"ဟာကွ"

ဆားခါး နှံ့နှံ့မဲ့မဲ့ကြီး ဖြစ်သွားသည်။

ထိုအချိန် မကျေးမြွှေက စိတ်မရှည်ဟန်နှင့် ပြောလိုက်သည်။

"တဲ ကိုဗုံးပဲ့ ရှင့်လူတွေ လွှတ်လိုက်ဦး၊ ဒီမှာ- ထမင်းဟင်း ချက်ရ လေက တဟူးဟူးကြားထဲ မလွယ်ဘူးနော်၊ အားလုံးလည်း ကျက်ပြီ စားကြတော့၊ ဒီမှာ- သားက အိပ်ချင်လို့ တဂျီဂျီဖြစ်နေပြီ"

မီးဖိုချောင် မုံးဆောင်ကြီးထဲမှ လှမ်းပြောနေသဖြင့် ကိုဗုံးပဲ့က အားလုံးကိုကြည့်လိုက်ရင်း -

"ကဲ ဟော့ကောင်တွေ၊ တောင်စဉ်ရေမရတွေ ပြောမနေကြနဲ့တော့၊ မီးဖိုချောင်ထဲမှာ ဟင်းရော၊ ထမင်းရော အသင့်ဖြစ်ပြီ၊ ကျွေးတုန်း အားလုံးခူးခပ်ပြီး စားကြရအောင်"

ကိုဒိုးပျံ့စကားအဆုံး စကားဖောင်ဖွဲ့ ဆူညံနေကြသူများ ဝုန်းခနဲ ထလိုက်ကြကာ အိမ်နောက်ဖေးဘက် မီးဖိုချောင် ဒုံး အဆောင်ကြီးဘက်သို့ ဝင်သွားကြသည်။ မကျော့မြနှင့်အတူ ထမင်းလာကူချက်သည့် ဆားခါးညီမဖြစ်သူ ဇင်မာဦးတို့ကလည်း ချွေးတလုံးလုံးဖြင့် ပြင်ဆင်ခူးခပ်ပေးနေတော့၏။

"နင်တို့အဖွဲ့ကတော့ ဝေသာလီပြည်ဘီလူးကျသလိုပဲ၊ အားမနာနဲ့နော်၊ စားကြစားကြ၊ ဟင်း. . . ဟင်း"

မကျော့မြ ပြောသည့်စကားကို မည်သူကမျှ ခွန်းတုံ့မပြန်နိုင်ကြ။ စားနေကြသည်မှာ ပလုတ်ပလောင်း၊ ပတ်ဝန်းကျင်မှာတော့ လေတွေ မိုးတွေက တဝေါဝေါ တဝုန်းဝုန်း ကျလာလိုက်၊ ငြိမ်သွားလိုက်။ သဘာဝရဲ့ မာယာကို ဘယ်သူမှမသိ၊ မပူမိကြ။

○○○

# အခန်း-၂၂

ရွှေဒင်္ဂါးတို့အဖွဲ့ ကိုဒုံးပုံတို့အိမ်တွင် ရှိနေသည့်ညက နာဂစ်အမည်ရှိ မုန်တိုင်းကြီးသည် မြစ်ဝကျွန်းပေါ် ဒေသ ဧရာဝတီတိုင်းအောက်ပိုင်းရှိ မြို့ရွာအတော်များများကို ဝင်ရောက် တိုက်ခိုက်ခဲ့လေပြီ။ သာမန် မုန်တိုင်းတစ်ခုလောက်သာ ဖြစ်နိုင်မည်ဟု ထင်ထားမိသော တောရွာဒေသများရှိ ရဟန်းရှင်လူ ပြည်သူအများ ကျေးရွာသူ၊ ကျေးရွာသား ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်တို့မှာ ထိုမုန်တိုင်း၏ ရက်စက်စွာ၊ အငြိုးကြီးစွာဖြင့် တိုက်ခတ်ဖျက်ဆီးခြင်းနှင့်အတူ ပင်လယ်ရေလှိုင်းကြီးများ ကြွတက်လာကာ ရိုက်ပုတ်ဖျက်ဆီးမှုများကြောင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့ ဆုံးရှုံးခဲ့ရလေပြီ။ ထိုမုန်တိုင်းသည် မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တန်ခူးလဆုတ် ၁၂ ရက်မှ ၁၃ ရက်နေ့ထိ၊ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့မှ ၃ ရက်နေ့ နံနက်ပိုင်းအထိ တိုက်ခတ်ခဲ့ပါသည်။ ထိုသို့ ရဟန်းရှင်လူပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများစွာ ဆုံးရှုံးစေသည့် ဤနာဂစ်အမည်ရှိ မုန်တိုင်းကြီးသည် ရွှေဒင်္ဂါးတို့ ကျွန်းသုံးရွာကိုလည်း အလွတ်မပေး။ သူတို့၏ ဘဝပေါင်းများစွာကိုလည်း ချက်ချင်းလက်ငင်း ဆိုးဝါးစွာ၊ ခါးသည်းစွာ၊

ရင်နင့်ဖွယ်ရာအဖြစ် ပြောင်းလဲစေခဲ့ပါသည်။ မိသားစုဘဝများစွာကိုလည်း ပြိုကွဲဖျက်ဆီးပစ်လိုက်သည်။ ထိုညက တစ်စတစ်စ ပြင်းထန်စွာ တိုက်ခိုက်လာသည့် မုန်တိုင်းကြီး၏အရှိန်ဖြင့် တဖြည်းဖြည်း တက်လာသည့် ရေများနှင့်အတူ ကြောက်မက်ဖွယ်ရာ လှိုင်းလုံးကြီးများ၊ လဆုတ်ည၏အမှောင်ထုအတွင်း သဲသဲမဲမဲရွာချလိုက်သည့် မိုးနှင့်အတူပါလာသည့် မိုးသီးများ၏ဒဏ်များ၊ လဲကျကျိုးပဲ့ လွင့်စဉ်သည့် သစ်ပင်သစ်ကိုင်းများနှင့်အတူ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးသဖွယ် ဖြစ်သွားသည့် အခြေအနေမျိုးဝယ် ရွှေဒဂါးတို့ရွာသားများမှာတော့ ကမ္ဘာပျက်မတတ် ဖြစ်ခဲ့ပြီ။ ကမ္ဘာမြေကြီး တသိမ့်သိမ့်တုန်ဟည်းနေသလား ထင်မှတ်ရသည်။ ထိုပုံရိပ်များသည်ကား . . .

"မောင်နီရေ ကယ်ပါဦး"

"သားရေ အမေကို လာခေါ်ပါဦး"

"ကျွဲတွေ၊ နွားတွေ ကြိုးဖြည်လွှတ်လိုက်ကြတော့ဟေ့"

"အမယ်လေး ရေထဲမျောသွားပြီ၊ ရေလာပါဦး"

"သမီးရေ ဘယ်မှာလဲ၊ သားလေးရေ အမေ ဒီမှာ"

စသည့် ကယ်ပါယူပါ အသံများကြားဝယ် ကိုဒုံးပျံ ဦးဆောင်သည့် ရွှေဒဂါးတို့လူငယ်တစ်စုမှာ ကိုဒုံးပျံပိုင် စက်လှေကြီးနှင့်အတူ ဒုက္ခရောက်နေကြသည့် ရွာသူရွာသားများကို ကုန်းမြင့်ရာ၊ ရေလွတ်ရာ၊ အိမ်ကြီးအိမ်ကောင်းများရှိသည့်နေရာသို့ အစွမ်းကုန် ပို့ဆောင်ပေးခဲ့ကြသည်။ တစ်ဆင့်တစ်ဆင့် တက်လာသည့် ရေထုကြီးအတွင်း မုန်တိုင်း၏အရှိန်ကြောင့် ကြွတက်လာသည့် ရေလှိုင်းကြီးများကြောင့် ရေလွတ်ရာနေရာသို့ အခေါက်ခေါက်အခါခါ ရွှေ့လို့မပြီးနိုင်တော့။ မုန်တိုင်းလေကလည်း အနောက်မှသည်အရှေ့၊ တောင်မှ

သည် မြောက်၊ အရပ်လေးမျက်နှာမှ တိုက်နေသည်မို့ သစ်ပင်ကြီးငယ်တို့ မုန်တိုင်းဒဏ်ကြောင့် အကိုင်းပြတ် အပင်လဲခြင်း တဝုန်းဝုန်း တခြွမ်းခြွမ်းအသံတွေကား ချောက်ချားဖွယ်ရာ ဖြစ်နေသည်။ တချို့အိမ်ကြီးအိမ်ကောင်းများ သွပ်လန်ပျဉ်ကွာ ရှိနေသေးသော်လည်း ခေါင်မိုးထရံကာ အိမ်များကား အကောင်းပကတိ မရှိကြတော့သလို ဝါးအိမ်ယိုင်နဲ့နဲ့များနှင့် လူ့အသုံးအဆောင်ပစ္စည်းများ လေ့၊ သမ္ဗာန်များကား အတွယ်အတာမဲ့ အသံတိတ်၊ အသံထွက်အမျိုးမျိုးဖြင့် ရေလှိုင်းကြီးများကြား မျောပါကြရလေပြီ။ ကြည့်လေသမျှ ရေလှိုင်းကြီးများက လွှမ်းမိုးနေသည်။

"ရွှေဝါးရေ ဦးစံပအိမ်က အခြေအနေမကောင်း တော့ဘူးကွ၊ ဒီတစ်ခေါက် အဲဒီအိမ်ဝင်ကပ်ပြီး ကလေးတွေနဲ့ အသက်ကြီးတဲ့လူတွေ အမိကထားပြီး ပါသလောက် ဆရာတော်ကျောင်း ပို့မှဖြစ်မယ်၊ ရှေ့တည့်တည့်ကို တာစူထား၊ တာစူထား"

ကိုဒုံးပုံမှာ ဝန်းကျင်ကိုကြည့်ရင်း ပြောသည်။

"အခြေအနေမကောင်းဘူး၊ အစ်ကိုကြီးအိမ်ဘက် မကျေနပ်ဘူးတို့သားအမိ ပြန်ခေါ်မှဖြစ်မယ်။ ဒီပုံအတိုင်းဆို အိမ်ကြီးတွေလည်း ခံနိုင်မှာ မဟုတ်ဘူးဗျ"

ဆင်ပေါက်က သူ့လက်ထဲတွင်ရှိသော သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို တရမ်းရမ်းဖြင့် ထိုးကြည့်ရင်း အော်ပြောနေသည်။

"ဟာ- စက်လှေက ဘယ်ရောက်နေတာလဲ၊ မှန်းကြစမ်းပါဦးကွာ၊ ကိုကြီးဒုံးပုံအိမ်မှာ ဖင်မာဦးလည်း ကျန်ခဲ့တယ်" ဟု ဆားခါးက ပြောနေသလို ကိုဒုံးပုံက -

"ဟာ- မင်းတို့ကလည်း ငါ့အိမ်က အနိုင်ကြီးပါကွာ၊ အရေးကြီးတာက ဦးစံပအိမ်မှာ ကလေးတွေ အများကြီး၊ စိတ်မချရဘူးကွ

အဲဒီဘက်ကိုမှန်းပြီး မောင်းစမ်းကွာ၊ ငါတို့ အချိန်ရပါသေးတယ်၊ ရှသလောက် ကယ်ရမယ်ကွ"ဟု ဗွင်ဗွင်ကြီး ပြောနေသဖြင့် ရွှေဂဵးတို့ ဆင်ပေါက်တို့ စက်ကုန်ဖွင့်၍ ဂရုတစိုက်မောင်းသလို ဝင်လာသည့်ရေများကို ပုံးလွှာအပါအဝင် ဆားခါးတို့ အောင်ထွန်းတို့က ပက်သင့်တာပက်၊ ကာသင့်တာကာ လုပ်နေကြရသည်။

"ဟာ- ဟိုရှေ့က မည်းမည်းနိုင်ကြီးတွေကွ ဆင်ပေါက်ရ မီးထိုးပါဦး" ဟု ရွှေဂဵးက ပြောလိုက်သလို ဆင်ပေါက် လက်နှိပ်ဓာတ်မီး အဝကို လက်နှင့်အုပ်ကိုင်ကာ ရှသလောက်ထိုးကြည့်နေသည်။ ဆင်ပေါက်က ရှေ့ကိုစိုက်ကြည့်ရင်း အော်ပြောသည်။

"ဟာ- ဟိုမှာ အုန်းပင်ကြီးတွေကွ ရှောင်မောင်း၊ ဟော့ကောင်- ရွှေဂဵး အုန်းပင်မှာ လူတစ်ယောက်ကပ်နေတယ်၊ ဟာ- မိန်းကလေးကွ၊ စက်လျှော့ အဲဒီဘက်ကပ်စမ်း" ဟု ပြောသဖြင့် အုန်းပင်ကို ရှသလောက်ကပ်ပြီး ရေနှင့် မလွတ်တလွတ်ဖြစ်နေသည့် မိန်းကလေးအား အတင်းဆွဲတင်လိုက်ရသည်. . .။

"ဟာ- ဆားခါးညီမ ဇင်မာဦး၊ ဟော့ကောင်- ဆားခါး ဒီမှာ ဇင်မာဦး"

"ဟော့-ဟုတ်လား၊ ဟာ- ဒါဆို တို့ဘယ်ရောက် နေတာလဲ၊ ဟာ- ဟိုမည်းမည်းကြီး အိမ်ကြီး၊ ဟော- အော်သံတွေကြားတယ်၊ အဲဒီဘက် မြန်မြန်မောင်းစမ်းကွာ"

ကိုဒုံးပုံက အားလုံးကို လှမ်းအော်ပြောလိုက်သည်။ စက်လှေ ဝမ်းဝေါင်းထဲ ရောက်နေသူ ဇင်မာဦးက အလန့်တကြား ပြောရှာသည်။

"အဲဒါ မမကျေးဖြူအော်သံ၊ အဲ- အဲဒီမှာ သူတို့သားအမိ ကျန်ခဲ့တယ်၊ ကယ်ကြပါဦး၊ ဟီး. . . ဟီး"

ပြောရင်းငိုနေသည်။ ဆင်ပေါက်က ထိုမည်းမည်းအရိပ်ကြီးကို လှမ်းမြင်နေရသည့် အိမ်ကြီးဘက်သို့ မီးထိုးပြရင်းရှိသည်။ အားလုံး မသဲမကွဲ။ လေသံ၊ လှိုင်းသံတွေက တဝုန်းဝုန်း။ ကမ္ဘာပျက်နေသည့် အလား။

"လေကွယ်ကနေ ဖြည်းဖြည်းကပ်၊ ငါ ရှေ့ကနေ ကြည့်လုပ်မယ်"

သို့ဖြင့် ဦးစံပတို့အိမ်ဘက်ကိုကယ်ရန် ထွက်လာသော စက်လှေကြီးမှာ မထင်မှတ်ဘဲ မကျေးဖြူတို့သားအမိနှင့် ဇင်မာဦး တို့ကျန်ခဲ့ရာ ကိုဘိုးပျံ့အိမ်သို့ ပြန်လည်ပြီး ရောက်လာသည်။ စက်လှေကြီးကို အိမ်ဘေးသို့ ကပ်လိုက်သည်နှင့် အသံ ဗူးဗူးဝါးဝါး ဖြင့် အော်ဟစ်အကူအညီတောင်းနေသည့် မကျေးဖြူထံမှန်းပြီး ကိုဘိုးပျံ့ ကယ်ရန်သွားနေသည်။

"ဝုန်း. . . ဖြောင်း. . . ဖြောင်း. . ."

"အမလေး- ကျွန်မတို့သားအမိကို ကယ်ပါဦး၊ ဟီး. . . ဟီး"

လေအရှိန်ကြောင့် လှိုင်းကြီးတစ်လုံး ဆောင့်လိုက်သံ၊ ကိုဘိုးပျံ့ အိမ်ကြီးမှ ပျဉ်းကတိုးမြားတန်းကြီး ကျိုးသွားသံ၊ မြားတန်းကြီးနှင့် အတူတွဲလျက် ရေထဲကျလာသည့် သွပ်ချပ်ကြီးများအသံကြောင့် မကျေးဖြူ အသံကုန်ဟစ်အော်ရင်း ငိုချလိုက်သည်။

"မကျေးဖြူ-ငါ လာပြီ၊ ဘယ်မှာလဲ. . .၊ သားရော. . .၊ မကြောက်နဲ့ မကျေးဖြူ"

ကိုဘိုးပျံ့ အဆက်မပြတ် အော်ခေါ်ရင်း မကျေးဖြူတို့ သားအမိ ဆီ ရောက်သွားသည်။ အိမ်ကြီးမှာ လှိုင်းကြားလေကြားတွင် တသိမ့်သိမ့် ခါနေသည်။ မကျေးဖြူမှာ ကိုဘိုးပျံ့ကို အပြစ်ပြောရင်း ရှိုက်ငိုနေသည်။

"ဟာ- မကျေးမြူရာ၊ တို့အိမ်ကြီးက ဒီလောက်မမြင့်လောက်ဘူးထင်လို့ စိတ်ချနေလိုက်မိတာပါ၊ ကိုယ့်ထက်ဆိုးတဲ့လူတွေလိုက်ကယ်နေလို့ပါကွာ၊ သားကိုပေး၊ စက်လှေပေါ် မြန်မြန်တက်လိုက်၊ စက်လှေပေါ် မြန်မြန်တက်လိုက်"

စက်လှေပေါ် မကျေးမြူတို့သားအမိရောက်ချိန်တွင် လှိုင်းက အရှိန်လျော့သွားပြန်သည်။

"လေက ရှင်တို့ထင်သလို မဟုတ်ဘူး ကိုဒုံးပုံ့ရဲ့၊ အိမ်လာပြီးခိုနေတဲ့သူတွေလည်း ဘယ်ဆီကိုလွင့်လို့ ဘယ်ဆီရောက်ကုန်တယ်မသိတော့ဘူးရှင့်၊ ကျွန်မတို့သားအမိသာ ကံကောင်းလွန်းလို့ဟင်း. . ."ဟု ပြောလိုက်မှ ရွှေဒင်္ဂါးတစ်ယောက် သူ့ဖခင်ဦးဗလာကြွားကို သတိရသွားသည်။ နိုးနိုးစိတ်တွေက ရင်ထဲမှာ. . .။

"ဟာ- မမလေး ကျေးမြူပြောမှ သတိရတော့တယ်၊ ဆင်ပေါက်ရေ၊ အဖေနဲ့ဦးလေး ဘေးကြောင်တို့တော့ ဘယ်ဆီများ ရောက်နေပါလိမ့်"ဟု ပြောလိုက်လျှင် ဆင်ပေါက်က -

"ဟော့ကောင် ရွှေဒင်္ဂါး သတိထား၊ လှိုင်းကြီးတွေ တက်လာပြန်ပြီ၊ လေပါလာပြန်ပြီကွ၊ ခါတ်မီးကလည်း မလင်းတော့ဘူးကွ" ဟု ပြန်ပြောလိုက်ချိန်တွင်တော့ လှိုင်းလုံးကြီးတစ်လုံးက သူတို့စက်လှေကို ဘေးတိုက်ဝင်ဆောင့်လိုက်သဖြင့် စက်လှေကြီးမှာ ဘယ်ညာလူးပြီး လှိုင်းလုံးကြီးများကလည်း ထပ်ဆင့်ထပ်ဆင့် ရိုက်နေလေတော့သည်။

"ကိုကြီးဒုံးပုံ့ရေ စက်လှေ ထိန်းမရတော့ဘူး၊ ကျွန်တော်ရသလောက်တော့ ထိန်းကြည့်လိုက်မယ်၊ ဟာ- ထိန်းလို့မရတော့ဘူးဗျ"

"ဝုန်း. . . အား. . ."

"ဗွမ်း. . ."

"ဝုန်း. . ."

"ဟာ- လုပ်ကြဦးဟေ့. . .၊ ထိန်းထား"

"ဝုန်း. . ."

လှိုင်းသံတွေအကြား သူတို့စက်လှေကြီးမှာ ရေတွင်းနစ်ခဲ့လေပြီ။ စက်လှေထဲတွင်ပါသူများမှာ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ကူးသူကူးဖြင့် အသက်လုပြီး ကူးနေကြရပြီ။ တစ်ယောက်ချင်း ကူးခတ်ကြသူများကလည်း ကြောက်အားလန့်အားဖြင့် ဇောဟစ်၍ ဦးတည်ရာမရှိ ကူးခတ်နေကြသည်။ ချောင်းထဲတွင် လှိုင်းထဲရေထဲတွင် ဝါးလုံးတွေ၊ သစ်တုံးတွေ၊ တိုင်ကီတွေ၊ အိမ်ထောင်သုံးပစ္စည်းတွေ ဖြုပ်ချည်ပေါ်ချည်ဖြင့် သူတို့အနားတွင် ရောက်လာလိုက်၊ ပျောက်သွားလိုက်ဖြင့် ဘာမှ သဲသဲကွဲကွဲ မမြင်ရ၊ တစ်ခါတစ်ခါ ကျွဲတွေ၊ နွားတွေ၊ ခွေးတွေ တိရစ္ဆာန်မျိုးစုံကလည်း ရှောင်လို့မလွတ်ချင်၊ ပါးစပ်ထဲ ဝင်လာသည့် ဆားငန်ရေများကလည်းတစ်မျိုး၊ တစ်ကိုယ်လုံး နေရာအနှံ့ တိုက်မိသည့် ဒဏ်ရာဒဏ်ချက်တွေကလည်း များသည်ထက် များလာသည့်အဖြစ်ကိုကား သူတို့အားလုံး ရင်ဆိုင်နေရသလို ခြေကုန်လက်ပန်းကျကုန်ကြသည်။

"မကျော့ဖြူ ဒီအတိုင်းကူးနေလို့မဖြစ်ဘူး၊ ဒီတစ်ခါ တုံးဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် အနားရောက်ရင် တွယ်လိုက်သွား မယတော့၊ သားလေးအတွက် မပူနဲ့"

"ကိုဘုံးပုံ ကျွန်မကြောက်တယ်၊ သေရင်လည်း အတူတူ သေကြမယ်၊ ကျွန်မ ကြောက်လို့ပါ၊ မခွဲပါနဲ့" ဟု မပီမသ တုန်တုန်ယင်ယင်ဖြင့် ပြောနေရှာသည်။ ကိုဘုံးပုံရင်ထဲ ကိုယ့်အသက်ထက်

ဇနီးနှင့်သားအတွက် သေဘေးကိုတွေးရင်း နင့်ခနဲ ခံစားလိုက်ရသည်။

"ဟာ- မကျေးဖြူ တို့သေတာ အကြောင်းမဟုတ်ဘူး။ ဟောဒီ သားလေးကို အသေမခံနိုင်ဘူး၊ တွဲကူးနေလို့ ပိုဆိုးမှာပေါ့၊ သတ်သတ်စီကူးမှ ဖြစ်မယ်၊ ဟောဒီမှာ- ပေါလောကြီး ပေါ်နေတယ်၊ ဘာကြီးလဲတော့ မသိဘူး။ ဖက်ပြီး ကူးသွား- ကူးသွား"

"မသွားဘူး၊ ကျွန်မ ကြောက်တယ်၊ မတွန်းပါနဲ့ မတွန်းပါနဲ့"

"မကျေးဖြူ ငါပြောတာ နားထောင်၊ နှစ်ယောက်တွဲကူးနေရင် တော်ကြာ လက်အန့်သေပြီး ဒုက္ခရောက်ကုန်တော့မယ်၊ ဟိုမည်းမည်း အတုံးကြီးကို လိုက်ဆွဲ၊ လိုက်ဆွဲ၊ သွားတော့ကွာ"

ပြောရင်း ကိုဒုံးပုံ့တစ်ယောက် မကျေးဖြူကို အတင်း တွန်းလွှတ်လိုက်သည်။ မကျေးဖြူမှာ ဆွဲမိဆွဲရာဆွဲရင်း ကိုဒုံးပုံ့ကို တစ်ချက်သာငဲ့ကြည့်ပြီး လှိုင်းများနှင့်အတူ ပါသွားသည်။

"ကိုဒုံးပုံ့ ကျွန်မကြောက်တယ်၊ သားလေး နဲ့ မခွဲဘူး"

"ဝှန်း. . ."

မကျေးဖြူ အသံမဆုံးခင် လှိုင်းလုံးတစ်လုံး ရိုက်လိုက်သည်နှင့် မကျေးဖြူအသံ ပျောက်သွား၏။ ဤကဲ့သို့ပင် ထိုညက ကိုဒုံးပုံ့တို့ မိသားစု အဖြစ်မျိုး ဒုက္ခမျိုးတွေ နာဂစ်မုန်တိုင်းဒဏ်ကြောင့် သူတို့ ကျွန်းသုံးရွာ၏ မိသားစုဘဝများသည်လည်း ပြိုကွဲပျက်စီးခဲ့ကြ လေပြီ။

လောကသဘာဝတရားရဲ့ မာယာကျော့ကွင်းက သူတို့ရဲ့ ဘဝ များကို မတင်းတိမ် မရောင့်ရဲနိုင်ဘဲ ဝါးမျိုခဲ့ပြီ. . .။

ooo

## အခန်း-၂၃

"ဆင်ပေါက်ဟေ့၊ ဆင်ပေါက်၊ မင်း- ဘယ်မှာလဲဟေ့၊ ဆင်ပေါက်"

"ကိုကြီးဒုံးပဲ"

"ဟေ့- ဆင်ပေါက်၊ မင်းတို့ဘယ်မှာလဲ"

စက်လှေကြီး လှိုင်းကြား၊ ချောက်ကြားထဲ ချောက်သွားသည့်အချိန်မှစ၍ တွယ်မိတွယ်ရာ ဖက်တွယ်ကူးခတ်ရင်း ရွှေဒင်္ဂါးတစ်ယောက် ဒုန်းပင်တစ်ပင်ကို တွယ်တက်ခဲ့သည်။ လေအတိုက်၊ လှိုင်းအပုတ်တွင် တရမ်းရမ်း တသိမ့်သိမ့်ဖြစ်နေသည့် ဒုန်းပင်မှာ ညွတ်လိုက် ဖြောင့်လိုက်ဖြင့် ချောင်းခနဲမြည်သွားအောင် ကျိုးနိုင်ခြင်းမရှိတော့။ ထို့ကြောင့် ရွှေဒင်္ဂါး ဒုန်းပင်တွင် ပုဆိုးကို ပတ်ချည်ရင်း ပုဆိုးလုံးကွင်းထဲသို့ ကိုယ်လုံးကို လျှိုသွင်းထားသဖြင့် ဒုန်းပင်နှင့် အလိုက်သင့် လှုပ်ရှားရင်း ဒဏ်ရာတွေဗရပွ ဖြစ်နေသည်။ ရင်ဘတ်နှင့်ဒုန်းပင် ပွတ်တိုက်သဖြင့် အသားနီလန်ကုန်သည်။ နာကျင်မှုကို ကြိတ်မှိတ်ခံရင်း မှန်တိုင်းစဲသည့် အရှက်တက် ချိန်ဝယ် သူ့ပတ်ဝန်းကျင်တွင် သူလိုလူတွေရှိမရှိ သိရန် ရှိသည့် အင်အားနှင့် အသံထွက်နိုင်သလောက် လှမ်းခေါ်ကြည့်နေမိသည်။

"ဆင်ပေါက်ရေ"

"ကိုကြီးဒုံးပျံ"

ဆင်ပေါက်နှင့် ကိုကြီးဒုံးပျံကို အမိအရခေါ်မိသလို အာတွေ လည်း ခြောက်ကုန်ပြီ။ ပါးစပ်အတွင်း ရှိသမျှတံတွေးကို ဖျစ်ညှစ် မြိုချရင်း နေအထွက်အလင်းရောင်ကို မျှော်နေမိသည်။ ယခုအချိန် တွင် အောက်ဆင်းသွားပါကလည်း မှောင်မှောင်မည်းမည်းနှင့် ကုန်းမှန်းမသိ၊ ရေမှန်းမသိ ဖြစ်နေမှာသေချာသည်။ ရွှေဂါး ယခုမှ သူ့အဖေအတွက် ပူနေမိသည်။ အဖေ ဘယ်လိုဖြစ်နေပြီ မသိ။ သူ့လို ဒုက္ခတွေ တွေ့နေမှာတော့ သေချာသည်။ သို့သော် သူ့အဖေ သည် မုန်တိုင်း ပြင်းပြင်းထန်ထန်မကျခင်က သူ့ငယ်ပေါင်း သူငယ်ချင်း ဦးဘေးကြောင်နှင့် အတူရှိနေခဲ့သည်။

"မော- ငါတို့အတွက် ဘာမှမပူနဲ့ ဗလာကြွားနဲ့ဘေးကြောင် သတ္တိမကြောင်ပါ" ဆိုသည့် ဦးဘေးကြောင်၏ စကားကိုတော့ ရွှေဂါးယုံသည်။ သည်အရွယ်အထိ လှေနှင့်ရေနှင့်၊ အလုပ်နှင့် လက်နှင့်မပြတ်သည့် သူတို့နှစ်ယောက်သည် သူ စိုးရိမ်သလို ဆိုးဆိုး ဝါးဝါးတော့ မဖြစ်နိုင်၊ ရွှေဂါး တွေးရင်းတွေးရင်း ပုခက်လို လွဲလွဲကျနေသည့် ပုဆိုးလုံးကွင်းတွင် ခွေခေါက်ကျရင်း မိုက်ခနဲ ဆတ်ခနဲ ဖြစ်ရင်းဖြစ်ရင်းက သူ့အာရုံဝယ် ကိုဒုံးပျံပေါ်လာလိုက်၊ ဆင်ပေါက် ပေါ်လာလိုက် ဖြစ်နေမည်။ ညဦးပိုင်းက တချို့အိမ်များ တွင် ရေတစ်ဝက်၊ ကုန်းတစ်ဝက်ဖြင့် လှိုင်းဒဏ်၊ ရေဒဏ်ခံနေရ သည့် သက်ကြီးရွယ်အို ကလေးသူငယ်မှအစ လောလောဆယ် အနွံရာယ်ကင်းနိုင်သည့် ရေလွတ်ရာ အိမ်ကြီးထံသို့လည်းကောင်း၊ တချို့ကို ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ ရွာမူလတန်း ကျောင်းသို့ လည်းကောင်း ကိုဒုံးပျံ စက်လှေနှင့်ပို့ခဲ့ပုံများ အစီအရီ

ပေါ်လာလိုက်၊ ငယ်ဆရာ ဦးမြင့်ရွှေမျက်နှာ မြင်ယောင်လာလိုက် ဖြင့် အိပ်ချင်မူးတူးနှင့်အတူ ပင်ပန်းနွမ်းနယ်သည့်ဒဏ်ကြောင့် မကြာမီ အိပ်ပျော်သွားသလို ဖြစ်သွားသည်။

"အမေ. . .၊ ရေဆာလိုက်တာ"

အသံထွက်သွားသလို ရွှေဂါးမှာအုန်းပင်ပေါ်တွင် ဖောက် ထိုးကြီးဖြင့် ခေါက်ကွေးကြီး အိပ်ပျော်နေရာမှ နိုးသွားသည်။ လူမှာ လန်းဆန်းသွားသလို ဖြစ်သွားသော်လည်း တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေသည်။ အရှေ့ဘက်မှနေရောင်ကား အနီရောင်သန်း လျှက် ဖြာကျနေသည်။ ရွှေဂါး ဦးဖောက်အနေအထားမှ မြင်သမျှ ပတ်ဝန်းကျင်ကို စောင်းငုံ့ကြည့်လိုက်တော့ မနေ့က မြင်ကွင်းနဲ့ တော့ ဘာမှမတူတော့။ မြင်လိုက်ရသည့်မြင်ကွင်းကား လယ်ကွင်း ထဲတွင် ပေါက်နေသော အုန်းပင်မြင့်မြင့်ပေါ်မှာ လယ်ကွင်းရိုးမြတ် တောကို အပေါ်စီးမှ လှမ်းကြည့်ရသည်နှယ်၊ တစ်ပြန့်တစ်ပြောကြီး ဟင်းလင်းပြင်ကြီး လှမ်းမြင်လိုက်ရသည်။ ဘုရား-ဘုရား။ သည်တစ်ဝိုက် သစ်ပင်တွေ၊ အိမ်တွေ၊ ကျောင်းကန်ဘုရားတွေ ဘာမှ အကောင်းမရှိတော့ပါကလား။ သည်ဟာ ဘယ်သူ့အိမ်၊ သည်ဟာ ဘယ်သူ့ခြံ၊ သည်ဟာ ဘယ်သူ့အုန်းတော၊ သည်ဟာ ဘယ်သူ့လယ်ကွင်း၊ သည်ဟာ ဘယ်သူ့တဲစု ဘာမှ ခွဲခွဲခြားခြား မရှိတော့ပါကလား။ ထင်ထင်ရှားရှား မြင်ရတာဆိုလို့ ဟိုအဝေးက မြစ်ပြင်ကျယ်ပြာပြာကြီး၊ သည်ဘက်မှာက သူတို့ ကျွန်းသုံးရွာကို ဖြာလျှက်၊ ဝိုက်လျှက် ဝိုင်းခြားပြီး စီးဆင်းနေသည့် မြစ်တွေ၊ ချောင်းတွေကတော့ အထင်းသား။ ဤမြစ်ချောင်းချိုင်တွေမှာ လှေ၊ သမ္ဗာန်၊ သင်္ဘောဆိုလို့လည်း ဘာမှမမြင်ပါလား။ လူတွေရော ရှိပါသေးရဲ့လား။ သည်မှာ ငါ တစ်ယောက်တည်းလား။ ကွင်း

ဒလဟောထဲမှာ အပေါ်စီးမြင်နေရသည့် နီနီ၊ ဝါဝါ၊ မည်းမည်း၊ စိမ်းစိမ်း အတုံးအရွန်းတွေက ဘာတွေလဲ။ သူမဝေခွဲတတ်။

"အမေရေ သားကို လာခေါ်ပါဦးဗျ"

ရွှေဒင်္ဂါး ဝမ်းမနည်းစဖူး ဝမ်းနည်းသွား၊ အားငယ်သွား ဘယ်ဆီရယ်မှန်းမသိနိုင်ပေ။ သူ့အဖေကိုလှမ်းခေါ်ရင်း ရင်ထဲက ဝမ်းနည်းမှုကြောင့် တဟီးဟီးငိုချလိုက်သည်။

"ဟာ"

သူ ဝမ်းနည်းပက်လက် ငိုမိလိုက်ချိန်တွင် ပုဆိုးလုံးကွင်း လျော့ခနဲဖြစ်သွားသဖြင့် ပါးစပ်မှ ဟာခနဲ ဖြစ်သွားသည်။ ကမျာ ကယာ အုန်းပင်ကို ဖက်ထားလိုက်မိသည်။ ခဏလေး စိတ်ငြိမ် အောင်နေပြီးမှ သူ အုန်းပင်ပေါ်မှ တဖြည်းဖြည်း လျှောချဆင်း လိုက်သည်။ မြေပြင်ပေါ်ရောက်တော့ ခြေထောက်တွေ ကောင်း ကောင်း မထောက်နိုင်မှန်း သိလိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွား သည်။ အသာထိုင်ချလိုက်ပြီး အုန်းပင်ခြေရင်း ရေစပ်စပ်မှချောင့် သွေ့ဒူးခေါင်းများကို ဆွတ်လိုက်ပြီး အသာနှိပ်ကြည့်နေမိသည်။ အတန်ကြာတော့မှ ထုံနေသည့်၊ ကျင်နေသည့် ခြေထောက်မှာ လှုပ်ရှားနိုင်လာပြီး မတ်တတ်ရပ်လိုက်သည်။ အုန်းပင်ကို လက် တစ်ဖက်ကဖက်ရင်း သူ့ခါးတွင် မြဲနေသေးသည့် ဘောကန် ဘောင်းဘီကို ခါးဆီသို့ ဆွဲတင်လိုက်ပြီး ပုဆိုးစလွယ်သိုင်းလိုက်သည်။

"ဟာ၊ မိုးမလင်းခင်က မည်းမည်းကြီး မြင်နေတဲ့ဟာကြီးက အိမ်ကြီး ဟပ်ထိုးလဲနေတာပါလား"ဟု သူ စိတ်ထဲမှရေရွတ်ရင်း အိမ်ကြီးဆီကို မျက်နှာလှည့်ရင်းကြည့်လိုက်တော့ ပန်းအုံတစ်ခုလုံး ဖြိုဖြိုဖျစ်ဖျစ် ပြည်တောင် နာသွားသည်။ တစ်ကိုယ်လုံး အလိုက်သင့်

လှည့်ကြည့်လိုက်တော့ သူမြင်ကွင်းတွင်ရောက်လာသည့် မြင်ကွင်းကြောင့် သူ ဟာခနဲ ဖြစ်သွားသည်။

ပိုးလိုးပက်လက်ဖြစ်နေသည့် မိန်းကလေးတစ်ဦး၊ လူးလွန့်လှုပ်ရှားမှု မရှိတော့။ ရွှေဂါး အားတင်းပြီး အနားကို အနီးကပ်ကြည့်လိုက်မိသည်။

"ဟာ- ဒါ. . . ဆားခါးညီမ ဇင်မာဦးပါလား၊ ဘယ်ကနေ ဘယ်ရောက်ပြီး ဟင်း. . ."

ရွှေဂါး ပတ်ဝန်းကျင်ကို တစ်လှည့်ကြည့်ရင်း စဉ်းစားကြည့်နေမိသည်။ သူ့အနားမှာ အုန်းတော၊ ဟိုခပ်ဝေးဝေးမှာ ချောင်းတစ်ခု။ ဟိုမှာ ဧရာမသစ်ငုတ်တိုကြီး၊ သည်သစ်ငုတ်တိုကြီးက အခြောက်ကနေ အစိုဖြစ်သွားရုံမှ ဘာမှမဖြစ်ပါ။ သည်သစ်ငုတ်တိုကြီးရှိတဲ့နေရာဟာ သူ တွေးကြည့်နေမိသည်။

"ဟီး. . . ဟင်း. . . ရေ. . . ရေ. . . အမေရေ ကယ်ပါဦး"

သူ ရပ်နေသည့်အနား ဟပ်ထိုးလဲနေသည့် အိမ်ကြီး၏ အပေါ်ဘက်မှ လူညည်းသံလိုလို၊ စကားသံလိုလို ကြားရသဖြင့် သူ မော့ကြည့်လိုက်မိသည်။ သူ အသံကြားနေသည့်နေရာမှာ မြေပြင်နှင့် ဆယ်တောင်လောက်အမြင့်မှာရှိသည့် ဟပ်ထိုးလဲနေသည့် အိမ်ကြီးအပေါ်ဘက်က ကြားလိုက်ရခြင်းဖြစ်သည်။ ထို့ကြောင့် ရွှေဂါး နားစွင့်လိုက်မိသည်။ တစ်ပြိုင်နက်တည်းမှာပင် ငှက်ကြီးတစ်ကောင် မြေပြင်တွင် ဝပ်နေသလို ဖရိုဖရဲ ကိုးရိုးကားရားဖြစ်နေသည့် အိမ်ပျက်အပုံကြီးအပေါ်ပိုင်းသို့ တက်သွားသည်။ သစ်ပင်သစ်ကိုင်းတွေ၊ အုန်းလက်တွေ၊ ဓနိလက်တွေ အိမ်ကြီးနှင့် ရောထွေး စုပုံနေသည်။ ရွှေဂါးမှာ အားအင်တွေကုန်ခမ်းနေသဖြင့် တော်တော်နှင့် မရောက်နိုင်။

"ဟီး. . . ဟီး. . . အမေရေ့ နာတယ်. . . နာတယ်. . .၊ ရေ. . . ရေ"

ဝိုညည်းသံထပ်ကြားလိုက်ရသဖြင့် ကျိုးပဲ့ပျက်စီးနေသော သစ်တွေ သွပ်တွေအကြား တိုးဝင်၍ ကြည့်လိုက်မိသည်။

"ဟာ- မိန်းမကြီးတစ်ယောက်ပါလား။ ဟာ- သွေးတွေ၊ နှဲ့တွေ နှဲ့တွေနဲ့ပါလား၊ တစ်ခုခု ညှပ်မိနေတာများလား"

ရွှေဂါး ရှေ့တက်လိုက်ရင်း သူ့ဝေဒနာတွေ မေ့သွားပြီး ညည်းညူနေသူ အဒေါ်ကြီးကို ကယ်ရန် ကြိုးစားတော့သည်။ သူထင်သည့် အတိုင်း အိမ်ကြီး၏ ထုတ်တန်းတွေ၊ မြားတန်းတွေနှင့် ခါးတစ်ပိုင်း ပိနေသည့် ထိုအဒေါ်ကြီးမှာ တလှုးလှုးတလွန့်လွန့် ဖြစ်နေသည်။ ရွှေဂါး ထုတ်တန်းတွေ၊ မြားတန်းတွေကို ရှိသမျှအင်အားသုံး၍ ဖယ်ရှားလိုက်ပြီး မနိုင်တနိုင်ဖြင့် အပြင်သို့ ဆွဲထုတ်နိုင်အောင် အတန်ကြာ အမျိုးမျိုးကြိုးစားလိုက်တော့မှ အဒေါ်ကြီး သက်သာရာ ရသွားသည်။

"အမလေး- အခုမှ ကျွတ်တော့လွတ်တော့တယ်၊ ကျေးဇူးတင် လိုက်တာရှင်၊ ရေ. . . ရေ ပေးပါ" ဟု အဒေါ်ကြီးမှ ညည်းညူရင်း စုတ်တသပ်သပ်ဖြစ်နေသည်။ မျက်လုံးများမှာလည်း ဖူးရောင်နေသဖြင့် မျက်လုံးစုံမှိတ်ပြီး ပြောနေသည်။ မျက်နှာမှာလည်း ညိုမည်းပြီး ဒဏ်ရာတွေကလည်း ပြည့်နေသည်။ ရွှေဂါးလည်း အဒေါ်ကြီးကို သေချာကြည့်မိသည်။ ညိုမည်းဖူးရောင်နေသည့် မျက်နှာကြောင့် မူလရုပ်သွင်ကို ရုတ်တရက် ပုံဖမ်းလို့မရ၊ အသံကိုတော့ ကြားဖူး သလိုလို ရှိနေသည်။ ထိုစဉ် ဆူဆူညံညံအသံတွေ နီးသည်ထက် နီးလာသဖြင့် ရွှေဂါးမျှော်ကြည့်လိုက်ရာ သူတို့ဘက်ကိုလာနေသည့် လူတစ်စုကို တွေ့လိုက်ရသည်။ ရွှေဂါး မျက်နှာပေါ်သို့

စီးကျနေသည့် ချွေးသီးချွေးပေါက်များကို လက်ဖမိုးဖြင့် ခပ်သွက်သွက် သုတ်လိုက်ရင်း -

"ဒီမှာ- ဒီမှာ၊ သစ်ညှပ်နေတဲ့လူ ရှိတယ်ဗျို့"

အသံကုန် ဟစ်ခေါ်လိုက်သည်။ အခေါ်ကြီးကတော့ သူ့ကိုယ်ကို တစ်စောင်းမှေးပြီး တဟင်းဟင်း ဖြစ်နေရင်း သောက်ရေသာ အတင်းတောင်းနေသည်။

"ဟာ ဟိုမှာ၊ ရွှေဂါးပါလား" ဟု ပြောရင်း အနားရောက်သည့်လူထဲမှ ရှေ့ဆုံးမှ ဦးဆောင်လာသူက ပြောလိုက်သည်။ ရွှေဂါး ကြည့်လိုက်တော့ မြည့်ဖြိုးမောင်အပါအဝင် ကုန်းသာမှ လူကြီးတချို့နှင့် သူ မတွေ့ဖူးသည့် လူတချို့ ဖြစ်နေသည်။ အားလုံး အနား ရောက်လာကြပြီး ဝိုင်းကြည့်ကြရင်း -

"ဟာ- မမြဥ၊ ဒဏ်ရာရနေတာကိုး။ အမြန် သယ်ရမယ်ဟေ့ ကဲ- ပုခက်ထဲထည့်" ဟု ပြောနေသည့် လူကြီးကို ဒေါ်မြဥက -

"ဟင် အစ်ကိုကြီးအသံပါလား၊ ကျွန်မကို ရေပေးကြပါ၊ ကျွန်မတော့ သေပြီမှတ်တာ၊ အပေါ်ထပ်တက်နေရင်း အိမ်ကြီး တစ်စောင်းလဲသွားတော့ ညှပ်နေတာ၊ တော်သေးတာပေါ့၊ ကယ်တဲ့ သူရှိလို့"

"ကဲ ငါ့ညီမ စကားသိပ်မပြောနဲ့၊ လူမသေတာဘဲ ကံကောင်း ရေသောက်. . .၊ ရေသောက်"

ဒေါ်မြဥကို ရေတိုက်ပြီးသည်နှင့် သူတို့အထဲမှ လူငယ်များက စောင်ပုခက်ကြီးဖြင့် ထမ်းသွားကြသည်။ မြည့်ဖြိုးမောင်က -

"ရွှေဂါး ငါ့ကိုတွဲ၊ မင်းမှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ လာကြဟေ့၊ သူ့ကို ဝိုင်းတွဲပါပြီး ရေလည်းတိုက်ဟေ့"

"ပြည့်ဖြိုးမောင်ရေ မင်းတို့ သူ့ကို တစ်ခါတည်းခေါ်သွား လိုက်၊ တို့ ဆက်ရှာလိုက်ဦးမယ်" ဟုပြောရင်း လူကြီးတစ်ချို့ ဦးဆောင်၍ လူရွယ်တစ်စုမှာ ခပ်သွက်သွက် ထွက်သွားကြသည်။

"ဟာ- ကြာပါတယ်ကွာ၊ ရွှေဒင်္ဂါး ငါ့ ကျောကုန်းပေါ်မှာ မှေးလိုက်ကွာ၊ ငါ ထမ်းသွားမယ်"

"ဟာ- ရပါတယ် ပြည့်ဖြိုးမောင်ရာ၊ ငါ လမ်းလျှောက်မယ်"

"ဟာ- ကြာနေပါ့မယ်ကွာ၊ ငါ့ ကျောပေါ်မှေးလိုက်၊ ကုန်းပိုးသွားမယ်၊ လာပါကွာ" ဟုပြောရင်း ပြည့်ဖြိုးမောင်က သူ့ကျောကို ကုန်းပေးလိုက်သည်။

○○○

## အခန်း- ၂၄

ကုန်းသာရွာမှ ဆရာတော်ကြီး သီတင်းသုံးသည့် ကျောင်းတိုက်ကြီး၊ လက်တောင်နှစ်တောင်ပတ်လည် ဖွဲ့ဦးကတိုး တိုင်ကြီးများ ထုပ်လျောက်၊ ပေါင်းကွက်၊ ရက်မလျှိုကာ ဆောက်ထားသည့် ကျောင်းကြီးမို့ ကျောင်းကြီးမှာ ခပ်ယိုင်ယိုင်ဖြစ်သွားသည်မှအပ ပြိုကျမသွား၊ ကျောင်းကြီးကိုတွဲပြီး ဆောက်ထားသည့် အဆောင်များကတော့ မရှိတော့၊ လေနောက်၊ ရေနောက် ပါသွားပြီ။ ကျောင်းမကြီးမှာပင် မိုးထားသောသွပ်များ မှာလည်းအစုံအလင် မရှိတော့၊ အဆင့်က လက်ခုပ်တစ်ဖောင်လောက်ရှိသည်မို့ မုန်တိုင်းရေ မုန်တိုင်းလှိုင်း မလွတ်မလပ်ဖြစ်ခဲ့ပေမယ့် ကျောင်းပေါ် ရောက်နေသူတွေ ဒုက္ခရောက်လောက်အောင် မထိခိုက်။ အားလုံး မြင်သာကြားသာအောင် မတ်တတ်ထရပ်ပြီး အသံကိုမြှင့်၍ ဒေသခံ ကျေးရွာလူငယ် ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် မြည့်ဖြိုးမောင်က -

"ကျွန်တော်တို့ရွာသားတွေ သေတာပျောက်တာ ဘာမှ အတိအကျ မသိရသေးပါဘူး၊ ဒီမှာရှိနေတဲ့ ရွာသားတွေလည်း အားငယ်မနေကြပါနဲ့၊ အားရှိအောင် စားစရာတွေ စားထားကြပါ၊

အခု ဟောဒီမှာရောက်နေတဲ့ ရွာသူရွာသားအားလုံး လောလောဆယ် အနေနဲ့ ဒေါ်မြဥရဲ့အစ်ကိုကြီးဖြစ်တဲ့ ဦးဒိုးမောင်က မတည်ပြီး ထမင်းဟင်း စီစဉ်ထားပါတယ်၊ မုန့်ခြောက်တွေလည်း ရသလောက် ယူလာပါတယ်၊ လောလောဆယ် ထမင်းမစားနိုင်တဲ့သူတွေအနေနဲ့ ဆန်ပြုတ်ပြုတ်ပေးထားပါတယ်၊ လောလောလတ်လတ်ရှိတဲ့ရေကို ကျိုပြီး လက်ဖက်ခြောက် ခပ်ထားပါတယ်၊ ရေဆာရင် ရေနွေးကြမ်း သောက်ကြပါ၊ နောက်ပြီး ဒဏ်ရာအနာတရ ရထားတဲ့လူတွေ အားလုံး ဟိုဘက်ကမ်း ကျောက်သဘော်ရွာက ဆရာမလေးနဲ့ ကျေးလက်ကျန်းမာရေး လုပ်သားအဖွဲ့က ရှိတဲ့ဆေးပစ္စည်းတွေနဲ့ ကြိုးစားပြီး ကုပေးထားမှာ ဖြစ်ပါတယ်၊ မကြာခင်မှာလည်း မြို့က တာဝန်ရှိတဲ့ လူကြီးတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ လူမှုရေးအဖွဲ့ ကူညီမယ့်လူတွေ ရောက်လာကြပါလိမ့်မယ်၊ အခု လောလောဆယ် မှာ အခု ဒီမှာရောက်နေတဲ့ ရွာသူရွာသားတွေက ကိုယ့်ကျန်းမာရေး ကို အဓိက ဂရုစိုက်ကြပါ၊ ကျန်တာတွေ အားလုံးအတွက်လည်း အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်ခင်ဗျား"

လောလောဆယ်အနေဖြင့် တတ်နိုင်သလောက် ဆောင်ရွက်ထားမှုကို ကုန်းသာရွာမှ ပြည့်ဖြိုးမောင်က အားတက်သရော ပြောလိုက်သည်။ ရောက်ရှိနေသော ဒုက္ခသည်အားလုံး ကလည်း ပြည့်ဖြိုးမောင်နှင့် ဦးဒိုးမောင်တို့အလှူရှင်များကို ကျေးဇူးတင် အားကိုးအားထား မျက်နှာများဖြင့် ကြည့်ကြ၏။

"ဟောဒီ ကုန်းသာရွာနဲ့ ဒီကျွန်းသုံးရွာတစ်ခုလုံးဟာ ကျွန်တော့် သားချင်းတွေ များပါတယ်၊ ကျွန်တော်နေတဲ့ ကျောက်သဘော်ရွာက ကုန်းတွင်းပိုင်းကျတဲ့အတွက် မုန်တိုင်းဒဏ်ခံရပေမယ့် ဒီလောက်

တော့ အထိမနာဘူးပေါ့ဗျာ၊ အဲဒါကြောင့် ကျွန်တော့်ရွာက ရွှေလဝင်း ဆန်စက်ပိုင်ရှင် ဦးထင်ကျော်ရယ်၊ ကျွန်တော်ရယ်၊ ဦးမောင်ကြီးရယ်၊ လူရွယ်တွေနဲ့ပေါင်းပြီး ကျွန်တော်တို့နဲ့နီးစပ်တဲ့ ဒီနေရာဒီဒေသကို လာရောက်ပြီး အကူအညီပေးတာပါ၊ မနေ့က ညနေနဲ့ ညပိုင်းကစပြီး ဒီကျွန်းသုံးရွာဘက်က လှေတွေ၊ သမ္ဗာန်တွေ၊ စက်လှေတွေနဲ့ ကျွန်တော်တို့ရွာကို ကြိုပြီး ကူးလာနိုင်တဲ့သူတွေ ကတော့ ဘေးမသီရန်မခဘဲ ကျောက်သခေါ်မှာ ရှိနေကြပါတယ်၊ ဘာမှ မပူကြပါနဲ့၊ အားလုံး စိတ်ချမ်းသာ၊ လူကျွန်းမာသွားအောင် အစားအသောက်တွေ စားကြပါ၊ သောကမရောက်ကြပါနဲ့ဦး" ဦးဖိုးမောင်က အားပေးစကား ပြောလိုက်ပြီး အားလုံးကို အကဲခတ် ကြည့်လိုက်ကာ သူ့စကားကို ဆက်လိုက်သည်။

"အားလုံးသိအောင် ပြောရရင် ဟောဒီကျွန်းသာရွာက ပြည့်ဖြိုးမောင်၊ နောက်ပြီး ကျွန်တော်တို့ရွာက လူငယ်လူရွယ်တွေနဲ့ ကူညီချင်တဲ့သူတွေ စုပေါင်းပြီး ကျွန်တော်တို့နဲ့ပတ်သက် နီးစပ်တဲ့ နေရာကို အရင်ရောက်ပြီး ကူညီကြတာပါ၊ ကျွန်တော်တို့ဘက်က ကုန်းတွင်းပိုင်းဆိုတော့ စားစရာပစ္စည်းတွေ ကျန်ပါသေးတယ်၊ ဒါကြောင့်လည်း အားလုံးသိတဲ့အတိုင်း လေတိုက်ပြီး မနက်လင်း တာနဲ့ ဒီကိုရောက်လာကြတာပါ၊ နောက်ပြီး ဒီကျွန်းရဲ့ ကျွန်းသာ မှာက ကျွန်တော့်ညီမ အရင်းတစ်ယောက်လည်း ရှိနေတာ အားလုံး အသိပါ၊ အဲဒါ ရှာဖို့လာရင်းနဲ့ ဒီလို အကူအညီပေးမယ့် အစီအစဉ် တွေ ချက်ချင်းဖြစ်လာရတာပါ၊ ကျွန်တော်တို့ရွာနဲ့စာရင် ဒီက အပျက်အစီးများတာ တွေ့လိုက်ရတော့လည်း စာနာမှုတွေ ပိုဖြစ် လာရပါတယ်ခင်ဗျာ" ဟု ပြောနေသလို ကျောင်းထောင့်တစ်နေရာ

တွင် မှားချင်နေသလိုဖြစ်နေသည့် ရွှေဒင်္ဂါးမှာ သူတို့ပြောစကား များကို နားထောင်ရင်း ကြက်သီးတဖြန်းဖြန်းထနေသည်။ ဆရာတော်ကြီးတပည့် ဦးပဉ္ဇင်း ဦးသောဘိတလည်း -

"အားလုံး ရွာသူရွာသားတွေ ဘာမှအားမငယ်ကြနဲ့ မကြာခင် မှာပဲ အခုန ဒကာကြီးတွေ ပြောသွားသလို ပုံပိုးကူညီ စောင့်ရှောက် မယ့်အဖွဲ့တွေလည်း ရောက်လာမှာပါ၊ သောကတွေ ပူဆွေးမှုတွေကို တရားနဲ့ဖြေထားပြီး မိမိကျန်းမာရေးသာ လောလောဆယ် အဓိက ထားကြပါ၊ ရခဲလှတဲ့ လူ့ဘဝမှာ ကံကံ၏အကျိုးကြောင့် ဖြစ်ပေါ် လာတဲ့အဖြစ်တွေကို စိတ်ငြိမ်ငြိမ်နဲ့ ဖြေရှင်းနိုင်အောင် ကြိုးစား ရမယ်၊ သေတယ်၊ ပျောက်တယ် ဘာမှ အတိအကျမသိရသေးခင် . . . ကဲ- အားလုံး စိတ်ချမ်းသာအောင်နေကြ၊ လောလောဆယ် ဘာမှတွေးမနေကြနဲ့ဦး၊ သဘောပေါက်ကြရဲ့လား"

"မှန်ပါ့ဘုရား"

အားလုံး ငြိမ်သက်သွားကြသည်။

"ကိုကြီးဖိုးဖုံ၊ ကျွန်တော်တို့ ဒီလိုနေလို့ မရတော့ဘူးဗျ"

"ဟေ့ ရွှေဒင်္ဂါး တို့ဘာလုပ်ရမလဲ"

ကျောင်းတိုင်ကိုမှီပြီး သားဖြစ်သူကို ရင်ခွင်ထဲတွင်ထည့် ထားသူ ကိုဖိုးဖုံက ရွှေဒင်္ဂါးကို လှည့်ကြည့်ရင်း မေးလိုက်သည်။

"ဒီလိုဗျာ၊ အခုန ကျောက်သဘော်က ဘကြီးဦးဖိုးမောင် ပြောသွားသလို အစ်ကိုကြီးလည်း အစ်ကိုကြီးရဲ့ဇနီးသည် မမ ကျော့မြ ဘယ်ရောက်နေတယ် မသိရသေးသလို ကျွန်တော်လည်း ကျွန်တော့်အမေနဲ့ ဟိုကောင် ဆင်ပေါက်ကို ရှာချင်သေးတယ်၊ ဒီနေ့ နည်းနည်းလန်းသွားတာနဲ့ ရှာချင်တယ်ဗျာ"

"အေးကွာ၊ မင်းပြောတာတော့ မှန်တယ်၊ ရှာလည်း ရှာရမှာ ပေါ့ကွာ၊ အင်း- တခြားမသွားနိုင်သေးတောင် တို့ကျွန်းထဲမှာ နေရာအနှံ့ရှာကြမယ်၊ ဒါပေမဲ့ကွာ. . ."

"ဘာ- ဒါပေမဲ့လည်းဗျ ကိုကြီးဒုံးယို့ရ"

"ဒီလိုကွ၊ မင်းအဖေနဲ့ ဆင်ပေါက်တို့သားအဖက ယောက်ျား သားတွေကွ၊ နောက်ပြီး အားကောင်းမောင်းသန်တွေ၊ မင်းအဖေနဲ့ ဘကြီးဘေးကြောင်ဆိုရင် တို့ကမ်းသာတဲ့ရွာက လူတွေအားလုံးကို လှေကြီးတွေနဲ့ ပို့လို့တောင် ပို့ခဲ့တာတဲ့ကွ၊ လူတိုင်းက ပြောကြတယ် လေ၊ နောက်မှ လေထန်၊ လှိုင်းထန်ပြီး မှောင်အတိကျသွားမှ မျက်ခြည်ပြတ်သွားကြတာ၊ သတင်းကောင်း ကြားနိုင်ပါသေးတယ် ကွာ၊ ငါ့မှာတော့ ဟောဒီသားလေး အသက်ဘေးမရောက်အောင် မကျေးမြှုကိုခဲ့ပြီး အသွားနိုင်းမိတာ မှားသွားပြီကွာ၊ သေလည်း အတူတူသာ ဖြစ်လိုက်ချင်တော့တယ်ကွာ" ဟု မချိတင်ကဲ ဝမ်းနည်းသံဖြင့် ပြောရင်း မျက်ရည်များ ဖြိုင်ဖြိုင်စီးကျလာသည်။ ရွှေဥက်ဦးပင်လျှင် စိတ်မကောင်းမိ။

"ဟာ ကိုကြီးဒုံးယို့ လုပ်တာ မှန်ပါတယ်ဗျာ၊ ဝမ်းနည်းမနေပါနဲ့ ကျွန်တော်လည်း စိတ်တင်းထားပါတယ်ဗျာ၊ ဦးပဥ္စင်း ပြောသလို စိတ်ငြိမ်ငြိမ်ထားပြီး ဖြေရှင်းရမှာပဲ၊ နည်းနည်းသက်သာတာနဲ့ ရှာကြတာပေါ့ဗျာ"

ထိုသို့ ပြောနေစဉ်မှာပင် ပြည့်ဖြိုးမောင်မှာ ကျောင်းပေါ် ပြန်တက်လာပြီး -

"အားလုံး ကျောင်းပေါ်မှာရှိတဲ့၊ ရောက်နေသူမှန်သမျှ ထမင်း စားနိုင်တယ်၊ ဆန်ပြုတ်သောက်နိုင်တယ်၊ နည်းနည်း လှုပ်ရှား သွားလာနိုင်တဲ့ လူငယ်လူလတ်ပိုင်းတွေက ကျွန်တော်တို့နဲ့အတူ

အပျက်အစီးတွေရှင်းဖို့ရယ်၊ တချို့ အိမ်အသုံးအဆောင်ပစ္စည်း တချို့ရယ်၊ ကျွဲတွေ နွားတွေ၊ တိရစ္ဆာန် အသေကောင်တွေ ရှင်းကြဖို့ရယ် အဲဒီအလုပ်တွေ ရှိပါတယ်၊ နောက်ရက်တွေလည်း လုပ်စရာတွေ ဒုနဲ့ဒေးပါ၊ အဲဒါတွေလုပ်ဖို့ မည်သူမဆို ဝိုင်းဝန်း လိုက်နိုင်တယ်၊ ကူညီနိုင်တယ်ဆိုရင် စာရင်းပေးကြပါ၊ နေ့လယ်ခင်းလောက်ဆို ကျွန်တော်တို့ လုပ်ငန်းစရမယ်၊ အခုတော့ ကျေးရွာလူကြီးတွေ၊ ရွာမိရွာဖတချို့နဲ့ ဘကြီးဒိုးမောင်တို့ဆီက ပါလာတဲ့ လူငယ်အဖွဲ့တွေက ကျွန်းထဲမှာ အဲဒီအလုပ်တွေ လုပ်နေကြပါပြီ၊ လုပ်နိုင်ကိုင်နိုင် လုပ်ချင်ကိုင်ချင်စိတ် ရှိတဲ့လူတွေ ကျွန်တော့်ဆီ စာရင်းပေးကြပါ" ဟု ပြည့်ဖြိုးမောင်က ဆော်ဩပြောလိုက်သည်နှင့် ရွှေဒါဂီး တစ်ယောက် ကိုဒုံးပုံ့ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်သည်။ ကိုဒုံးပုံ့က ရွှေဒါဂီးကို ခေါင်းညိတ်ပြလိုက်သည်။

"ပြည့်ဖြိုးမောင်. . .၊ ငါနဲ့ ကိုကြီးဒုံးပုံ့ စာရင်းထည့်လိုက်"

ရွှေဒါဂီး ရုတ်တရက် အားယူထလိုက်ရင်း ပြောလိုက်သည်။ အားလုံးက ရွှေဒါဂီးကို ဝိုင်းကြည့်နေကြသလို ဟိုထောင့်တစ်နေရာ၊ သည်ထောင့်တစ်နေရာမှ တီးတိုးပြောဆိုသံတွေ ကြားနေရသည်။ အထင်သေးပြီး ခပ်တေ့တေ့မျက်လုံးတချို့ကိုလည်း သတိထားမိလိုက်သဖြင့် ရွှေဒါဂီးရင်မှာ ပြင်းရှရှ ခံစားလိုက်ရသည်။

"မောင်ပြည့်ဖြိုးမောင်၊ အစ်ကို့လည်း ထည့်လိုက်ကွာ"

ပိုက်သမားကိုကြိုင်မောင် နေရာကမထဘဲ ပြောလိုက်သည်။ ကျောင်းပေါ်ရှိ ရွာသူရွာသားများမှာ ကိုကြိုင်မောင် ပြောပြီးချိန်တွင် တစ်ယောက်တစ်ပေါက် ပြောနေရာက ငြိမ်သွားပြန်သည်။ အနည်းငယ်ကြာတော့မှ ဦးပဉ္စင်းက ချောင်းဟန့်လိုက်ပြီး -

"ကဲ- အများသိကြတဲ့အတိုင်း ဦးပဥ္စင်းတို့ကျွန်းထဲမှာ မှန်တိုင်းကြောင့် ပျက်စီးချို့ယွင်းခဲ့တဲ့ကိစ္စတွေကို စိတ်ကောင်း စေတနာကောင်းနဲ့ ဆောင်ရွက်ပေးတဲ့လူတွေ ရှိနေကြသလို၊ ဟောဒီကျောင်းပေါ်မှာရှိတဲ့ ဒုက္ခရောက်နေကြတဲ့သူ အချင်းချင်းကလည်း ကြင်ကြင်နာနာနဲ့ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီကြပါ၊ မိသားစုတစ်စုတည်း၊ တစ်အိမ်တည်း ပေါက်ပွားနေထိုင်တဲ့ ညီအစ်ကိုမောင်နှမအရင်း၊ အဖေအမေ၊ သား၊ သမီးအရင်းတွေလို နေထိုင်ကြမှ ဖြစ်မယ့်အချိန်ဆိုတာ သဘောပေါက်ပြီးနေကြပါ၊ ကျင့်သုံးဆောင်ရွက်ကြပါ၊ လိုအပ်တာရှိရင် ဦးပဥ္စင်းကိုလည်း လျှောက်နိုင်တယ်၊ ရှင်းကြရဲ့လား"

"မှန်ပါဘုရား"

ဦးပဥ္စင်းမိန့်ကြားသံအဆုံး အားလုံးက လက်အုပ်ချီ၍ လျှောက်လိုက်ကြသည်။ ရွှေခါးကတော့ တချို့လူများ၏ အထင်သေးသည့် မျက်လုံးအကြည့်များကို မြင်လိုက်ရသဖြင့် ခပြင်းသိမ်ငယ်စွာ သက်ပြင်းတစ်ချက် ချလိုက်မိတော့၏။

○○○

## အခန်း-၂၅

ဒေါ်မြယု၏စည်ခန်းအတွင်း ဆရာတော်ကြီးနှင့်အတူ လယ်ကိုင်းသို့သွားခဲ့သော ဆရာကြီးဦးမြင့်ရွှေနှင့် ဦးဖိုးဝေါင်းတို့ မုန်တိုင်းသတင်း ကြားသိသိချင်း ပြန်ရောက်လာပြီး သူတို့ရွာသို့ ပြန်နိုင်ရေးအတွက် တိုင်ပင်နေကြသည်။

"အဲဒီတော့ ဆရာကြီးသိရသလောက် ဒီရက်ပိုင်းအတွင်း သွားလာရေးကလည်း အဆင်မပြေနိုင်သေးဘူးကွယ်၊ နောက် သုံးရက်လောက်ဆိုရင်တော့ ဒီကနေ သင်္ဘောတွေထွက်မယ်လို့ ကြားတယ်၊ တကယ်လို့ သင်္ဘောမထွက်တောင် ဆရာကြီးတို့ ဝက်လှေဖြစ်ဖြစ်၊ မော်တော်ဖြစ်ဖြစ် စင်းလုံးငှားပြီး ပြန်ကြမယ်"

ဆရာကြီးဦးမြင့်ရွှေက ဒေါ်မြယုအိမ်တွင် မြဖင်ယော်အား အပြန်ခရီးအတွက် သူ စီစဉ်ထားပုံကို ပြောပြနေသည်။ ဒေါ်မြယုက-

"ဒါဆို ဆရာကြီး၊ ဆရာတော်ကြီးက အညာကနေ ဘယ်တော့ ပြန်ကြွမှာလဲ" ဟုမေးနေလျှင် ဦးမြင့်ရွှေက -

"ရောက်ခဲတယ်ဆိုတော့ ချက်ချင်း ပြန်မကြွစေချင်ဘူးလေ၊ အဲဒါကြောင့် ဟိုအညာမှာ ကြာဦးမယ်၊ ဒီကြားထဲ အခုလို ကိုယ့် အရပ်ဒေသမှာ မုန်တိုင်းကြုံလိုက်တော့ ဆရာတော်ကြီးကိုလည်း

ပြန်မကြွစေချင်သေးဘူး၊ ဒီကအခြေအနေက ဘာမှန်းမသိဆိုတော့ ဆရာတော်ကြီးကို ကိုအောင်မြိုးနဲ့ သူ့တပည့်ဖိုးနီတို့၊ ဖိုးစီတို့ကို အနီးကပ်ပြုစုဖို့ ထားခဲ့ပြီးမှ ဆရာကြီးတို့ ပြန်လာခဲ့တာ၊ ဟိုမှာတော့ ဆရာတော်ကြီးအတွက် အားလုံးစိတ်ချရပါတယ်၊ အင်း- စိတ်မချရတာကတော့ ရွာကလူတွေ အားလုံးပဲကွယ်၊ သတင်းတွေ ကလည်း ကြားရတာ မကောင်းဘူး”ဟု ဆရာကြီးဦးမြင့်ရွှေက ပြောလိုက်သည်။ မြဖင်ယော်ကလည်း စိတ်မကောင်းကြီးစွာ ပြန်ပြောလာသည်။

“ဟုတ်ပါတယ် ဆရာကြီးရယ်၊ အဲဒါကြောင့်ပဲ ဒေါ်ဒေါ်လည်း စိတ်ထိခိုက်ပြီး သွေးပေါင်တွေတက်နေလို့ အိပ်ရာထဲမှာ နေတာပဲ ဆရာကြီးရေ့ ပြောရင်းဆိုရင်း ကိုမျိုးလွင်အောင်တောင် လာပြီ၊ ကိုမျိုးလွင်အောင်က သမီးတို့မိသားစုဆရာဝန် ဖြစ်နေပါပြီ ဆရာကြီးရယ်” ဟုပြောရင်း မျိုးလွင်အောင်၏ ဆေးအိတ်ကိုလှမ်းယူလိုက်သည်။

“နေပါစေ မမြဖင်ယော်၊ ခြော် ဆရာကြီးတို့ ဦးလေးတို့လည်း ရောက်နေကြတာကိုး၊ ဒါနဲ့ မမြဖင်ယော် အန်တီရော၊ သူ့အခန်းထဲမှာလား”

“ဟုတ်ပါတယ်ရှင်၊ ခေါင်းထဲ နည်းနည်းမကြည်လို့ ခဏ မှေးနေတယ်လေ”

“ခွင့်ပြုပါဦးခင်ဗျာ၊ ကျွန်တော် အန်တီ့ကို အခြေအနေလေး ကြည့်လိုက်ပါဦးမယ်” ဟုပြောရင်း ဒေါ်မြယုအခန်းသို့ ဒေါက်တာမျိုးလွင်အောင်တစ်ယောက် မြဖင်ယော်နှင့်အတူ ဝင်သွားသည်။

“ဆရာကြီးတို့ ဦးလေးတို့ ခဏနေဦး၊ ရေနွေးကြမ်းသောက်ရင်း ဟာလဝါခြောက်လေး စားကြပါဦးရှင်”

သို့ဖြင့် ဆရာကြီးဦးမြင့်ဆွေတို့ လူကြီးတစ်သိုက်မှာ ဧည့်ခန်းတွင် ရေနွေးကြမ်းသောက်ရင်းဖြင့် သူတို့ရွာအကြောင်း၊ သူတို့နယ်အကြောင်း၊ မုန်တိုင်းကာလ ကြားရသည့်သတင်းတွေကို ပြောဆိုလျက် ရှိကြသည်။ ထိုစဉ်မှာပင် ဒေါက်တာမျိုးလွင်အောင်နှင့် မြဇင်ယော်တို့ တွဲခေါ်လျက် ဒေါ်မြယုတစ်ယောက် ဧည့်ခန်းအတွင်းသို့ ထွက်လာသည်။

"ဪ- ဆရာကြီးနဲ့ ကိုကြီးဖိုးခေါင်းတို့တွေပါလား၊ ရောက်နေတာ ကြာပြီလား၊ ကျွန်မတော့ ဒီရက်ပိုင်း သိပ်နေမကောင်းသလိုဖြစ်နေတယ်ရှင်၊ အချိန်တိုင်းတော့ စိတ်က ရွာကိုရောက်နေပါတယ်ရှင်" ဟုပြောရင်း ဆိုဖာအလွတ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဟုတ်တယ် မမြယုရေ၊ ကြားရတဲ့သတင်းက စိတ်ပူစရာဆိုတော့ ဆရာတော်ကြီးကို လျှောက်ထားပြီး အမြန်ပြန်လာကြတာပဲ၊ ဒီပြန်ရောက်တော့လည်း ရွာကိုသွားဖို့ အခက်အခဲက ရှိနေပြန်တယ်"

ဦးဖိုးခေါင်းက ဒေါ်မြယုကို ပြောလိုက်သည်။ ဆရာကြီးဦးမြင့်ဆွေက ဒေါ်မြယုကိုကြည့်ရင်း မေးသည်။

"ဪ- ဒါနဲ့ မမြယု၊ နေသာရဲ့လား၊ ကျွန်တော်တို့လည်း ဒီရက်အတွင်း သဘောတွေထွက်တာနဲ့ ရွာကို အမြန်ဆုံးပြန်ဖို့ပါပဲ၊ သမီး မြဇင်ယော်ကိုလည်း အဲဒီအကြောင်း လာပြောတာ" ဟု ပြောနေသဖြင့် ဒေါက်တာမျိုးလွင်အောင်ကဝင်၍ -

"အန်တီကတော့ ခွေးပေါင် နည်းနည်းတက်နေတာကလွဲလို့ ဘာမှမဖြစ်ပါဘူး၊ အခုရက်ပိုင်းအတွင်း ဟိုကသတင်းတွေနဲ့ အိပ်ရေးပျက်ပြီး အားနည်းတာလည်း ပါပါတယ်၊ နည်းနည်းလေး အစားအသောက် အနေအထိုင် ဂရုစိုက်လိုက်ရင် ကောင်းသွားမှာ

ပါ၊ ဪ- ဒါနဲ့ ဆရာကြီးတို့ ပြန်ဖို့ကတော့ အဆင်ပြေပါလိမ့်မယ်၊ မနက်ဖြန်လောက်ဆို သင်္ဘောတွေ ပြန်ထွက်မှာလို့ သတင်းကြားထားတယ်"ဟု ပြောလိုက်သဖြင့် အားလုံးက ဝမ်းသာအားရဖြစ်သွားကြသည်။ ဦးဖိုးခေါင်းက ဝမ်းသာအဲလဲပြောလိုက်သည်။

"ဟာ ဝမ်းသာလိုက်တာ ဆရာလေးရယ်၊ ကျွန်တော်တို့လည်း ရွာကို အရမ်းပြန်ချင်နေတာ၊ ဖြစ်နိုင်ရင် မြေကျင်း လျှောက်တောင် ပြန်လိုက်ချင်တာ၊ မြစ်ကူးချောင်းခြားတွေ ဖြစ်နေလို့၊ နို့မို့ဆိုရင် ဒီလို ဘယ်စောင့်နေမလဲ၊ မြေကျင်းသုတ် သွားပြီပေါ့ဗျာ၊ တောက်"ဟု တက်တခေါက်ခေါက်နှင့် ပြောနေလျှင် ဒေါက်တာမျိုးလွင်အောင်က-

"ကဲပါ- ဦးလေးတို့ရာ၊ ဒီနေ့ ကျွန်တော့် အသိမိတ်ဆွေတွေက တစ်ဆင့် အောက်ဘက်ဆင်းနိုင်မယ့် စက်လှေတို့၊ မော်တော်တို့ စုံစမ်းကြည့်ပါဦးမယ်ဗျာ" ဟု ပြောလိုက်သဖြင့် ဦးမြင့်ရွှေက -

"ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်၊ ဪ- ဒါနဲ့ သမီး မြဇင်ယော်အနေနဲ့တော့ သမီးဒေါ်လေး ကျန်းမာရေးကလည်းရှိနေသေးတော့ ခဏစောင့်ကြည့်ပြီးမှ လိုက်လာပေါ့ကွယ်၊ ဟိုမှာရှိတဲ့ ကိစ္စတွေတော့ ဆရာကြီးတို့ တာဝန်ထားပါ" ဟု ပြောလိုက်လျှင် ဒေါ်မြယုက -

"တူမကြီး မြဇင်ယော်လည်း ဆရာကြီးနဲ့အတူ ပြန်လိုက်မယ်ဆိုလည်း ဖြစ်ပါတယ်ရှင်၊ အခု ရန်ကုန်ကလာနေတဲ့ ကျွန်မသားကြီးရဲ့မိသားစုလည်း ဒီညနေလောက် ရောက်လာပါလိမ့်မယ်၊ ကျွန်မလည်း နေထိုင်ကောင်းရင် ရွာကိုဆင်းလာဦးမှာပါ၊ ဒီ ဒေါက်တာလေး အားကိုးနဲ့ပေါ့"

ဒေါ်မြယုအပြောကြောင့် အားလုံး ရယ်မိလိုက်ကြသလို ဒေါက်တာ မျိုးလွင်အောင်က -

"အန်တီပြောတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော် စဉ်းစားထား တာ တစ်ခုက အခုလို ဒုက္ခရောက်နေတဲ့အချိန်မှာ အဲဒီ ဒေသမှာ ကျွန်တော့်ဆေးခန်းလေး အခမဲ့လိုက်ဖွင့်မလားလို့၊ အဲဒီရည်ရွယ် ချက်သာ အောင်မြင်ရင် အန်တီလည်း ရွာသွားဖြစ်၊ ကျွန်တော် လည်း ကုသိုလ်ဖြစ်တာပေါ့"ဟု ပြောလိုက်လျှင် နားထောင်သူ အားလုံး ဒေါက်တာမျိုးလွင်အောင်ကိုကြည့်ရင်း ခေါင်းတဆတ် ဆတ် ညိတ်လိုက်ကြသည်။ ဆရာကြီးဦးမြင့်ရွှေက ပြောလာသည်။

"ကောင်းပါတယ် ဒေါက်တာရယ်၊ ဒေါက်တာရဲ့ရည်ရွယ် ချက်က အလွန်တန်ဖိုးရှိပြီး ကျွန်တော်တို့ရွာအတွက် မင်္ဂလာ သတင်းပါဗျာ၊ လိုက်ဖြစ်အောင် လုပ်စမ်းပါဗျာ၊ အဲဒီလိုသာ ဆိုရင် ဒေါ်မြယုရေ ခင်ဗျားအတွက်တော့ သားရွှေအိုးထမ်းကိန်းပေါ့ဗျာ" ဟုပြောလိုက်လျှင် ဦးဖိုးခေါင်းက ဒေါက်တာ မျိုးလွင်အောင်ကို ကြည့်ရင်း ပြုံးနေသည်။ ပြီးမှ ပြောသည်. . .။

"ဆရာလေး ကျွန်တော်တို့ရွာကိုလိုက်ရင် ကျွန်တော်တို့ အားလုံးက တာဝန်ယူပါတယ်ဗျာ၊ ပြလည်းပြစုပါ့မယ်၊ ပြုစုကောင်း လွန်းလို့ ရွာကတောင် တစ်သက်လုံး မပြန်နိုင် ဖြစ်သွားစေရမယ်၊ တာဝန်ယူတယ်ဗျာ" ဟု အားပါးတရ ပြောချလိုက်ရာ ဒေါက်တာ မျိုးလွင်အောင် တစ်ချက်ပြုံးလိုက်ရင်းသည်။

"ဟုတ်ပါပြီ၊ ဦးလေးတို့ပြောတာ ဟုတ်မဟုတ် သိရအောင် ကျွန်တော် တကယ်လိုက်မှာနော်၊ ဟိုကျမှ မသိသလိုလုပ်မနေနဲ့ နော်" ဟု အရွှန်းဖောက်ပြောလိုက်ရာ ဦးဖိုးခေါင်းက ချက်ချင်းပင်-

"ဟာ- မဟုတ်တာ ဆရာလေးရယ်၊ ဦးလေးတို့ ရွာသူရွာသား တွေက စည့်ဝတ်ကျေပါတယ်ဗျာ၊ ဘယ်လောက် စည့်ဝတ်ကျေသလဲ

ဆိုရင် သကြန်မှာ လူ့ပြည်ဆင်းလာတဲ့ သိကြားမင်း ဦးမာယတောင် ရွာရောက်ရင် ပင်လယ်ထဲဆင်းရေကူးလိုက်၊ အုန်းရေသောက် လိုက်နဲ့ ပျော်နေတာ၊ ဂဏန်းညှပ်မှ လူ့ပြည်မှန်းသိပြီး နတ်ပြည် ပြန်တက်တာလို့ ပြောကြတယ် မဟုတ်လားကွယ့် သမီးမြဇင်ယော်" ဟု မြဇင်ယော်ဘက်လှည့်၍ ပြောလိုက်လျှင် မြဇင်ယော်က ရှက်ပြုံး လေးပြုံးလိုက်ရင်း -

"ဘကြီးဖိုးခေါင်းကလည်း ဘကြီးနဲ့ ကိုမျိုးလွင်အောင်တို့ အပေးအယူလုပ်တဲ့အထဲ မိန့်ပင်ဆွဲမထည့်ပါနဲ့ရှင်" ဟု ပြောလိုက် သဖြင့် အားလုံးက တဟားဟား ဖြစ်သွားကြသည်။

○○○

## အခန်း-၂၅

"လက်ရှိအနေအထားတွေကတော့ သိကြတဲ့အတိုင်း မြင်ကြရတဲ့အတိုင်း အထူးမပြောလိုတော့ပါဘူး။ အဲဒီ အခက်အခဲ အနေအထားတွေကို စိတ်နဲ့ စာနာမှုပေါင်းများစွာနဲ့ တတ်နိုင်တဲ့ဘက်က ဖြည့်ဆည်း ကူညီရိုင်းပင်းထားကြတဲ့ ဒေသခံများကိုလည်း အထူးကျေးဇူးတင်ပါတယ်၊ အချိန်မီရောက်နိုင်ဖို့ ခဲယဉ်းခဲ့တာတော့ နားလည်ပေးကြပါ၊ ကျွန်တော်တို့အဖွဲ့အနေနဲ့ ဖြည့်ဆည်း ဆောင်ရွက်မှာဖြစ်ပြီး ပထမအဆင့်အနေနဲ့ ရှာဖွေကယ်ဆယ်ရေး ယာယီနေရာချထားရေး ကျန်းမာရေး စောင့်ရှောက်မှုပေးရေး ဒုတိယအဆင့်အနေနဲ့ အတည်တကျ ပြန်လည်နေရာချထားရေး ပျက်စီးနေအိမ်များ ပြုပြင်ရေး၊ လိုအပ်တဲ့နေရာမှာ နေအိမ်သစ်တွေဆောက်လုပ်ရေး၊ တတိယအဆင့်အနေဖြင့် စီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို ပြန်လည်ထူထောင်ပေးရေး စတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အတူ အဆင့်ဆင့် တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ဒီနေရာမှာ တစ်ခုထည့်ပြောချင်တာကတော့ ဒီလိုလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် နိုင်ငံတော်အစိုးရချည်းသက်သက် ဆောင်ရွက်လို့မရနိုင်ပါဘူး၊

နိုင်ငံတော်တည်ဆောက်ရာမှာ နိုင်ငံတော်အစိုးရ တပ်မတော်နဲ့ ပြည်သူ အင်အားစုသုံးရပ် ညီညွတ်စွာ ပူးပေါင်းတည်ဆောက် မှသာ အောင်မြင်နိုင်မယ်ဆိုတဲ့ အချက်ကို သိထားကြဖို့ပါပဲ၊ အဲဒီလို အမျှားကခံယူပြီး ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ တိုက်တွန်းအပ် ပါတယ်"

တာဝန်ရှိ လူကြီးတစ်ဦး၏စကားကို ကျောင်းပေါ်တွင် ရှိနေကြသူအားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။ ပြည့်ဖြိုးမောင်တို့ အေးချမ်းဦးတို့ လူငယ်များကလည်း ရောက်ရှိ လာသည့်အဖွဲ့များနှင့်အတူ လုပ်ဆောင်ရမည့်တာဝန်များကို အသီးသီး ခွဲဝေတာဝန်ချထားလျက်ရှိသည်။

"ကဲ- ကျွန်တော်တို့ကလည်း နေရာအတော်များများကို ဆက်ပြီးသွားရမှာမို့ အားလုံးခွင့်ပြုကြပါ။ ဟောဒီ ရွှေကျွန်းသာ မှာတော့ ကျွန်တော်တို့အဖွဲ့က တာဝန်ပေးခဲ့တာရှိသလို ဟောဒီက ရွာခံတွေဖြစ်တဲ့ လူကြီးလူငယ်တွေကလည်း ပူးပေါင်းပြီး ဆောင်ရွက် ပေးကြပါ၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးခင်ဗျား"

သို့ဖြင့် တာဝန်ရှိသူလူကြီးများ ဆရာတော်ကျောင်းမှ ပြန်ထွက် သွားကြပြီး ပြည့်ဖြိုးမောင်တို့အဖွဲ့တွေကတော့ သောက်ရေအတွက် ရေသန့်များ စနစ်တကျ ခွဲဝေသတ်မှတ်ခြင်း၊ ကျန်းမာရေးအတွက် ဆေးပေးခြင်း၊ ဆေးကုသခြင်း၊ အဝတ်အထည်များဝေငှခြင်း၊ စားစရာ သောက်စရာများ ဝေငှပေးခြင်း စသည့်တာဝန်များကို လာရောက်သည့်အဖွဲ့နှင့်အတူ အားတက်သရော ဆောင်ရွက်လျက် ရှိကြသည်။ ကိုဒုံးဖုံမှာ သွားသား မင်းသော်တာလေး ဝမ်းပျက် နေသဖြင့် ဆေးထိုးရန် စောင့်လျက်ရှိသည်။ ရွှေဂေါ်းတစ်ယောက် သည် မြင်ကွင်းများကိုကြည့်ရင်း ငေးငေးငိုင်ငိုင်ဖြစ်နေသည်။ ထိုစဉ်

ကျောင်းပေါက်ဝမှ ဆူဆူညံညံအသံတွေ ကြားလိုက်ပြီးနောက် ဆရာကြီး ဦးမြင့်ဆွေနှင့် ဆရာတော်ကြီးကိုလိုက်ပို့သော လူကြီးပိုင်းတချို့ ကျောင်းပေါ်သို့ တက်လာကြသည်။ အားလုံးက ဆရာကြီးဦးမြင့်ဆွေနှင့် လူကြီးပိုင်းတချို့ ပြန်လာတာတွေ့ရသဖြင့် ဝမ်းသာနေကြသည်။ တချို့ကလည်း ဆရာတော်ကြီး၏ သတင်းကို သိချင်စောဖြင့် မေးနေကြသည်။ ဆရာကြီးဦးမြင့်ဆွေက ဆရာတော်ကြီး၏ တပည့် ဦးပဥ္စင်း ဦးသောဘိတရှေ့တွင်ထိုင်၍ ဦးသုံးကြိမ်ကန်တော့ပြီးမှ ဆရာတော်ကြီးအကြောင်း လျှောက်သည်။

"တပည့်တော်တို့လည်း ဒီအကြောင်းတွေ ကြားရတော့ ဆရာတော်ကြီးရဲ့ ခွင့်မြုချက်နဲ့အတူ အပူတပြင်း ပြန်လာကြတာပါဘုရား။ သတင်းတွေကတော့ အစုံကြားရပါတယ်၊ တပည့်တော်စိတ်ထဲတော့ ဒီလောက်ဖြစ်လိမ့်မယ်လို့ မထင်ပါဘူး။ အခု ဒီရောက်မှ ထင်ထားတာထက်ပိုနေတော့ စိတ်မကောင်းဖြစ်မိပါတယ်ဘုရား။ ဆရာတော်ကြီးရဲ့ ကျန်းမာရေးကတော့ ဒီမှာထက် ပိုကောင်းပါတယ်၊ နောက်ပြီး သူ့ဇာတိအရပ်မှာ တပည့်တွေ၊ ဆွေတွေမျိုးတွေဝိုင်းနေတော့ ပိုပြီး စိတ်ချမ်းသာနေတာ တွေ့ရပါတယ်ဘုရား"

"အင်း- ဒကာကြီး အခုလိုပြောတော့ ဆရာတော်ကြီးအတွက် ဦးပဥ္စင်း စိတ်ချမ်းသာရပါတယ်၊ ဒါပေမဲ့ ဒီမှာတော့ ဆရာကြီးမြင်တဲ့အတိုင်း ကကြီးရေကာ အစကပြန်ထူထောင်ကြရမှာ" ဟု အမိန့်ရှိလိုက်သဖြင့် ဆရာကြီးဦးမြင့်ဆွေမှာ ကျောင်းပေါ်ရှိ ရွာသူရွာသားများဆီသို့ အခြေအနေများကို ကြည့်လိုက်သည်။

"မှန်ပါဘုရား၊ တပည့်တော်လည်း လမ်းတစ်လျှောက်လုံး အပျက်အစီးတွေ တွေ့ခဲ့တာဆိုတော့ အားလုံးမြင်ကြည့်ရင် ကိုယ်ထူကိုယ်ထပါမှ ဖြစ်တော့မှာပါဘုရား၊ ဒါကြောင့် အခုအချိန်ကစပြီး

ကိုယ်အားညာဏ်အားရှိသမျှနဲ့ ဆောင်ရွက်ပါ့မယ်ဘုရား၊ နောက်ပြီး တပည့်တော်ရဲ့ လက်ရင်းတပည့်ဟောင်းတွေ တွေ့နေရပါသေးတယ်၊ သူတို့ကိုလည်း အားကိုးပြီး စေတနာပါပါနဲ့ ဆောင်ရွက်ပါ့မယ်ဘုရား"

"အင်း- သာဓု. . . သာဓု. . . သာဓုပါ ဒကာကြီးရယ်"

ဆရာကြီး ဦးမြင့်ရွှေက သူ့အနီးတွင်ရှိနေသော ရွှေဂါး နှင့် ကိုဖိုးဖုံ့ကိုကြည့်ရင်း ပြောလိုက်သည့်စကားသံနှင့်အတူ ဦးပဉ္စင်း ဦးသောဘိတ သာဓုခေါ်သံအဆုံးဝယ် ရွှေဂါးတစ်ကိုယ်လုံးတွင် ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်းထသွားသည်။

ooo

## အခန်း- ၂၆

"ဆင်ပေါက် မင်း မသေသေးဘူးနော်၊ အခုလိုပြန်ရောက်လာတာ ဝမ်းသာလိုက်တာကွာ၊ အဖေတို့ ဦးလေးတို့သတင်း ဘာကြားလဲကွ၊ ဟော ပြောစမ်းပါဦး"

ရွှေဒင်္ဂါးမှာ သူငယ်ချင်းဖြစ်သူ ဆင်ပေါက်တစ်ယောက် မုန်တိုင်းတိုက်ပြီး သုံးရက်အကြာတွင် ကယ်ဆယ်ရေးစခန်းသို့ ပြန်ရောက်လာသဖြင့် အလွန်အံ့ဩဝမ်းသာသွားသလို သူ့ဖခင် အကြောင်း အလောတကြီး မေးလိုက်သည်။ ဆင်ပေါက်က ခေါင်းခါရင်း ဖြေသည်။ အသံကတုန်ရီရီ. . .။

"ဘာသတင်းမှ မကြားရပါဘူးကွာ၊ အဲဒီနေ့က ဦးလေး ဖလာကြီးတို့က တို့ကမ်းသာက လူတွေအားလုံးကို သူတို့လှေကြီး နဲ့ အခေါက်ခေါက် ကယ်တင်ခဲ့တာပဲသိတယ်၊ ကျန်တဲ့အပိုင်းတော့ ငါ မသိတော့ဘူးကွာ၊ ငါတောင် စက်လှေမှောက်တာနဲ့ အတင်းကူး၊ လူကလည်းမူးနေတော့ လှိုင်းထဲမျောသွားလိုက်တာ၊ ကံကောင်းလို့ မသေတာ၊ ဟော- အခု ရွာပြန်ရောက်တာတောင် အဆင့်ဆင့် ရွာတွေက လူကြုံတွေနဲ့ ပို့လိုက်တာ၊ လှေကြုံ၊ သင်္ဘောကြုံနဲ့ စုံနေတာပဲကွာ"

စကားနားထောင်ရင်း ရွှေဒင်္ဂါးမှာ သက်ပြင်းချလိုက်သည်။

"အင်း- ငါတော့ အမေတို့ကိုလည်း စုံစမ်းချင်တယ်ကွာ၊ မင်း ပြောသလိုမျိုးဆိုတော့ ဘယ်လိုက်စုံစမ်းရမှန်းမသိ ဖြစ်နေပြီပေါ့ ကွာ၊ မသေရင် ကံကောင်းတယ်လို့ မှတ်ရမှာပဲ၊ ဘယ်လိုလုပ်ကြမလဲ ကွာ" ဟု ခင်ညည်းညည်းပြောလိုက်သည်။

"ဘယ်လိုမှ လုပ်မနေရပါဘူးကွာ၊ မသေရင် ပြန်ရောက်လာ လိမ့်မယ်၊ ဆင်ပေါက်အဖြစ်က သာကောပဲကွ"

သူတို့နောက်ဘက်မှ ကြားလိုက်ရသည့်အသံကြောင့် ဆင်ပေါက် ရော၊ ရွှေခါးပါ လှည့်ကြည့်လိုက်ကြသည်။ ပြောလိုက်သူက ဆရာကြီး ဦးမြင့်ရွှေပင်။ သူတို့နှစ်ဦး အံ့အားသင့်သွားသည်။

"ဟာ- ဆရာကြီး ဘယ်သွားမလို့လဲခင်ဗျာ"

ရုတ်တရက် ဆရာကြီးဦးမြင့်ရွှေ မြင်လိုက်ရသဖြင့် ရွှေခါး နှင့်ဆင်ပေါက် လက်နောက်ပစ်ကာ ခါးကိုင်းလျက် ပြိုင်တူလိုလို မေးလိုက်မိသည်။

"ဘယ်မှမသွားပါဘူးကွာ၊ ဆင်ပေါက် ပြန်ရောက်တယ်လို့ ကြားတာရယ်၊ နောက်ပြီး ဒုံးပျံက မင်း ဒီဘက်ထွက်သွားတယ်လို့ ပြောလိုက်လို့ ငါလည်း ဒီဘက်လိုက်လာခဲ့တာ"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ ကိုဒုံးပျံနဲ့လည်း တွေ့ပြီးပါပြီ၊ ရွှေခါးနဲ့လည်း တွေ့ချင်လို့ သူ့နောက်လိုက်လာရင်း ဟိုညာအကြောင်းတွေ ပြောနေတာပါဆရာကြီး" ဟု ပြော လိုက်သလို ဆရာကြီးဦးမြင့်ရွှေက သူတပည့်နှစ်ယောက်ကို ကြည့်ရင်း -

"အေး- ရွှေခါးတို့ ဆင်ပေါက်တို့ရေ မင်းတို့ကို ဆရာကြီး အခုနက ပြောလိုက်သလိုပဲ ရွှေခါးဟာ သူ့အမေအတွက် တော်တော် သောကရောက်ပြီး စိတ်ဓာတ်ကျနေတယ်လို့ ဆရာကြီးသိရတယ်၊

ဒီမှာ- ငါ့တပည့် အခု မင်းသူငယ်ချင်း ပြန်ရောက်လာသလို တို့ရွာသားတွေလည်း တဖြည်းဖြည်းနဲ့ ပြန်ရောက်လာနေကြပြီ သူတို့ ရောက်လာပုံတွေကို ပြန်မေးကြည့်ရင် လှိုင်းဒဏ်လေဒဏ်ကြောင့် အဝေးကိုရောက်သွားကြသလို ရွာနဲ့ဝေး ဆွေမျိုးတွေနဲ့ဝေး၊ ပြန်လမ်းကလည်းဝေးဆိုသလို ဖြစ်ခဲ့ရတာချည်းပဲ၊ ဒါပေမဲ့ ငါတို့ မြန်မာလူမျိုးတွေဟာ ဒုက္ခရောက်လာကြတဲ့သူတွေကို ကယ်ဆယ်ကြတယ်၊ ဆာလောင်နေသူတို့ကို အစာတွေ မျှဝေကျွေးကြတယ်၊ မိတစ်ကွဲ ဖတစ်ကွဲ သားတစ်ကွဲ မယားတစ်ကွဲ ကွဲလာကြသူတွေကို နေရပ်ဇာတိတွေမေးပြီး ပြန်ပို့ပေးကြတယ်၊ အဝေးကနေ အနီးဖြစ်အောင် အဆင့်ဆင့် စွမ်းဆောင်ပေးကြတယ်၊ အဲဒါတွေကြောင့် မိမိဌာနေဆီမှာ ပြန်ရောက်ကြတာပဲ မဟုတ်လား၊ အခုတောင် တို့ကျွန်းပေါ်ကိုလာတင်တဲ့လူတွေ၊ လှေတွေ၊ ပစ္စည်းတွေ စာရင်းလုပ်ပြီး ပြန်ပို့ ပြန်အပ်၊ အကူအညီပေး လုပ်ပေးနေသလိုပေါ့ကွာ၊ အဲဒါကြောင့် မင်းတို့အဖေတွေလည်း ဘယ်ရောက်ရောက် သိပ်စိတ်မပူကြပါနဲ့ မင်းတို့အဖေတွေလည်း မသေရင်တော့ အသေအချာ ပြန်တွေ့ရမှာပဲ၊ တချို့လို ကံမကောင်း အကြောင်းမလှလို့ သေသွားရင်လည်း တစ်မျိုးပေါ့ကွာ၊ မင်းတို့ သူငယ်ချင်း ပြည့်ဖြိုးမောင်တို့၊ အေးချမ်းဦးတို့လို ပရဟိတစိတ်ဓာတ် အပြည့်ရှိတဲ့ လူငယ်လူရွယ်တွေ တို့နိုင်ငံနေရာအနှံ့မှာ ရှိနေကြပါတယ်ကွာ" ဟု ဆရာကြီးဦးမြင့်ရွှေက သူ့တပည့်များကို လက်တွေ့နှင့်ယှဉ်၍ ရှင်းပြနေစဉ်မှာပင် ကိုဒုံးပုံတစ်ယောက် အနားသို့ရောက်လာသည်။ ဆရာကြီးရှေ့တွင် ခပ်ရို့ရို့ရပ်လိုက်ရင်း ပြောသည်။

"ဆရာကြီးပြောတာ မှန်ပါတယ် ဆရာကြီးခင်ဗျာ၊ ကျွန်တော်လည်း ရွှေဂါးကို ဒီအကြောင်းတွေ ပြောခဲ့ဖူးပါတယ်၊ အခုအချိန်

မှာ ကျွန်တော့်မှာလည်း မိသားစုသုံးယောက်ရှိတဲ့အထဲက အိမ်ရှင်မ ဖြစ်တဲ့ မကျေးဖြူတစ်ယောက် ဘယ်ရောက်နေမှန်းမသိလို့ သောက ရောက်နေပါတယ်၊ ရွှေဂါးလိုပဲ ကိုယ့်အပူနဲ့ကိုယ်ပေါ့၊ ဒါပေမဲ့ ကျွန်တော် အဲဒီသောကတွေ ခဏမေ့ထားယ်ပြီး မှန်တိုင်းငြိမ်တဲ့နေ့မှာပဲ တတ်နိုင်သလောက် ကူညီတယ်၊ ပံ့ပိုးခဲ့ပါတယ်၊ ရွှေဂါးအသိပါ၊ ကျွန်တော့်သားလေး အပြင်းဖျားလို့ ကလေးအနားမှာ တစ်နေ့ တစ်ည နေခဲ့ရတာကလွဲလို့ပေါ့၊ ကလေးကလည်း မုန်တိုင်းဒဏ်နဲ့ သူ့အမေကို လွမ်းတာ၊ သတိရတာလည်း ပါတာပေါ့ဗျာ၊ အခုအချိန် မှာတော့ သူ့ဒေါ်လေးနဲ့ ပြန်ဆုံကြတော့ သားလေးကို သူ့ဒေါ်လေး တွေဆီမှာအပ်ပြီး ကျွန်တော်လည်း ဒီကယ်ဆယ်ရေး ကိစ္စတွေမှာ အင်တိုက်အားတိုက် ပြန်လုပ်နိုင်ပါပြီ၊ အဲဒီအကြောင်းတွေ ရွှေဂါး ကိုပြောပေမယ့် သူကတော့ ပြောတုန်းခဏဆိုသလို ဖြစ်နေတယ် ဆရာကြီးရယ်၊ ကြည့်ပြောပေးပါဦး" ဟု ဆရာကြီး ဦးမြင့်ရွှေအား ရှင်းပြလိုက်သည်။ ဆရာကြီးဦးမြင့်ရွှေက ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြောသည်။

"အင်း- ဘုံးပုံပြောတာ သိပ်မှန်တာပေါ့ကွာ၊ မင်းတို့အားလုံး စဉ်းစားနားထောင်ကြည့်ကြ၊ အစပြန်ကောက်ရရင် မင်းတို့သာ ဆရာကြီးပြောခဲ့တဲ့ လူမှုရေးစိတ်ဓာတ်၊ ပရဟိတ စိတ်ဓာတ်၊ ကိုယ့် ဒေသမှာပဲ နေရင်းက အဲဒီစိတ်ဓာတ်တွေ၊ ခံယူချက်တွေရှိနေခဲ့ရင် ကိုယ့်အရပ်သားမှမဟုတ်ဘူး၊ ကိုယ့်ရွာသားဖြစ်ဖြစ် မဖြစ်ဖြစ်၊ အဲဒါ အကြောင်း မဟုတ်တော့ပါဘူး၊ ကူညီမယ်၊ ဆောင်ရွက်မယ်၊ ပေးမ မယ်ဆိုတဲ့စိတ်က အလိုလိုပေါ်လာမှာပါ၊ ကိုယ့်သားသမီး၊ ကိုယ့် ဆွေမျိုး၊ ကိုယ့်မိဘ၊ ကိုယ့်အသိုင်းအဝိုင်းတွေချည်းပဲ တကူးတက လိုက်ရှာနေလို့ရှိရင် တောင်စဉ်ရေမရဆိုသလို လမ်းဆုံးလို့ ရွာ

မတွေ့တဲ့ကိန်း ဆိုက်မှာပဲ၊ အချိန်ကုန်နေမှာပဲ၊ အဲဒီလို လုပ်နေမယ့်အစား ငါတို့ရွာ၊ ငါတို့မြေမှာ ရှိနေတဲ့သူတွေ၊ ရောက်လာတဲ့သူတွေ၊ မွေးလာတဲ့သူတွေကို ကူညီနေမယ်၊ ဖေမနေမယ်ဆိုရင် မင်းတို့လိုပဲ ဒုက္ခခံစားနေရတဲ့ မိသားစုတွေကို ကူညီရာရောက်နေသလိုပဲပေါ့၊ အေး- မင်း အဖေ၊ မင်း မိဘဆွေမျိုးသားချင်းတွေကိုလည်း ဆရာကြီး အခုနပြောခဲ့တဲ့ စိတ်ဓာတ်မျိုး ရှိနေတဲ့သူတွေ တခြားတစ်နေရာက လူတွေကလည်း ကူညီနေမှာပေါ့ကွာ၊ မရှာရဘူး၊ မစုံစမ်းရဘူးလို့တော့ ဆရာကြီး မပြောလိုပါဘူး၊ ပျောက်သောသူရှာရင်တွေ့ စကားလည်းရှိနေသားပဲကွာ၊ ပူပင်သောကစိတ်တွေနဲ့ စိတ်ဓာတ်တွေ ကျနေမယ့်အစား မင်းတို့တစ်တွေ ကိုယ် အကျွမ်းတဝင်ရှိတဲ့ လုပ်ငန်းတွေနဲ့ ဖြည့်ဆည်းပေးကြပါလို့ ဆရာကြီး မေတ္တာရပ်ခံချင်တယ်ကွာ" ဟု ရှည်လျားစွာဖြင့် ရှင်းပြပြောဆိုလိုက်လျှင် ဆင်ပေါက်က -

"ဆရာကြီးပြောတာ ကျွန်တော် သဘောပေါက်ပါပြီ ကျွန်တော်တို့မရှာလည်း ကျွန်တော်တို့လို နေရာအနှံ့ ရှာနေမယ်၊ ရှာပေးနေမယ့်လူတွေ ရှိနေတယ်၊ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ လက်လှမ်းမီတဲ့နေရာမှာ အဲဒီတာဝန်တွေကို ယူကြမယ်ဆိုရင် ထောင့်စေ့သွားပြီး တခြားမိသားစုတွေအတွက်လည်း ကျွန်တော်တို့က ဝင်ကူညီလိုက်တဲ့သဘောပေါ့" ဟု ပြောလိုက်သလို ရွှေဂါးက ဆရာကြီး ဦးမြင့်ရွှေကို ကြည့်လိုက်ရင်း -

"ကျွန်တော်လည်း ဆရာကြီးပြောတဲ့စိတ်တွေ ရှိတော့ရှိပါတယ် ဆရာကြီးရယ်၊ ဒါပေမဲ့ အဖေ့အတွက် ပူပင်သောကကြီး ရောက်နေတာရယ်၊ နောက်ပြီး ကျွန်တော့်ရင်ထဲမှာ တစ်ခုရှိနေတာက အဖေတို့ ကျွန်တော်တို့ ဆင်ပေါက်တို့ဟာ သူများတကာ အထင်သေး

အနှိမ်ခံဘဝတွေ၊ ကျွန်တော်တို့ကို လူတွေက အထင်သေးကြတယ်၊ မယုံကြည်ချင်ကြဘူး၊ ခွဲခြားဆက်ဆံကြတယ်၊ အဲဒါတွေကြောင့် ကျွန်တော်တို့ နေရာတကာ ဝင်လုပ်ရင် ဖိုင်ရှင်မဲ့ပစ္စည်းတွေက တစ်ပုံတစ်ပင်ဖြစ်နေတာဆိုတော့ သူများတွေ တစ်မျိုးထင်မှာ စိုးမိတာရယ်၊ နောက် အဲဒီလို နှိမ်ချမှုတွေအတွက် စိတ်နာတာရယ် ပေါင်းလိုက်တော့ ရင်ထဲမှာ အားငယ်တယ်၊ ခံပြင်းတယ်၊ စိတ်ဓာတ်ကျတယ်၊ အဲဒီလို ခံစားရတော့ ဘာမှမလုပ်ချင်တော့ဘူး၊ ဒီအတိုင်းပဲ ဖြစ်သလို နေလိုက်ချင်တာပါပဲ ဆရာကြီးရယ်" ဟု ရွှေဂေါ်းက သူ့ရင်ထဲကခံစားချက်ကို ပြောပြလိုက်ရှာသည်။ ဆရာကြီးဦးမြင့်ရွှေလည်း သူ့တပည့်စကားကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်၊ ပြီးမှပြောသည်။

"ရွှေဂေါ်းရယ်၊ ဒီအချိန်မှာတော့ မင်းစိတ်တွေ အယူအဆတွေ ပြင်လိုက်ပါ၊ မင်းတစ်ယောက်တည်းမှ မဟုတ်ဘူး၊ ငါ့တပည့်တွေ အားလုံး အဲဒီစိတ်မျိုးတွေ ဒီအချိန်မှာ မထားနဲ့တော့၊ မင်းတို့ သိထားဖို့က မင်းတို့ရှေ့မှာ ဆရာကြီးတစ်ယောက်လုံး ရှိပါတယ်ကွာ၊ ဒီမှာ ရွှေဂေါ်း၊ ဟိုး လယ်ကွင်းနဲ့ ရွာအစပ်မှာ မင်းဘာတွေတွေ့သလဲ၊ ဘာအနံ့တွေ ရနေသလဲ"ဟု မေးလိုက်လျှင် ရွှေဂေါ်း လယ်ကွင်းစပ်ဘက်သို့ လှမ်းကြည့်သည်။ ကြည့်ရင်းနှင့်ပြောသည်။

"ကျွဲသေ၊ နွားသေတွေနဲ့ အပုပ်နံ့မျိုးစုံတွေ ရနေပါတယ် ဆရာကြီးရယ်" ဟု ပြောလိုက်လျှင် ဆရာကြီးဦးမြင့်ရွှေက ခေါင်းညိတ်လိုက်ပြီး သူ့တပည့်များကိုကြည့်၍ ဖြည်းလေးစွာပြောသည်။

"ချောင်းထဲမှာ သေနေတဲ့ လူသေအလောင်းတွေ၊ ကွင်း ထဲမှာ ထပ်တွေ့နေရတဲ့ အလောင်းတွေကွာ၊ အဲဒါတွေ လူတိုင်း မလုပ်နိုင်ကြသေးဘူး၊ မင်းတို့ ဆင်ပေါက်တို့ဆိုတာ ဒါမျိုးတွေနဲ့ မစိမ်းဘူး၊

သူများတွေ တော်တော်များများ မလုပ်နိုင်တဲ့ အလုပ်တွေကို ဆရာကြီးပါ ငါတပည့်တွေနဲ့အတူ လိုက်လုပ်မယ်၊ ရှင်းသင့်တာတွေ ရှင်းမယ်၊ သယ်သင့်တာသယ်မယ်၊ မီးရှို့သင့်တာတွေ ရှို့မယ်၊ သူများတွေ မသတီတဲ့အလုပ်တွေ ဆောင်းပေးလုပ်ကြမယ်၊ မင်း ပြောတဲ့ ပစ္စည်းတွေနဲ့ပတ်သက်နေတဲ့ အလုပ်တွေတော့ ဒီမြင် လုပ်အားရှင်တွေ လုပ်ကြလိမ့်မယ်၊ လုပ်လည်း လုပ်နေကြပြီ ကဲ- အဲဒီတော့ မင်းတို့လည်း လုပ်အားရှင်တွေပဲ၊ ဒါပေမဲ့ မင်းတို့က ရှားပါးတဲ့ လုပ်အားရှင်တွေပေါ့ကွာ၊ မင်းတို့ သဘောပေါက်လောက် ပါပြီ၊ ကဲ- ဘယ်နှယ့်လဲ၊ လုပ်မယ် မဟုတ်လား"ဟု ဆရာကြီး ဦးမြင့်ရွှေက ပြောလိုက်လျှင် ရွှေခါးလည်း ဆရာဖြစ်သူကို အားတက်သရော အမူအရာဖြင့် ကြည့်နေသည်။

"အဲဒါတွေအတွက် ကျွန်တော်နဲ့ ဆင်ပေါက် တာဝန်ထားပါ ဆရာကြီး၊ ဒါမျိုးတွေ ကျွန်တော်တို့ လုပ်နေကျပါ၊ ဆရာကြီး ဖြစ်ချင် တာ ဖြစ်ရပါစေမယ်"ဟု ပြောလိုက်သဖြင့် ဆရာကြီးဦးမြင့်ရွှေ လည်း ဝမ်းသာအားရဖြင့် ရွှေခါးနှင့် ဆင်ပေါက်တို့၏ပခုံးကို တင်းတင်းကြီး သိုင်းဖက်လိုက်မိတော့သည်။ ရွှေခါးစိတ်ထဲတွင် လည်း အထင်သေး နှိမ့်ချဆက်ဆံတတ်သော သဘောထား ကျဉ်းမြောင်းသည့် လူတချို့၏ အကြည့်မှိုင်းများကိုလည်း ဥပေက္ခာ ပြုလိုက်တော့ မည်ဟု ဆုံးဖြတ်လိုက်တော့၏။

သည်တော့. . . စိတ်ထဲမှာ ပေါ့ပါးသွားသလို ခံစားလိုက် ရသည်။

၀၀၀

## အခန်း-၂၇

"ဟာ- ကိုကြီးဒုံးယုံတော့ ကံကောင်းတာပဲ၊ ဟောဒီ တိုင်ကီကြီးတွေက ဆန်တိုင်ကီတွေမို့လား၊ အထဲမှာ ဆန်အပြည့်နဲ့ အလုံပိတ်ထားတာရယ်၊ နောက်ပြီး အိမ်ပြိုတဲ့အချိန် အထဲမှာ ညပ်နေတာဗျာ၊ အဲဒါကြောင့် ဒီဆန်တိုင်ကီကြီးတွေ တခြားရောက်မသွားတာဗျ။ ဒီအချိန် ဆန်ရှိတာပိုင်ပြီဗျို့၊ ဈေးတော့ ကောင်းမှာပဲ"

ကိုဒုံးယုံ အိမ်ဘက်ရောက်တော့ နောက်ဖေးခုံဆောင်ကြီးအပျက်အစီးကြားတွင် ဆန်တိုင်ကီကြီးများကို ဟိုတစ်လုံး ဒီတစ်လုံးတွေ့လိုက်ရသဖြင့် ဓာတ်သိမြစ်သူ ရွှေဒင်္ဂါးက အားပါးတရ ပြောလိုက်သည်။ သူ့အိမ်အပျက်အစီးကြားတွင် ပစ္စည်းလိုက်လံ ရှာဖွေနေသော ကိုဒုံးယုံက ရွှေဒင်္ဂါးကို လှမ်းကြည့်လိုက်သည်။ ပြီးမှ ပြောသည်။

"တိုးတိုးလုပ်ပါကွာ ရွှေဒင်္ဂါးရ ဟိုဘက်အနားမှာ ရောက်နေတဲ့ ဘကြီးဦးဖိုးမောင်တို့အဖွဲ့ ကြားသွားပါမယ်၊ ဒီကိုလာ၊ မင်းကို ငါပြောစရာရှိတယ်" ဟုပြောလိုက်ရင်း လှမ်းခေါ်လိုက်သဖြင့် ကိုဒုံးယုံအနားသို့ ရွှေဒင်္ဂါးရောက်လာပြီး သစ်သားချောင်းကြီးပေါ်တွင် ထိုင်လိုက်ရင်း-

"ဘာပြောမှာလဲ ကိုဒုံးယုံရ" ဟု မေးလိုက်လျှင် ကိုဒုံးယုံက -

"ဒီလိုကွ၊ ဒီလိုအချိန်မှာ ငါ့ဆန်တွေပြန်ရတာ ရွှေတစ်ပိဿာ ကောက်ရတာထက် ဝမ်းသာတယ်၊ ဈေးကောင်းရမယ် ဆိုတာလည်း သိတယ်၊ ဒါပေမဲ့ မင်းစဉ်းစားကြည့်ဦး ရွှေဂေါ်ရယ်၊ ဟိုကျောက် သဘော်က အကြီးဒိုးမောင်တို့ အလှူရှင်တွေကတော့ ငါတို့ရွာ အတွက်၊ ငါတို့ ရွာသားတွေအတွက် စားစရာသောက်စရာတွေ လာပေးကြ နောက်ပြီး အပျက်အစီးတွေ ရှင်းပေးကြနဲ့ ကူညီနေကြ တာ မင်းအမြင်ပဲလေ၊ အေး- အဲဒီအချိန်မှာ ငါ့မှာ ကံကောင်း ထောက်မစွာနဲ့ ကျန်နေခဲ့တဲ့ ဒီဆန်တွေကို အမိုးအခနဲ့ ရောင်းစား မယ်ဆိုရင် သင့်တော်ပါ့မလားကွာ" ဟု ပြောလိုက်လျှင် ရွှေဂေါ်က ခေါင်းကုတ်လိုက်ရင်း -

"ဟာ- ဒါတော့ ဒါပေါ့ဗျာ. . .၊ ကျွန်တော် သိရသလောက် ကိုကြီးဒိုးပျံ မုန်တိုင်းတိုက်နေတဲ့ အချိန်မှာတောင် အိမ်နဲ့ မမကျေးဖြူ ကို ဂရုမစိုက်နိုင်ဘဲ ကျွန်းထဲမှာ စက်လှေကြီးနဲ့ လိုက်ကူညီနေတာ ကျွန်တော်တို့လည်း အသိပဲဗျာ၊ အစ်ကိုကြီးဒိုးပျံ လုပ်ချင်တဲ့ အလုပ်တွေကို ကျွန်တော်တို့ ဆင်ပေါက်တို့လည်း ကူညီပေးခဲ့တယ် လေ၊ အဲဒါကြောင့်လည်း မမကျေးဥလည်းပျောက်၊ ကျွန်တော့် အဖေလည်း ဘယ်ရောက်နေမှန်းတောင် မသိရ ဖြစ်ကုန်တာ မဟုတ်လား၊ ကိုကြီးဒိုးပျံ တာဝန်ကျေပါပြီဗျာ၊ အဲဒါကြောင့် ဒီဆန် တွေရောင်းပြီး ဆုံးရှုံးထားတဲ့ ပစ္စည်းတွေကို ကိုကြီးဒိုးပျံ ပြန်ဖြည့် သင့်တာ ဖြည့်ပေါ့ဗျာ၊ အဲဒါ- ကျွန်တော် ပြောတာဗျာ" ဟု ပြောလိုက်လျှင် ကိုဒိုးပျံလည်း သူ့အိမ် ပျက်စီးနေသည်ကိုကြည့်ရင်း-

"အင်း- ရွှေဂေါ်။ မင်းပြောတာ အပေါ်ယံကြည့်ရင် မှန်တယ် ထင်ရပေမယ့် ငါ့ရင်ထဲမှာတော့ လက်မခံနိုင်ဘူး၊ မင်းတို့ ငါနဲ့ ပေါင်းနေတာကြာပြီပဲကွာ၊ ငါ့စိတ်လည်း မင်းအသိဆုံးပဲ၊ ငါ့ရွာ

အကျိုး၊ ရပ်အကျိုးဆို ဘယ်သူကပြောပြော လုပ်တတ်တာ ငါ့ပင်ကိုစိတ်၊ အဲဒီညကလည်း မင်းတို့အဖွဲ့တွေကို ငါအကူခေါ် အကျွေးအမွေးနဲ့စည်းခံပြီး ငါလုပ်ချင်တဲ့အလုပ်ကို လုပ်ခဲ့တာ မင်းတို့အသိ၊ အခုလည်း ငါ့မှာရှိသေးတဲ့ ပစ္စည်းလက်ကျန်တွေထဲက ဟောဒီဆန်တွေဟာ အခုချိန်မှာ ဒုက္ခရောက်နေတဲ့သူတွေအတွက် အရမ်းလိုအပ်နေတယ်ဆိုတာ ငါမြင်နေရလို့ ငါ ရောင်းမစားနိုင်ဘူး၊ အားလုံးအတွက် ထောက်ပံ့လိုက်မယ်ကွာ"ဟု သူ့ခံယူချက်ကို အလေးအနက် ပြောလိုက်သည်။ ရွှေဂါး ငိုင်စဉ်းစားနေရင်းက ကိုဒိုးပုံ့ကို အားကျဂုဏ်ယူနေမိတော့သည်။

"ကိုကြီးဒိုးပုံ့၊ ကိုကြီးဒိုးပုံ့ရဲ့စိတ်ဓာတ်က တစ်မျိုးပါလား၊ အင်း-ကျွန်တော့်အတွေးက ကိုကြီးဒိုးပုံ့အတွက် ပြောမိတာပါ"

ရွှေဂါး တိုးလျှိုးစွာပြောရင်း ကိုဒိုးပုံ့ကို စိုက်ကြည့်နေသည်။

"ရွှေဂါးရေ အခုချိန်မှာ ငါ တစ်ကိုယ်ကောင်းဆန်မိရင် ဟိုရေ့နေပူကျဲကျဲမှာ တို့ကျွန်းကိုလာပြီး ကူညီနေတဲ့ တခြားရွာသားတွေ မြင်ရင်သိရင် ဘယ်လောက်ရှက်ဖို့ကောင်းလိုက်မလဲ၊ ငါ့စိတ်ကတော့ မင်းအားတွေရှိရင် အားနည်းတဲ့လူကို ကူညီ၊ မင်း ကျန်းမာနေရင် နေမကောင်းတဲ့လူကို ပြုစု၊ ဗိုက်ပြည့်နေတဲ့သူက လက်ထဲက ထမင်းထုပ် ပါးစပ်ထဲ ထိုးမသိပ်နဲ့တော့ သိပ်ဆာတဲ့လူကိုကျွေး၊ တို့တစ်တွေ တစ်အိမ်တည်းက မိသားစုထဲက ညီအစ်ကို မောင်ရင်းနှမတွေလို သဘောထားရမယ့်အချိန်ကွ၊ မင်းရော ဘယ်လိုလဲ"ဟု သူ့ရဲ့ခံယူချက်ကို လေးလေးနက်နက် ပြောလိုက်သည်။ ရွှေဂါးမှာ နဖူးမှကျလာသည့် ချွေးများကို ဘယ်ပြန်ညာပြန်သုတ်လိုက်ရင်းပြောသည်။

"ကျွန်တော်လည်း ကိုကြီးဒိုးပုံ့နဲ့တွဲနေတော့ ကိုကြီးဒိုးပုံ့အလုပ်တွေ၊ ဖြစ်ချင်တာတွေ လုပ်ပေးနေပေမယ့် ဒီလောက်အထိ

ကျွန်တော် မတွေ့ဘူး" ဟု ပြောလိုက်ချိန် ကိုဒုံးပျံ ခေါင်းတွင်တွင် ခါလိုက်ရင်း ပြောပြန်သည်။

"ရွှေဂါး။ ငါ့အလုပ် ငါ ဖြစ်ချင်တာတွေ မဟုတ်ဘူး၊ အများအလုပ်၊ အများနဲ့ဆိုင်တဲ့ မဖြစ်မနေ လုပ်ရမယ့်အလုပ်တွေက အဲဒါတွေကတော့ မင်းသိပါတယ်၊ အများကြီးပဲဟေ့၊ လူတကာတွေ မလုပ်ချင်တဲ့အလုပ်တွေ၊ မလုပ်နိုင်တဲ့အလုပ်တွေကို ငါတို့လုပ်ရမှာပဲ၊ အေး တို့လုပ်ရမည့်အလုပ်တွေ မနက်ဖြန်တောင် မဆိုင်းနိုင်တဲ့အလုပ်တွေက ဒုနဲ့ဒေးပေါ့ကွာ၊ ဟင်း. . ." ဟု ပြောလိုက်သဖြင့် ရွှေဂါးတစ်ယောက် သူတို့ရွာ၏ လက်ရှိအနေအထားတွေကို လှမ်းမျှော်ကြည့်လိုက်ရင်း သက်ပြင်းချလိုက်မိသည်။ အခုလက်ရှိ ကျောင်းပေါ်တွင် ရောက်နေကြသည့်သူများကို မျက်စိထဲတွင် အစီအရီ ပေါ်လာပြန်ပြီ။ ထိုသူတို့ထဲတွင် သူနှင့် ရင်းရင်းနှီးနှီး ဆက်ဆံဖူးသူ၊ မေးထူးခေါ်ပြောလောက် ဆက်ဆံဖူးသူတွေ၊ သူတို့ ဒေသ လယ်လုပ်ငန်းရှာ၊ လှေလှော် လှေစီး၊ ဆားကွင်းသွား ဓနိတော သွား စသည့်အလုပ်များတွင် တွေ့ကြုံကြဖူးသူတွေ၊ သူ့အပေါ် မောက်မာစွာ၊ အထင်သေးစွာ၊ နှိမ့်ချစွာ ဆက်ဆံကြသောသူတွေ၊ သာမှုနာမှု၊ သူတို့သားအဖကို အကူအညီတောင်းခဲ့ဖူးသူတွေ၊ သူ ခင်တွယ်သူတွေ၊ တွေ့ချင်သူတွေ၊ သူ မကျေနပ်သူတွေ၊ ရန်ဖြစ်ဖူးသူတွေ၊ မုန်းသူတွေ စုံလို့ပါလား၊ ဟင်း. . ."

သက်ပြင်းတစ်ချက် ချလိုက်မိသလို သူ့ကိုယ်နှင့်မျက်နှာမှာလည်း ချွေးတွေစီးကျနေသည်။ နဖူးပေါ်မှ ချွေးများ မျက်လုံးထဲဝင်သွားသဖြင့် သူ့အမြင်တွေ ဝေဝါးသွားသည်။ သူ့စိတ်များသည်လည်း ကိုဒုံးပျံနှင့်အတူ ဆရာကြီးဦးမြင့်ရွှေတို့ပုံရိပ်များ ပြည့်ဖြိုးမောင်

တို့လို ကြက်ခြေနီအဖွဲ့တွေ၊ အေးချမ်းဦးတို့လို မီးသတ်အဖွဲ့ဝင်များ၏ ပုံရိပ်တွေက သူ့စိတ်ထဲတွင် ထင်ဟပ်နေပြန်သည်။

"ဟုတ်တယ်နော် ကိုကြီးဒိုးပုံ၊ ကျွန်တော်တို့ကျွန်းမှာ လာကပ်နေတဲ့ အနိဋ္ဌာရုံတွေဟာ ကျွန်တော်တို့ရှင်းမှ၊ နောက် ဒီထက်ပိုပြီး ဝိုင်းကူမှ ပိုမြန်မယ်၊ တခြားဟာတွေနဲ့ အချိန်ကုန်လို့ မဖြစ်တော့ဘူး" ဟု ပြောလိုက်သည့် ရွှေဒင်္ဂါးစကားကြောင့် ကိုဒိုးပုံ တစ်ယောက် ရွှေဒင်္ဂါးကို တလေးတစားကြည့်လိုက်သည်။

"အေး- သိပ်မှန်တာပေါ့ ငါ့ညီရာ၊ အခုအချိန်က အများ တကာတွေရင်ထဲမှာ သောကတွေ၊ မျက်နှာပေါ်မှာ မျက်ရည်စတွေ ရှိနေတဲ့အချိန်ကွ၊ ငါတို့အနေနဲ့ ပေဟဒီ ကယ်ဆယ်ရေး ရှင်းလင်းရေး အလုပ်တွေကလွဲလို့ ဘာမှ တို့အချိန်မဖြုန်းသင့်ဘူး၊ မဟုတ်တဲ့ အလုပ်တွေနဲ့ အချိန်ဖြုန်းနေရင် ဟိုကွာ အရက်တမြမြနဲ့ဆိုရင် တို့ လူတောင်ဟုတ်နိုင်ပါတော့မလား"

"သွားကွာ. . ."

"ချလွှမ်း"

ကိုဒိုးပုံစကားအဆုံး ရွှေဒင်္ဂါးမှာ ခါးတွင်ထိုးထားသော အရက် ပုလင်းကို သူ့အနားတွင်လဲနေသော သစ်ကိုင်းတစ်ခုပေါ် ရိုက်ခွဲလိုက်သည်။ ပုလင်းထဲတွင် တစ်ဝက်လောက်ကျန်နေသည့် အရက် တွေမှာ သဲထဲတွင် ခဏချင်း ပျောက်ကွယ်သွားသည်ကို ကြည့်ရင်း ရွှေဒင်္ဂါး အံတင်းတင်းကြိတ်လိုက်သည်။

ooo

## အခန်း-၂၈

ညနေပိုင်း ထမင်းကျွေးသည့်အချိန် မြဇင်ယော်တို့ နီနီဝင်းတို့ မိန်းကလေးတစ်စုမှာ ထမင်းချက်၊ ထမင်းကျွေးသည့်တာဝန်ကို ယူထားကြသည်။ မိန်းကလေးများကို ရွာမှ သက်လတ်ပိုင်း အမျိုးသမီးကြီး သုံးလေးဦးက တာဝန်ယူကြီးကြပ်ပေးသဖြင့် မြဇင်ယော်တို့ အမျိုးသမီးငယ်များ လုပ်ငန်းလုပ်ရာတွင် အလေအလွင့်မရှိ၊ အဆင်ပြေပြေ ဆောင်ရွက်နိုင်ကြသည်။

"မြဇင်ယော်၊ ကလေးတွေ ထမင်းကျွေးပြီးရင် ကျန်တဲ့တာဝန်တွေ ငါတို့ ယူလိုက်ပါ့မယ်၊ ဒေါ်လေးမြဥကို ဆေးတိုက်ဖို့၊ ထမင်းကျွေးဖို့ လုပ်လိုက်ပါတော့"ဟု နီနီဝင်းက ပြောလိုက်သဖြင့် မြဇင်ယော် ကလေးများကို ဟင်းဇတ်များ လိုက်ထည့်ပေးနေရင်းက -

"အေး-နီနီဝင်းရေ၊ မေမေက ထမင်းမဆာသေးဘူးလို့ ပြောထားလို့ပါ၊ ဆေးတိုက်ဖို့ကတော့ စောပါသေးတယ်၊ အားလုံး ကျွေးတာ မွေးတာပဲ လက်စသတ်အောင် လုပ်လိုက်ပါ့မယ်၊ ရပါသေးတယ် နီနီဝင်းရယ်" ဟု ပြောလိုက်ရင်း ကလေးများကို ဂရုတစိုက် ကျွေးမွေးနေသည်။

“မြဇင်ယော်ရေ ပေါဒီ ကလေးတွေပြီးရင် နင့်အချစ်တော်ကြီး အဖွဲ့ကို ကျွေးရဦးမှာနော်” ဟု သွယ်သွယ်အေးက ပြောလိုက်ရာ မြဇင်ယော် မျက်လုံးအဝိုင်းသားနှင့် နားမလည်သလို ပြန်ကြည့်သည်။

“ဟဲ့ သွယ်သွယ်အေး ဘယ်မှာလဲ ငါ့အချစ်တော် အဖွဲ့ ဆိုတာ” ဟုပြောလိုက်ရာ နီနီဝင်းက ပြုံးစိစိဖြင့် -

“ဟဲ့- ဘယ်သူရှိရဦးမလဲ၊ ဟိုမှာလေ၊ ဆရာကြီး ဦးမြင့်ရွှေ ရွှေ့မှာ မတွေ့ဘူးလား၊ ခုတော့ တစ်ရွာလုံးက အိုးမွမ်းခံနေရပြီ ဖြစ်တဲ့ ရွှေဂါးတို့ ဆင်ပေါက်တို့လေ၊ ရွှေဂါး- ရွှေဂါးလေ” မျက်စလေးချီ၍ ပြောလိုက်ရာ မြဇင်ယော် နီနီဝင်းကို ဟင်းခပ်ဇွန်း နှင့် ရွယ်လိုက်သည်။ နီနီဝင်းကတော့ ပြုံးလို့. . .။

“ဟင်းနော် နီနီဝင်း၊ ဘာမှမဆိုင်တဲ့ဟာတွေ လာပြောမနေနဲ့၊ နင် သဘောကျရင် နင့်ဟာနင့် အချစ်တော်ဘွဲ့ ပေးလိုက်၊ သူများကိုမှား၊ ဟင်း. . .” ဟုပြောရင်း ဟင်းခပ်ဇွန်းနှင့် တစ်ရွယ် ရွယ်လုပ်နေသည်။ သွယ်သွယ်အေးက ကြားမှဝင်၍ -

“ဟဲ့ မြဇင်ယော်ရဲ့၊ ရွှေဂါးတို့၊ ဆင်ပေါက်တို့ကို တစ်ရွာ လုံးက သူများတွေလုပ်ဖို့ လက်ရှိတဲ့အလုပ်တွေလုပ်လို့ အိုးမွမ်းနေ ကြတာ၊ အားကိုးနေတာ၊ ချစ်နေကြတာမဟုတ်လား၊ တို့လည်း ဒီရွာသူ ဒီရွာသားတွေဆိုတော့ ရွာသားတွေလိုပဲ အချစ်တော်ဘွဲ့ ပေးဖို့ ဆိုတာ လွန်တာမှမဟုတ်တာ မြဇင်ယော်ရယ်” ဟု ပြောလိုက်ရာ မြဇင်ယော် မျက်နှာတည်တည်ဖြစ်သွားသည်။

“ကဲ- တော်စမတွေ၊ ကဲ့ရဲ့တော့လည်း သူတို့၊ အိုးမွမ်းတော့ လည်း သူတို့၊ နင်တို့ဟာနင်တို့ ချစ်ချစ် မုန်းမုန်း ငါ စိတ်မဝင်စား ဘူး၊ ငါ စိတ်ဝင်စားတာက ပေါဒီကလေးတွေ စားဝတ်နေရေးနဲ့

သူတို့ရှေ့မှာပဲ သိလား၊ သူများတွေ သောကရောက်နေတဲ့ အထဲ နင်တို့က အမြူးနေ၊ ငါ မပြောလိုက်ချင်ဘူး" ဟု ပြောလိုက်ရာ နီနီဝင်းက -

"အမြူးနေတာ မဟုတ်ဘူးဟဲ့၊ တို့တစ်တွေကပါ စိတ်ဓာတ်တွေ ကျ ငူငူငိုင်ငိုင်ကြီးတွေဖြစ်နေရင် ဟောဒီမှာ မြင်နေရတဲ့ ကလေး တွေအပါအဝင် အားလုံးက ဘယ်မှာ စိတ်တွေ ပြောင်းလာနိုင်တော့ မှာလဲ၊ တို့က ဒီလောက်တော့ လုပ်ပေးရမှာပေါ့ မဟုတ်ဘူးလား၊ သူငယ်ချင်းရယ် အပြစ်တင် မပြောပါနဲ့ ဟော ဆရာကြီးတို့တောင် လာနေကြပြီ"

ထိုစဉ် ဆရာကြီးဦးမြင့်ရွှေက လူကြီးနှစ်ဦးနှင့်အတူ မြင်ယော် တို့အနား ရောက်လာသည်။

"ကဲ- သမီးတို့အဖွဲ့ ပင်ပန်းနေပြီလားဟေ့" ဟု စတင် နှုတ်ဆက်လိုက်သည်။ နီနီဝင်းက -

"မပင်ပန်းပါဘူး ဆရာကြီးရှင့်၊ ဆရာကြီးတို့ ထမင်းသုံးဆောင် တော့မှာလား" ဟု မေးလိုက်လျှင် ဆရာကြီးမြင့်ရွှေက -

"ဆရာတို့ မစားသေးပါဘူးကွယ်၊ ဒါပေမဲ့ ကလေးတွေနဲ့ လူကြီး၊ လူရွယ်တွေ ကျွေးပြီးရင် ဟောဟိုက ရွှေဂါးတို့အဖွဲ့ကို ကျွေးရမလားလို့ကွယ်"

ဆရာကြီးက ရွှေဂါးတို့ဘက် လှည့်ကြည့်လိုက်ကြသည်။ တချို့က ကျောပြောင်ပြောင်၊ တချို့က ခါးတောင်းကျိုက်လျက်။ ရွံ့ဗရပွ ချွေးသံရွှဲရွှဲနှင့်။ ရွှေဂါးတို့လူစုမှာ ရွာထဲနှင့်ကွင်းထဲ၊ ချောင်းထဲတွင် အလုပ်လုပ်ခဲ့သူများ ဖြစ်သည်။

"ခဏလေးဆို ရပါပြီဆရာကြီး၊ သမီးတို့ ပြင်လိုက်ပါ့မယ်"

သွယ်သွယ်အေးက ခပ်သွက်သွက်ပြောလိုက်ရင်း ထမင်းဝိုင်း ပြင်နေကြလေပြီ။ မကြာခင် ရွှေဒါးတို့အုပ်စုအတွက် ထမင်းဝိုင်း ပြင်ဆင်ပြီးသွားပြီ။

"ကဲ- ငါ့တပည့်တို့ စားလိုက်ကြဟေ့၊ ပြီးရင် ခဏနား ဟုတ်လား၊ ပြီးရင် ဆရာကြီးပြောထားတဲ့ ကုန်းပေါ်လုပ်ငန်းတွေ စလုပ်ကြမယ်ဟေ့"

"ဟုတ်ကဲ့ပါ ဆရာကြီး စိတ်ချပါ"

ရွှေဒါးတို့အဖွဲ့ ပြိုင်တူပြောလိုက်ကြသည်။ ဆရာကြီး ဦးမြင့်ရွှေ လည်း သူ့တပည့်များ မြိန်ရေရှက်ရေ ထမင်းစားနေသည်ကို ပြုံးပြုံးကြီးဖြင့် အားရစွာကြည့်နေရာမှ အနားတွင်ရှိသော ကိုဒိုးပဲ့ကို ကြည့်လိုက်ရင်း -

"ဒိုးပဲ့ရေ ညကျရင် ငါပြောထားတဲ့ အကြောင်းလေးတွေ အပြီးသတ် ညှိနှိုင်းကြရအောင်၊ မောင်ပြည့်ဖြိုးမောင်နဲ့ အေးချမ်းဦး တို့နှစ်ယောက်ပါ ခေါ်ပြီးလာခဲ့ကြကွာ၊ ဆရာကြီးရဲ့ရည်ရွယ်ချက် အကောင်အထည်ဖော်တော့မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးဦးမြင့်ရွှေတစ်ယောက် ရွှေဒါးတို့ ထမင်းစား နေသည့်ဝိုင်းကို တစ်ဖန်ပြန်ကြည့်လိုက်ရင်း ကျေကျေနပ်နပ်ကြီး ပြုံးနေမိသည်။

○○○

## အခန်း-၂၉

"နီလုံးတို့ ကျွဲဖြူကြီး ပြန်ရောက်လာတယ်ဟေ့"

"ဟို- ဟုတ်ပျါ ဒီကောင်ကြီး အသက်ပြင်းလှပါလားကွ"

"အသက်ပြင်းတာ ဘာဟုတ်မှာလဲကွာ၊ ဒီကောင်ကြီး တို့ရွာ ပြန်လာတာကိုက အာဂသတ္တိခဲကြီးကွ"

ပစ်တိုင်းထောင်ရွာ ညနေပိုင်း ရွာအရှေ့ပိုင်းကမ်းစပ်မှ တက်လာသော နီလုံး၏ ကျွဲဖြူကြီးကိုကြည့်ရင်း ရွာသားတချို့ ဟစ်အော်နေကြသံတွေဖြစ်သည်၊ အမျိုးသမီးကြီးတစ်ဦးမှလည်း -

"သားကြီး နီလုံးရေ ငါ့သားချစ်တဲ့ တို့ကျွဲဖြူကြီး ပြန်လာပါပြီဟဲ့၊ လာကြည့်ပါဦး သားကြီးရဲ့"

နီလုံးအမေ ဒေါ်တေးသာ အော်ဟစ်သံ၊ ငိုယိုသံက ထွက်လာသည်။

ကျွဲဖြူကြီးသည် ကမ်းစပ်မှာ ခဏရပ်ရင်း ရေစစ်နေသည်။ ကျွဲကြီး ကြည့်ရသည်မှာ မောဟိုက်နေသည်။ သေသေချာချာကြည့်တော့ ကျွဲဖြူကြီးတစ်ကိုယ်လုံး ဒဏ်ရာတွေက မြင်မကောင်းတော့။

"သားကြီးဖြူလုံးလာပါ၊ ယိုယို လာလေ သားကြီးရဲ့၊ နင့်သခင်တော့ မရှိတော့ဘူး ဖြူလုံးရဲ့"

"ဟီး. . . ဟီး"

နီလုံးအမေ စကားကြောင့် အားလုံး စိတ်မကောင်းကြ၊ ကျွဲဖြူကြီး ဖြူလုံး ရှာမြင်လာသည့်သတင်း ချက်ချင်းပြန့်သွားသည်။

"ကဲ-ဟေ့. . . ကျွဲဖြူကြီးကို မအေးသာအိမ်ဘက် ဖြည်းဖြည်း မောင်းပို့လိုက်ပါကွာ၊ နောက်ပြီးမှ စုပေါင်းပြီးထဲ မောင်းလာခဲ့ကြဟေ့"

ဦးဖိုးမောင်ရောက်လာပြီး ပြောလိုက်သဖြင့် ဇော်လွင်တို့ ဦးဆောင်၍ မောင်းသွားကြသည်။ ဒေါ်အေးသာ ပြောလိုက်ငိုလိုက်ဖြင့် နောက်မှလိုက်သွားသည်။ လူအုပ်ကြီးကလည်း တရွေ့ရွေ့။ ကြေကွဲစရာတွေက အပြည့်။

"ဘကြီးရေ့ တိရစ္ဆာန်တွေက ကျွန်တော်တို့ကို ပညာပေးနေပြီဗျ"

"ဟေ့ ရွှေဒင်း၊ ဘယ်လို ပညာပေးနေတာလဲကွ"

လူအုပ်နားရောက်လာပြီး ရွှေဒင်းပြောလိုက်သည့် စကားကြောင့် ဦးဖိုးမောင် တုံ့ခနဲရပ်လိုက်ရင်း မေးလိုက်သည်။ သူတို့နှင့် မနီးမဝေးမှာ ကျွဲဖြူကြီးရပ်နေသဖြင့် လူအုပ်ကြီးကလည်း ရပ်နေသည်။

"ဒီလိုပါ ဘကြီးရာ၊ ဟိုတစ်လောကလည်း ကြည်စိုး ရှာမြင်ရောက်လာတာကြည့်၊ ဘကြီးလည်း သိသားပဲ၊ ကြည်စိုးက ရွာက ကျွဲအို၊ နွားအိုတွေ ဝယ်နေတဲ့ပွဲစားလေ၊ တစ်ခါတလေ အခြေအနေပေးရင် အဲဒီ ကျွဲ နွားတွေ မြို့မရောက်ခင် နိုးကြောင်နိုးဝှက်နဲ့ အမဲပေါ် တတ်တယ်လေ"

"အေး ပြောပါဦးကွယ်၊ ဒါလည်း ငါကြားမိသားကွ"

"ဟုတ်တယ် ဘကြီး၊ အဲဒီနေ့ သေသေချာချာ ပြောရရင် မုန်တိုင်းတိုက်မယ့်နေ့က ဒီကောင် နွားပေါ်ဖို့ ဟို. . . ဟို ဦးအုံးလှိုင်တို့တောအလွှန် လယ်တောစပ်မှာ သတ်ဖို့ချည်ထားတာ၊ လေထန်လာတော့ ဒီကောင် နွားကြီးကို နေရာသွားရွှေ့ရင်း ပြန်မလာနိုင်ဘဲ လှိုင်းနဲ့လေနဲ့မျောသွားတာ၊ နွားကကူး၊ သူကကူး၊ နွားမြီးကိုဆွဲရင်း မောတော့ နွားကြီးကိုယ်လုံးကိုဖက်လိုက်ပြီးတော့ ဒီကောင် ဟို. . . မြစ်ပြသာဒ်တစ်ဖက်ကမ်း ရောက်သွားတာလေ၊ အဲဒါနဲ့ ဒီကောင် နွားကြီးကြောင့် အသက်ချမ်းသာရာ ရသွားတာလေ ဘကြီးရဲ့"

"ဟေ- ဟုတ်လား၊ နွားကြီးက သူ့ကို ကယ်လိုက်တာပေါ့"

"ဟုတ်တယ် ဘကြီး၊ ဒီကောင့်ကို ကယ်လိုက်တဲ့ နွားကြီးကတော့ ကံမကောင်းရှာဘူး ဘကြီးရေ ကမ်းပေါ်လည်းရောက်ရော အမောဆို့ပြီး သေသွားရှာတယ်"

"ဟာ"

"ဟယ်"

"အို ဟုတ်လား၊ တို့ သေသေချာချာ မသိဘူး"

ကြားလိုက်ရသည့် အဖြစ်သနစ်ကြောင့် အားလုံး တအံ့တဩ ဖြစ်သွားကြသည်။

"သေသေချာချာ မသိတာလည်း ဒီကောင်က သူ့အဖြစ်နဲ့သူကိုးဗျ၊ နွားသတ်ဖို့ပဲ သိတာလေ၊ ကျွန်တော့်ကိုတော့ သူကိုယ်တိုင် လာပြောတာ ဘကြီးရဲ့၊ အဲဒီနွားကြီး ကမ်းပေါ်မှာသေတော့ ဒီကောင် ဘာပြောကောင်းမလဲ၊ တကယ့်ကျေးဇူးရှင်ကြီး သေသွားသလို ထပ်တူခံစားပြီး တစ်သက်လုံး နွားတွေကျွဲတွေပေါ်၊ သနားစိတ် မရှိတဲ့အကောင်က နွားကြီးကိုဖက်ပြီး ဝမ်းနည်းပက်လက်

ငိုလိုက်မိတာ ဘယ်လောက်ကြာမှန်းတောင် မသိတော့ဘူးတဲ့ ဘကြီးရေ၊ အကြီးအကျယ် နောင်တရသွားတဲ့ သဘောပါ"

"အင်း၊ သူ သတ်မယ့်နွားက သူ့ကို ကယ်သွားတာကိုကွ၊ ဒီကောင် နွားတွေ၊ ကျွဲတွေ ဆက်သတ်နေရင်တော့ လူဟုတ်မှာ မဟုတ်တော့ ဘူးဟေ့"

ဦးဒိုးမောင်နှင့် ရွှေဂါးတို့၏ ပြောစကားကို နားထောင်နေသူများထဲမှ ဦးဖိုးပျော့၏ဝေဖန်သံ။

"ဘကြီးပျော့ရယ်၊ အဲဒီနေ့ကစပြီး ဒီကောင် လူဟုတ်သွားပါပြီ၊ သူ့အကြောင်းကြားရတာ ကျွန်တော်ပါ နွားသားစားချင်စိတ် မရှိတော့ပါဘူး၊ ဟိုတုန်းက ဒီကောင်နဲ့ ကျွန်တော်တို့ ဆင်ပေါက်တို့က ပုလင်းတွေ ဘူးဆို့တွေ၊ ကျွန်တော်တို့ ဒိုးတဲ့ငါးနဲ့ သူ့အမဲခြောက်နဲ့ လဲပြီးစားကြတာလေ၊ အဲဒီအဖြစ် ဖြစ်ပြီးကတည်းက ဒီကောင် အဲဒီအလုပ်တွေ ရာသက်ပန် စွန့်တဲ့အကြောင်း ကျွန်တော့်ကို ပြောသွားပြီဘကြီးရေ. . ."

ရွှေဂါးစကားဆုံးတော့ ဦးဒိုးမောင် ခေါင်းညိတ်ပြသည်။

"အင်း၊ အဲဒီအဖြစ်အပျက်ကို တို့ရွာသားတွေ သိသွားအောင် ပြောပြလိုက်ဦးဟေ့၊ ကျွဲတွေ၊ နွားတွေ၊ တိရစ္ဆာန်တွေအပေါ် ထားသင့်တဲ့ အသိစိတ်လေးတွေ ဝင်လာအောင်ပေါ့ကွာ၊ နွားများ ကျွဲများဟာ သူတို့ကိုသတ်မယ့်လူ သတ်ဖို့လုပ်တာ မြင်ဆင်တာကို သိတယ်ကွ၊ မပြောနိုင်၊ မရုန်းနိုင်လို့ ခံနေရပေမယ့် မျက်ရည်တွေ ကျတာ မင်းတို့အမြင်မှိုလား၊ နွားသတ်တဲ့လူရဲ့ အနံ့ကိုလည်း သူတို့ သိတယ်၊ ကြည်ဖိုးဟာ သူ့ရန်သူဆိုတာလည်း သိမှာပဲလေ၊ ကဲ-မင်းတို့ကြည့်၊ အခု ကျွဲမြီးကြီး မြှောက်လုံးကျတော့ ကိုယ့်ဝေဒနာ၊ ကိုယ့် အရပ်အစေ့အနံ့ခံပြီး ပြန်လာတာကွ၊ မယုံမရှိနဲ့၊ သူ့ အခုကျလာ

တာ တို့ရွာအရှေ့ဘက်ကမို့လား။ အခုရာသီ အနောက်ဘက်က အနောက်ရမ်းလေတိုက်တော့ သူကျက်စားခဲ့တဲ့ နေရာကို မှတ်ပြီး ခက်ခက်ခဲခဲ ကူးလာတာကြည့်၊ တိရစ္ဆာန်ဖြစ်ပေမယ့် ရွာကို မစွန့်ဘူးကွ၊ အဲဒီဖြစ်ရပ်တွေကိုကြည့်ပြီး တို့မြင်တတ်ရမယ်၊ သိတတ်ရမယ်၊ တွေးတတ်ရမယ်၊ နမူနာ ယူတတ်ကြရမယ်တဲ့"

ဦးဒိုးမောင်စကားကို အားလုံးက ခေါင်းတညိတ်ညိတ် နားထောင်နေကြသည်။

"ကဲ- မင်းတို့ကလည်း မပြောမပြီး မတီးမခြည် ဖြစ်နေပြန်ပြီကွာ၊ အဲဒီကျွဲကြီးအတွက် ရေချိုနည်းနည်းသွားယူ၊ မြက်နုလေး နည်းနည်းကျွေး။ နောက်ပြီးမှ ဆက်မောင်းသွားကြ"

"ဟုတ်ကဲ့ ဘကြီး"

လှေငယ်နှစ်စီး ရွာဘက်သို့ အပြေးထွက်သွားသည်။ ကျွဲကြီး မောနေသည်မှာ ပါးစပ်မှအမြှုပ်များပင် ထွက်နေသည်။

"ရွာခေါင်းက ချွေးထွက်နေတာပေါ့၊ ဒီကောင်ကြီး မသေနိုင်ဘူးကွ၊ ရေပါရှင်သာ တိုက်လိုက်"

ဘကြီးဒိုးမောင် ပြောလိုက်သလို ကျွဲကြီးကို ရေတိုက်နေကြပြီ၊ ရွှေဂီးလည်း မြှုလုံးကြီးကိုကြည့်ရင်း သူတို့ရွာက ကျွဲတွေ၊ နွားတွေကို မျက်စိမှာ မြင်ယောင်လျက် သက်ပြင်းလေးလေးကြီး တစ်ချက် ချလျက်သား ဖြစ်သွားပါတော့သည်။

○○○

# အခန်း-၃၀

"ဟင်၊ ဟုတ်လား ပြည့်ဖြိုးမောင်၊ နင်တို့ မနက်ဖြန် သွားရမှာပေါ့"

"အေး-ဟုတ်တယ်ဟ၊ အခုအချိန်မှာ တို့ရွာအနေအထားက အားလုံး ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အခြေအနေကောင်းလာပြီလို့ ပြောလို့ရတဲ့အဆင့်မို့လား၊ အဲဒီတော့ တို့ကြက်ခြေနီအဖွဲ့ဝင် တွေအနေနဲ့ လိုအပ်တဲ့နေရာတွေမှာ အားဖြည့်ဖို့အတွက် သွားရမှာ၊ ငါနဲ့အတူ အေးချမ်းဦးတို့လည်း ပါတယ်လေ"

ပြည့်ဖြိုးမောင်က နီနီဝင်းနှင့် မြဇင်ယော်တို့ကို အကျိုးအကြောင်း ရှင်းပြလိုက်သည်။ မြဇင်ယော်က စိတ်မကောင်းစွာ ပြောသည်။

"အေး အဲဒါတော့ ဟုတ်တယ်၊ ဒါပေမဲ့ အခုချိန်မှာ ငါတို့ကလည်း ရွာမူလတန်းကျောင်းမှာ ဝိုင်းကူနေရတာရယ်၊ ဟောဒီမှာ လောလောဆယ် ကျန်နေသေးတဲ့ တို့ရွာသားတချို့ကို စောင့်ရှောက်ပေးနေရတာတွေ အားလုံး နင်တို့နဲ့အတူ တိုင်တိုင်ပင်ပင် ဝိုင်းဝန်းဆောင်ရွက်နေရတော့ ပိုပြီးအဆင်ပြေတာပေါ့၊ အခု နင်တို့သွားမယ်ဆိုတော့ အားလျော့တာပေါ့ဟယ်"

"ဟုတ်တယ် ပြည့်ဖြိုးမောင်ရဲ့၊ ဟောဒီက မြဇင်ယော်က တို့ရွာသူသားဆိုတယ်၊ သူက မြို့မှာချည်း အနေများတော့ သက်တူရွယ်တူ သူငယ်ချင်းတွေထဲမှာ နင်တို့ကို အားကိုးပြီး ရွာရေးရပ်ရေးကိစ္စတွေမှာ ဆောင်ရွက်နေတာဆိုတော့" နီနီဝင်းက ပြောရင်း ပြည့်ဖြိုးမောင်ကို ကြည့်နေသည်။ ပြည့်ဖြိုးမောင်က သူတို့ အားလုံးကို ကြည့်လိုက်ရင်း ဝမ်းနည်းဝမ်းသာ ခွန်းတုံ့ပြန်လိုက်သည်။

"နင်တို့ပြောတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဘာမှ အားမငယ်ပါနဲ့ဟာ၊ တို့သူငယ်ချင်းတွေထဲမှာ ကျွန်းသာက အေးချမ်းဦးတို့လည်း ရှိနေတာပဲ၊ နောက်ပြီး အခု ကျွန်းသာက ဆင်ပေါက်တို့၊ ရွှေဂါးတို့ဆိုရင်လည်း လုပ်ငန်းတွေမှာ တက်တက်ကြွကြွနဲ့ ဆောင်ရွက်နေကြပြီလေ"

ပြည့်ဖြိုးမောင် ပြောနေစဉ်အတွင်းမှာပင် ဆရာ ဦးမြင့်ရွှေ အနားရောက်လာသည်။

"တက်တက်ကြွကြွနဲ့ ဆောင်ရွက်နေရုံတင်မဟုတ်ဘူး ငါ့တပည့်တို့ရေ၊ အခုကာလက ပြည့်ဖြိုးမောင်တို့တစ်တွေ တခြားနေရာတွေမှာ တို့အရပ်၊ တို့ဒေသထက်ပိုပြီး အရေတကြီး ဖြည့်ဆည်းဆောင်ရွက်ရမယ့် အခြေအနေမျိုးတွေကြောင့် အင်အားဖြည့်သွားရမယ့် အခြေအနေမျိုးမှာ ဆင်ပေါက်တို့၊ ရွှေဂါးတို့ရဲ့ စိတ်ဝင်တစား တက်ကြွလာတဲ့ လုပ်အားတွေဟာ အဓိက ဖြစ်နေတာ ဆရာကြီး လက်တွေ့မြင်နေရပြီပေါ့"

ပြည့်ဖြိုးမောင်က ဆရာကြီးကို ဦးညွှတ်လိုက်ရင်း -

"ဟုတ်ပါတယ် ဆရာကြီးခင်ဗျာ၊ အခုပဲ သူတို့ကို အဲဒါတွေ ပြောနေတာပါ၊ ကျွန်တော့်အနေနဲ့ တကယ်လည်း ကိုယ့်အရပ်၊ ကိုယ့်ဒေသမှာပဲ လုပ်ပေးချင်စိတ် ရှိပါတယ်၊ ဒါပေမဲ့ အခု မှန်တိုင်း

ဖက် ထိထိခိုက်ခိုက်ခံခဲ့ရတဲ့ နေရာတချို့မှာဆိုရင် လူတွေဟာ ရှုတ်တရက် နှလုံးရပ်တန့်မှုတွေ ရှိလောက်အောင် ခံစားရတာတွေ၊ စိတ်ကျန်းမာရေး ချို့ယွင်းသွားသူတွေ၊ အဖော်မဲ့သွားသူတွေ၊ ရင်ခွင်မဲ့ ကလေးတွေ ရှိနေပါသေးတယ်၊ အဲဒီဖြစ်ရပ်တွေဟာ ကျွန်တော်တို့ ရွာလေးမှာတော့ မရှိဘူးမဟုတ်ဘူး ရှိပါတယ်၊ ဒါပေမဲ့ နည်းပါတယ်၊ အဲဒါကြောင့် အခုနလို ဖြစ်ရပ်တွေရှိတဲ့ နေရာတွေမှာ ကျွန်တော်တို့လို လူမျိုးတွေ ဖြည့်ဆည်းသင့်တယ်ဆိုတဲ့စိတ်က အနိုင်ယူသွားပါတယ်၊ အဲဒီလိုပဲ အခု ကျွန်တော်တို့ သူငယ်ချင်းတွေ ဖြစ်တဲ့ ရွှေခေါင်းတို့ ဆင်ပေါက်တို့လည်း အဲဒီလိုစိတ်မျိုးတွေ သူတို့မှာ ရှိလာကြပြီဆိုတာ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါကြောင့်လည်း ဟောဒီက မြင့်ဆယ်တို့ နီနီဝင်းတို့ကို ဖြစ်ရပ်လေးတွေနဲ့ယှဉ်ပြီး ရှင်းပြနေတာပါ ဆရာကြီး" ဟု ပြောလိုက်သလို ဆရာကြီး ဦးမြင့်ရွှေက -

"ဟုတ်တာပေါ့ကွာ၊ ဆရာကြီးဟာ ဟောဒီ ကျွန်းသုံးရွာမှာရှိတဲ့ တစ်ခုတည်းသော မူလတန်းကျောင်းလေးရဲ့ ကျောင်းဆရာကြီး အဖြစ် အခု ပင်စင်ယူတဲ့အထိ နှစ်ပေါင်း ၄၀ တိုင်တိုင် တာဝန်ယူ ဆောင်ရွက်ခဲ့တာ ငါ့တပည့်တွေအသိမှိုလား၊ အခုဆိုရင် ဟောဒီ ကျွန်းမှာရှိတဲ့ အသက် ၄၀ ကျော်၊ ၅၀ လောက်အတွင်းထိ လူလတ်ပိုင်းတော်တော်များများကအစ ဆရာကြီးရဲ့တပည့်တွေက များနေတော့ သူတို့ရဲ့ ငယ်စဉ်ဘဝတွေ၊ စိတ်ဓာတ်တွေ၊ နောက်ဆုံး အပြောအဆို အနေအထိုင်တွေကအစ ဆရာကြီး သိတာများတယ်၊ မင်းတို့တွေလည်း သိသင့်သလောက် သိကြမှာပါ၊ အဲဒီတော့ ဆရာကြီး တစ်ခုပြောချင်တာ လူတစ်ယောက်ရဲ့ အပြင်ပိုင်းဆိုင်ရာ ဥစ္စာရေး၊ အပြင်အဆင်၊ အဝတ်အစားရော အတွင်းစိတ်ပိုင်း

ဆိုင်ရာတွေရော ဘယ်တော့မှ တရားသေ တွက်မထားပါနဲ့နော်၊ ဆိုးတဲ့လူကိုလည်း အဆိုးချည်းပဲ ဖြစ်ရမယ်ဆိုတဲ့ အစွဲ၊ ကောင်းတဲ့ လူကိုလည်း အကောင်းချည်းပဲ တည်မြဲနေနိုင်တယ်ဆိုတဲ့ အသိမျိုး ထားလို့မရဘူးကွယ့်၊ စကားပုံထဲကလို မျက်မွေးတစ်ဆုံး မကြည့်ကြ နဲ့ပေါ့ကွယ်၊ ဒါဆိုရင် ဆရာကြီး ဘာကိုပြောချင်တယ်၊ ဆိုလို ချင်တယ်ဆိုတာ ငါ့တပည့်တို့ သိလောက်ပါပြီနော်" ဟု ပြောလိုက် လျှင် မြင့်ယော်ကပင် -

"ဟုတ်ကဲ့ပါ ဆရာကြီး၊ သမီးတို့အနေနဲ့ ဆရာကြီး စကားတွေ ရော၊ ဟောဒီက မြည့်ငြိမ်းမောင်ပြောတဲ့ စကားတွေရော ကြားရတာ သမီးတို့အတွက် မြင်စရာတွေ၊ သတိပြုစရာတွေ၊ လုပ်စရာတွေ တိုးပွားလာရသလို တခြားဒေသတွေမှာ မဖြည့်ဆည်းနိုင်ပေမယ့် ကိုယ့်ဒေသ၊ ကိုယ့်အရပ်မှာ တာဝန်ကျေအောင် ဆောင်ရွက်ဖို့ တွန်းအားပေးလိုက်သလိုပါပဲ ဆရာကြီးရှင့်" မြင့်ယော် စကား အဆုံး နီနီဝင်းက ဆရာကြီးဦးမြင့်ရွှေကိုကြည့်ရင်း တရိုတသေ ခေါင်းညိတ်ပြလိုက်သည်။

ဆရာကြီးဦးမြင့်ရွှေက သူ၏တပည့်များကိုကြည့်ရင်း -

"မှတ်ထား တပည့်တို့ အခုအနေအခါမယ် တို့ကျွန်းသုံးရွာ ဖြစ်တဲ့ ကမ်းသာ၊ ကျွန်းသာ၊ ကုန်းသာဆိုတဲ့ ရွှေကျွန်းသာအုပ်စုဟာ ဘုန်းတော်ကြီးကျောင်းက တစ်ကျောင်းတည်း၊ ပညာသင်ကျောင်း က တစ်ကျောင်းတည်း၊ ရွာသောက်ရေကန်က တစ်ကန်တည်း၊ ဒီကွာ- သချိုင်းတောင်မှ တစ်ခုတည်းဖြစ်သလို သုံးရွာမှာ တစ်ရွာတည်း၊ အိမ်ထောင်စု တစ်စုတည်း၊ မိသားစု တစ်စုတည်းလို ဖြစ်အောင် ကြိုးစားရမယ်၊ ဖြစ်အောင်လည်းလုပ်ရမယ်၊ ဖြစ်ဖို့

မဖြစ်ဖို့က မင်းတို့လူငယ်တွေရဲ့ လက်ထဲမှာပဲရှိတယ်ဟေ့၊ မြဲမြဲမှတ်ထားကြ"ဟု ပြောရင်း ဆရာကြီးသည် ဘုန်းတော်ကြီးကျောင်းဘက်သို့ ခပ်သွက်သွက် ပြန်လျှောက်သွားသည်။ ဆရာကြီးထွက်သွားပြီး မကြာခင်မှာပင် ကျောင်းကြီးပေါ်မှ ကလေးငယ်များ၏ ဘုရားရှိခိုးကန်တော့ခန်းဆိုသံ ထွက်ပေါ်လာသလို၊ ဟိုအဝေး အနောက်စွန်းစွန်း ဝင်လုလုနေရောင်နောက်ခံလျက် စင်ရော်ငှက်အုပ်တွေ၊ ဖွေးခနဲ ... ဖွေးခနဲ၊ အသုတ်လိုက် အုပ်ဖွဲ့ရင်း ပျံသန်းနေကြဆဲ...။

၀၀၀

## အခန်း-၃၁

"တို့ကျေးရွာ၊ တို့ဒေသ၊ တို့အရပ်ရဲ့ ထူထောင်ရေးလုပ်ငန်းတွေ အားလုံးဟာ မင်းတို့လူငယ်တွေရဲ့ လက်ထဲမှာ ရှိနေပြီဆိုတာ ယုံပြီ မဟုတ်လားကွ"

ဆရာကြီးဦးမြင့်ရွှေက သူ၏တပည့်များကို အားပါးတရ ပြောလိုက်သည်။ တပည့်များမှာ ဆရာကြီး ဆက်ပြောမည့် စကားကို နားစွင့်လျက်။

"အခုဆိုရင် မင်းတို့ကြည့်စမ်း၊ တို့ကျေးရွာအပါအဝင် ကျေးရွာတိုင်းမှာ လတ်တလော စားဝတ်နေရေးအတွက် ဖြည့်ဆည်းပေးကြတဲ့ အစိုးရဲ့ပြည်သူ့ဝန်ထမ်းတွေ၊ တပ်မတော်သားတွေ၊ လူမှုရေးအဖွဲ့သားတွေက ပူးပေါင်းဆောင်ရွက်ကြလို့ စားဝတ်နေရေးတွေ ယာယီပြေရှင်းနိုင်ခဲ့ပြီ၊ ဟော- အခုဆိုရင် စာသင်ကျောင်းတွေ ဖွင့်လှစ်နိုင်ဖို့ အားတက်သရော ဆောင်ရွက်နေကြတာ ဒီနေ့ဆိုရင် တို့ကျွန်းသာအုပ်စုရဲ့ မူလတန်းလွန်ကျောင်း အဆောက်အအုံနဲ့ တကွ ဆရာ၊ ဆရာမတွေ နောက်ပြီး အခုလို ဖြစ်ငယ်တို့ နီနီဝင်းတို့အပါအဝင် နိုင်ငံ့အကျိုးပြု အဖွဲ့အစည်းအားလုံးရဲ့ ပံ့ပိုးမှုကူညီမှုကြောင့် စာသင်ကျောင်းတွေမှာ စာကျက်သံတွေ ညံနေကြတာ၊ အထူးသဖြင့် မင်းတို့လူငယ်တွေရဲ့ လုပ်အားတွေ အများကြီးပါတယ်

ဆိုတာ ဆရာကြီး ဖော်ညွှန်းချင်တာပဲ။ ဒါကြောင့် ပြောရရင် တို့အရပ်၊ တို့ဒေသ၊ တို့ကျေးရွာတွေ တိုးတက်ဖို့ဆိုတာ မင်းတို့ လူငယ်လူရွယ်တွေရဲ့ လက်ထဲမှာရှိတယ်ဆိုတာ ဆရာကြီး ပြောချင်တာပဲ"

ဆရာကြီးဦးမြင့်ရွှေ၏ ပြောနေကျစကားကို သည်ကနေ့ ကျွန်းသာအုပ်စု၏ တစ်ခုတည်းသော မူလတန်းလွန်ကျောင်းကို သူတို့ကျွန်းတစ်ခုလုံး၏ မြေအမြင့်ပိုင်းဖြစ်သော ကုန်းသာဘက်တွင် အသစ်ပြုပြင်၍ ဖွင့်လှစ်သည့်နေ့ ရွှေကျောင်းသာကျောင်း၏ ကျောင်းအုပ်ဆရာကြီးဟောင်းဖြစ်သော ဦးမြင့်ရွှေက သူ့တပည့်များကို လက်တွေ့နှင့်ယှဉ်၍ ပြောပြလိုက်သည်။ ရွှေကျွန်းသာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး၏ တပည့်ဟောင်းဖြစ်သူ ဆရာမောင်မောင်စိုးကလည်း ထောက်ခံပြောဆိုလိုက်သည်။

"ဆရာကြီးပြောတာ မှန်တယ်၊ အခုဆိုရင် ကျွန်တော်တို့ ကျောင်းပြုပြင် ဆောင်ရွက်တဲ့နေရာမှာ သစ်ဝါးခုတ်တာ၊ သယ်တာကအစ၊ မိုးတာ၊ ကာတာအားလုံး ဟိုတုန်းကလို လက်သမားဆရာမှ ပန်းရံဆရာမှ ဆိုတာမျိုး မဟုတ်တော့ဘူး၊ ဟော- လူငယ်တွေဖြစ်တဲ့ ရွှေဝင်းတို့၊ ဆားခါးတို့၊ ဆင်ပေါက်တို့က လက်သမားဆရာတွေလို့တောင် သတ်မှတ်ရအောင်ကို ကျောင်းထိုင်ခုံအကျိုးအပဲ့ကအစ ပြုပြင်တာတို့ ထိုင်ခုံတွေလုပ်တာတို့ကို ကိုဘုံးပျံ့တို့ လူလတ်ပိုင်းအရွယ်တွေက ဆောင်ရွက်၊ ဟောဒီ ကျောင်းကြီး ပြီးခဲ့တာ၊ နောက် ကျောင်းသားလေးတွေ ကျောင်းသွားကျောင်းပြန် စောင့်ရှောက်တာကအစ လိုအပ်တဲ့အတန်းတွေမှာ ဇော်ခင်တို့၊ နီနီဝင်းတို့၊ မြဖင်ယော်တို့ကလည်း ညီငယ်၊ ညီမငယ်တွေကို ဝင်သင်ပေးကြနဲ့၊

တကယ့်ကို သူတို့ခြေ သူတို့လက် ဖြစ်နေပါပြီ ဆရာကြီး" ဦးမောင်မောင်စိုး စကားအဆုံး ဦးမြင့်ရွှေကပင် ဆက်၍ပြောလာသည်။

"အေးကွာ၊ ဟိုတုန်းက တို့ကျွန်းသာမှာ ဆန်ကုန်မြေလေးလို့ အပြောခံရလို့ခံရ မရှိမကောင်း ရှိမကောင်းလို့ အပြောခံရလို့ ခံရ အများနာရေးကိစ္စတွေမှာ ဘာအခွင့်အရေးမှမယူ၊ ဘာမျှော်လင့်ချက်မှမထားဘဲ စေတနာသက်သက်နဲ့ ဆောင်ရွက်တာကို သူဘရာဇာလို့ သဘောထားတဲ့လူကထားကြ၊ နှိမ်ချဆက်ဆံကြနဲ့၊ သူတို့ကလည်း အဲဒီအပြစ်ပြော၊ အပြစ်ရှာတဲ့စကားတွေကို ပြန်ပြီး အရွဲ့တိုက်ကြတော့ အော့ကြောလန် စာရင်းထဲမှာ သိသရာလည်ခဲ့ကြတာပေါ့။ အခုတော့ ဆင်ပေါက်တို့ ရွှေဂေါ်းတို့ဆိုရင် စိတ်ထားတွေပြောင်းပြီး ရွာရေးရပ်ရေးတွေမှာ ဦးဆောင် ဦးရွက်နဲ့ လုပ်နေကြတာ ဘယ်လောက်ဝမ်းသာဖို့ ကောင်းသလဲကွာ၊ မင်းတို့အမြင်ပဲနော်" ဆရာလေးတစ်ဖြစ်လဲ ဖော်ခင်ကလည်း -

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့လည်း ဟိုတုန်းကဆိုရွှေဂေါ်းတို့အဖွဲ့တွေကို ရွံကြောက်ကြီးဖြစ်ခဲ့တာ အမှန်ပါ၊ ဒါပေမဲ့ အခုလို ကိုယ့်ဒေသမှာ ဒီလိုအဖြစ်မျိုးတွေ ကြုံလိုက်ရတော့ အားကောင်းမောင်းသန်ဆိုလို့ သူတို့အဖွဲ့တွေပဲရှိတာ၊ ငယ်ငယ်ကတည်းက ငါးရှာ၊ ပိုက်ဆွဲ၊ အုန်းပင်တက်၊ ရေကူး လှေလှော်ကအစ သူတို့က ကျွန်တော်တို့တစ်တွေထက်စာရင် အကုန် ကျွမ်းကျင်ပါတယ်၊ အခုလို ဒုက္ခတွေနဲ့ ကြုံလာရတဲ့အချိန်ကျတော့ သူတို့ကျွမ်းကျင်တဲ့အလုပ်တွေကို ဆရာကြီးတို့ လူကြီးသူမတွေကသွန်သင်တာရယ်၊ နောက်ပြီး သူတို့ချစ်တဲ့၊ သူတို့ရဲ့ခေါင်းဆောင်လည်းဖြစ်တဲ့ ကိုကြီးဒုံးပုံရဲ့ စည်းရုံးလက်တွဲခေါ်မှုကြောင့် ဒီလုပ်ငန်းတွေမှာ ပါလာရင်းနဲ့ စိတ်ဝင်တစား ဖြစ်လာပြီး

သူတို့ကျွမ်းကျင်တဲ့ ဒီအလုပ်ကို ဒီလိုအချိန်မှာ အကျိုးရှိတဲ့ဘက်က အများအတွက် အကျိုးမဲ့ဘက်တွေမှာ အသုံးချဖြစ်သွားတာ သူတို့အတွက်ရော၊ ကျွန်တော်တို့ ရွာသားတွေအတွက်ပါ အလွန် တန်ဖိုးရှိသွားပါတယ် ဆရာကြီး"

သူ့အမြင် ပြောပြလိုက်သည်။ မြင့်မောင်ကလည်း ပြောသည်။

"ဟောဒီက ဇော်ခင်ပြောတာ ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်မက ရွာမှာအနေနည်းပေမယ့် သူတို့အကြောင်းတွေ ကြားရတော့ ဆက်ဆံရတာ ရွံမုန်းမိတာ အမှန်ပါ၊ ဒါပေမဲ့ အခုမှန်တိုင်း တိုက်ချိန်ကစပြီး ကိုကြီးဒုံးပုံရဲ့ ဦးဆောင်စည်းရုံးမှုနဲ့အတူ ဒုက္ခရောက်နေတဲ့ ရွာသူရွာသားတွေကို ကယ်ကြတာတွေ၊ နောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ကြတာတွေ ကြားမြင်ရတော့ သူတို့အပေါ် အားတုံ့အားနာဖြစ်ရသလို အရင်က ပြောဆိုဆက်ဆံ အထင်သေးတာတွေကို စိတ်ထဲမှာ ရှက်သလိုတောင် ခံစားရပါတယ် ဆရာကြီးရှင့်"

နီနီဝင်းက သတိရသွားဟန်ဖြင့် ပြောလိုက်သည်။

"ပြော် ဒါနဲ့ ဆရာကြီး၊ ကိုဒုံးပုံအဖြစ်ကလည်း ဝမ်းနည်း ဝမ်းသာစရာဆိုသလို မုန်တိုင်းတိုက်တဲ့ညက သူ့သားလေး အသက်ရှင်ရေးကို အမိကထားပြီး ကယ်ချင်တာကြောင့် မယကျော့မြကို လွှချင်းခွဲပြီး အကူးနိုင်းလို့ ပျောက်သွားတာ အခု ပြန်တွေ့ပြီတဲ့၊ ဒါပေမဲ့. . ."

"ဟင်-ဒါပေမဲ့ ဘာဖြစ်လို့လဲ နီနီဝင်း၊ ဘာဖြစ်သွားသလဲ"

မြင့်မောင်က အလျင်စလို မေးလိုက်သည်။ နီနီဝင်းက ပြန်ပြောသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ အခု ကိုကြီးဖုံးပျံ့ သွားခေါ်တော့ ပြန်မလိုက်တော့ဘူး၊ သူ့အဘွားရွာမှာပဲ သွားနေတော့တယ်၊ ပြန်မပေါင်းတော့ဘူးတဲ့၊ သေရေးရှင်ရေးအခြေအနေမှာ သူ့ကို ထည့်မတွက်လို့တဲ့၊ စိတ်နာသွားတာ"

"အို-ဟုတ်လား၊ အဖြစ်က အဆန်းပါလားနော်"

နီနီဝင်းအပြောကြောင့် မြဇင်ယော် အံ့ဩသွားသလို စိတ်မကောင်း ဖြစ်သွားသည်။ ထိုစဉ် ကျောင်းတက်ခေါင်းလောင်းသံ ကြားလိုက်ကြရသည်။ ဆရာကြီး ဦးမြင့်ရွှေက -

"ကဲ- ကျောင်းတက်ချိန်ရောက်ပြီ၊ ဒေအး- ဒါနဲ့ ပြောရဦးမယ်၊ ဖုံးပျံ့နဲ့မကျော့မြအကြောင်း ဆရာကြီးလည်း ကြားခဲ့ပြီးပြီ၊ ဘယ်သူမှန်တယ်၊ မှားတယ်ဆိုတာ အချိန်က အဖြေပေးမှာပေါ့ကွာ၊ ကဲ- ဆရာကြီး ရွာထဲဘက် သွားလိုက်ဦးမယ်၊ တို့ရွှေကျွန်းသာကို စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် ကျွဲတွေ၊ နွားတွေ၊ ထွန်ယက် ကိရိယာတွေ ရောက်လိမ့်မယ်ဟေ့"

ပြောရင်း ဆရာကြီး ဦးမြင့်ရွှေတစ်ယောက် ခြေလှမ်းသွက်သွက်ဖြင့် ရွာလယ်သို့ ထွက်လာခဲ့သည်။ ကုန်းသာတွင် သူတို့ကျွန်းသုံးရွာ စုပေါင်းဆောက်လုပ်ထားသော အိမ်များမှာ အစီအရီတွေ့နေသလို ရွာကျောင်းဘက်ဆီမှ တဖတ်သံတွေက လေအသင့်ဝယ် လွင့်ပျံ့လျက်. . .။

○○○

## အခန်း-၃၂

"ဟေ့ စပါးစိုက်ပျိုးရေး တာဝန်ခံကြီး၊ မောနေပြီလားကွ၊ လာကွ၊ ရေနွေးကြမ်းလေး သောက်ကြရအောင်"

လယ်ယာ ၁၆ လယ်ကွင်း ထွန်စက်တွေကတစ်မျိုး၊ ကျွဲတွေ နွားတွေနှင့် ထယ်ထိုး၊ ထွန်မွှေနေကြသည့် အလုပ်ခွင်တွင် ကျေးရွာ အုပ်စုကိုယ်စား လယ်ထဲတွင် မနားတမ်း ဦးဆောင် ကြီးကြပ် နေသည့် ရွှေဒါဂါးကိုကြည့်ပြီး ကန်သင်းပေါ်မှ ဇော်ခင်က လှမ်းပြော လိုက်သည်။ ဇော်ခင်ရဲ့ နောက်နားတွင်တော့ မြဇင်ယော်တို့၊ နီနီဝင်းတို့နှင့်အတူ ကျောင်းသူကျောင်းသားတစ်စု ပါလာသည်။

"ဟာ ဇော်ခင်တို့ပါလားကွ"

ရွှေဒါဂါးတစ်ယောက် လယ်ကွင်းထောင့်တွင် ရပ်ထားသည့် ဂွန်ဒေါင်းတွင် ဆီထည့်နေရင်း ဇော်ခင်တို့ဘက် တစ်ချက်လှည့် ကြည့်ရုံတင်ကြည့်ပြီး ဒီဇယ်ပုံးမှ ဒီဇယ်များကို ဂရုတစိုက်ထည့် နေသည်။

"ဟုတ်တယ် ရွှေဒါဂါးရေ ဒီနေ့ ကျောင်းပိတ်ရက်မှာ တို့လည်း မင်းတို့လယ်ထဲ ကျောင်းသားတွေနဲ့ လာကူတာပေါ့ကွာ၊ မြက် ကောက်မြက်ရှင်းပေါ့ကွာ"

ရွှေဂါးက ဖွန်ခေါင်းတွင် ဆီဖြည့်ပြီးသည်နှင့် ပုံးကို လက်တစ်ဖက်တွင်ဆွဲရင်း ဖော်ခင်တို့ဘက် လှည့်ကြည့်လိုက်သည်။

"ပြော်-ဘေး. . . ဘေး မင်းတို့အဖွဲ့တွေ လာကူမယ်လို့တော့ ဆရာမောင်မောင်စိုးက ပြောထားတယ်ကွ၊ ဒါပေမဲ့ သူငယ်ချင်းရာ အခုလယ်ယာ ၁၆ တို့၊ လယ်ယာ ၂၂ တို့၊ လယ်တွန်း ထွန်စက်တွေနဲ့ လယ်တွေထွန်ယက်ရတာ နှစ်စပ်ဆိုရင် မြက်ပျောက်ပြီး စိုက်တာမနိုး ဖြစ်သွားတာများတယ်ကွ၊ အခုက တို့လိုနေတာ ကောက်စိုက်သမ ပြဿနာကွ၊ ကောက်စိုက်ဖို့တော့ လူငယ်အင်အားလိုတယ်ကွ၊ အခုအချိန် ငါတို့ဆီကို မိုးစပါးတွေ မိုးပင်၊ မိုးစည်းတွေက ရောက်လာနေတာ၊ မိုးတွေက အချိန်သိပ်ကြာကြာသလားလို့ မရဘူးကွ"

ရွှေဂါးက ပြောရင်း ဖော်ခင်တို့အနား ရောက်လာသည်။ နီနီဝင်းတို့ မြဖင်ယော်တို့ ခေါင်းဆောင်လာသည့် ကျောင်းသား၊ ကျောင်းသူ တချို့က ကန်သင်းဘေးတွင်ပေါက်နေ သည့် မြက်များ၊ သရောဖတ်များကို ဆယ်တင်ပေးနေကြသည်။ ဖော်ခင်က -

"ဘေးကွာ- အခု တို့ရောက်တုန်း မြက်တွေ၊ သရောဖတ်တွေ သယ်ခဲ့မယ်ကွာ၊ မိုးစည်းတွေရောက်မယ့်ရက်နဲ့ ကျောင်းပိတ်ရက် တိုက်နေရင်လည်း ဝိုင်းကူမှာပေါ့ကွာ" ဟု ပြောရင်း သူ့တပည့်များကို ကြီးကြပ်ဆောင်ရွက်နေသည်။ ရွှေဂါးက -

"ဘေးကွာ- လိုအပ်ရင်တော့ ပြောပါ့မယ်၊ စက်လှေတွေ၊ လိုင်းမော်တော်တွေနဲ့ မိုးတွေရောက်လာရင်တော့ အချိန်မီစိုက်ဖို့ ဆားခါးတို့၊ ဘေးချမ်းအောင်တို့က ဦးလှထွန်းကြီးတို့နဲ့ပေါင်းပြီး လူတွေ စုနေကြတယ်ကွ၊ ကောက်စိုက်တဲ့နေရာမှာ အခက်အခဲ

မရှိအောင် အမျိုးသားတွေပါ ဝင်ကိုက်ကြရအောင် လိုက်ပြော နေလေရဲ့" ဟု ပြောလိုက်လျှင် နီနီဝင်းက -

"အေးဟာ အခုချိန်မှာတော့ အမျိုးသားအလုပ်၊ အမျိုးသမီး အလုပ် သူ့အလုပ်၊ ငါ့အလုပ် ခွဲနေလို့ဖြစ်မှာမဟုတ်တော့ဘူးနော်၊ ကိုယ်နိုင်မယ့်ဝန် ကိုယ်ထမ်းကြရမှာပဲ" ပြောလိုက်သလို ရွှေဂါဇီက -

"အဲဒါတော့ သိပ်မှန်တယ် နီနီဝင်းရေ ဟိုယောက်ျားသားတွေ တင် မဟုတ်ဘူး၊ နင်တို့ မိန်းကလေးတွေတောင်မှ ထမင်းချက်၊ လျှော်ဖွတ်၊ ပိုက်ဆွဲ၊ ကလေးထိန်း၊ စာသင်ပေး၊ ဂွန်ဒေါင်းမောင်း၊ ထွန်စက်မောင်း လုပ်နေကြရတာ၊ နင်တို့အသိ၊ နင်တို့အမြင် မဟုတ်လား၊ ဟိုဘက်လယ်တစ်ကွက်ကျော်မှာ လယ်ယာ ၁၆ လက် တွန်း ထွန်စက်မောင်းနေတာ ကမ်းသာက မိခွန်းနဲ့နှင်းနုတို့လေ၊ သူတို့ကို ထွန်စက်မောင်း သင်ပေးထားတာ၊ ဟော မကြာခင် တောင် ငါးမမ်းလှေတွေ ရောက်လာရင် အမျိုးသမီးတွေ ငါးဖမ်း ထွက်ချင်ထွက်ကြဦးမှာ"

ပြောလိုက်သည်။ ဖော်ခင်က -

"ဟုတ်တယ် ဟုတ်တယ် ဟော့၊ မြို့ကကျောင်းဆရာတွေ အင်အားဖြည့်သွားရင်တော့ အထူးသဖြင့် ဒီနေရာ သစ်ပင်တွေ ညည်းကမ်းမဲ့ ခုတ်ထစ်ဖို့ နားမလည်ခဲ့ကြလို့ မုန်တိုင်းဖြစ်လာတဲ့အခါ အထိနာတာ ပိုပြီး မြင်လာရပြီ မဟုတ်လား၊ ဒါကြောင့် သစ်ပင်တွေ လေကာပင်စိုက်၊ လမုတောတွေ၊ ဒီရေတောတွေစိုက်ဖို့၊ ရေလွှတ် ကုန်းမြင့် တွေလုပ်ဖို့ သောက်ရေကန်တွေ မြေဘောင်မြှင့်ဖို့ ကျေးရွာ ချင်းဆက်လမ်းတွေ၊ ဆက်သွယ်ရေးလမ်းကြောင်းတွေ လုပ်ကြဖို့ အလုပ်တွေ၊ တာဝန်တွေ ငါတို့မှာ တန်းစီနေပြီဟော့၊ ပြော်

ဟေ့. . . သားတို့ရေ အဲဒီလယ်ကွက်ပြီးရင် ဟိုဘက်လယ်ကွက် ပြောင်းလိုက်နော်"

သူ့တပည့်များကို လှမ်းပြောလိုက်သလို မြင့်ယော်က -

"အဲဒီလုပ်ငန်းတွေအားလုံး အချိန်နဲ့တစ်ပြေးညီ လုပ်နိုင်ဖို့ ပြည့်ဖြိုးမောင်တို့လို ကြက်ခြေနီအဖွဲ့တို့ NGO အဖွဲ့တွေ၊ စေတနာရှင်တွေအားလုံး နေရာအနှံ့မှာ လုပ်နေကြပြီ၊ အင်း- တို့သူငယ်ချင်း ပြည့်ဖြိုးမောင်တို့လည်း တခြားတစ်နေရာမှာ ဒီအလုပ်တွေနဲ့ နပန်းလုံးနေကြရှာပြီဆိုတော့ ပင်ပန်းကြမှာပဲ"ဟု ပြောလိုက်လျှင် နီနီဝင်းက-

"မြင့်ယော်ရယ်၊ ပြည့်ဖြိုးမောင် တစ်ယောက်တည်းတော့ ဘယ်ဟုတ်ပါ့မလဲ၊ အခုဆိုရင် နာဂစ်ဒဏ်ထိတဲ့နေရာတွေမှာ ကိုယ်ချင်းစာနာစိတ်နဲ့ ပင်ပန်းနေတာ ကြားနေရတယ်၊ အဲဒီအထဲမှာ တို့ရွာက လုပ်အားရှင်တွေလည်း ပါတာပေါ့၊ နေပူထဲ မိုးရွာထဲ မရှောင် စိုက်ပျိုးရေး၊ မြန်လည်ထူထောင်ရေး၊ ကျန်းမာရေး၊ လူမှုရေး အားလုံးအတွက် ကိုယ်အားစိတ်အား၊ ဉာဏ်စွမ်းအားတွေနဲ့ လုပ်နေကြတဲ့သူတွေပါ ထည့်ပြောရမှာပေါ့၊ အခု မြင်နေရတဲ့ ရွှေဂါးတို့လို ရွာအကျိုးဆောင် လူငယ်တွေပါ ပါတာပေါ့နော် မြင့်ယော်" ဟု မြင့်ယော်ကိုတစ်လှည့်၊ ရွှေဂါးကို တစ်လှည့် ကြည့်ရင်း ပြောလိုက်ရာ မြင့်ယော်က နီနီဝင်းကို မျက်စောင်းထိုး ကြည့်ရင်း ပြောလိုက်သည်။

"ပါပါတယ် ဆရာမကြီးရယ်၊ ဟုတ်ပါတယ်၊ ကဲ-ကလေးတွေ လည်း လယ်နှစ်ကွက်တောင် ကူးသွားပြီ၊ အလုပ်လုပ်တဲ့လူတွေ လည်း အလုပ်ပျက်နေပြီ ကဲလာ- ငါတို့လည်း လယ်ထဲဆင်းကြစို့"

မြခင်ယော်က ပြောအပြီး နီနီဝင်းလက်ကိုဆွဲ၍ လယ်ကွင်းထဲ ဆွဲချလိုက်သည်။ နီနီဝင်းမှာလည်း ရုန်းကန်သလိုလုပ်ရင်း ပါသွားတော့၏။ လယ်ကွင်းထဲတွင် ထွန်ယက်နေကြသည့် ထွန်စက်သံ၊ ဂွန်ဒေါင်းသံတွေ၊ လူသံတွေ ဆူညံနေသည်။

○○○

## အခန်း-၃၃

"ဟောဒါက ဒေါက်တာမျိုးလွင်အောင်ပါ၊ မြို့မှာတော့ ဆေးခန်းထိုင်တာပေါ့၊ အခု ရွာကိုလိုက်လာတဲ့ အကြောင်းကတော့ ကျွန်မကို ရင်းနှီးခင်မင်တာက တစ်ကြောင်း၊ နောက်ပြီး ဟောဒီ ကျွန်မတို့ရွာမှာ သူတတ်တဲ့ပညာနဲ့ အခမဲ့ ဆေးခန်းကို တစ်လ၊ နှစ်လလောက်လာပြီး ကုဖို့အတွက် ရည်ရွယ်ထားတာလည်း ပါတာပေါ့ မမရယ်"

"ကြော် ဟုတ်လား၊ ဒီသူငယ်လေးက ဆရာဝန်ပေါ့၊ ဝမ်းသာပါတယ်ကွယ်၊ အခုလို ဒေါ်ဒေါ်တို့ရွာကိုလာပြီး ကူညီပေးကြတဲ့ အဖွဲ့တွေက စုံနေတာပဲ၊ ဒါပေမဲ့လည်း လိုအပ်ချက်တွေကတော့ မပြည့်စုံနိုင်သေးလို့ သမီး မကြာခဏ ပြောနေတာ ကြားကြားနေရတယ်၊ အခုလည်း ကြည့်ပါလား၊ ရွာကျောင်းမှာ စာတွေဝင်ပြပေးတာနဲ့ ရွာထဲမှာ ကျန်းမာရေး ဆရာမလေးတွေနဲ့ ဝိုင်းကူညီရတာနဲ့ မနားရပါဘူး"ဟု ပြောလိုက်သလို ဒေါက်တာမျိုးလွင်အောင်က-

"ကြော်- ဟုတ်လား ဒေါ်ဒေါ်၊ မမြဖင်ယော်ကို ဒါကြောင့် အိမ်မှာမတွေ့တာကိုး၊ ကောင်းပါတယ် ဒေါ်ဒေါ်ရယ်၊ အခုလိုအချိန်မျိုးမှာ ကိုယ်အားဉာဏ်အားရှိသလောက် တတ်နိုင်သလောက်

ကူညီရတာ အလွန်တန်ဖိုးရှိသလို ရွာသူရွာသားတွေအတွက် အထူးလိုအပ်ချက်တွေ ဖြည့်ရတဲ့အချိန်မှာ ဒါကြောင့်လည်း ကျွန်တော်အန်တီဒေါ်မြဥ အပေါ်ထားတဲ့ သံယောဇဉ်လည်း ပါတာပေါ့" ဟု ပြောလိုက်လျှင် ဒေါ်မြဥက -

"ကြားရတာ ဝမ်းသာပါတယ် မောင်ရင်၊ မြော် ဒေါက်တာရယ်၊ ကဲ- အခါးရည်နဲ့ ငါးကြော်လေး စားလိုက်ပါဦး၊ အိမ်မှာ စည့်ခံရတာ အားနာစရာဖြစ်နေပြီ၊ ပျက်စီးသွားတဲ့အိမ်ကို ဖြစ်သလို အခန်းဖွဲ့ထားရတာ၊ မြော် ဒါနဲ့ ဒေါက်တာတို့က ဘယ်မှာတည်းကြမှာလဲကွယ်၊ ဒီမှာနေနိုင်ရင် အဒေါ့်အိမ်မှာ အားမနာရဘူးနော်" ဟု ပြောလိုက်လျှင် ဒေါ်မြယုက ဝင်၍ -

"အဲဒါတွေအားလုံး စီစဉ်ပြီးပါပြီ မမ၊ ဆရာကြီး ဦးမြင့်ရွှေနဲ့လည်း တိုင်ပင်ထားပြီးပြီ၊ အားလုံး ဆရာကြီးက စီစဉ်ပေးထားပါတယ်၊ ဟောဒီရွာက တာဝန်ရှိတဲ့ လူကြီးလူငယ်တွေလည်း တွေ့ခဲ့ပါတယ်၊ အားလုံး သဘော်ဆိပ်မှာ ဆုံကြတယ်လေ၊ သူတို့အဖွဲ့တွေ အားလုံး ကျေးရွာစုပေါင်းဖုံမှာ တွေ့ခဲ့ပါတယ်၊ မောင်မျိုးလွင်အောင်က ဆရာတော်ကြီးကို ပုသိမ်မှာ အစစအရာရာ ကူညီပံ့ပိုးခဲ့တာလေ၊ ဆရာကြီးဦးမြင့်ရွှေတို့ ကျေးရွာလူကြီးတွေနဲ့လည်း သိကျွမ်းပြီးသားပဲ" ဒေါ်မြယုက အကျိုးအကြောင်း အားလုံး ပြောပြလိုက်သည်။

"မြော် ဟုတ်လား၊ ဒါဆို မောင်ရင်လေးက အစိမ်းသက်သက်မှ မဟုတ်တာဘဲ၊ ဆရာကြီးဦးမြင့်ရွှေနဲ့ သိပြီးမှတော့ ရွာသားတစ်ဝက် ဖြစ်ပြီပေါ့ကွယ်" ဟု ပြောလိုက်သဖြင့် ဒေါ်မြယုက ဒေါ်မြဥကို ပြုံးပြုံးကြီးကြည့်ရင်း -

"ဟင်း. . . ဟင်း မမရယ်၊ ပေဘာ်ဒီ မောင်မျိုးလွင်အောင်က ရွာသားတစ်ဝက်တင် မဟုတ်ဘူး၊ ရွာသားစစ်စစ် ဖြစ်ကိုဖြစ်မှာ မမရဲ့" ဟု ပြောလိုက်လျှင် ဒေါ်မြ ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူ့ညီမကို ပြန်ကြည့်နေသည်။

"ဪ အန်တီတို့၊ ဒေါ်ဒေါ်တို့ ကျွန်တော့်ကို ခွင့်ပြုပါဦး နော်၊ ဒေါ်ဒေါ်နဲ့လည်း တွေ့ချင်လို့ ဟိုမှာ စကားဖြတ်လာခဲ့တာ၊ အခု ရွာကို ခေါင်းဆောင်ခေါင်းရွက်ပြုနေကြတဲ့ ကိုဒိုးပုံ့တို့၊ ကိုရွှေဒါဂီးတို့နဲ့လည်း ထပ်တွေ့ဖို့ရှိသေးလို့ပါ" ဟု ပြောရင်း နှုတ်ဆက်လိုက်ရာ ဒေါ်မြက ရွှေဒါဂီးနာမည်ပါလာသဖြင့် စိတ်ထဲ တွင် တစ်မျိုးဖြစ်သွားပြီးမှ ကပျာကယာဖြင့် -

"ဪ ကောင်းပါပြီကွယ်၊ ဒေါ်ဒေါ်တို့အိမ်လည်း ဝင်နိုင် ထွက်နိုင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ဒေါ်ဒေါ်" ဟုပြောရင်း ဒေါက်တာမျိုးလွင်အောင် တစ်ယောက် ဒေါ်မြတို့ခြံထဲမှထွက်လာသည့်အချိန် သူ့ကိုလာကြို နေသည့် ဆင်ပေါက်တို့အဖွဲ့ကို တွေ့လိုက်ရသည်။ ဒေါ်မြ တစ်ယောက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူ့ညီမကိုပြန် ကြည့်ကာ -

"ကဲပါ ညီမရယ်၊ စကားနာထိုးမနေပါနဲ့၊ ငါ့ညီမက လူရင်း၊ ဟိုက စည်သည်လေးက အခုမှတွေ့ရတာ မဟုတ်လား၊ အဲဒါ ကြောင့် စကားကောင်းနေတာပါ" ဟု ပြောလိုက်လျှင် ဒေါ်မြယုက သူ့အစ်မကြီးကို ပြုံးပြုံးကြီးကြည့်ရင်းက -

"အင်း ငါ့မမလည်း ရွာမှာတော့ လူရည်လည်ကြီးပေါ့၊ မသိရင် မှတ်ထားဦး၊ သူစိမ်းစည်သည်မဟုတ်ဘူး၊ ဟိုတစ်ခါ မမကို ပြော

ထားတဲ့ တူမလေးမြဖင်ယော်ကို သဘောကျနေတဲ့ ဒေါက်တာလေး ဆိုတာ သူပဲ မမရဲ့၊ မှတ်ထား၊ မြဖင်ယော်ဆီ ချောင်းပေါက် လိမ့်မယ်"

ဒေါ်မြဥတစ်ယောက် ညီမဖြစ်သူ ဒေါ်မြယုစကားကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

○○○

## အခန်း-၃၄

ဒေါက်တာမျိုးလွင်အောင် အံ့ဩနေသည်။ ယခု မြင်တွေ့ဆက်ဆံနေရသော ရွှေဒါဂါး၊ ဆင်ပေါက်တို့နှင့် ဇော်ခင်တို့၊ နီနီဝင်းတို့ ပြောစကားနှင့် တခြားစီဖြစ်နေသည်။

"ဟုတ်တယ် ကိုမျိုးလွင်အောင်ရေ့ သူတို့အားလုံးဟာ ကျွန်မတို့ရွာကျောင်းမှာ အတူတက်ခဲ့ရတဲ့ သူငယ်ချင်းတွေ၊ နှစ်ရွာတစ်ရွာ၊ သုံးရွာတစ်ရွာ ဆိုသလိုပေါ့၊ အထူးသဖြင့်ကတော့ အဲဒီကျွန်းသာက ရွှေဒါဂါးတို့ ဆင်ပေါက်တို့ဟာ ငယ်ငယ်ကတည်းက ခပ်ဆိုးဆိုးတွေပေါ့- လူပျိုလူရွယ်တွေ ဖြစ်လာတော့လည်း သောက်သောက်စားစားနဲ့ ထစ်ခနဲဆို ရန်ဖြစ်ပြီ ပြဿနာဖြစ်ပြီ နောက်ပြီး တစ်ရွာလုံးနီးပါး လက်ခံထားတဲ့ကိစ္စတွေဖြစ်တဲ့ ဆိုင်ရာပိုင်ရာ ပူဇော်တဲ့ကိစ္စတွေမှာ စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ပြီး အရွဲ့တိုက်တာတို့ လုပ်ကြလွန်းလို့ လူတိုင်းက အော့ကြောလန် ဖြစ်နေကြတာ၊ ဟော-အခုတော့လည်း အဲဒါတွေ ပြောင်းပြန်ဖြစ်သွားတာ တွေ့ရတော့ ကျွန်မတို့ ရွာသားအချင်းချင်းတောင် အံ့ဩမိပါတယ်ရှင်" ဖြဇင်ယော်က ရွှေဒါဂါးတို့အကြောင်း ပြောလိုက်သလို နီနီဝင်းက -

"အင်း ကျန်သေးတယ်လေ မြဖင်ယော်ရဲ့ ချစ်တဲ့ ကြိုက်တဲ့လူများဆိုရင် အတင်းရည်းစားစကားလိုက်ပြောတာတို့ ဘာတို့တွေလေ ဇော်ခင် နင်သိပါတယ်" ဟု ဒေါက်တာ မျိုးလွင်အောင်နှင့် ယှဉ်ရပ်နေသည့် ဇော်ခင်တို့ကိုမကြည့်ဘဲ ခေါင်းငုံ့ထားရင်း ပြောလိုက်ရာ ဇော်ခင်က တဟားဟားရယ်နေသည်။

"ဟား... ဟား... နီနီဝင်းကလည်း ရယ်ရတယ်နော်၊ ဘာမဆိုင် ညာမဆိုင် ငါ့ကိုပါတည့်ပြောပြန်ပြီ ဟောဒီက ဒေါက်တာက ငါ့ကို သူတို့နဲ့အတူတူ ဘာလိုလို ညာလိုလို ထင်နေဦးမယ်နော်" ဟုပြောလိုက်ရာ ဒေါက်တာမျိုးလွင်အောင်က တစ်ချက်ပြုံးလိုက်ရင်း-

"ကဲ အားလုံး အထဲဝင်ကြဦး၊ မိုးတိုးမတ်တပ်တွေနဲ့ စကားပြောလို့ မကောင်းပါဘူး၊ ကျွန်တော် အိမ်ဂေဟာလေးထဲမှာ ရေနွေးကြမ်း အဆင်သင့်ရှိပါတယ်၊ မိုးမလင်းခင်ကတည်းက ဦးလေးဦးလှထွန်းက အဆင်သင့်လုပ်ပေးထားခဲ့တာ၊ ကဲ လာကြပါ" ဟု ပြောရင်း ဒေါက်တာ မျိုးလွင်အောင်က ဆေးခန်းလေးနှင့် တွဲထားသော သူ့အခန်းကို ခေါ်နေသည်။ ထိုစဉ် ခပ်လှမ်းလှမ်းမှ ရွှေဒင်္ဂါးနှင့် ဆင်ပေါက် ဆေးခန်းဆီသို့ လာနေကြသည်ကို တွေ့လိုက်ကြရသည်။ ဇော်ခင်က စကားစပြောသည်။

"ဟော ဟိုမှာ ပြောရင်းဆိုရင်း ရွှေဒင်္ဂါးနဲ့ဆင်ပေါက် ပါလား၊ အထုပ်အပိုးတွေနဲ့ နောက်က အောင်ထွန်းနဲ့တူတယ်၊ ကိုကျော်မောင်လည်း ပါတယ်" ဟု ကြည့်ရင်းပြောနေသည်။ သူတို့အားလုံး ဆေးခန်းရှေ့သို့ လှမ်းကြည့်နေစဉ်မှာပင် ရွှေဒင်္ဂါးတို့ လေးယောက် အနားရောက်လာသည်။ ဆင်ပေါက်ကစတင်၍ -

"ဟော- ဒေါက်တာဆီ ဇော်ခင်တို့၊ မြဖင်ယော်တို့ ရောက်နေကြပါလား၊ လူတွေစုံနေတော့ ဘာအကြံအစည် ရှိနေလို့လဲ" ဟု

ပြောရင်း သူ ကျောပိုးလာသော အထုပ်ကြီးကို ချလိုက်သည်။ ဒေါက်တာမျိုးလွင်အောင်က အားလုံးကို ကြည့်လိုက်ရင်း -

"ဘာမှ အကြံအစည်ရှိတာ မဟုတ်ပါဘူးဗျာ၊ တိုင်ပင်နေကြတာ၊ ဒီလိုဗျ သင့်တော်မယ့် တစ်ရက်ရက်မှာ ကျွန်တော့်မိဘတွေ ရွှေကျွန်းသာကိုလာပြီး လှူဒါန်းထောက်ပံ့ဖို့ရှိတယ်ဗျ၊ အဲဒါ ကလေးတွေနဲ့ ပတ်သက်တဲ့ လုပ်ပေးစရာလေးတွေရှိလို့ တိုင်ပင်ရင်း ဇာတ်လိုက်တွေအကြောင်း ပြောနေကြတာပါဗျာ၊ ဒြော်- ဒါနဲ့ ဥက္ကဋ္ဌနဲ့ကိုဆင်ပေါက်က ဘယ်ကပြန်လာကြတာလဲ" ဟု မေးလိုက်လျှင် ရွှေဒဂၤိုးက -

"နေရာအစုံပြောပါတော့ ဒေါက်တာရယ်၊ မုန်တိုင်းတိုက်တဲ့အချိန်က ပျောက်နေတဲ့ ရွာသားတွေကို စုံစမ်းပြီး လိုက်ခေါ်နေတာ၊ ဆရာလည်း သိပြီးဖြစ်မှာပေါ့၊ အခုလည်း ဟောဒီက ကိုကျော်မောင်နဲ့အောင်ထွန်းကို သတင်းရလို့ ခေါ်ပြီးပြန်လာတာ၊ ကိုကျော်မောင်က နည်းနည်းဖျားနေတာရယ်၊ ဟောဒီ အောင်ထွန်းက ချောင်းနည်းနည်းဆိုးနေတာကြောင့် ဒေါက်တာ့ဆေးခန်းကို တစ်ခါတည်းလှည့်ခေါ်ခဲ့တာပါ" ဟု အကျိုးအကြောင်း ရှင်းပြလိုက်လျှင် ဒေါက်တာမျိုးလွင်အောင်က ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ရင်း ပြုံးနေသည်။

"ရပါတယ်ဗျာ၊ ကဲ- ကျွန်တော် သူတို့ကို ကြည့်ပေးလိုက်ပါဦးမယ်၊ ဥက္ကဋ္ဌတို့ စကားလေးဘာလေး ထိုင်ပြောကြပါဦး၊ ခဏနော်" ဟုပြောရင်း ဒေါက်တာမျိုးလွင်အောင်က ကိုကျော်မောင်နှင့် အောင်ထွန်းတို့နှစ်ယောက်ကို စမ်းသပ်စစ်ဆေးနေသည်။ ရွှေဒဂၤိုးတို့လည်း ဒေါက်တာမျိုးလွင်အောင် အခန်းရှေ့ ကွပ်ပျစ်လေးတွင် ဝိုင်းထိုင်လိုက်ကြသည်။ မြင့်ဖေယော်တို့ နီနီဝင်းတို့က ကိုကျော်မောင်

နှင့် အောင်ထွန်းတို့အကြောင်းကို မေးနေသဖြင့် ဆင်ပေါက်က ပြောပြနေသည်။

မကြာခင်မှာပင် ဆေးခန်းတွင်းမှ ဒေါက်တာမျိုးလွင်အောင် ထွက်လာသည်။

"ကိုကျင်မောင်ကို အားဆေးသွင်းပေးထားတယ်၊ ဟိုတစ်ယောက်ကတော့ ဆေးတစ်လုံးထိုးပေးထားပြီး ကိုကျင်မောင်ကို အစောင့်နိုင်းထားပါတယ်၊ ကဲ- သူတို့ကို ခဏစောင့်ရင်း စကားလေးဘာလေးပြော၊ ရေနွေးပူပူလေးလည်း သုံးဆောင်ကြရအောင်"

ပြောရင်း ဒေါက်တာမျိုးလွင်အောင်က ထိုင်ခုံတွေ အတင်းချပေးနေသည်။ ဆင်ပေါက်က -

"ဟာ နေပါစေ ဒေါက်တာ၊ နေပါစေ၊ ပေး. . . ပေး၊ ကျွန်တော်ချပေးလိုက်ပါ့မယ်၊ ထိုင်ခုံတွေ မလိုပါဘူး" ဟုပြောရင်း ဒေါက်တာမျိုးလွင်အောင် လက်ထဲမှ ထိုင်ခုံတစ်ထပ်ကို ယူလိုက်ပြီး အစီအရီချနေသည်။

"ပြော် ဒေါက်တာတောင်မှ ဆားပေါ့ခြောက်နဲ့ ရေနွေးကြမ်းအာတွေ့နေပြီပေါ့" ဟု ရွှေဂါးက ဒေါက်တာမျိုးလွင်အောင်၏ စည့်ခန်းလေးအတွင်း ထိုင်လိုက်ရင်း စဉ့်ရေနွေးကြမ်းအိုး၊ ဓာတ်ဘူးဘေးနားရှိ ပန်းကန်ထဲတွင် တွေ့လိုက်ရသည့် ငါးခြောက်လေးများကြည့်ရင်း ပြောလိုက်သည်။

"ဟဲ ဟဲ၊ ကျွန်တော်က ဒီ ငါးသေးသေးခြောက်လေးတွေကို သိပ်ကြိုက်တာဗျ၊ စဉ့်အိုးထဲက ရေနွေးကြမ်းလေးနဲ့ဆို သိပ်လိုက်တာဗျ၊ ကျွန်တော် ကော်ဖီမစ်တွေကို ကျန်းမာရေးအရ မသောက်ဖြစ်တော့ဘူး၊ ခုတော့ ဟောဒီရေနွေးကြမ်းနဲ့ ဆားပေါ့ခြောက်လေး

တွေက ကျွန်တော့်စိတ်ကြိုက်တွေပါပဲ"ဟု ပြောလိုက်လျှင် ဆင်ပေါက်က သတိရသွားဟန်ဖြင့် -

"ဪ ဒါနဲ့ မေးရဦးမယ်၊ ဒေါက်တာက ဇာတ်လိုက်တွေဆိုလို့ အခုန ကျွန်တော်တို့ရောက်လာစက ဘယ်က ဇာတ်လိုက်တွေအကြောင်း ပြောနေတာလဲဗျ" ဟုမေးလိုက်ရင်း ဓာတ်ဘူးထဲမှ ရေနွေးကြမ်းတစ်ခွက်ကို မှုတ်ပြီးသောက်နေသည်။

"ဒီလိုဗျ၊ ဇာတ်လိုက်ဆိုတာ ခင်ဗျားတို့နှစ်ယောက်အကြောင်းပါ"

"ဗျာ"

ဒေါက်တာမျိုးလွင်အောင် စကားကြောင့် ဆင်ပေါက်ပါးစပ်မှ "ဗျာ" ဟု တအံ့တဩ ထွက်သွားသည်။ ဒေါက်တာ မျိုးလွင်အောင်က တစ်ချက်ပြုံးလိုက်သည်။ ရွှေဂါးနှင့်ဆင်ပေါက်တို့အကြောင်းကို တခြားသူတွေထံမှ ကြားသမျှ ပြန်ပြောနေသလို တစ်ချက်တစ်ချက် ဇော်ခင်၊ မြင့်ယော်နှင့် နီနီဝင်းတို့မှ ဖြည့်စွက်ပြောနေကြရာ ဒေါက်တာ မျိုးလွင်အောင်မှာ အံ့ဩလိုက်၊ ဝမ်းသာလိုက်၊ မျက်မှောင်ကြုတ်လိုက်နှင့် ဖြစ်နေသလို စကားဝိုင်းမှ အားလုံး တဝါးဝါးတဟားဟား ဖြစ်လာလိုက်ဖြင့် စိုပြည်နေသည်။ စကားအရှိန်သတ်တော့မှ ရွှေဂါးက -

"ကျွန်တော်ကလည်း သူတို့ပြောတဲ့အတိုင်း ဟုတ်ပါတယ်၊ ဒါထက်တော့ မလျော့ဘူးဗျ အင်း အခုတော့လည်း ဒါတွေဟာ အဲဒီ အဆိုးဘက်ကိုနှယ်တဲ့ အကျင့်တွေဟာ မှန်တိုင်းနဲ့အတူ လွင့်ပါသွားပါပြီဗျာ၊ အဲဒီအတွက်လည်း ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩမိပါတယ်၊ လူတကာ အော့ကြောလန်တဲ့ လူတစ်ယောက်၊ ဟောဒီဆင်ပေါက်နဲ့ဆို လူနှစ်ယောက်ပေါ့ဗျာ၊ အင်း အဲဒီလူနှစ်ယောက်

ကို လက်မလွှတ်တဲ့သူ၊ သံယောဇဉ်ကြီးတဲ့ လူတစ်ယောက်ရှိတယ်၊ သူကတော့ အခု ဆရာသိပြီးဖြစ်တဲ့ ကိုကြီး ဒိုးပုံပေါ့" ဟုပြောရင်း စကားဖြတ်သွားလျှင် ဒေါက်တာ မျိုးလွင်အောင်က ပြုံးနေသည်။

"ဟုတ်ကဲ့- သိပြီးပါပြီ သူတို့အိမ်ထောင်ရေး အကြောင်းလည်း ကြားခဲ့ရပါတယ်၊ အများအတွက် ဦးစားပေးခဲ့သလို သူ့သားလေး အတွက် မိဘတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ကြောင့် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်သွားခဲ့ရတာ စိတ်မကောင်းစရာပဲဗျ" ဒေါက်တာ မျိုးလွင်အောင်က ကိုဒိုးပုံအကြောင်း အနည်းငယ် ပြောလိုက်သည်။ ရွှေဘိုးက ခေါင်းညိတ်လိုက်ရင်း -

"ဟုတ်ပါတယ် သူ့ရဲ့ ပရဟိတ၊ လူမှုရေးစိတ်တွေနဲ့ ဖြစ်ပေါ်လာတဲ့ အလုပ်တွေဟာ ညီလိုအစ်ကိုလို ပေါင်းသင်းနေတဲ့ ကျွန်တော်တို့နှစ်ယောက်ကို သူ အလွန်ဝါသနာကြီးတဲ့ ဘောလုံးအားကစားမှာ ကျွန်တော်တို့က သူ့အတွက် အားထားရတော့ ကျွန်တော်တို့ အစွမ်းကိုလည်းခံတယ်၊ အဲဒါနဲ့ သူတို့အိမ်နဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ မကောင်းသလို စားအိမ်၊ သောက်အိမ်ပေါ့၊ ဖြစ်တဲ့နေ့မှာ ကျွန်တော်တို့ ကြိုက်တာတွေ ကျွေးလို့တိုက်လို့၊ သူ့ စက်လှေကြီးကို ပြင်ဆင်ထား၊ နောက် မုန့်တိုင်းတိုက်တော့ လေထဲ၊ ရေထဲ၊ မိုးသီး မိုးပေါက်တွေ ကြားထဲမှာ ရွာသားတွေကို ကယ်ခဲ့တာ၊ အမှန်က ကျွန်တော် သိပ်ပြီးစိတ်ပါတာမဟုတ်ဘဲ သူ့ အတင်းအကျပ်ပြောပြီး ဒုက္ခရောက်နေတဲ့လူတွေ၊ ရွာသားတွေတော်တော်များများ၊ ကလေး လူကြီးပါမကျန် စက်လှေနဲ့ အခေါက်ခေါက်အခါခါ ဘေးလွတ်မယ်ထင်တဲ့ နေရာတွေကို ရွှေ့ပေး၊ သယ်ပေးဖြစ်တယ်ဗျ" ဟု ပြောရင်း ခဏနားၡ ရေနွေးကြမ်းငှဲ့သောက်နေလျှင် ဇော်ခင်က-

"ဟုတ်ပါတယ် ဒေါက်တာ၊ အဲဒီဖြစ်တဲ့အချိန်က ကိုကြီးဗိုးမှုံနဲ့ သူ့အဖွဲ့သားတွေဖြစ်တဲ့ အများအားဖြင့်တော့ ဘောလုံးသမား တပည့်တွေဟာ ကယ်ပါ၊ ယူပါဖြစ်နေတဲ့ ရွာသားအတော်များများကို အခက်အခဲပေါင်းစုံကနေပြီး ကယ်တင်ခဲ့ကြတယ်၊ ဟောဒီက ကျွန်တော်တို့သူငယ်ချင်း ဆင်ပေါက်နဲ့ ရွှေဂါးတို့ အဖေတွေဟာလည်း လှေသမ္ဗန်တွေနဲ့ ကမ်းသာတစ်ဝိုက်က တဲစုမှာရှိတဲ့ လူတော်တော်များများကို ကယ်နိုင်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီ ဆင်ပေါက် အဖေ ဦးဘောကြောင်နဲ့ ရွှေဂါးအဖေ ဦးဗလာကြွားတို့ကတော့ အခုထက်ထိ သတင်းမကြားရ ဖြစ်နေပါတယ်ဗျ"ဟု ဖြည့်စွက် ပြောလိုက်သလို ရွှေဂါးက သက်ပြင်းတစ်ချက် ချလိုက်ရင်း -

"အဲဒီလို ဒုက္ခတွေဖြစ်နေတဲ့ ရွာသူရွာသားတွေ အားလုံးကို ချစ်သူရော၊ မုန်းသူတွေပါ ကျွန်တော်တို့အပေါ် နှိမ့်ချဆက်ဆံတဲ့ သူတွေပါ ထည့်မတွက်နိုင်တော့ဘူးဗျ၊ မရွေးနိုင်တော့ဘူး၊ အရင် စိတ်မျိုးနဲ့ဆို ဘယ်ရမလဲဗျာ၊ ရွေးပြီး ကယ်သွားမှာပေါ့၊ ဒါ အမှန်ပါ၊ ဒေါက်တာ အထင်သေးချင်သေးတော့ ကျွန်တော့်စိတ် အမှန်ကိုပြောတာ၊ အဲဒါနဲ့ မှောင်နိုးနိုးတဝါးကနေ ညဉ့်နက်တဲ့အထိ၊ ခက်လှေမောင်းမရတော့တဲ့အထိ လက်နှိပ်ဓာတ်မီးက ရသလောက် အလင်းရောင်ကို အသုံးပြုပြီး ကယ်ရင်းကယ်ရင်း ကျွန်တော်လည်း ဒုက္ခရောက်ကြရဲ့ နောက်နေ့ကျတော့ ဒေါက်တာတို့ ကြားရသိရတဲ့ အတိုင်း အနိဋ္ဌာရုံ မြင်ကွင်းတွေထဲမှာရှိတဲ့ သက်ရှိသက်မဲ့အရာ အားလုံးဟာ မနေ့ကအထိ ကိုယ့်မျက်စိရှေ့မှာ လှုပ်ရှားသွားလာ နေကြတဲ့ အရာတွေ၊ တည်ဆောက်ထားတဲ့အရာတွေဖြစ်နေတာ တွေ့လိုက်ရတော့ ပတ်ဝန်းကျင်က ဟင်းလင်းပြင်ကြီး ဖြစ်နေသလို ကျွန်တော့်ရင်ထဲမှာ ဘာမှမရှိသလို ဟင်းလင်းပြင်ကြီး ဖြစ်သွား

သလို ခံစားလိုက်ရတာဟာ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ ဒါအကြီးမားဆုံး ခံစားမှုကြီးပဲဗျ" ဟု သူ့ရင်ထဲမှာခံစားရသလို နားလည်သလို ပြောပြလိုက်သည်။ ထို့အတူ မျက်နှာပေါ်တွင်လည်း စိတ်မကောင်းကြီးစွာ ခံစားနေရပုံမှာ အထင်းသား ပေါ်လွင်နေသည်။ မြဖင်ယော်နှင့် နီနီဝင်းတို့မှာ ရွှေခါး၏စကားများကို ငြိမ်သက်စွာနားထောင်ရင်း မျက်တောင်တွေ ပုတ်ခတ် ပုတ်ခတ် ဖြစ်နေသည်။ ဒေါက်တာမျိုးလွင်အောင်က -

"ဟုတ်တာပေါ့ဗျာ- ဒီလိုမြင်ကွင်းမျိုးကို ကျွန်တော်တို့က လက်တွေ့မမြင်လိုက်ရပေမယ့် ဓာတ်ပုံမှတ်တမ်းတွေနဲ့ ကြားလိုက်ရတဲ့ သတင်းစကားတွေနဲ့တင် ရင်နင့်အောင် ခံစားရပါတယ်၊ ကိုရွှေခါး ပြောသလို ရင်ထဲမှာ ဟင်းလင်းပြင်ကြီးဆိုသလို အစုတွေ အသည်းတွေ နုတ်ယူသွားသလိုပေါ့ဗျာ" ဟု ပြောလိုက်သလို ရွှေခါးက -

"ဟုတ်ပါတယ် ဒေါက်တာ၊ အဲဒီရင်ထဲမှာ ဟင်းလင်းပြင်ကြီး လိုဖြစ်နေတာကို ပထမဆုံးအနေနဲ့ ဘာတွေလုပ်ရမယ်၊ လုပ်သင့်တယ်လို့ တင်လှန်လိုက်သူကလည်း ကိုဖိုးဖုံပါ၊ နောက်မြို့ပိုင်ကျောက်သဘော်က ဘကြီးဒိုးမောင်တို့လို စေတနာရှင်တချို့နဲ့ နောက်ဆုံး ဆရာကြီးဦးမြင့်ရွှေရဲ့ ပုံပြင်ထိန်းကျောင်းမှုတွေ ရင်ထဲမှာ တဖြည်းဖြည်း ရောက်လာတော့ အခုလို ရွာပေါ်၊ ရပ်ပေါ်မှာ ငါတို့ ရှိနေတဲ့ ကျန်နေတဲ့လူတွေက တာဝန်တွေကို ငါကိစ္စတွေလို့ ခံယူ လာမိသလို တစ်ရွာလုံးက ရွာသူရွာသားအားလုံးကိုလည်း ကျွန်တော် တစ်အိမ်တည်းဖွား မိသားရင်းတွေလို့ မြင်လာတယ်၊ ခိုကိုးရာမဲ့တဲ့ ကလေးသူငယ်လေးတွေအတွက် စားဝတ်နေရေးနဲ့ ကျန်းမာရေးက ပူပင်သောကစိတ်တွေ ပိုဖြစ်မိပါတယ်ဗျာ။ အဲဒါကြောင့်လည်း ကိုယ်လုပ်

နိုင်တဲ့အလုပ်မှန်သမျှ လုပ်ပေး၊ ဆောင်ရွက်ပေးတယ်၊ အရင်ကတည်းက ကျွန်တော်တို့ အလုပ်မရှောင်လုပ်ခဲ့ဖူးတော့ ကိုယ့်ရွာကိုယ့်အရပ်က ဒီလို ငါးရှာ၊ ဂဏန်းရှာ၊ လှေလှော်၊ ပိုက်ဆွဲကအစ ထင်းရှာ၊ သစ်ခုတ်၊ ဓနိခုတ်ကအစ အိမ်ပြင်၊ အိမ်ဆောက်အလုပ်တွေအထိ လုပ်ခဲ့တာ၊ အို- နောက်ဆုံးဗျာ၊ အခုလိုအဖြစ်မျိုး ကြုံလိုက်ကြရတော့ သူများတွေ ရွံရှာတတ်တဲ့၊ ရှောင်တတ်တဲ့ လူသူကျွဲနွား တိရစ္ဆာန် အသေအပုပ်ကအစ စနစ်တကျ မြှုပ်နှံဆောင်ရွက်ပေးတာကအစ လုပ်ခဲ့တာ၊ မြို့တွေမှာဆိုရင်တော့ နာရေးကူညီမှုအသင်းလိုပေါ့ဗျာ၊ အဲဒီကနေ အခုလုပ်နေတဲ့အထိပေါ့၊ ကျွန်တော်တို့ကလည်း ရွာအပေါ် စိတ်ထားကောင်းလာခဲ့သလို ရွာသူရွာသားတွေကလည်း အော့ကြောလန်ဖြစ်တဲ့ ဟောဒီနှစ်ယောက်ကို စိတ်ထားပြောင်းပြီး အားကိုးလာကြတာ၊ အဲဒါနဲ့ အခုလိုရွာလူကြီးဖြစ်မှန်း မသိ ဖြစ်လာရတာပေါ့ဗျာ" ဟု သူ့ဖြစ်စဉ်ကို ရှည်လျားစွာ ရှင်းပြလိုက်သလို ဆင်ပေါက်ကလည်း -

"ကျွန်တော်လည်း ဒီလိုပါပဲ ခေါက်တာ၊ ကျွန်တော့်သူငယ်ချင်း ရွှေဂါးအဖြစ်နဲ့ ထပ်တူပါပဲ၊ မုန်တိုင်းတိုက်ပြီးတော့ တဖြည်းဖြည်းနဲ့ သိလာရတာပါ၊ ရွာပေါ်ရပ်ပေါ်မှာ ကျွန်တော်တို့ အမြင်ကပ်ခဲ့ပြီးလုပ်တာ၊ ဘယ်တော့မှ အကောင်းမမြင်မိဘဲ အားကိုးရတဲ့ ခေါင်းဆောင်ခေါင်းရွက်ပြုနေကြတဲ့ လူကြီးလူငယ် တော်တော်များများ မရှိတာသိလိုက်ရတော့ ပိုပြီး နားလည်သဘောပေါက်ခဲ့ရပါတယ်၊ ဆရာကြီး ဦးမြင့်ရွှေရဲ့ ရွာအပေါ် စေတနာစကားတွေနဲ့ လူရွံစရာ လူ့ပလချောက လူလိမ္မာတွေ ဖြစ်လာတာပေါ့ကွာလို့ ကျွန်တော်တို့တွေကို အချိန်အခါနဲ့ လက်တွေ့ပေါင်းစပ်ပြီးပြော

လိုက်တော့ ရင်ထဲမှာ ထိသွားတာပဲဗျာ၊ အဲဒါနဲ့ ဆရာကြီး ဖြစ်စေချင် မြင်စေချင်တဲ့ဘက်ကို ဆရာကြီးပြောတဲ့ အချိန်မှဖြစ်နေတဲ့ အဖြစ်အပျက်တွေက ကျွန်တော်တို့ကို တွန်းပို့လိုက်တာပဲဗျာ" ဟု ပြောလိုက်လျှင် အားလုံးက ခေါင်းတညိတ်ညိတ်၊ မြဇင်ယော်က ဆင်ပေါက်နှင့် ရွှေဂါးကို တစ်လှည့်စီကြည့်ရင်း -

"အေးဟာ၊ နင်တို့တစ်တွေ ဒီလိုဖြစ်လာတာ ငါတော့ အရမ်းဝမ်းသာတယ်၊ ဒါမှ တို့တစ်တွေ ဆရာကြီးရဲ့ တပည့်တွေထဲမှာ စွန်းပြွန်းဆိုတာ မရှိတော့ဘူးပေါ့ဟယ်၊ အဲဒီလိုပဲ နင်တို့ကို မြင်စေချင်တာ ကြာခဲ့ပါပြီ" ဟုပြောလိုက်သလို ဒေါက်တာမျိုးလွင်အောင်က ဆင်ပေါက်နှင့်ရွှေဂါးကို တလေးတစားကြည့်ရင်း -

"ကိုဆင်ပေါက်တို့၊ ဟောဒီက ဥက္ကဋ္ဌတို့ စိတ်ဓာတ်နဲ့ အလုပ်တွေကို ကျွန်တော် လေးစားဂုဏ်ယူသလို ဟောဒီလို တပည့်မျိုးတွေကို စဉ်ဆက်မပြတ် မျိုးထောင်ပေးနေတဲ့ ဆရာကြီးဦးမြင့်ရွှေလည်း လေးစားပါတယ်ဗျာ" ဟုပြောလိုက်လျှင် -

"ဒေါက်တာ ဆရာကြီးတပည့်တွေထဲမှာ ဟောဒီ ကျွန်မတို့သုံးယောက်လည်း ပါပါတယ်နော်" ဟုပြောလိုက်ရာ အားလုံးက ပြုံးလိုက်မိကြသည်။

"ဟဲ ဟဲ၊ ပါပါတယ် မနီနီဝင်းရယ်၊ အခုန ကိုဆင်ပေါက်ပြောတဲ့ ရွာအတွက် တန်ဖိုးရှိတဲ့လူတွေအားလုံးထဲမှာ ဆရာကြီးတပည့်တွေ အများဆုံးပါနေတော့ မနီနီဝင်းတို့ မကျန်ပါဘူးဗျား၊ ကဲ- ကျွန်တော် ကိုကျင်မောင်တို့အခြေအနေလေး တစ်ချက်ကြည့်လိုက်ဦးမယ်" ဟု ပြောလိုက်လျှင် ရွှေဂါးက -

"ကောင်းပါပြီ ဒေါက်တာ၊ ကျွန်တော်လည်း ခွင့်ပြုပါဦး၊ ဒီမှာဆင်ပေါက် စောင့်နေပါလိမ့်မယ်၊ ကျွန်တော် ကိုကြီးဒုံးပျံတို့နဲ့

ငါးဖမ်းလေ့တို့၊ ပိုက်တို့ စနစ်တကျ လက်ခံဖို့ စီစဉ်ရောရှိလို့ပါ" ဟုပြောရင်း ရွာသစ်ရှိ အိမ်သစ်များဆီသို့ ထွက်သွားသည်နှင့် ရွှေဘဂ်ကို အားလုံးက ပြုံးတူ ခေါင်းညိတ် ပြလိုက်ကြသည်။ ဒေါက်တာ မိုးလွင်အောင်နှင့် ဆင်ပေါက်တို့မှာ ကိုကျင်မောင်တို့ရှိရာ ဆေးခန်းထဲ ဝင်သွားသည်။ ကျန်ခဲ့သည့် ဇော်ခင်၊ မြဇင်ယော်၊ နီနီဝင်းတို့ သုံးဦးသား စကားမပြောဖြစ်ကြသေး။ သူတို့၏စိတ်ထဲတွင်လည်း ရွှေဘဂ်နှင့် ဆင်ပေါက်တို့ ပြောစကားကို ပုံဖော်နေကြမှာ အမှန်ပင်။ ထိုအထဲတွင် သူတို့ရွာ မုန်တိုင်းဒဏ်ထိပြီးသည်မှစ၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်သားများ၏ ပူးပေါင်းစွမ်းဆောင်မှု၊ ပံ့ပိုးကူညီမှုများနှင့်အတူ နိုင်ငံတော်ရဲ့ စေတနာ၊ မေတ္တာ၊ လမ်းညွှန်မှု၊ ဝန်ကြီးဌာနအသီးသီးနှင့် စေတနာရှင် ကုမ္ပဏီများ၊ စေတနာရှင်များ၊ ဒေသခံပြည်သူများ၏ စေတနာ၊ မေတ္တာ စွမ်းပကားတို့ကြောင့် အချိန်နှင့်အမျှ ပြန်လည် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီ။ ထို့အပြင် စိုက်ပျိုးရေး ပြန်လည်တည်ဆောက်ရေး ဆက်သွယ်ရေးလမ်းတံတားများ ပြန်လည်အသုံးပြုနိုင်ကြသလို ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများ၊ ရေစုပ်စက်၊ ထွန်စက်၊ လက်တွန်းထွန်စက်များနှင့် ကျွဲနွားများ ပံ့ပိုးပေးမှုများ၊ ကျောင်းများ၊ ကျန်းမာရေး ဆေးပေးခန်းမှ စသည့် စားဝတ်နေရေး ဖြည့်ဆည်းပေးမှုများကြောင့် သူတို့လို နာဂစ်မုန်တိုင်းဒဏ် ထိခဲ့သည့် ဒေသအားလုံးလိုလို ပြည့်စုံလာခဲ့ချေပြီ။ ထိုအထဲတွင် သူတို့ကျွန်းသာအုပ်စုတွင်လည်း ရွာသစ်တည်၊ ကျိုသစ်ဆောက်ခဲ့ပြီ။ တက်နိုင်ဖျားရောက်၊ လှိုင်းကြီးလေ့အောက်၊ တောင်ကြီးဖဝါးအောက်ပမာ လူသားတို့စွမ်းပကားဖြင့် အခက်အခဲပေါင်းစုံ ကျော်လွှားဖြတ်သန်းခဲ့ကြပြီ။ တိုးတက်မှု

အချိန်အဟုန်ကလည်း မြင့်ခဲ့ပြီ။ ဤအချိန်အဟုန်တွင် သူတို့တစ်တွေ ပါဝင်ခဲ့ကြပြီ။ အထူးသဖြင့် အသက်ပင် ငယ်သော်လည်း တစ်ရွာလုံးက လေးစားချစ်ခင်မှု၊ အားကိုးမှုနှင့်အတူ ရွာလူကြီးတစ်ဖြစ်လဲ ရွှေခေါ်းသည် ထိပ်ဆုံးမှပါဝင်နေသည်။ လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှု အဆင့်ဆင့်ကို ထိကျစွာလိုက်နာ ဆောင်ရွက်ပြီး ကူညီပံ့ပိုးကြသည့်အဖွဲ့များနှင့်အတူ စိတ်အားထက်သန်စွာ ရှိသော၊ ကြိုးစားနေသော သူတို့ရွာသားရွှေခေါ်းနှင့် သူ့အဖွဲ့များကို စိတ်ထဲမှာ ချီးကျူးဂုဏ်ယူနေကြသည်မှာ အထူးပြောစရာပင် မလိုတော့။ ငယ်သူငယ်ချင်း အချင်းချင်းပင် ဖြစ်လင့်ကစား ရွှေခေါ်းကို သူတို့ မလေးစားဘဲ မနေနိုင်တော့ပေ။

○○○

## အခန်း-၃၅

"ဒီမှာ သမီး ညည်းတို့ဟာညည်းတို့ ရိုးမွမ်းချင်ရိုးမွမ်း၊ ငါတော့ အထင်မကြီးဘူး၊ ဘာဖြစ်လို့လဲသိလား၊ သမီး မြဇင်ယော် မေမေ သတိရတစ်ချက် မရတစ်ချက်ဖြစ်နေတုန်း မေမေ့လည်ပင်းက နှစ်ကျပ်သားဆွဲကြိုး ပျောက်သွားတာ အဲဒီလူကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး၊ အဲဒါ ညည်းတို့ သိကြရဲ့လား"

ဒေါ်မြဥက မြဇင်ယော်၊ နီနီဝင်းနှင့် ညီမဖြစ်သူ ဒေါ်မြယုတို့၏ စကားဝိုင်းကို နားထောင်နေရင်းက မထင်မှတ်သည့်စကားကို ပြောလိုက်သည်။ ထိုအခါ မြဇင်ယော်မှာ အလွန်မင်အံ့ဩသွားရပြီး

"ဒို မေမေရယ်၊ သူများကို စွပ်စွဲသလို ဖြစ်နေမှာပေါ့၊ မဖြစ် နိုင်ပါဘူး မေမေရယ်၊ တခြားလူတွေ ကြားသွားမှဖြင့် ကျော်မကောင်း၊ ကြားမကောင်းဖြစ်ပါ့မယ် မေမေရယ်" ဟု တောင်းပန်သံတစ်ဝက် ဖြင့် ပြောလိုက်စဉ် ဒေါ်မြဥက မြဇင်ယော်ကိုကြည့်လိုက်သည်။

"ဟဲ့ ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ အဲဒီကောင်ဟာလေ၊ ငါ့ကို လာကယ်သလိုလိုနဲ့ အိမ်နားကိုကပ်လာတာ၊ လည်ပင်းက ဆွဲကြိုး တွေ့တော့ ဖြတ်ယူပြီးမှ အသံကောင်းဟစ်တာ၊ သူတို့က ဘယ်တုန်း ကများ ငါတို့အပေါ် ကောင်းခဲ့ဖူးလို့လဲ၊ မယုံရင် နင့်အဒေါ်ကို

မေးကြည့်ကြဦး၊ ဟင်း" ဟု ဒေါသသံဖြင့် ပြောရင်း ဒေါ်မြ ဥ တစ်ယောက် မြဇင်ယော်တို့အနားမှ ထသွားပြီး နောက်ဖေးဘက်သို့ ဝင်သွားသည်။

"ဒေါ်ဒေါ် ကြီးကြီး ပြောတာ မဖြစ်နိုင်ဘူးလို့ ကျွန်မတော့ ထင်တယ် ဒေါ်ဒေါ်ရယ်နော်"ဟု နီနီဝင်းက ဒေါ်မြယုကို ပြောလိုက်သည်။ ဒေါ်မြယုက ဘာမှအဖြေမပေး။

"ဒါနဲ့ ရွှေဂင်းတို့မိသားစုက ဘယ်တုန်းက ကောင်းခဲ့ဖူး လို့လဲတဲ့၊ မယုံရင် နှင့်အဒေါ် မေးကြည့်တဲ့၊ အဲဒါ မေမေ ဘာပြော တာလဲဟင် ဒေါ်ဒေါ်" ဟု မြဇင်ယော်က မေးလိုက်သည်။ ဒေါ်မြယုက-

"ငါတူမ ဘာမှမသိဘူးလား၊ အေးလေ တစ်နေ့တော့ သိလာ မှာပေါ့၊ အခုတော့ မသိချင်ပါနဲ့ တူမလေးရယ်၊ ညည်း အမေ သဘောထားကတော့ အဲဒီလူနဲ့ ပတ်သက်ဆက်နွယ်နေတာကို မကြိုက်ဆုံးဘဲ၊ ဒေါ်ဒေါ်ကိုလည်း ဟောဒီက တူမလေးကို ပြန်ခေါ် သွားဖို့တောင် ပြောနေပြီ၊ ဒီမှာနေရင် သူ့ရည်မှန်းချက်တွေ မအောင်မြင်မှာစိုးလို့၊ စိတ်ဆင်းရဲမှာစိုးလို့တဲ့"

"ဟို ဒါတော့ မဖြစ်နိုင်ဘူး ဒေါ်ဒေါ်၊ မဖြစ်နိုင်ဘူးဆိုတာက ဒီမြင်ရည်ရွယ်ချက်နဲ့ ပြောတာ မဟုတ်ပါဘူး၊ ဟောဒီ ရွှေကျွန်းသာ တစ်အုပ်စုလုံးမှာ သမီးတို့ နီနီတို့အနေနဲ့ ကလေးတွေရဲ့ ပညာရေး အမြင် သက်ကြီးရွယ်အိုတွေနဲ့ ကလေးသူငယ်တွေကိုပါ ပြုစု စောင့်ရှောက်ရေးအတွက် စေတနာသန့်သန့်နဲ့ ဦးဆောင်ပြီး စုပေါင်းအင်အားတွေနဲ့ လုပ်နေတာလေ၊ အဲဒါတွေ ချက်ချင်းရပ် ထားခဲ့ပြီး ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကို အကြောင်းပြပြီး ပစ်ပယ်သွားရမှာ သမီး ဘယ်လိုမှ စိတ်မကျေနပ်ဘူး၊ ကိုယ်နဲ့ လုပ်ဖော် ကိုင်ဖက်တွေကိုလည်း အားမလျော့သွားစေချင်ဘူး၊ နောက်ပြီး

အဲဒီလို ခဏတဖြုတ်ဆိုသလို ပေါ်ပင်လုပ်သလိုမျိုးနဲ့ သမီးလုပ်ခဲ့တာမဟုတ်ဘူး။ အဲဒါတော့ မေမေ့ကိုပြောပေးပါ ဒေါ်ဒေါ်ရယ်နော်"

တောင်းပန်တိုးလျှိုးသံဖြင့် မြစင်ယော်က သနားစဖွယ်ပြောလိုက်သည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ်ရယ်။ မြစင်ယော်တို့ သမီးတို့အားလုံးက ကိုယ့်ရပ်ကိုယ့်ရွာ ဒုက္ခရောက်နေတဲ့အထဲက ကိုယ်တတ်နိုင်သလောက်ကို ခေါင်းဆောင်ခေါင်းရွက်နဲ့ဝင်ယူပြီး ရိုးရိုးသားသားနဲ့ဆောင်ရွက်နေတာပါ။ ရွာရေးရပ်ရေး ကိစ္စတွေဖြစ်တော့ မိန်းကလေးပဲ၊ ယောကျ်ားလေးပဲဆိုပြီး ခွဲခြားဆက်ဆံနေလို့ မရတာကြောင့်အားလုံးနဲ့ဆက်ဆံနေရတာပါ ဒေါ်ဒေါ်၊ ကျန်တဲ့ကိစ္စတွေ မပါပါဘူး၊ ဒေါ်ဒေါ်ရယ်" နီနီဝင်းက ကြားဝင်ပြီး တောင်းပန်စကားဆိုပြန်သည်။

"သမီးတို့က အဖွဲ့ကို ဦးမဆောင်ရင် အခက်အခဲတွေ ရှိနိုင်ပါတယ် ဒေါ်ဒေါ်၊ နောက်ပြီး သမီးတို့မှာ ငွေရေးကြေးရေးကအစအားလုံးပေါ့ ဒေါ်ဒေါ်ရယ်၊ နော်. . . အဲဒါကြောင့်ပါ"

မြစင်ယော်က ထပ်ဆင့် ပြောပြနေလျှင် ဒေါ်မြယုကသက်ပြင်းတစ်ချက် ချလိုက်ရင်း -

"အဲဒါတွေအားလုံး ဒေါ်ဒေါ်သိပါတယ် တူမတို့ရယ်၊ အဲဒါကြောင့်လည်း ဟောဒီက တူမကြီး မြစင်ယော် ရွာကိုချက်ချင်းပြန်ချင်တဲ့ကိစ္စ ဒေါ်ဒေါ်အလုပ်တွေကို မငဲ့ဘဲ ပြန်လွှတ်လိုက်တာပါ။ အဲဒီကိစ္စအတွက် နောက်ဆံမတင်းရအောင် ဒေါ်ဒေါ်သားကြီးမိသားစုတစ်ခုလုံး ပုသိမ်မှာနေဖို့နဲ့ ပွဲရုံလုပ်ငန်းဦးစီးဖို့ စီစဉ်ထားပါပြီ၊ ဒေါ်ဒေါ်လည်း အသက်ကြီးလာပြီဆိုတော့ ဘာသာတရားဘက် ဦးစားပေးပြီး အေးအေးလူလူ နေချင်တာလည်း ပါတာပေါ့

ဟိုတုန်းကတော့ ဖေဖာ်ဦးက ငါ့တူမကြီး မြဇင်ယော်တို့ စိတ်မျိုးလို့ပဲ လုပ်ချင်တဲ့အလုပ်ဆို ငုပ်မိသဲတိုင် တက်နိုင်ဖွားရောက်ပဲ ကဲပါလေ၊ ငါ့တူမကြီးတို့ လုပ်တဲ့အလုပ်တွေကိုလည်း ဒေါ်ဒေါ် မတားပါဘူး၊ ဒါပေမဲ့ မမ မမြဲဖြစ်စေချင်တဲ့ဆန္ဒကို ငါ့တူမကြီးက ဖြစ်အောင် လုပ်ပေးလိုက်ပေါ့" ဟု ပြောလိုက်လျှင် မြဇင်ယော်က အားတက်သရောဖြင့် -

"သမီးက ဘာတွေလုပ်ပေးရမလဲ၊ မေမေ့ဆန္ဒက ဘာလဲဟင်" ဟုမေးလိုက်လျှင် ဒေါ်မြယုက အသံအနည်းငယ်ဖြင့်၍ -

"ဒီမှာ ငါ့တူမ၊ သမီးအမေဖြစ်စေချင်တာ အခု ကျွန်းသာ အုပ်စုမှာ ဆေးခန်းလာဖွင့်နေတဲ့ မောင်မျိုးလွင်အောင်ကို ရင်းရင်း နှီးနှီးဆက်ဆံပါ၊ ဒေါ်ဒေါ်လည်း ငါ့တူမကို ဟိုတုန်းကပြောခဲ့ဖူး တာပဲ၊ သူ့မိဘတွေကလည်း ကမ်းလှမ်းဖူးတယ်လေ၊ အဲဒီလောက်ဆို ငါ့တူမ သဘောပေါက်မှာပါ၊ အဲ- ရှောင်ရမယ်၊ ရင်းရင်းနှီးနှီးနဲ့ အကျွမ်းတဝင် မနေရမယ့်လူကတော့ ကိုဇလာကြားရဲ့သား မွှေခင်းပဲဆိုတာ သမီးသိအောင် ထပ်ပြောပါရစေ"

"ရှင်"

မြဇင်ယော်တစ်ယောက် သူ့အဒေါ်စကားကြောင့် စိတ်မကောင်း ဖြစ်သွားသည်။ သူ့မိခင်နှင့် သူ့အဒေါ်တို့မှာ ဒီ ကျွန်းသား စစ်စစ်တွေပင်။ ထို့အတူ အဒေါ်ဖြစ်သူမှာ အဝေးတစ်နေရာမြို့ကို ရောက်နေပေမယ့် ဇာတိမြေကို အလွန်ချစ်သည်။ အဆက်အသွယ် မပြတ်၊ အခွင့်ကြုံတိုင်း ရောက်တတ်သလို မိခင်ဖြစ်သူမှာ ပို၍ ဆိုးသည်။ တက္ကသိုလ်ပညာသင်ရန်သွားသော သမီးနောက်ကို တစ်ခေါက်မှပင် မလိုက်ဟု ပြောလို့ပင်ရသည်။ ညီမဖြစ်သူနှင့် သမီးကိုအပ်ထားသည်။ သူ့သမီးကို ပညာတတ်ကြီး ဖြစ်စေချင်

သည်။ လုပ်ငန်းရှင်ကြီး ဖြစ်စေချင်သည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျ အနီးကပ် မကြီးကြပ်နိုင်၊ ဒီကျွန်းမှာနေပြီး သမီး ကောင်းစားရေး၊ တိုးတက်ရေး၊ ညီမနှင့် ဆက်သွယ်တိုင်ပင်ပြီး ဆောင်ရွက်သည်။ မုဆိုးမဘဝနှင့် အလုပ်တွေဦးစီးပြီး ရွှေကျွန်းသားထွက် ပစ္စည်းတွေ၊ ကုန်တွေ၊ ရေထွက်ကုန်တွေ လက်ပြောင်းလက်လွှဲ ရောင်းသည်။ ဝယ်သည်။ ကုန်ဝယ်နိုင်ဖွင့်သည်။ ညီမဖြစ်သူ အလုပ်တွေနှင့်မျှ ဖြစ်နေသည့်အတွက် အစ်ကိုကြီးဖြစ်သူ ဦးဖိုးမောင်က သူနေသော ကျောက်သဘော်ရွာကြီးသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် အခါခါတိုက်တွန်းသည်ကိုပင် အကြိမ်ကြိမ် ငြင်းဆန်ခဲ့သည်။ ဒီကျွန်းမှ မခွာနိုင်၊ ရွှေကျွန်းသားကို သံယောဇဉ်မဖြတ်နိုင်ဟု အပြတ်ပြောခဲ့သည်။ သို့သော် သမီးဖြစ်သူကိုတော့ ရွှေကျွန်းသားသားတွေနှင့် ရောရောနှောနှော မနေစေချင်၊ မဖြစ်စေချင်ဆုံး အရာမှာ ဖူးစာမဆုံစေချင်။ ဘဝကြင်ဖော် မရွေးစေချင်။

အခုလို မုန်တိုင်းဖြစ်တော့ ဖြစ်ဝင်ယော်ပြန်ရောက်လာပြီး လူမှုရေး လုပ်ငန်းတွေ အားကြိုးမာန်တက်လုပ်နေတာအထိ သူ့ဇာတိချစ်စိတ် နှင့် ကြည့်နေခဲ့သည်။ ခွင့်ပြုခဲ့သည်။ မတားဆီးခဲ့၊ သို့သော် ယခု မုန်တိုင်းတိုက်ပြီး ငါးလမြောက်ဖြစ်သော တော်သလင်းလ အရောက်တွင်တော့ အနည်းငယ် တားဆီးမှုတွေ လုပ်လာသည်။ အထူးသဖြင့် တာဝန်အရရော၊ လုပ်ငန်းသဘောအရရော ဆက်ဆံရသည့် ရွှေကျွန်းသား လူငယ်တွေနှင့် အရောတဝင် ပြောဆိုဆက်ဆံတာကို သဘောသိပ်မကျပေမယ့် ဟန့်တားမှုမရှိခဲ့။ သို့သော် တစ်ယောက်မှသည် တစ်ရာဆိုသလို သူမနှင့် ရွှေဒင်္ဂါးတို့ ရင်းနှီးချစ်ခင်စွာဖြင့် ကျွန်းသားအုပ်စုတစ်ခုလုံး၏ ရွာကျိုးရပ်ကျိုးကို အားကြိုးမာန်တက် လက်တွဲဆောင်ရွက်နေသည့်သတင်း ကြားရမြန်

တော့ သဘောမတွေ့နိုင်ပြီ။ အလိုမကျခဲ့ဖြစ်ပြီ။ မြဇင်ယော်ကိုပင် အလေးသို့ပို့ရန် စိစဉ်နေပြီ။ မြဇင်ယော် ဘာဆက်လုပ်ရမည်နည်း။

"ဟဲ့- မြဇင်ယော်။ နင် ဘာစဉ်းစားနေတာလဲ၊ ဒေါ်ဒေါ် မမြယုတောင် အိမ်အောက်ဆင်း လမ်းလျှောက်နေပြီ၊ ငါပြောတာ သေချာနားထောင်၊ နင့်အမေနဲ့ နင့်အဒေါ်ပြောတာ နားမထောင်ရင် တို့ရှေ့ဆက်လုပ်မယ့် အလုပ်တွေ အခက်အခဲရှိမှာအသေအချာပဲ၊ ဆရာကြီးတို့၊ ရွှေဂါးတို့နဲ့ တိုင်ပင်ထားတဲ့ မိဘမဲ့ကလေးတွေ အတွက် ပရဟိတဂေဟာလေး လုပ်ဖို့တောင် ပျက်သွားဦးမယ်၊ အဲဒီလိုဖြစ်ရင် တို့ကို အားကိုးခင်တွယ်နေတဲ့ ကလေးတွေရဲ့ဘဝက ခရုအဆံကျွတ် ဘဝမျိုးတွေ ဖြစ်ကုန်မယ်၊ အဲဒီတော့ သူတို့ မကြိုက်တဲ့၊ မတွေ့ချင်တဲ့သူကိုရှောင်၊ တွေ့ချင်မြင်ချင်တာကို စိတ်ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ လုပ်ပြ၊ စိတ်တော့ ပင်ပန်းမှာပေါ့ဟာ၊ ဒါဆို ရင်ခွင်မဲ့ကလေးတွေအတွက် တို့ရည်မှန်းချက် အောင်မြင်မယ်၊ သိလားဟဲ့၊ ကြားလား" ဟု နီနီဝင်းက တိုးတိုးတစ်လှည့် ကျယ်ကျယ် တစ်မျိုးပြောနေရာ မြဇင်ယော်ကတော့ ဒေးဒေးငိုင်ငိုင်ဖြင့် ပြန်ကြည့် လိုက်သည်။ သူ့မရင်ထဲမှာတော့ မှန်းကျပ်မှုတွေက အပြည့်. . .။

"ကြားပါတယ် နီနီဝင်းရယ်၊ ငါ စဉ်းစားနေတာပါ၊ အင်း နင်ပြောသလို လုပ်ရမှာပေါ့၊ ဟိုတစ်ဖက်က ဘာမှလည်း အဖြစ်မရှိ အခု ရွာမှာ မိဘမဲ့ နို့စို့ကလေးကအစ အိုမင်းမစွမ်း သက်ကြီးရွယ်အို အထိ သူနဲ့တည်မှီနေတယ်၊ အားကိုးနေရတဲ့ လူတစ်ယောက် ဆိုပါ တော့ဟယ်"

မြဇင်ယော် ပြောရင်း စိတ်မချမ်းသာစွာ သက်ပြင်းမော တစ်ချက် ချလိုက်မိသည်။

၀၀၀

## အခန်း-၃၆

"ရွှေဂါးရေ တို့အလုပ်ပြီးရင် ဆွမ်းစားပြီးချိန်လောက် ဆရာတော်ကြီးက တို့အဖွဲ့တွေအားလုံး ကျောင်းကြီးပေါ်ကို လာခဲ့ပါတဲ့"

ကယ်ဆယ်ရေးစခန်းလည်းဖြစ်၊ ရွာအတွက် ဖြန့်ဝေမည့် ပစ္စည်းများ စုပုံထားရာလည်းဖြစ်သော ဆရာတော် ကျောင်းဝင်း အတွင်းရှိ တဲတန်းလျားကြီးအတွင်းဝယ် ကျေးရွာ၏ စာရင်းဇယား များနှင့် အလုပ်ရှုပ်နေကြသော ရွှေဂါး၊ ဆင်ပေါက်၊ ကိုဒုံးပုံတို့ အနားသို့ ဆားခါးရောက်လာပြီး ပြောလိုက်သည့်စကားကြောင့် ရွှေဂါး ဆားခါးကို လှည့်ကြည့်လိုက်ကြသည်။

"အေး အေး၊ သူငယ်ချင်း၊ သွားလိုက်မယ်၊ ကြော်- ဒါနဲ့ ဆားခါးရေ မင်းတို့ ကိုကျွင်မောင်တို့တစ်တွေ လေ့တို့၊ ပိုက်တို့ကိစ္စ တွေ အခက်အခဲရှိရင် တစ်ပါတည်း ပြောကြနော်၊ နောက်ပြီး တို့ ထပ်စိုက်ထားတဲ့ သစ်ပင်တွေ၊ သီးပင်စားပင်တွေကိုလည်း အောင်ထွန်းတို့အဖွဲ့နဲ့ ထပ်စိုက်ဖို့ ဖြကာဖို့ကိစ္စတွေ ပြောထားတယ်၊ အဲဒါ သူငယ်ချင်း ဆက်ပြောပြလိုက်ဦး"

"အေး-အေး စိတ်ချ ငါ သွားလိုက်ပါမယ်၊ နောက်ပြီး ဖော်ခင်တို့ မြစင်ယော်တို့အဖွဲ့လည်း ပြောစရာရှိသေးတယ်" ဟု ပြောရင်း ဆားခါးက ရွှေဒင်္ဂါးတို့အနားမှ ထွက်သွားသည်။ ကိုဘုံးပျံက -

"အေးကွာ၊ တို့တစ်တွေ အားလုံးအခုနေနဲ့ မုန်တိုင်းတိုက်သွားလို့လဲတာလဲ၊ ကျိုးတာကျိုးဖြစ်နေတဲ့ သစ်ပင်တွေကို ရှင်းသင့်တာရှင်း၊ ဖြတ်သင့်တာဖြတ်၊ ပြန်တည့်သင့်တာတည့်၊ ဇုန်းပင်တွေလည်း ပြင်သင့်သလောက်ပြင်၊ နောက်ပြီး သစ်ပင်တွေ၊ ပျိုးပင်တွေ၊ စားသုံးပင်တွေ ပြန်စိုက်သင့်တာစိုက်၊ ဟော- သုံးလေးလအတွင်း ဂရုတစိုက် ဝိုင်းဝန်းဆောင်ရွက်လိုက်တော့ စိမ်းစိမ်းစိုစိုနဲ့ သစ်ပင်တွေ၊ ပန်းပင်တွေ၊ သီးစားပင်တွေ တွေ့ရလို့ စိတ်ထဲမှာ အရမ်းဝမ်းသာတာပဲကွာ" ဟု ပြောလိုက်လျှင် ရွှေဒင်္ဂါးက -

"ဒါတင် ဘယ်ဟုတ်လဲ ကိုကြီးဘုံးပျံရ၊ ကျွန်တော်တို့ ကျွန်းသာက လယ်မြေတွေမှာ လုပ်မယ့်သူမရှိတဲ့လယ်တွေ နောက်ပြီး လုပ်နိုင်တဲ့အင်အားမရှိ ဖြစ်နေတာကို ကျွန်တော်တို့တစ်တွေ လူစားဝင်ပြီး ဝိုင်းထွန်ယက်၊ မျိုးထောင်ခဲ့ကြတယ်၊ နောက်ပြီး ကောက်စိုက်တာတောင် ယောက်ျားရှင်မကြီးတွေတန်မှ အချိန်မီ ပြီးစီးအောင် မျိုးပင်တွေ မလေလွင့်ရအောင် သူ့လက်၊ ငါ့လက် မစောင့်ဘဲ ဝင်စိုက်ခဲ့တာ၊ ဟော အခု မြင်ရတဲ့အတိုင်း ဓာတ်မြေဩဇာတွေ ပက်ချိန်မှာပက်လိုက်တော့ ကောင်းလိုက်တဲ့ စပါးပင်ကြီးတွေ၊ စပါးခင်းကြီးတွေ ရွှေလဆို ဖုံးပြီ၊ လုံးပြီ၊ အဲဒါတွေကိုလည်း ထည့်ပြောဦးလေဗျာ" ဟု ပြောလိုက်သည်။ ကိုဘုံးပျံက ရွှေဒင်္ဂါးကို ပြုံးပြုံးကြီးကြည့်ရင်း ခေါင်းတညိတ်ညိတ် ရှိနေသည်။ ဆင်ပေါက်က -

"အင်း မုန်တိုင်းတိုက်ပြီးစကတော့ တို့ရွာသားတွေ၊ တို့ဘဝတွေတော့ သွားပါပြီ၊ ဒုက္ခတွေ ပင်လယ်ဝေပါပြီလို့ ထင်လိုက်မိပြီး

စိတ်ဓာတ်တွေကျသွားလိုက်တာ မပြောပါနဲ့တော့၊ ဟော အခုလို သုံးလေးလအတွင်းမှာ နိုင်ငံတော်နဲ့ စေတနာရှင် ပြည်သူတွေရဲ့ ပံ့ပိုးမှုနဲ့အတူ ကျွန်တော်တို့အားလုံးရဲ့ ကြိုးစားချက်နဲ့ ကျွန်တော်တို့ ရွာလေးကို ဒီလိုပြန်မြင်ရတဲ့ရလဒ်ကို ဘာနဲ့မှ မလဲနိုင်ပါဘူးဗျာ၊ ဒီစပါးခင်းတွေ စိုက်ပြီးရင်လည်း ပဲမျိုးစုံတို့၊ ငရုတ်တို့၊ ဖရဲတို့ စိုက်ကြဖို့ စိုက်ပျိုးရေးက တာဝန်ရှိသူတွေက ကြိုတင်စီမံနေကြပြီဗျ ကျွန်းမှာတော့ အစိမ်းရောင်လွှမ်းတော့မှာပေါ့ဗျာ" ဟု အားပါးတရ ပြောလိုက်ရာ ကိုဖုံးပျံ့က စဉ်းစားသလိုလုပ်ပြီးပြောသည်။

"အေး ဒါနဲ့ တချို့ဒေသတွေမှာ ကြွက်တွေဖျက်တယ်လို့ သိရတယ်ဟေ့၊ ဒါနဲ့ သတိထားဦးကွ၊ ရေတို့လေတို့လို သဘာဝဘေးဒဏ် ခံရတဲ့နေရာတွေမှာ သံသေဒ ပိုးမွှားတွေ ပေါ်လာပြီး ဖျက်တတ်ပါဘိနဲ့ဗျာ၊ ငါမသိလို့မေးပါရစေဦး ဆင်ပေါက်ရာ၊ တို့အရပ်မှာက ရေချိုအရပ်လို ဟင်းသီးဟင်းရွက်နဲ့ မင်းပြောတဲ့ သီးနှံတွေ ထွန်းထွန်းကားကား ဖြစ်ပါ့မလားကွ၊ ရေမြေကွာတယ်လေကွာ" ဟု မေးလိုက်ရာ ဆင်ပေါက်က -

"ဟာ- ကိုကြီးဖုံးပျံ့ကလည်း ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင် ဆိုတဲ့ သီချင်းစာသားလို ဟော အခု ကျွန်တော်တို့အုပ်စုက ရေချိုကန်တွေ ဖော်ထုတ်နေပြီလေဗျာ၊ တစ်ကန်၊ နှစ်ကန်၊ သုံးကန် ဖြစ်နေပြီ၊ အဲဒီ ရေချိုတွေနဲ့ စိုက်ပျိုးလို့ ရတာပေါ့၊ နောက် ဆားငန်တဲ့မြေ ရာသီပင် တစ်ရာသီခံအောင် မြေကို ပြင်မယ်ဗျာ၊ နွားချေးပေါ့၊ အခု တီကျွစ်စာကာအစ ထည့်လို့ရပြီဗျာ၊ တချို့ သဲကန္တာရ နိုင်ငံတွေတောင် ပလတ်စတစ် အောက်ခံပြီး မြေလွှာအတုနဲ့ စိုက်ပျိုး ကြသေးတာ၊ ကျွန်တော်တို့ မြေကြီးက ဒီလောက်မဆိုးပါဘူး

ဖူ သမားနိုးကုထက်ပိုပြီး အားစိုက်လိုက်ရင် သင့်တော်မယ့်သီးပင်၊ စားပင်၊ သီးနှံပင် အားလုံးနီးပါး အောင်မြင်မှာ သေချာတယ်ဗျ"

"ဟုတ်တယ် အစ်ကိုကြီးဒုံးပုံရဲ့၊ အရင်တုန်းကတော့ ဒီမြေ ဒီရေမှာ ကျွန်တော်တို့ ရွာသားအားလုံး ဒီမြေပြင်ကြီးကို အားကိုးကြတာလေ၊ သားငါး၊ သယံဇာတလည်း လွယ်လွယ်နဲ့ရတာ မဟုတ်လား၊ အဲဒီတော့ ဒီမြေကြီးကို သိပ်လှည့်မကြည့်ကြတော့ဘူးလေ၊ အခု အချိန်မှာတော့ လူတွေရဲ့ စီးပွားရေးအခြေအနေတွေ ရှင်းစား မြန်ဖြစ်ဖို့ ချောင်းထဲ၊ မြောင်းထဲ၊ ပင်လယ်ထဲ ထွက်ရှာသင့်တာ ရှာမယ်၊ နောက်ပြီး ကျယ်ဝန်းသလောက် မြေဧရိယာအပေါ် စပါး ပြီးရင် ပဲမျိုးစုံ၊ သီးပင်စားပင်တွေ ရသလောက်စိုက်ကြမယ်ဆိုရင် ဒီမြေကရော၊ ဒီရေကရော ဝင်ငွေတွေပိုပြီး ရလာမယ်လေ၊ ဒါမှ ကျွန်တော်တို့ဒေသတွေ အမြန်ဆုံး ပြန်လည်ဖွံ့ဖြိုးလာမှာပေါ့၊ စိတ်တွက်နဲ့ နှစ်ဆတိုးပြီးတွက်ကြည့်၊ ကျွန်တော်ပြောတာ သဘောပေါက်လိမ့်မယ်" ဟု ပြောလိုက်လျှင် ကိုဒုံးပုံက -

"အေး ဟုတ်ပါ့ကွာ၊ မင်းပြောသလို မြေရော၊ ရေရော၊ သယံဇာတတွေ ထွက်လာရင် တို့ဘဝတွေ မြန်မြန်ဖွံ့ဖြိုးမှာပေါ့ကွာ၊ အေးကွာ၊ ဒါကြောင့် လူကြီးတချို့ပြောသလို နိုင်ငံတစ်ခုမှာ မြေမျိုးမှ မြေပိုင်မှ နိုင်ငံတစ်ခုဆိုတာ ပိုပြည့်စုံမယ်ဆိုတဲ့ စကားက ဒါတွေလည်း ပါမှာပေါ့ကွာ၊ အရမ်းမှန်တဲ့စကားတွေပဲ၊ အခုကာလက စာစောင်တွေ၊ စာအုပ်တွေဖတ်နေရတော့ အဲဒါတွေ သိလာရတယ်" ဟု ပြောလိုက်သလို ရွှေဂါးဆက်၍ -

"မှန်တာပေါ့ ကိုကြီးဒုံးပုံရာ၊ ဒါကြောင့်မို့လို့ နိုင်ငံတော် သီချင်းမှာတောင် ဒါ တို့ပြည်၊ ဒါ တို့မြေဆိုတာ ထည့်ထားတာပေါ့၊ ကဲ-ကဲ စာရင်းဇယားတွေ ဒီမနက်ခင်းပြီးအောင် ဖြတ်လိုက်ကြစို့" ဟု

ပြောရင်း ရွှေဒင်္ဂါးနှင့် ဒုံးပျံတို့ သူတို့စာရင်းစာအုပ်တွေဆီ မျက်နှာမူလိုက်ကြသည်။ ကိုဒုံးပျံလည်း မိမိလုပ်ရမည့် ပစ္စည်း လက်ကျန်များကို စာရင်းနှင့်တိုက်ဆိုင် ရေးမှတ်နေသည်။ ရွှေဒင်္ဂါးနှင့်ဆင်ပေါက်တို့၏ ပြောင်းလဲလာသည့် စိတ်သဘောထားတွေ၊ အယူအဆတွေ၊ ယခင်က သူတို့နှစ်ယောက်၏ အနေအထားကို စိတ်ထဲတွင် ယှဉ်ကြည့်မိရင်း တစ်ကိုယ်တည်း ပြုံးနေလိုက်သူကတော့ ကိုဒုံးပျံပဲ မဟုတ်ပါလား။

၀၀၀

## အခန်း-၃၇

"ဘုန်းကြီး၊ မင်းတို့အားလုံးကို ခေါ်ရတဲ့အကြောင်းကတော့ ဒီပြင်ကိစ္စတော့ မဟုတ်ပါဘူး၊ အခု သီတင်းကျွတ်တော့မယ့်အထိ အားလုံးကဝိုင်းပြီး ထိန်းသိမ်းထားရတဲ့ ဟောဒီ ကလေးတွေကိစ္စပဲ"

ဆရာတော်ကြီးက လူထုကိုကြည့်ရင်း စကားအစချီပြီး မိန့်ကြားလိုက်သည်။ အားလုံးက စိတ်ဝင်တစားဖြင့် နားထောင်နေကြသည်။ ဆရာတော်ကြီးက ဆက်လက်ပြီး မိန့်ကြားသည်။

"ဘုန်းကြီးကို ဟောဒီကို ပြန်ပြီးလိုက်ပို့ကြတဲ့ မြို့က ငွေရေးကြေးရေး ပြည့်စုံပြီး သားသမီးရတနာ နည်းပါးကြတဲ့ ဒကာ၊ ဒကာမတွေက ဒီက ကလေးတွေအကြောင်းကို သိကြရတော့ မွေးစားချင်ကြတယ်၊ တရားဝင်စာချုပ်စာတမ်းနဲ့ အမွေစားအမွေခံအဖြစ်လည်း မွေးချင်ကြတယ်၊ ဟော အခုတော့ ပထမဆုံးအနေနဲ့ ဘုန်းကြီးကိုလာပြီး လျှောက်ထားတဲ့သူကတော့ တို့ရွာသားအားလုံး သိပြီးကျွမ်းပြီးဖြစ်တဲ့ ဟို ကျောက်သဘော်ရွာက ဒကာကြီး ဦးဖိုးမောင်ပဲဖြစ်ပါတယ်၊ ကဲ အဲဒီတော့ ဒကာကြီး ဦးဖိုးမောင်ကပဲ ပြောပြလိုက်ပါဦး"

ဆရာတော်ကြီးက အမိန့်ရှိလိုက်ပြီးမှ ဦးဖိုးမောင်က ဆရာတော်ကြီးရှိရာသို့လှည့်၍ ဦးသုံးကြိမ်ချလိုက်ပြီးမှ မတ်တတ်ရပ်လိုက်ကာ -

"ဆရာတော်ကြီး ခွင့်ပြုချက်နဲ့အတူ ရွာမိရွာဖများ၊ လူကြီးလူငယ်များရှေ့မှာ ကျွန်တော့်ရဲ့ အဓိက ရည်ရွယ်ချက်ကို ပြောပါရစေ၊ အဲဒါကတော့ အခု ရှေ့ကျွန်းသာ ဘုန်းတော်ကြီးကျောင်းမှာ အားလုံးက ပုံပိုးမှုတွေနဲ့အတူ ဝိုင်းဝန်းစောင့်ရှောက်ထားတဲ့ ကလေး ၁၁ ယောက်ထဲက ကျွန်တော်တတ်နိုင်သလောက် ပန်းပြောင်းတာဝန်ယူပါရစေ၊ မိသားစုစိတ်ဓာတ်နဲ့ ကူညီဆောင်ရွက်တယ်ပြောပြော အမွေစားအမွေခံအဖြစ်နဲ့ သမီးလေးတစ်ယောက် မွေးစားခွင့်ပြုပါ။ ကျွန်တော် မွေးစားမယ့်ကလေးကလည်း တကယ်တမ်း ဆွေမျိုးစပ်ကြည့်ရင် ကျွန်တော့်ရဲ့ မြေးနှစ်ဝမ်းကွဲလောက်တော်မယ့် ဟိုအရင် ကျွန်းသာက လွန်းမောင်နဲ့ မိထွေးတို့ရဲ့သမီးလေး ပုလဲဝင်းလေး ပါပဲ"

"ဩော်- ပုလဲဝင်းလေးကို မွေးစားမှာ၊ လွန်းမောင်သမီးလေးကိုး"

"ဦးဖိုးမောင်က မွေးစားမှာနော်"

စသည့်အသံများ ထွက်လာသည်။ ဦးဖိုးမောင်က ဆက်၍ပြောသည်။

"ဟုတ်ပါတယ်ခင်ဗျား။ ကျွန်တော် မွေးစားမှာပါ။ မွေးစားတယ်ဆိုတဲ့နေရာမှာလည်း တကယ့်သားအရင်း၊ သမီးအရင်းလို မွေးစားမှာပါ။ ကျွန်တော့်အနေနဲ့လည်း မွေးစားဖို့ ဆုံးဖြတ်ချက် မရှိခင်တုန်းကဘဲ အထူးသဖြင့် ဒီကလေးတွေနဲ့ ရင်းနှီးအကျွမ်းတဝင်ဖြစ်နေခဲ့တယ်ဆိုတာ အားလုံး သိပြီးဖြစ်ပါလိမ့်မယ်၊ ဒီရွာဟာလည်း

ကျွန်တော့်ရွာဖြစ်သလို ဒီမှာ တူမ မြေဇင်ယော်ရှိနေတာက တစ်ကြောင်းကြောင့် သူတို့ကလည်း ကျွန်တော့်ကို ခင်မင်နေကြပါပြီ၊ အဲဒါတွေ အကြောင်းပြုပြီး ကျွန်တော် စိတ်ကူးရခဲ့လို့ ဒီသမီးလေးကို ချောမောပြောဆိုကြည့်တော့ ခေါင်းညိတ်ပါတယ်၊ ဒါကြောင့် ကျွန်တော့်ဆီမှာနေဖို့ ဒီကလေးကို ကျွန်တော် မွေးစားတာအတည်ပြုဖို့ ဆရာတော်ကြီးကတစ်ဆင့် အများကို ခွင့်ပန်တာပါခင်ဗျာ" ဟု ပြောပြီး ထိုင်လိုက်သည်။

"ဟာ- ဒီကိစ္စ၊ သားသမီးနဲ့မခြား တရားဝင် မွေးစားချင်သူကလည်း မွေးချင်တယ်၊ ကလေးကလည်း လိုက်ချင်တယ်၊ နောက်ပြီး မွေးစားမယ့်သူကလည်း ကလေးဘဝရေ့ရေးအတွက် တာဝန်ယူနိုင်တဲ့လူဆိုတာ အားလုံးက သိနေကြတယ်ဆိုတော့ အားလုံး ခွင့်ပြုကြမှာပါ၊ ဘယ်နှယ် သဘောရှိကြသလဲ" ဟု ဆရာကြီးဦးမြင့်ရွှေက ပြောလိုက်သည်။ အားလုံးနီးနီး ခွင့်ပြုသဘောကျနေသည်။

"သဘောကျပါတယ်၊ ခွင့်ပြုပါတယ်၊ ကောင်းပါတယ်" စသည့် အသံများ တစ်ပြိုင်တည်းလိုလို ထွက်ပေါ်လာသည်။

လူအုပ်ထဲတွင်ရှိနေသော မြေဇင်ယော်နှင့် နီနီဝင်းတို့နှစ်ယောက်လည်း ဆရာကြီးဦးမြင့်ရွှေနှင့် ဦးဒိုးမောင်အနားတွင်ရှိသော ရွှေခါးကို ပြိုင်တူလိုလို လှမ်းကြည့်မိလိုက်သည်။ ထိုစဉ်မှာပင် ရွှေခါးက မတ်တတ်ရပ်လိုက်ရင်း -

"ဟဲ့ အားလုံး ခဏနားထောင်ကြပါ၊ အခု ဆရာတော်ကြီးနဲ့ ဦးပဥ္စင်းလေးတို့ရဲ့ အရိပ်အာဝါသအောက်မှာ မိုဒိုပြီး ကျွန်တော်တို့ တစ်ရွာလုံးက ဝိုင်းဝန်းစောင့်ရှောက်ထားတဲ့အထဲက သမီးလေး ပုလဲဝင်းကို ဘကြီးဒိုးမောင်ထံ အပ်ပြီးတာနဲ့ ဟိုလေ့ဆိပ်အထိ လိုက်ပို့နိုင်တဲ့လူ လိုက်ရွတ်ဆက်ကြပေါ့နော်၊ ဟဲ့ သမီးလေး ပုလဲဝင်း

သမီးရဲ့အထုပ် ပစ္စည်းလေးတွေယူ၊ သမီး ဘဘကြီးနဲ့ လိုက်သွားတော့နော်" ဟု ရွှေဒင်္ဂါးက စိတ်မကောင်းသည့်ဟန်ပန်ကို အတတ်နိုင်ဆုံးထိန်းကာ ပြောလိုက်သည်။ ပုလဲဝင်းလေးမှာ ဟိုဟိုသည်သည် ကြည့်နေရာ အနားမှ ဘဝတူကလေး ခပ်ကြီးကြီးတစ်ယောက်က လက်တို့လိုက်သဖြင့် သူ့ လွယ်အိတ်ကလေးကိုဘေးစောင်းလွယ်ပြီး အထုပ်လေးတစ်ထုပ်ကို လက်တွင်ပိုက်၊ ယောင်နနဖြင့် ထလိုက်သည်။ ဦးဒိုးမောင်က -

"ကဲ သမီး လာ. . . ဒီကိုလာ၊ ရတနာသုံးပါးနဲ့ သမီးရဲ့ ကျေးဇူးရှင်တွေကို သွားခါနီး ကန်တော့ရအောင်လာ" ဟု ပြောလိုက်သဖြင့် အားလုံးက ပုလဲဝင်းလေးကို ဦးဒိုးမောင်တို့အနီးသို့ ရောက်အောင် လက်ဆင့်ကမ်းတွဲလျက် ပို့ပေးလိုက်ကြသည်။ ပုလဲဝင်းလေး ရှိုးဦးချနေသည်ကိုကြည့်ရင်း -

"အိမ်း- အနန္တနော အနန္တငါးပါးကျေးဇူးကြောင့် သမီးလေး ပုလဲဝင်း ဘဝတစ်လျှောက်လုံး သာယာပြောင့်ဖြူးပါစေကွယ်"

"သာဓု. . . သာဓု. . . သာဓု"

အားလုံးနှင့်အတူ သာဓုခေါ်လိုက်ရပေမယ့် မြဇင်ယော်နှင့် နီနီဝင်းတို့ ပုလဲဝင်းကိုကြည့်ရင်း မျက်ရည်စို့နေကြပြီ။ သူတို့နှစ်ယောက် ပုလဲဝင်းလို ဘဝတူကလေးများနှင့်အတူ ပုလဲဝင်းလေး အနားသို့ တိုးလာကြသည်။ ပုလဲဝင်းလေးက သူမရဲ့ သူငယ်ချင်းများကို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ကြည့်နေသလို မြဇင်ယော်နှင့် နီနီဝင်းကို လက်အုပ်ကလေးချီရင်း ပြောသည်။

"ဆရာမတို့. . .၊ သမီးသွားတော့မယ်နော်"

"အေးကွယ် အေး. . . အေး"

ဟုသာ ပြောနိုင်ပြီး ပုလဲဝင်းလေးကို မကြည့်နိုင်။ သူတို့ရဲ့ မျက်ရည်တွေက အိမ်မြွေမဆည်နိုင်အောင် ကျနေပြီ။ တရွေ့ရွေ့ဖြင့် ဦးဒိုးမောင် လက်ဆွဲခေါ်ရာသို့ ပါသွားသော ပုလဲဝင်းလေးနှင့်သူတို့ တဖြည်းဖြည်းချင်း ဝေးသွားပြီ။ ကျောင်းခြံဝင်းတွင် ရပ်ကြည့်နေကြသည့် လူကြီးများ၊ ကလေးများကလည်း စိတ်မကောင်းကြ။ မျက်နှာတွေ ညှိုးငယ်ငယ်ဖြင့် သောင်ပြင်အစပ်ဝယ် ရပ်ထားသည့် သမ္ဗာန်ဆီသို့ သွားနေသည့် ဦးဒိုးမောင်နှင့် ပုလဲဝင်း၊ နောက် ခပ်လှမ်းလှမ်းတွင်တော့ ရွှေဂါးနှင့်ဆင်ပေါက်တို့အဖွဲ့က မလှမ်း မကမ်းမှ လိုက်သွားကြသည်။ ထိုစဉ် ရုတ်တရက်ဆိုသလို "ဟင့်"ခနဲ ရှိုက်သံတစ်ချက် ကြားလိုက်ရသည်။

"ပုလဲဝင်း ပုလဲဝင်းရေ၊ လိုက်မသွားနဲ့၊ ပြန်လာခဲ့. . . ပြန်လာခဲ့"

သူတို့အနီးမှ ကလေးမတစ်ယောက် အော်ခေါ်ရင်း ပုလဲဝင်းဆီ ပြေးဆင်းသွားသည်။

အားလုံးက စိတ်မကောင်းစွာဖြင့် ကြောင်ကြည့်နေသလို ကလေးမလေးက သဲသောင်ပြင်ပေါ်ဝယ် ပြေးနေရင်း ဒူးထောက် လဲကျသွားသည်။ မြစင်ယော်နှင့် နီနီဝင်း အပြေးတစ်ပိုင်းဖြင့် လိုက်သွားကြသည်။ ရေစပ်နားတွင် လှိုင်းပုတ်သံကြားမှ ခေါ်သံ သဲ့သဲ့လေး ကြားလိုက်ရသဖြင့် ပြန်လှည့်ကြည့်လိုက်သည့် ပုလဲဝင်း မှာ ရုတ်တရက် သူ့အထုပ်လေးကို ပစ်ချလိုက်ပြီး ပြန်ပြေးလာသည်။

"မိဝါရေ ငါပြန်လာပြီ၊ မလိုက်တော့ဘူး၊ နင်တို့နဲ့နေမယ်"

ပုလဲဝင်းလေး ရှုးရှုးဝါဝါနှင့် အော်ပြောရင်း ဆက်၍ ပြေးလာသလို မိဝါဆိုသူလေးနှင့် ပုလဲဝင်းလေးတို့ တစ်ယောက်ကို တစ်ယောက် ဖက်မိကြပြီ. . .။

မြဇင်ယော်တို့အနားရှိ ကလေးများငိုသံတွေ တစ်ပြိုင်တည်း ကြားလိုက်ရသည်။ ပုလဲဝင်းလေးကို ကိုဒိုးမောင်ထံ အပ်လိုက်သည် မှစ၍ ပုလဲဝင်းနှင့်မိဝါလေးတို့ တစ်ဦးနှင့်တစ်ဦး ဖက်၍ငိုနေကြသည့် မြင်ကွင်းကို အစအဆုံးမြင်နေရသည့် လူအားလုံးထဲတွင် မိန်းကလေးများကား တရှုံ့ရှုံ့ငိုနေကြသလို လူကြီးပိုင်းများကား ခေါင်းတခါခါ သက်ပြင်းတချချ ဖြစ်နေကြသည်။

မျက်လုံးအိမ်မှ အလိုလိုစီးကျလာသည့် မျက်ရည်များနှင့် နဖူးမှ ရောနှောကျလာသည့် ချွေးများကို လက်ဝါးဖြင့် အခါခါ သုတ်နေသည့် ရွှေဂေါ်အနားသို့ ဦးဒိုးမောင်မှာ ပုလဲဝင်းလေး ချထားခဲ့သည့် အထုပ်လေးကို ကိုင်ထားရင်း ရောက်လာသည်။ ဦးဒိုးမောင်နှင့်ရွှေဂေါ် မျက်နှာချင်းဆိုင်မိချိန်တွင် ဦးဒိုးမောင်၏ မျက်နှာအမူအရာသည် လတ်တလော ဖြစ်ပေါ်လာသည့် အခြေအနေကို ဝေခွဲဆုံးဖြတ်ရန် ခက်နေသည့်စိတ်ခံစားမှုကို အထင်းသား တွေ့နေရသည်။ အနီးတွင်ရှိနေသော လူများနှင့် ခပ်လှမ်းလှမ်းမှ ကြည့်နေသောလူများလည်း ငြိမ်သက်လျက်. . .။

ကျန်သည့် ကလေး ၁၀ ယောက်ကတော့ ပုလဲဝင်းလေး အနားတွင်ငိုင်နေပြီး ရှိုက်သံငိုသံတွေ ထွက်နေသည်။ ရွှေဂေါ် သက်ပြင်းတစ်ချက်ချလိုက်ရင်း ဦးဒိုးမောင်လက်ထဲမှ ပုလဲဝင်းလေး အထုပ်ကို လက်လွှဲယူလိုက်သည်။

"ဘကြီး၊ ပုလဲဝင်းလေးကို ထားခဲ့တော့ဗျာ၊ အခု အခြေအနေ မြင်ရတော့ ကျွန်တော် ခွင့်မပြုနိုင်တော့ဘူးဗျာ၊ သူတို့လေးတွေကို ကျွန်တော်တို့ ဖြစ်အောင်မွေးမယ်၊ ကျွေးမယ်" ဟု ပြောလိုက်သလို မြဇင်ယော်က ကြားဝင်၍ သူတို့အခက်အခဲကို သူ့ဘကြီး ဖြစ်သူအား

သူမိခင်နှင့်ဒေါ်လေး၏ စကားများနှင့် သဘောထားကို အကျဉ်းချုံး ပြောပြလိုက်သည်။

“အဲဒီ အခြေအနေတွေကြောင့် အမျိုးသမီးတွေဘက်က ဦးဆောင်ဦးရွက်ပြုမယ့် မြဇင်ယော်နဲ့ အမျိုးသားတွေဘက်က ဦးဆောင်စည်းရုံးမယ့် ရွှေဒဂါးတို့နှစ်ယောက် တိုင်တိုင်ပင်ပင်နဲ့ ဆောင်ရွက်ဖို့ ခက်နေတာတစ်ကြောင်း၊ ရည်ရွယ်ချက်အောင်မြင်ဖို့ ဘာကိုမှထည့်မတွက်ဘဲ လုပ်ပြန်ရင်လည်း မြဇင်ယော်က အခက်တွေ့ ရမယ့်ကိန်း ဆိုက်နေတာကြောင့် ကလေးတွေကို တာဝန်ယူဖို့အရေး နှောင့်နှေးကြန့်ကြာတာပါ ဘကြီး။ အဲဒါ ဘကြီး ကြားဝင်ကူညီနိုင် ရင်တော့ အဆင်ပြေနိုင်မှာပေါ့ရှင်”ဟု နီနီဝင်းက ပွင့်ပွင့်လင်းလင်း ဖြင့် ပြောပြလိုက်ရာ ဦးဒိုးမောင် မျက်မှောင်တစ်ချက်ကြုတ် ကြည့်လိုက်ရင်း စဉ်းစားနေသည်။

“ဘကြီး သဘောပေါက်တယ်၊ ဒီအတွက်နဲ့တော့ မင်းတို့ ရည်ရွယ်ချက် မပျက်စေရဘူး၊ ဘကြီး တာဝန်ယူတယ်၊ ဒီမှာ ငါ့တူမ မြဇင်ယော် မင်းတို့ ယောဒီကလေးတွေအတွက် စောင့်ရှောက်မယ့် လုပ်ငန်းပဲ ပြောပြော၊ မိဘမဲ့ကလေးများ ဂေဟာပဲ ဆောက်ဆောက် ဘာအနှောင့်အယှက်မှ မဖြစ်စေရဘူး၊ ဘကြီး ငွေရေးကြေးရေးအစ တာဝန်ယူတယ်၊ ပုလဲဝင်းလေးတစ်ယောက် ဘကြီးမွေးစားရင် သမီးတစ်ယောက်ပဲဖြစ်မယ်၊ အခု မင်းတို့အလုပ်မှာ ဘကြီးလည်း ပါလိုက်ရင် ဘကြီး ဒိုးမောင်မှာ သားသမီး ၁၀ ယောက် တရင်း ဝင်သွားပြီကွ၊ တိုးသွားပြီ၊ ဝမ်းသာတယ်ဟေ့”ဟု အားပါးတရ ပြောလိုက်လျှင် အားလုံးက ပီတိတွေ ကူးသွားသဖြင့် မျက်နှာတွေ ပြုံးလို့ရွှင်လို့. . .။

"ကဲ သားတို့၊ သမီးတို့ ဘကြီးပြောတာ ကြားရပြီမို့လား၊ ကိုယ့်ရေမြေ ကိုယ့်ဒေသ၊ ကိုယ့်အသိုင်းအဝိုင်း၊ ဟောဒီ ဒေသမှာ ပေါက်ဖွားတဲ့သူ ဇာတိကိုခင်တွယ်တဲ့ မင်းတို့အားလုံး ဒုတိယအကြိမ် ဥကွဲလို့ အသိုက်ပျက်တဲ့ဘဝကို ဘယ်တော့မှ ပြန်မကြုံစေရဘူး၊ ဥမကွဲ၊ သိုက်မပျက် နေကိုနေရမယ်လို့ ဦးဦးတို့၊ ဟောဒီက ဒေါ်ဒေါ်တို့ အန်တီတို့က တာဝန်ယူတယ် ဟေ့၊ မင်းတို့အားလုံး မကွဲကွာစေရဘူး၊ မှတ်ထားကြတော့"

"ဟေး- ဟေး တို့ မခွဲရတော့ဘူးဟေ့"

ရွှေဂါး၏စကားကြောင့် ကလေးများ ဝမ်းသာအားရရွှာ ပျော်ရွှင်ကြသလို ကြားရသူအပေါင်းလည်း ကြက်သီးဖြန်းဖြန်းထမျှ ဝမ်းသာသွားကြသည်။ ရွှေဂါး စကားအဆုံး ပုလဲဝင်းလေးနှင့် မဝါလေးကို တစ်ဖက်စီဖက်ရင်းနှင့် ပြုံးပြီးပြုံးတွေကြည့်နေမိသည်။ သူတို့ မျက်ဝန်းများထဲတွင် သံယောဇဉ်တွေက ဖော်ပြနိုင်စွမ်းပင် မရှိတော့။ ထို့အတူ မြစင်ယော်၏မျက်လုံးများမှာ မျက်ရည်များ စွန်းထင်းခဲ့ပေမယ့်လည်း ရွှန်းလဲ့တောက်ပပြီး ပီတိအဟုန် လွှမ်းခြုံလျက်. . .။

○○○

## အခန်း-၃၇

နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့တွင် ကျင်းပမြဲဖြစ်သော ရွှေကျွန်းသာ ကထိန်ပွဲကား နှစ်စဉ်မပျက် ကျင်းပနိုင်ခဲ့ပြီ။ ကျွန်းသာ၊ ကုန်းသာ၊ ကမ်းသာ ရွာသုံးရွာတွင် ကမ်းသာရွာကား အနိမ့်ဆုံးအပိုင်းမို့ ကုန်းမြင့်သည့် ကုန်းသာရွာ အထက်သို့ အားလုံး ပြောင်းရွှေ့ပြီးလည်း ဖြစ်ခဲ့ပြီ။ ကျွန်းသာတွင်တော့ အိမ်တော်တော်များများ ကျန်သေးသည်။ ကုန်းသာကျောင်းဆရာတော်ကြီး၏ ဩဝါဒနှင့်အတူ အားလုံးသော တာဝန်ရှိသူများ၏ အကြံညာဏ် ပံ့ပိုးမှုတို့နှင့်အတူ ကျွန်းသာ၊ ကုန်းသာ၊ ကမ်းသာ ရွာသုံးရွာအား တစ်ကျွန်းလုံး အမြင့်ဆုံးအပိုင်းဖြစ်သည့် ကုန်းသာရွာဟောင်း ကုန်းအနီးတွင် ကျွန်းသာ အုပ်စုနာမည်နှင့် အမည်တစ်ခုတည်းယူကာ ရွှေကျွန်းသာ ရွာသစ် ကမွည်းယူ၍ အိမ်သစ်၊ ရွာသစ် ပေါ်လာခဲ့ပြီ။ မိုးကုန်၍ မြေခင်းလက်ခင်းသာလျှင် ရွာဟောင်းများတွင်ရှိသော အိမ်အားလုံး ရွှေကျွန်းသာရွာသစ်တွင် တစ်ပေါင်းတည်း ပြောင်းရွှေ့နေထိုင်ကြရန် စီစဉ်ပြီးခဲ့လေပြီ။ ရွှေကျွန်းသာ ရွာသစ်တွင်တော့ အိမ်ရာမဲ့များအတွက် နိုင်ငံတော်

နှင့် စေတနာရှင်များလှူဒါန်းသည့် တစ်ပုံစံတည်း အိမ်သစ်များက စနစ်တကျ အစီအရီ မြင်တွေ့နေရပေပြီ။

ထို့အတူ စနစ်တကျဖြစ်ပေါ်လာသည့် ရွာလမ်း၊ ဆေးပေးခန်း၊ ရွာမူလတန်းကျောင်း၊ သောက်သုံးရေကန်၊ အဝေးအနီးပြော တယ်လီဖုန်းဆက်သွယ်မှု၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ ပြီဖြစ်သည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး လုပ်ငန်းများတွင် စပါးစိုက်ပျိုးရေးမှာ စပါးနှံများ ကွင်းလုံးပြည့် အကွက်များ စင်နေကြပြီ။ ရွှေရောင်ဝင်းခဲ့ပြီး တန်ဆောင်မုန်းလကုန် နတ်တော်လဆန်းတွင် ရိတ်သိမ်းနိုင်တော့ မည်။ စပါးအပြီး ဆောင်းသီးနှံ စိုက်ရန်လည်း မျိုးစေ့များက အဆင်သင့်ဖြစ်ပြီး ရေလုပ်ငန်းများတွင်တော့ နိုင်ငံတော်မှ စီစဉ် ပေးသည့် လှေကြီး လှေထောင် ပဲ့ထောင်များ၊ ဗိုက်များဖြင့် ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ အချိန်ရနေလေပြီ။

ထို့အတူ ဆားချက်လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုတွေနှင့် အတူ လယ်ထွန်စက်ငယ်များ၊ ရေတင်စက်များက အရန်သင့်။ ကျွန်းသာ ရွာသူရွာသားများကား မိမိတို့လုပ်ငန်းများတွင် အားတက် သရော ဆောင်ရွက်နေကြသလို ကျေးရွာအုပ်စု တာဝန်ကို ယူထား ကြသည့် ရွှေဂါးနှင့် ဆင်ပေါက်တို့အဖွဲ့မှာလည်း မိမိတို့ကျေးရွာ၊ မိမိတို့ ဦးဆောင်မှုဖြင့် နေ့ချင်းညချင်း တိုးတက်လာသည့်အပေါ် ကျေနပ်အားရနေကြသည်။ ထို့အတူ မိမိတို့တတ်နိုင်သလောက် နေ့မအားဆိုသလို အားတက်သရော ဆောင်ရွက်နေကြသည်။ ထို့အတူ ဆရာကြီး ဦးမြင့်ရွှေ၏ ကြီးကြပ်မှု ဦးဒိုးမောင်၏ အစွမ်းကုန် ပံ့ပိုးမှုနှင့်အတူ ပုလဲဝင်းလေးလို ဘဝတူကလေး ၁၁ ဦးဘဝကို

မြုစုပျိုးထောင်ပေးနေသည့် ဂေဟာလေးလည်း အကောင်အထည် ပေါ်ခဲ့ပြီ။

ဇော်ခင်၊ မြင့်ဆယ်နှင့် နီနီဝင်းတို့က အနီးကပ်တာဝန် ယူထားသည့် ဤဂေဟာလေး၏ စားဖိုမှူးတာဝန်ကို ကမ်းသာက မိစွန်းနှင့် ငွေငွေတို့က တာဝန်ယူထားကြသည်။ အောင်ထွန်းက ဂေဟာ၏ ထောက်တိုမည်ရ တာဝန်ယူထားသည်မို့ ထောင့်စေ့ လို့နေသည်။ ရွှေခါးနှင့်ဆင်ပေါက်မှာ တစ်အုပ်စုလုံးတွင် တာဝန် ရှိသူများပီပီ ဂေဟာလေးသို့ တစ်နေ့တစ်ခေါက် မှန်မှန်ရောက် သည်။ ထို့အတူ ဆားခါးနှင့် ကိုကျင်မောင်တို့က ရေလုပ်ငန်းတွင် အားထားရသည့် ခဲဘော်ခဲဘက်များပင် ဖြစ်သည်။ မြည့်မြိုးမောင် နေရာတွင် ဘေးချမ်းဦးက တာဝန်ယူပြီး လူမှုရေးအသင်းအဖွဲ့ လုပ်ငန်းများ အရှိန်မပျက်စေရ။ ထို့ကြောင့်ပင်လျှင် သူတို့ ကျွန်းသာအုပ်စုတွင်ရှိ ကျေးရွာသူ၊ ကျေးရွာသားများမှာ သူတို့ လူငယ်လူရွယ်များ၏ ကျေးရွာအပေါ် လုပ်ဆောင်ချက်တွေကို အားလုံးက သာဓုခေါ်နေကြပြီ၊ ဆရာကြီးဦးမြင့်ရွှေကတော့ သူ့ တပည့်များ၏ ကောင်းသတင်းကြောင့် နေရာတကာ တပြုံးပြုံးဖြင့် အကြံကောင်း၊ ဉာဏ်ကောင်းများပေးလျက်၊ အထူးသဖြင့် အပြောင်းအလဲကြီး ပြောင်းလဲလာပြီး ရွာအတွက် အားထားရသည့် ရွှေခါးကို လူတိုင်းက အံ့ဩချီးမွမ်းနေကြသလို ကလေးသူငယ် တွေကအစ ခင်တွယ်နေကြလေပြီ။

"ဟေ့ကောင် ရွှေခါး၊ လူတိုင်းကတော့ မင်းကို လေးစား ယုံကြည်ပြီး ချစ်ခင်ကြတာ အမှန်ပဲကွ၊ ဒါပေမဲ့ မြင့်ဆယ် အမေ ဒေါ်မြညကြီး မြင်နေတဲ့သတင်းကတော့ မင်းအတွက် တော်တော် ဆိုးနေတယ်ကွ"

ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သည့် ဆားခါး၏စကားကြောင့် ရွှေဒဂါး ခပ်တွေတွေဖြစ်သွားသည်။

"ဘာများလဲ ဆားခါးရ၊ အဒေါ်မြဉ ဘာတွေများ သတင်းလွှင့်နေတာလဲ၊ ငါ့အတွက် ဘာဖြစ်လို့ ဆိုးနေရတာလဲ။ ကဲ ကန်သင်းပေါ်မှာ ခဏနားရင်း ပြောကြရအောင်"

ရွှေဒဂါးတို့တစ်ဖွဲ့လုံး ဦးဆောင်စိုက်ပျိုးထားသည့် စပါးခင်းကြီးကို အဖွဲ့လိုက် တာဝန်ယူခွဲဝေစိုက်သိမ်းရန်နှင့် ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် စရိယာအကွက်များ ကြိုတင်သတ်မှတ်နေကြစဉ် ဆားခါးကပြောလိုက်သည့်စကားကြောင့် သူတို့တစ်ဖွဲ့လုံး စိတ်ဝင်စားသွားကြသည်။

"ဒီလိုကွ၊ ငါက ကမ်းနားငါးဒိုင်နဲ့ ခန်ရှုံတွေနဲ့ ပိုပြီးနီးကပ်နေတော့ တချို့အမျိုးသမီးတွေ ပြောနေတဲ့စကား ကြားနေရတာပေါ့ကွာ၊ အမျိုးသမီးတွေများတော့ သတင်းစကား၊ အတင်းစကားစုံတာ ဓမ္မတာကိုးကွ၊ အဲဒီတော့ မြစင်ယော်တို့အမေ ဒေါ်မြဉကိုမင်းဝင်ကယ်တဲ့အချိန်က ဒေါ်မြဉကြီးက သတိလစ်နေတာတဲ့၊ အဲဒီအချိန်မှာ သူ့လည်ပင်းက နှစ်ကျပ်သားဆွဲကြိုးကြီး ပျောက်သွားတယ်လို့ ပြောနေကြတယ်"

"ဟာ"

ရွှေဒဂါးနှင့် ကြားရသူအားလုံးက ဟာခနဲ ဖြစ်သွားကြသည်။ ရွှေဒဂါး ခေါင်းတွင်တွင်ခါလိုက်နေမိသည်။

"အဲဒီအချိန်က သူ့လည်ပင်းမှာ ဆွဲကြိုးရှိသလား၊ မရှိလား ငါမသိဘူး၊ ကြည့်လည်း မကြည့်ပါဘူးကွာ၊ အဲဒီအချိန်မှာ လူတစ်ယောက် သစ်တွေညပ်နေလို့ တည်းညည်းဖြစ်နေတာ တွေ့ရတော့ ငါဝင်ကယ်တာပဲသိတယ်၊ နောက်မှ ဒေါ်မြဉ ဖြစ်နေတာ

သိရတာ၊ အဲဒီတုန်းက ငါ့မှာလည်း ဒက်ရာဒဏ်ချက်နဲ့ သေလု မြောပါးဖြစ်နေတဲ့ အချိန်ပါ၊ တောက်. . .၊ စေတနာက ဝေဒနာ ဖြစ်ရတယ်လို့ကွာ" ဟု စိတ်မကောင်းစွာဖြင့် ပြောလိုက်ရာ သူတို့ အုပ်စုထဲတွင်ပါလာသော ဦးလှထွန်းက -

"ဟာ ဒါတော့ မတရားပြောတာပဲကွ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အဲဒီနေ့က ရွှေဂါး ဒယိမ်းဒယိုင်ဖြစ်နေလို့ ငါတို့တောင် ဆရာတော်ကျောင်းကို တွဲခေါ်ခဲ့တာ၊ အေးပေါ့ကွာ၊ သူတို့က ဖလာကြားရဲ့သားဆိုတော့ ဘယ်အကောင်း ပြောချင်ပါ့မလဲ" ဟု ပြောလိုက်လျှင် ဆားခါးက -

"ဟင်၊ ဘကြီးပြောသလိုဆို ရွှေဂါးအဖေနဲ့ ဒေါ်မြဉကြီးတို့က ကမ္ဘာ့ရန်လား၊ ဘာကိစ္စရှိလို့လဲ၊ စီးပွားပြိုင်ဘက်တော့ မဖြစ်နိုင်ပါဘူး" ဟု သူ့ထင်မြင်ချက်ကို မေးလည်းမေး ပြောလည်းပြောလိုက်လျှင် ဦးလှထွန်းက ဆားခါးကို တစ်ချက်ကြည့်လိုက်ရင်း -

"အေးကွာ၊ ငါကတော့ အရာရာပါလွန်းလို့ ရာပါလှထွန်းလို့တောင် ခေါ်နေကြတော့ မထူးတော့ပါဘူး ပြောရတော့မှာပေါ့ ဒီလိုလေကွာ၊ ငါနဲ့ဖလာကြားတို့ ဆင်ပေါက်အဖေ ဘေးကြောင်တို့က ငယ်ပေါင်းတွေကွ၊ အလျှူမင်္ဂလာ၊ သာရေး နာရေးမှန်သမျှ ဟိုတုန်းကဆိုရင် ငါက ထမင်းပေါင်း၊ ဒီကောင်တွေက ဟင်းအတွက် ဝက်တို့ ကြက်တို့ဆို သူတို့တာဝန်ယူတာပေါ့၊ ဒါနဲ့ အတွဲညီကြတယ်လေ၊ အဲဒီတော့ တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိ အဆင်းသိပေါ့၊ နောက်ဆုံးကွာ အဲဒီ မမြဉနဲ့ ဖလာကြားက ချစ်သူတွေ ဖြစ်သွားကြရော" ဟု လိုရင်းကို ပြောလိုက်ပြီး သူ့ပါးစပ်မှာ ငုံထားသည့်ကွမ်းကို ဘယ်ညာပြောင်းလိုက်သည်။ ကွမ်းတံတွေးကိုလည်း ပစ်ခနဲ ထွေးထုတ်လိုက်သည်။

"အဲဒါနဲ့ ဘယ်လိုဖြစ်တာလဲ ဦးလေးရ"

"ပြောမှာပေါ့ ဆားခါးရာ၊ မင်းကလည်း လောနေပြန်ပါပြီ၊ ဒီလိုကွ၊ မင်းတို့သိတဲ့အတိုင်း မမြဥတို့ မိဘဆွေစဉ်မျိုးဆက်တွေက တို့ကျွန်းသုံးရွာအနေနဲ့တော့ ရေလုပ်ငန်းရှင်တွေ၊ လယ်ပိုင်တွေ၊ အရောင်းအဝယ်သမားတွေဆိုတော့ တောသူဌေးတွေပေါ့ကွာ၊ ဟောဒီ- ရွှေဒင်္ဂါးတို့မင်းတို့က မုန့်တိုင်းမတိုက်ခင်ကနေခဲ့ကြသလို ဗလာကြားတို့ကလည်း ခပ်ဆိုးဆိုးနေတော့" ဟု စကားဖြတ်လိုက်ရာ ဆင်ပေါက်က -

"ဟော ပြောပြန်ပြီ ရွှေဒင်္ဂါးရေ တို့ဘက်လှည့်လာပြန်ပြီ" ဟု ပြောလိုက်ရာ ရွှေဒင်္ဂါးလည်း ခပ်ပြုံးပြုံးဖြစ်သွားသည်။

"ကဲ ဦးလေးလှထွန်းပြောတာ စိတ်ဝင်စားစရာပဲ၊ ကျွန်တော် အဲဒီအထိ မသိဘူး၊ အဖေကလည်း တစ်ခါမှ မပြောဘူးဗျ" ဟု ပြောရင်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

"အေး. .၊ ဇာတ်လမ်းဆက်ရရင်တော့ အမိကတရားခံက အဲဒီ ခပ်ဆိုးဆိုးဆိုတဲ့ စရိုက်ပဲကွ၊ အဲဒါကြောင့် မမြဥရဲ့ ဆွေမျိုး အသိုင်းအဝိုင်းတွေက ဗလာကြားနဲ့ ဘယ်လိုမှသဘောမတူနိုင်၊ သူတို့ နှစ်ယောက်ကလည်း အချစ်ကြီးကြတော့ အကဲခတ်မိတဲ့ ဒေါ်မြဥ မိဘတွေက အခု မြစဝ်ယော်အနေနဲ့ ပေးစားဖို့ အတင်း စီစဉ်နေတဲ့အချိန်၊ မမြဥက ခိုးရာလိုက်မယ်လို့ ဆုံးဖြတ်ပြီး လူကြီး တွေအလစ်မှာ အိမ်ကတစ်ပါတည်း ဆင်းလာခဲ့ရော"

"ဟာ ဒါဆိုရင် ဦးလေးဗလာကြားနဲ့ ဒေါ်မြဥက လင်မယားပေါ့"

"နေစမ်းပါဦး အောင်ထွန်းရာ မင်းကလည်း တစ်မှောင့်၊ မြန်မြန်ပြောပါတော့ကွ၊ အလုပ်က တစ်ဖက်ရှိသေးတယ်၊ ဝင်ထောက် မနေနဲ့" ဆင်ပေါက်က ဟန့်လိုက်သည်။

"ဒါနဲ့ကွာ၊ တိုတိုပြောရရင် အဲဒီညနေထဲက ဟိုဘက်ကမ်းက တောင်ညိုမှာ ဗလာကြားတို့က ဟင်းပေါ်ပြီး မူးပြီးအိပ်နေတာ၊ နိုးလို့ကို မရတော့ဘူး၊ များသွားတာပေါ့ကွာ၊ အဲဒီမှာတင် မဖြူ ကလည်း လျှော့ကြိုနဲ့ကူးလာ၊ ဒီရောက်တော့ သူ အားကိုးရမယ့် သူက မထနိုင်၊ ဘေးကြောင်ကလည်း ယိုင်ထိုးယိုင်ထိုး ဖြစ်နေပြီ ဒါကလည်း ထမင်းပေါင်း တန်းလန်းကြီးဆိုတော့ အခက်ကြုံ နေတုန်း မဖြူ အမျိုးတွေ လိုက်လာပြီး တွေ့သွားတော့ ချက်ချင်း ပြန်ခေါ်၊ သူတို့ဇာတ်လမ်း တစ်ခန်းရပ်သွားတာပေါ့ကွာ"

"ဪ ဒီလိုကိုး"

နားထောင်နေသူအားလုံး တအံ့တသြ ဖြစ်သွားကြသည်၊ ဦးအောင်ထွန်းက ဆက်၍ -

"ဇာတ်လမ်းက ရပ်သွားခဲ့ပေမယ့် မဖြူတစ်ယောက် ဗလာကြားအပေါ် စိတ်အနာကြီးနာသွားခဲ့သလို အရက်သမားဆို မုန်းတဲ့စိတ်ဖြစ်နေတဲ့အပြင် ဟောဒီက ဗလာကြားသား ရွှေဂါးကို သွားပုပ်လေလွင့်ပြောတာ မဆန်းဘူးလေ၊ သူ့မှာ ရည်မှန်းချက်က ရှိနေတာကိုးကွ" ဟု ပြောလိုက်လျှင် အောင်ထွန်းက -

"ဘာရည်ရွယ်ချက်လဲ ဘကြီးရ ဒေါ်မြူက ရွှေဂါး အဖေ ဦးဗလာကြားကို မုန်းပေမယ့် ရွှေဂါးကတော့ မြဇင်ယော်ကို မမုန်းပေါင်နော် ရွှေဂါး" ဟု ပြောလိုက်လျှင် ရွှေဂါးက -

"ဒီကောင် နေစမ်းကွာ၊ လူကြီး အကောင်းပြောနေတာကို"

"ဟုတ်တယ် ဦးလေးရ၊ တစ်ခါတုန်းကလည်း ဒေါ်မြူက မြဇင်ယော်ကို ကျွန်တော် နှောင့်ယှက်တယ်ဆိုပြီး အဖေ့ကို ရန်လာ တွေ့တဲ့အချိန်တုန်းက အဖေပြောဖူးတယ်၊ ဘယ်ကိစ္စဖြစ်ဖြစ် သူတို့ နဲ့ မပတ်သက်ပါနဲ့လို့ ပြောဖူးတယ်၊ အဲဒီအချိန်မှာ ကျွန်တော်

အဖေ့ကို ပြောမိတယ်၊ ရိုးရိုးပြောရရင် အဲဒီဒေါ်မြဥရဲ့သမီး မြဇင်ယော် မျက်နှာလေးကို မြင်ရရင် ချစ်တယ် အမေရယ်လို့ ပြောမိတော့ အမေ စားတော့မယ့် ထမင်းလုတ်တောင် ပါးစပ်ထဲ ဆက်မသွင်းနိုင်တော့ဘဲ မျက်နှာတစ်မျိုး ပြောင်းသွားတာကိုး" ဟု ပြောလိုက်သလို စပါးခင်းများကို ရှစ်တောင်အရှည်ဝါးလုံးဖြင့် စနိုးယာတိုင်းရန်အတွက် ပါလာသူ ကိုဒုံးပျံကြီးက -

"ပြော် အခုမှ သဘောပေါက်တော့တယ်၊ ဟောဒီက ရွှေဂါး ကို သူတို့နောက်ကြောင်းကြောင့် သူ့သမီးနဲ့ မဆက်ဆံစေချင်တာ တင် မဟုတ်ဘူးဗျ၊ အခု ကျွန်တော်တို့ရွာကို ဆေးခန်းလာဖွင့်တဲ့ ဆရာဝန်လေးနဲ့ သူတို့သမီးကို နီးစပ်စေချင်တာ၊ အင်း အခုလို ရွှေဂါးနဲ့မြဇင်ယော်တို့ အလုပ်တွေ တွဲလုပ်နေကြတော့ ရိုးရိုမ် မှာပေါ့၊ အဲဒါကြောင့်လည်း မဟုတ်မဟပ် လုပ်ကြံသတင်းနဲ့ ရွှေဂါး ကို သိက္ခာကျအောင် လုပ်တာပေါ့၊ သူ့သမီးက အထင်သေးအောင် လုပ်တာ ဖြစ်မယ်ဗျ၊ ကိုရာပါရဲ့၊ အဲဒါမသိဘူးလား၊ ခင်ဗျားပဲ ဆရာဝန်လေးကို ထမင်းဟင်းချက်ကျွေးနေတာပဲဗျ" ဟု ပြောလိုက် လျှင် ဦးလှထွန်းက -

"ဟာ မင်းပြောတာ ဟုတ်နိုင်တယ် ဒုံးကြီးရဲ့၊ ဆရာဝန်လေး များဆိုရင် အဲဒီ မမြဥတို့ မြေယုတို့ ညီအစ်မ သိပ်အရေးပေးတာ၊ ဖြစ်နိုင်တာကတော့ မြေယုက မြို့မှာကတည်းက ဆရာဝန်လေးနဲ့ ရင်းနှီးပြီးသားဆိုတော့ သူ့ အောင်သွယ်ဖြစ်နိုင်တယ်၊ မပူပါနဲ့ ရွှေဂါးရာ၊ မင်းဘက်မှာ ကိုဒိုးမောင် တစ်ယောက်လုံး ရှိပါတယ် ကွာ" ဟု ပြောလိုက်လျှင် ရွှေဂါးလည်း မတ်တတ်ရပ်လိုက်ရင်း -

"ကဲ အဲဒါတွေ အသာထားဗျာ၊ အရေးမကြီးပါဘူးဗျာ၊ ကိုယ်ရေးကိုယ်တာကိစ္စဆိုတာ ကျွန်တော့်ဘဝမှာ ဒုတိယပဲ၊ ပထမ

ဦးစားပေးရမှာက ပေဘာဒီ အများအတွက်ပဲ၊ အခု ဆွဲကြိုးပျောက်တဲ့ ကိစ္စ ကျွန်တော့်အပေါ် အများက ထင်ယောင်ထင်မှားဖြစ်အောင် ပြောတဲ့ကိစ္စပဲ၊ ကျွန်တော်နဲ့အဖေ နှစ်ယောက်တည်းအချိန်က ဘာဝမ်းဆိုရင် မှုပါဘူးဗျာ၊ အခုဟာ ကျွန်တော်က တစ်ရွာလုံးနဲ့ ဆိုင်နေတဲ့ လူတစ်ယောက်ဆိုတော့ ဟာဗျာ ဘာပြောရမလဲ၊ ရှက်ဖို့လည်းကောင်းသလို စိတ်လည်းမကောင်းဘူးဗျာ"

ရွှေဒင်္ဂါးစကားကြောင့် အားလုံးက စိတ်မကောင်းကြ၊ ဆင်ပေါက်က -

"အေးကွာ၊ ဒီအပေါ်ကြီးလုပ်ပုံနဲ့ဆို သရေရှက်၊ အရှက်ရနဲ့ကွာ၊ ဒီကိစ္စ ငါစုံစမ်းကြည့်မယ် ဆားခါး၊ မင်းပြောတာ မှန်တယ်နော်"

ဆားခါး ပါးစပ်မှမပြော၊ ခေါင်းညိတ်ပြလိုက်သည်။

"ကဲပါကွာ၊ အဲဒါတွေ တစ်ကန့်ထားကြ၊ လာ လုပ်စရာရှိတာ ဆက်လုပ်ကြဦးစို့"

ရွှေဒင်္ဂါးမှာ ဆင်ပေါက်တို့၊ ဆားခါးတို့ပြောတာကို ရပ်ပြီး နားမထောင်တော့၊ ကိုဘိုးပျံနှင့်အတူ ကန်သင်းတွေ၊ လုပ်ကွက်တွေ တိုင်းတာ နေလေပြီ။ သူ့ရင်ထဲမှာတော့ မကျေနပ်ချက်အချို့က သောင်မတင်ရေမကျ ဖြစ်နေဆဲ. . .။

○○○

## အခန်း-၃၇

"ကျွန်တော် အားလုံးကြားပြီးပါပြီ ကိုဇော်ခင်၊ အင်း အဲဒီတော့ ကိုဇော်ခင်ရော၊ ဟောဒီက ကိုပြည့်ဖြိုးမောင်ကိုရော လူရှင်းတွေလို တိုင်ပင်ချင်ပါတယ်၊ ကိုဇော်ခင်ဆိုတာက ကျွန်တော် ဟောဒီ ကျွန်းသာကို စရောက်ကတည်းက ခင်ကြတာပါ၊ ကိုပြည့်ဖြိုးမောင် အကြောင်းကိုတော့ အားလုံးပြောပြလို့ သိခဲ့ရပါတယ်၊ အခုလို ကိုယ့် အရပ်ဒေသထက် အနေတကြီးလိုအပ်နေတဲ့ ကျေးရွာတွေမှာ အဖွဲ့ နဲ့တာဝန်ကို ထမ်းဆောင်နေခဲ့တာဆိုတော့ ကျွန်းသာနဲ့ ကင်းကွာ နေပေမယ့် ကျန်ခဲ့တဲ့ ဟောဒီက ကိုဇော်ခင်တို့ အထူးသဖြင့် ကိုရွှေဂါးတို့၊ မြဇင်ယော်တို့ လူငယ်တစ်စုဟာ ကျွန်းသာကို တာဝန်ကျေပွန်စွာ ဆထက်ထမ်းပိုးတိုးပြီး အလုပ်အကျွေးပြုနေ ကြတာတွေ့ရတော့ အရမ်းလေးစားမိပါတယ်ခင်ဗျာ" ဟု ဒေါက်တာ မျိုးလွင်အောင်က ကျွန်းသာဈာပ်စုအခြေအနေနှင့် ရွှေဂါးနှင့် ဒေါ်မြဥတို့အခြေအနေတွေကိုပါ သုံးသပ်ပြနေသည်။ တခြား ကျေးရွာတွင် တာဝန်ရှိလူကြီးများ၏ တာဝန်ပေးသည်များကို အားတက်သရော တာဝန်ထမ်းဆောင်ပြီး ရွာသို့ပြန်ရောက်လာသော

ပြည်ဖြိုးမောင်နှင့် ဒေါက်တာ မျိုးလွင်အောင်တို့မှာ လူရင်းတွေပမာ ဖြစ်ခဲ့ပြီ၊ ခင်မင်နေကြပြီ။

"ကျွန်တော်လည်း ကြားသင်သလောက် ကြားခဲ့ပြီးပါပြီ ကိုမျိုးလွင်အောင်၊ ကျွန်တော် ဟောဒီ ကျွန်းသာအုပ်စု တစ်ခုလုံးက လူငယ်လူရွယ်တွေအားလုံးကို အခြေခံအားဖြင့် ကိုယ့်ကျေးရွာ၊ ကိုယ့်ဒေသကို ချစ်မြတ်နိုးတဲ့စိတ် ရှိစေချင်ပါတယ်။ အဲဒီစိတ်တွေ ကတစ်ဆင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်တွေ၊ ပညာရည်မြင့်မားပြီး ဗဟုသုတတွေ တိုးတက်စေချင်ပါတယ်၊ နောက်ပြီး နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်ကောင်းတွေအထိ ပေါ်ထွန်းစေချင်ပါတယ်။ ဒီရည်ရွယ်ချက်တွေကလည်း ကျွန်တော်တို့ လူမှုရေးအဖွဲ့တွေရဲ့ ရည်ရွယ်ချက်ပါပဲ၊

အဲဒီတော့ ကျွန်တော်တို့ကျွန်းသာမှာ ဘာသွားတွေ့ရသလဲဆိုတော့ လူငယ်လူရွယ်တော်တော်များများဟာ အဲဒီ စိတ်ဓာတ်တွေ အားနည်းနေတာ တွေ့ရပါတယ်၊ အထူးသဖြင့် အခုန ကျွန်တော်တို့ ပြောခဲ့တဲ့ ရွှေဂါးတို့အုပ်စုဆိုရင် ဒေါက်တာ ကြားမှာပေါ့၊ အရင်က တော်တော်ဆိုးကြတာ၊ အဲ သူတို့ကိုကြည့်ပြီး နောက်လူငယ်လေးတွေ အတုယူလာကြမှာ၊ နိုးနိုးပြောရရင် ရွာအကျင့်၊ ရပ်အကျင့် ဆိုသလို မိန္ဒီးဖလာသဘော ဖြစ်သွားမှာ စိုးရိမ်မိတယ်ဗျာ၊ အင်း ပြောရရင်တော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်နေပါပြီဗျာ၊ ရှေးအစဉ်အဆက်ကနေ မိုက်လုံးတွေ ကြီးခဲ့တာကိုးဗျ၊ ဒါပေမဲ့ ကျွန်တော် သိရသလောက်တော့ သူတို့လုပ်တဲ့ အလုပ်တွေထဲမှာ အများအကျိုးဆောင်တဲ့ ပရဟိတစိတ်ကြောင့် လုပ်နေကြတယ် ဆိုတာ သူတို့ကိုယ်သူတို့ သိပုံမပေါ်ပါဘူးဗျာ၊ မသိခဲ့ကြပေမယ့်လည်း

ကျွန်တော်က အဲဒီအချက်လေးကို မြင်တယ်ဗျာ" ဟု ပြောလိုက်ရာ ဒေါက်တာ မျိုးလွင်အောင်က ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"မှန်တာပေါ့ ကိုပြည့်ဖြိုးမောင်ရယ်၊ ဟိုတုန်းက သူတို့မိဘတွေရဲ့ အမိုက်မည်းတွေကြောင့် အခုလို ပြန်လည်တည်ဆောက်ရေးကာလမှာ အုတ်တစ်ချပ် သဲတစ်ပွင့်မက အရေးပါနေတဲ့ ကိုရွှေဝင်းတို့၊ မဖြူဇင်ယော်တို့ရဲ့လုပ်ဆောင်ချက်တွေလည်း အရှိန်အဟုန် မပျက်စေချင်ဘူးဗျာ၊ ဒီကိစ္စတွေဟာလည်း တစ်နည်းအားဖြင့်တော့ ကျွန်တော်နဲ့ ဆက်စပ်နေတယ်ဗျ" ဟု ပြောလိုက်လျှင် ဇော်ခင်က အံ့ဩသွားဟန်ဖြင့် -

"ဟာ ဟုတ်လား ဒေါက်တာ၊ ဒေါက်တာနဲ့ ဘယ်လိုဆက်စပ်တာလဲ ခင်ဗျာ" ဟု မေးလိုက်လျှင် -

"ဒီလိုဗျ၊ အဲဒါ ကျွန်တော့်ထင်မြင်ချက်ဆိုတော့ မှားချင်လည်း မှားမယ်၊ မှန်ချင်လည်း မှန်မယ်ပေါ့ဗျာ၊ အဖြစ်က ကျွန်တော့်မိဘတွေက ပုသိမ်မှာလာပြီး သူ့အဒေါ်နဲ့ ပွဲရုံလုပ်ငန်းတွေ လုပ်နေတဲ့ မဖြူဇင်ယော်ကို သဘောကျတယ်ဗျာ၊ အဲဒါ အန်တီဒေါ်မြယုက တစ်ဆင့် ပြောထားတော့ ဒေါ်မြဥလည်းသိနေတယ် ဆိုပါတော့၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ မဖြူဇင်ယော်ကို ချစ်လည်းမချစ်၊ မုန်းလည်း မမုန်းဘူးဆိုပါတော့ဗျာ၊ တကယ်လည်း ကျွန်တော့်အနေနဲ့ အိမ်ထောင်ပြုဖို့ မစဉ်းစားသေးတာ အမှန်ပဲ၊ ဒါပေမဲ့ လူကြီးမိဘတွေ သဘောထားကြောင့်သာ အလိုက်အထိုက် နေခဲ့တာတော့ မှန်ပါတယ်ဗျ"

အားလုံးက စိတ်ဝင်တစား နားထောင်နေသလို ဒေါက်တာ မျိုးလွင်အောင်က သူ့စကားကို ဆက်လိုက်သည်။

"ဟော၊ အခုလို အချိန်မျိုးမှာ ဟောဒီရွှေကျွန်းသာကို ဆေးခန်းဖွင့်ပြီး ကုသိုလ်ယူချင်တဲ့ဆန္ဒ ကျွန်တော်မှာလည်းရှိနေတာမို့ မိဘတွေက သဘောတူတာပေါ့ဗျာ၊ မဖြူစင်ယော်ရဲ့ရွာမို့လား အဲဒါကလည်း အန်တီမဖြူယုနဲ့ စကားစရှိတာလည်း ပါတာပေါ့၊ ဒါနဲ့ ဒီမှာ ဆေးခန်းဖွင့်တယ် ဆိုပါတော့ဗျာ"

ဒေါက်တာမျိုးလွင်အောင် စကားကို ရွှေဒါဂါးနှင့် ဇော်ခင်တို့က ခေါင်းညိတ်နားထောင်ရင်း ရှိသည်။ ဒေါက်တာမျိုးလွင်အောင်က ဆက်ပြောသည်။

"ဒါနဲ့ ဒီရောက်တော့ ဒေါ်မြညလည်း အန်တီမဖြူယုရဲ့ စကားအသွားအလာကြောင့် မဖြူစင်ယော်ကို ကမ်းလှမ်းတဲ့သူတွေဟာ ကျွန်တော့်ရဲ့မိဘတွေလို့ သိရပေမယ့် ကျွန်တော်နဲ့ မဖြူစင်ယော် အနေအထိုင်၊ အသွားအလာက သာမန်ထက်ပိုပြီး ထူးခြားမလာတာရယ်၊ ဒီဒေသရဲ့ လိုအပ်တဲ့အခြေအနေနဲ့ လုပ်ငန်းသဘောအရ ကိုရွှေဒါဂါးနဲ့ မဖြူစင်ယော်တို့ နီးနီးစပ်စပ် ဆက်ဆံနေတာ တွေ့ရကြားရတာ များလာတော့ ဒေါ်မြညတို့အနေနဲ့ တစ်မျိုးဖြစ်နေတယ်ဆိုတာ ကျွန်တော် ကြားသင့်သလောက် ကြားခဲ့ပြီးပါပြီဗျာ၊ အထူးသဖြင့် ကျွန်တော့်ဆီမှာ ထမင်းချက်၊ ဟင်းချက်နဲ့ အဝင်အထွက်ရှိတဲ့ ဟို ဦးလေး ရာပါလှထွန်းဆီကပေါ့၊ ဒါကြောင့် ကျွန်တော် အကောင်းဆုံးဖြစ်အောင် တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီဗျ" ဟု ပြောလိုက်လျှင် မြညိမြို့မောင်က -

"ဩော် ဒေါက်တာ၊ ဘယ်လို ဆုံးဖြတ်ထားပါသလဲ ခင်ဗျာ" ဟု မေးလိုက်လျှင် ဒေါက်တာမျိုးလွင်အောင်က မြညိမြို့မောင်ကို ကြည့်ရင်း ပြုံးသည်။

"ဒီမှာ ကိုပြည့်ဖြိုးမောင်၊ ခင်ဗျားမေးတဲ့မေးခွန်းကို မဖြေခင် ကျွန်တော် ခင်ဗျားကို တစ်ခုမေးမယ် ဖြေကြည့်ဗျာ"

"ဟုတ်ကဲ့"

"ဒီလိုဗျာ၊ ဒီကျွန်းသာအုပ်စုကနေ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ကိုရွှေဂါးတစ်ယောက် ထွက်သွားသင့်သလား၊ မသင့်ဘူးလား၊ အဲဒါ ဖြေကြည့်ခင်ဗျာ"

"ဟာ ဒါကတော့ဗျာ၊ ကျွန်တော့်မမေးနဲ့၊ ဘယ်ကလေး သူငယ်ပဲမေးမေး ရွှေဂါးဟာ အခုချိန်မျိုးမှာ ဒီရွာကနေ ထွက်သွားဖို့မပြောနဲ့၊ ကဲ-ကဲ ပြောရရင် တစ်နေ့မှတောင် မဖြစ်နိုင်ဘူးလို့ ဆိုချင်တယ်ဗျာ" ဟု ဒေါက်တာမျိုးလွင်အောင် အမေးကို ဇော်ခင်က ဝင်ပြောလိုက်သလို ပြည့်ဖြိုးမောင်က -

"ဟုတ်ပါတယ် ဒေါက်တာ၊ ဇော်ခင်ပြောတာ မှန်ပါတယ်၊ ခပ်ဆိုးဆိုး ခပ်မိုက်မိုက်ဖြစ်ခဲ့တဲ့ ကျွန်တော့်သူငယ်ချင်းတွေကို ဒီလို ဖြစ်လာအောင် ကျွန်တော့်အနေနဲ့ မုန်တိုင်းကာလကစပြီး ကိုကြီး ကိုဒိုးပုံရဲ့စည်းရုံးမှု၊ ရွာက ဦးပဉ္စင်းလေးရဲ့ ဆုံးမသွန်သင်မှု ဆရာကြီး ဦးမြင့်ရွှေရဲ့ လမ်းညွှန်မှုတို့နဲ့အတူ ဒုက္ခရောက်နေတဲ့ ရွာသူရွာသားတွေကို ကူညီရင်း ရွာစိတ်၊ ရပ်စိတ်ဘက် ယိမ်းလာတဲ့သူတို့ကို အမိအရဆုပ်ကိုင်ပြီး လမ်းကြောင်းကောင်းဘက် ရောက်အောင် တွန်းမှန်းမသိ တွန်းပို့ခဲ့တာပဲ ဆရာ"

"ဘယ်လို တွန်းပို့ခဲ့တာလဲ"

"ဒီလိုဗျ၊ အဲဒီအချိန်မှာ ကျွန်တော်ကလည်း ကိုယ့်ရပ်ရွာထက် အထူးအရေးကြီးတဲ့ နေရာဒေသတွေကို ပံ့ပိုးကူညီဖို့ အကြောင်း ကလည်းရှိလာ၊ နောက်ပြီး ကျွန်တော်နဲ့တူ လက်တွဲလုပ်ခဲ့တဲ့ လူတချို့ လူငယ်တချို့လည်း သေကြ၊ ဖြေကြနဲ့ အားလျော့သွားတဲ့အချိန်

ဆရာကြီးဦးမြင့်ရွှေတို့ ရပ်မိရပ်ဖတွေနဲ့ ကိုဒုံးပုံအားကိုးနဲ့ ဒီနေရာမျိုးတွေမှာ တာဝန်ယူလာနိုင်စေဖို့ တမင်ဖန်တီးယူလိုက်တာပဲဗျ"

"ဩော်- ဒီလိုလား ကိုပြည့်ဖြိုးမောင်၊ စိတ်ဝင်စားစရာပဲဗျာ၊ ဆက်ပါဦး"

"ဒီလိုဗျ၊ သူတို့လို ခပ်ဆိုးဆိုး အနေအထိုင်၊ အစားအသောက်၊ အပြောအဆိုရှိကြတဲ့ လူတစ်စု၊ အင်အားတစ်စုပဲ ပြောပါတော့ဗျာ၊ အဲဒီလူတစ်စုဟာ ကျွန်တော်တို့ အေးချမ်းဦးတို့နဲ့ အခြား လူကြီးလူငယ်တွေအပေါ်မှာ အကောင်းမမြင်ချင်ဘူး၊ အမြဲဆို အနှောက် လုပ်ချင်ကြတယ်၊ ကိုယ့်လေ့ကိုယ်ထိုး ပဲခူးရောက်ရောက် လုပ်ချင်ကြတယ်၊ ရှင်းရှင်းပြောရရင် အရွဲ့တိုက်ချင်ကြတယ်ပေါ့ဗျာ၊ အဲဒီလိုလူတစ်စုဟာလည်း တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ဆိုသလို စည်းလုံးညီညွတ်ကြသလားဆိုတော့လည်း မဟုတ်ပြန်ဘူး၊ ဒါပေမဲ့ ရန်ပွဲတို့ မဟုတ်တာ လုပ်တာတို့ကတော့ ပေါင်းမိရင် ပေါင်းမိပြန်ရော၊ အဲဒီ စိတ်ဓာတ်တွေကိုမြင်ဖို့ အမြဲတမ်း ခေါင်းထဲမှာ ရှိနေတဲ့အချိန် ဒိုင်းခနဲ မုန်တိုင်းတိုက်လိုက်တော့ စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အခုနပြောတဲ့လူတစ်စုဟာ ဒုက္ခရောက်နေတဲ့သူတွေကို ကယ်တင်ကြ၊ ပြဿနာတွေ ရှင်းပေးကြ ဖြစ်သွားကြတယ်လေ၊ အဲဒီအလုပ်မျိုးတွေ လုပ်မိတဲ့ သူတို့တစ်တွေကို မသိမသာ ရှေ့တန်းတင်ပေးလိုက်ပြီး တဖြည်းဖြည်း သူတို့တစ်တွေက လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လာတဲ့အချိန်လည်းရရော၊ ကျွန်တော့်အနေနဲ့ လူကြီးတွေနဲ့ တိုင်ပင်ပြီး ကိုဒုံးပုံကို အတွင်းလူထားပြီး ရွှေဂါးနဲ့ဆင်ပေါက်ကို ရွာရဲ့မျိုးဆက်သစ်ခေါင်းဆောင်တွေ မဖြစ်ဖြစ်အောင် လုပ်လိုက်တယ် ပြောပါတော့ဗျာ"

"ဟာ၊ ဒါ သိပ်မှန်တာပေါ့ဗျာ၊ ကိုပြည့်ဖြိုးမောင်တို့က သူတို့ကို အဲဒီလိုလုပ်ဖြစ်သွားအောင် ဖန်တီးလိုက်တယ်ပြောပြော၊ အများကို စည်းရုံးပြီး သူတို့ကို ခေါင်းဆောင်ပိုင်းတင်လိုက်တော့ သူတို့ရဲ့ အကောင်းဘက်ကို ပြောင်းလဲလာတဲ့ စိတ်ဓာတ်တွေဟာ အမြှန့်ရ သွားတာပေါ့ဗျာ" ဟု ဒေါက်တာ မျိုးလွင်အောင်က ပြောလိုက်သည်။ ဇော်ခင်က -

"အေးဗျာ၊ အဲဒီလို ကျွန်တော်တို့သူငယ်ချင်းတွေ ဒီလိုဖြစ် လာတာ ဝမ်းသာရပေမယ့် အခု အဓိကကျတဲ့ ရွှေဂါးအတွက် ဒေါ်မြဥတို့ နောက်ကွယ်ကနေ လွှင့်လိုက်တဲ့ သတင်းတစ်ခုကြောင့် စိတ်မကောင်း ဖြစ်မိတယ်ဗျာ" ဟု ပြောလိုက်လျှင် ဒေါက်တာ မျိုးလွင်အောင်က ဇော်ခင်ပခုံးကို ကိုင်လိုက်ရင်း -

"ဒီမှာ ကိုဇော်ခင်၊ အဲဒါ အဖြေပဲဗျ၊ ကိုရွှေဂါးအတွက် စိတ်မကောင်းဖြစ်ရတဲ့သတင်းဟာ ကျွန်တော် ဆုံးဖြတ်ချက်နဲ့ သက်ဆိုင်တယ်လို့ ကျွန်တော် ယူဆတယ်၊ အဲဒါ ဘာလဲဆိုတော့ ကျွန်တော် ကျွန်းသာကနေ အပြီးပြန်ဖို့ပဲ"

"ဟာ"

မမျှော်လင့်ဘဲပြောလိုက်သည့် ဒေါက်တာမျိုးလွင်အောင် စကားကြောင့် ပြည့်ဖြိုးမောင်နှင့် ဇော်ခင်တို့က -

"ဗျာ" ခနဲ ဖြစ်သွားသည်။ ပြည့်ဖြိုးမောင်က -

"ဟာ မဟုတ်တာ ဒေါက်တာရယ်၊ ဒီလိုလည်း မဟုတ်သေး ပါဘူး၊ အင်း ဒေါက်တာ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ ကျွန်တော်သိနေတော့ ဘာပြောရမှန်းတောင် မသိတော့ဘူးဗျာ"

"ဒီမှာ ကိုပြည့်ဖြိုးမောင် ဘာမှပြောစရာမလိုပါဘူးဗျာ၊ ကျွန်တော် ပြောပြမယ်၊ အခုအချိန်မှာ ဟောဒီ ရွှေကျွန်းသာမှာ

နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ ကျန်းမာရေးဆေးခန်းလည်း ဖွင့်ပြီးပြီနော်၊ အဲဒီလို အခြားတိုးတက်မှုတွေအဖြစ် တယ်လီဖုန်းတွေ၊ လမ်းတွေ၊ တံတားတွေ ဖောက်လုပ်နေကြပြီ၊ တည်ဆောက်နေကြပြီ၊ ပေါ မကြာခင်မှာ ဆိုင်ကလုန်းမုန်တိုင်းခံနိုင်မယ့် ဆိုင်ကလုံးရှယ်တာ (Cyclone Shelter) တွေ ဆောက်ကြတော့မယ်၊ ဆိုလိုချင်တာက ကျွန်တော့်အနေနဲ့ ပုဂ္ဂလိက ဆေးခန်းဖွင့်ခြင်း၊ မဖွင့်ခြင်းဟာ အဓိက မကျတော့ဘူးနော်၊ အဲဒါ ကိုပြည့်ဖြိုးမောင်တို့ အသိပါ၊ အဓိကကျတာတော့ ကိုရွှေဒင်းလို လူတစ်ယောက်အတွက် ဦးစားပေးစဉ်းစားပြီး ဆောင်ရွက်လိုက်ခြင်းဆိုတဲ့ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ပါ၊ အတိုင်းအတာတစ်ခုထိ ခရီးရောက်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ အဲဒါကြောင့်ပါဗျာ" ဟု ဒေါက်တာ မျိုးလွင်အောင်က သူ့သဘောထားကို ပြောလိုက်သည်။

ပြည့်ဖြိုးမောင်နှင့် ဇော်ခင်တို့နှစ်ယောက် ဒေါက်တာမျိုးလွင်အောင် ၏စကားကို မည်သို့ပြန်ပြောရမည်ကို မစဉ်းစားတတ်တော့၊ ခေါင်းညိတ်ရတော့မလိုလို ခေါင်းခါရတော့မလိုလို ဖြစ်နေကြသည်။

○○○

## အခန်း-၄၀

"အေး ငါလည်း ကြာပြီးပြီ မိခွန်းရယ်၊ အဲဒီအတွက် ငါ့စိတ်ထဲမှာ ရပ်ရွာအတွက် ဦးစီးဆောင်ရွက်တဲ့အလုပ်တွေ ဆက်လုပ်နေပေမယ့် အရင်ကလို စိတ်မပါတော့သလိုဖြစ်နေတယ်၊ နောက်ပြီး စိတ်ထဲမှာလည်း လိပ်ပြာမသန့်သလို ဖြစ်နေတယ်ဟ"

ရွှေခါးတစ်ယောက် သူတို့ တာဝန်ယူဆောင်ရွက်နေသည့် "ပစ်တိုင်းထောင်" ဂေဟာလေးဟု အမည်ပေးထားသော ကလေး ၁၁ ယောက်၏ ဂေဟာသို့အရောက် မိခွန်းပြောလိုက်သည့် စကားကြောင့် သူ့ရင်ထဲတွင် ခံစားနေရသည်ကို အရှိအတိုင်း ပြောပြလိုက်မိသည်။

"အေးဟာ၊ အဲဒီကိစ္စတွေ ကြားကတည်းက ငါလည်း စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်ငယ်ကို မေးလည်းမေး ပြောလည်းပြောချင်လိုက်တာ၊ အဲဒီလိုကြားရတာ နင့်ခေါ်ဖြူကြီးကို တရားစွဲပါလား၊ တစ်ခါတည်းရှင်းသွားတာပေါ့" ဟု ပြောရင်း မိခွန်းတစ်ယောက် မီးဖိုမီးအရှိန်ကြောင့် ကျလာသည့်ချွေးတွေကို ပုဆိုးခေါင်းပေါင်းချွတ်၍ သုတ်နေသည်။

"မေးလည်း မမေးနဲ့၊ ပြောလည်းမပြောနဲ့ မိခွန်း၊ ဒီကိစ္စမျိုး သတင်းမျိုးဟာ တကယ်တမ်းကျတော့ အခြေအမြစ် မရှိတော့ဘူး၊ အပြောခံ၊ အစွပ်စွဲခံရတဲ့ ငါ့အပေါ်သာ သံသယရှိနေကြမှာပါ၊ ထားပါတော့ဟာ၊ ငါ့အကုသိုလ် အကျိုးပေးပဲလို့ ယူဆလိုက်တော့မယ်၊ ဒေး ဒါပေမဲ့ အခု လုပ်ငန်းတွေကိုတော့ မကြာခင်မှာ ပြည့်ဖြိုးမောင်လည်း အခု ရွာပြန်ရောက်လာပြီဆိုတော့ အကြောင်းစုံ ဖွင့်ပြောပြီး သူ့ကို ပြန်လွှဲလိုက်မယ်ဟာ"

ရွှေခေါ်ချိ၏အပြောကြောင့် မိခွန်း မျက်လုံးအဝိုင်းသား ဖြစ်သွားပြီး ခပ်ငေးငေးလေးကြည့်နေမိသည်။

"ဒီမှာ ရွှေခေါ်၊ နင် အဲဒီလို လုပ်တာတော့ ငါ လက်မခံဘူး နော်၊ နင် မလုပ်ရင် ငါလည်း မလုပ်တော့ဘူး၊ နင်တို့ ရပ်ရေးရွာရေး တွေ တာဝန်မယူခင်ကတည်းက နင်တို့သားအဖကို ငါ ထမင်း ချက်ပေးခဲ့တာ၊ ဟော အခု ဒီကလေးတွေကို နင်တို့တာဝန်ယူကြ တော့ ငါနိုင်တဲ့ဘက်က အကျွေးအမွေးကို ငါ တာဝန်ယူခဲ့တာပါ၊ နင် လယ်ထဲမှာ လူလိုတုန်းကလည်း ငါတို့ ဒွေးဒွေးတို့ ကိုယ်တိုင် လက်တွန်းထွန်စက်တွေ မောင်းပေးခဲ့တာ၊ ဟို စုံလို့စုံလို့ အဲဒါ တွေဟာလေ နင့်ကြောင့် သိလား"

"ဘာ ငါ့ကြောင့်"

"ဟုတ်တယ်၊ နင့်ကြောင့် သိလား၊ နင့်ကို ခင်လည်း ခင်တယ်၊ ငယ်ငယ်ကတည်းက မောင်အရင်းလိုလည်း ချစ်တယ်၊ နောက်ပြီး နင့်လိုလူတစ်ယောက်ကတောင် ဟောဒီလို ရပ်ရေးရွာရေးမှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီး အားတက်သရော လုပ်နေတာ တွေ့ရတော့ တို့အားလုံးလိုလို နင့်ကိုကြည့်ပြီး တို့လည်း မလုပ်လို့

မဖြစ်ဘူးဆိုတဲ့ စိတ်ရှိတဲ့လူ၊ အားကျတဲ့လူ၊ ကို ရှင်းရှင်းပြောရရင် နင့်ရဲ့ ဦးဆောင်မှုကြောင့်ဆိုတာ သတိပြုမိရဲ့လား။ အခုလို နင်ပြောတော့ ငါတစ်ယောက်တည်းတင် မဟုတ်ဘူး ကျန်တဲ့လူတွေလည်း ငါ့လိုပဲ ပြောကြမှာ သိရဲ့လား ရွှေဒါဂီးရဲ့"

မိခွန်းက ပြောမနာဆိုမနာ ယဲသူယဲချင်းပီပီ ရွှေဒါဂီးကို ခပ်ပြတ်ပြတ် ပြောနေသည်။ ရွှေဒါဂီး မိခွန်းကို ငေးကြည့်နေမိသလို မိခွန်းက ဆက်၍ -

"နောက်ပြီး နင်မှတ်ထားဖို့က နင်တို့ဟာ တို့ကျွန်းသားတွေ အတွက် အလုပ်လုပ်ရင်း အဆိုးလူကနေ အကောင်းလူဖြစ်လာတာ မဟုတ်လား၊ လူတွေကလည်း လူကောင်းသူကောင်းလို့ မြင်ကြပြီလေ၊ အဲဒီလို အခြေအနေမျိုးကနေ နင်က ရပ်လိုက်မယ်ဆိုရင် ဘာပြန်ဖြစ်သွားမလဲ၊ သေချာတာကတော့ နင် လူဆိုးလူမိုက် ပြန်ဖြစ်ဖို့များတာပဲ၊ အင်း ယိုးစွပ်ခံရတဲ့ကိစ္စမှာတောင် တစ်ယောက်စ နှစ်ယောက်စက ဖြစ်နိုင်တယ်တဲ့၊ ငါးတောင်မှ တစ်ပိုင်းဖြတ်နိုးတဲ့ အကောင်တွေလို့ ရယ်စရာလိုလိုတောင် ပြောတာကြားရတယ် သိလား၊ နင် အဲဒီ သူများမေးထိုးခံရမယ့်ဘဝတော့ ပြန်မသွားပါနဲ့ဟာ" ဟု ထပ်ပြောလိုက်သလို ရွှေဒါဂီးက ခေါင်းတွင်တွင် ခါလိုက်သည်။

"အေး နင် စိုးရိမ်တဲ့ဘဝကိုတော့ ငါ ပြန်မသွားပါဘူး၊ ဟိုတုန်းက အမှော်သဘောမျိုးနဲ့ လုပ်ခဲ့တဲ့ကိစ္စတောင် အခု အပြောခံနေရပြီပဲ၊ အေး အခုဆိုရင် ငါ့စိတ်တွေဟာ ရွာကနေပြီး ထွက်သွားချင်တဲ့အထိ ဖြစ်ဖြစ်လာတယ်ဟာ" ဟုပြောလိုက်လျှင် မိခွန်းက -

"ဟာ နင်ကလည်းဟာ၊ ဒီလောက်အထိတော့ စိတ်ဓာတ်မကျပါနဲ့၊ မြွေမှန်ရင် တွင်းဝင်တော့ ဖြောင့်မှာပဲ၊ သူတို့ကလည်း နင်ပြောသလိုပါပဲ၊ အခြေအမြစ်မရှိပါဘူး၊ သူတို့စကား မယုံတဲ့လူက အဲဒီအကြောင်းတွေ စကားထဲတောင် ထည့်မပြောကြပါဘူး၊ ငါလည်း နင့်ရဲ့စိတ်ဓာတ်ကိုသိတယ်၊ ယုံကြည်တယ်၊ အများစုကလည်း ဒီလိုပါပဲ၊ အေး နင့်ကို မြဇင်ယော်ကရော ဘာပြောသေးလဲ" ဟု မေးလိုက်လျှင် ရွှေဒင်္ဂါး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟင်း မြဇင်ယော်ကတော့ ဒီကိစ္စ ဘာမှမပြောပါဘူး၊ မသိသလိုပုံစံမျိုးပဲ၊ နောက်ပြီး ဘကြီးဒိုးမောင် တစ်ယောက်လုံးက သူ့အက်မှာရှိနေတော့ ငါ့အပေါ် ပြောဆိုဆက်ဆံတာကအစ အရင်ကထက်တောင် ပိုတယ်၊ ဟော ပြောရင်းဆိုရင်း မြဇင်ယော်နဲ့ နီနီဝင်းတို့တောင် လာနေပြီ"

"ဟော့ ရွှေဒင်္ဂါး၊ ဘယ်တုန်းက ရောက်နေတာလဲ၊ အစောကြီးပါလား"

နီနီဝင်းကပြောရင်း သူတို့စကားပြောနေရာဆီသို့ မြဇင်ယော်နှင့်အတူ သူတို့အနီး ရောက်လာသည်။ ရွှေဒင်္ဂါးက -

"ဟုတ်တယ် နီနီဝင်းရေ့ ဒီနေ့စောစော ဟိုဆောင်းသီးနှံခင်းတွေဘက် လိုက်ကြည့်ရင်း ပစ်တိုင်းထောင်ကို တစ်ပါတည်းဝင်လာခဲ့တာ၊ ဘယ့်နှယ်လဲ ကလေးတွေ တိုးတက်မှုအခြေအနေ" ဟု မေးလိုက်လျှင် မြဇင်ယော်က -

"ကလေးတွေကတော့ အားရစရာပါပဲဟာ၊ အရင်ထက်စာရင် သူတို့စိတ်ပျော်ရွှင်မှုလေးတွေ ရှိလာကြပြီး သင်ကြားရတာလည်း ထိရောက်လာပြီ၊ ဟို ဝါဝါနဲ့ ပုလဲဝင်းလေးကတော့ သူတို့အထဲမှာ

အကြီးလေးတွေဆိုတော့ အားကိုးရပါတယ်၊ အစ်မကြီးတွေလို ဖြစ်နေပါပြီ၊ နောက်ပြီး ချစ်ချာတဲ့ မတိုးမေလေးတောင် ဆေးလည်း မှန်မှန်တိုက်၊ အစားအစာကလည်း ဟောဒီ မိခွန်းတို့ ငွေငွေတို့ အုပ်စုက စိတ်ရှည်လက်ရှည်နဲ့ ကျွေးမွေးပေးတော့ တစ်သွေး တစ်မွေးတောင် ဖြစ်နေပြီ၊ ဒေါက်တာ ကိုမျိုးလွင်အောင်ကလည်း တစ်ပတ်တစ်ခါအမြင် လိုအပ်သလို လာကြည့်ကြည့်ပေးနေတော့ အားလုံး အဆင်ပြေပါတယ်" ဟု ပြောလိုက်သလို နီနီဝင်းက -

"ပြော် ဒါနဲ့ ရွှေဂါး ယောက်ျားလေး ခြောက်ယောက်ထဲက ဟိုအကြီးလေးတွေကို ဘကြီးဒိုးမောင်က ဒီနှစ်သက်နိုးစည်းပေးချင် တယ်လို့ ဆရာကြီးကို ပြောသံကြားနေရတယ်ဟ၊ အဲဒါ နင် သိပြီးပြီလား" ဟု မေးလိုက်လျှင် ရွှေဂါးက -

"အေး ဘကြီးဒိုးမောင်က သူ့ဆန္ဒကိုတော့ တိုင်ပင်ထား တယ်ဟ၊ အားလုံး ညှိနှိုင်းပြီးရင်တော့ ဆရာတော်ကြီးကို အသိပေး လျှောက်ထားပြီး ရက်သတ်မှတ်ရမှာပေါ့" ဟု ပြောလိုက်လျှင် မြဇင်ယော်က -

"အေး ရက်သတ်မှတ်ရင်တော့ နင်တို့ငါတို့ စုပေါင်းလုပ် ထားတဲ့ ဆောင်းသီးနှံပေါ်ပြီးတဲ့နောက် ဆားခါးတို့အဖွဲ့နဲ့ ကိုဇော် မင်းဦးတို့ အကျိုးတူစိုက်ထားတဲ့ သီးစားခင်းတွေ အပေါ်လောက် ဆိုရင်တော့ ပြိုင်ပြိုင်ဆိုင်ဆိုင် ဖြစ်မှာပေါ့နော်"

"ဟုတ်တယ်၊ အဲဒီလပိုင်းလောက်တော့ ဖြစ်ဖို့များတယ်၊ အခု တို့အဖွဲ့ပိုင်းပြီး စိုက်ပျိုးထားတဲ့ လယ်အပြင် အခု ရွာဘုံလယ်မြေ ဖြစ်နေတဲ့ လယ်ဧက ၅၀ ကျော်ကထွက်ထားတဲ့ စပါးကလည်း ပစ်တိုင်းထောင်ဝေဟာအတွက် ဝမ်းစာရိက္ခာ ဖူလုံတဲ့အပြင် ရောင်းစပါးလည်း ရှိနေပြီဆိုတော့ အလှူအတွက်လည်း ပူစရာ

မလိုတော့ပါဘူး၊ အဲဒါကြောင့် တို့ရွှေကျွန်းသော တစ်အုပ်စုလုံး မနှစ်တုန်းက စီစဉ်ထားတဲ့ ဆရာတော်ကြီး စိန်ရတုပွဲလည်း မကျင်းပသေးတော့ အဲဒါတွေစုပေါင်းပြီး လုပ်နိုင်အောင် စဉ်းစားနေကြတယ်လေ၊ အားလုံးညှိနှိုင်းပြီးရင် တစ်ပေါင်းတည်းတောင် ဖြစ်ဖို့များတယ်၊ အခုရက်ပိုင်းမှာတော့ တို့ရွာသားတွေ အားလုံး ရွှေကျွန်းသောရွာသစ်ကို ကျန်တဲ့အိမ်တွေ ပြောင်းကြတာနဲ့နောက်ပြီး ကိုဒိုးပုံနဲ့ တချို့လူငယ်အများစုကလည်း ကျွန်းသောရွာဟောင်းနဲ့ ကုန်းသောအစပ်နေရာမှာ ဘောလုံးကွင်းအတွက် မြေရှင်း၊ မြေသယ်လုပ်ရင်းနဲ့ သောက်သုံးရေကန်ကြီး တစ်ခုဖြစ်အောင် ဘောင်တွေ ဖို့နေကြတာနဲ့ ရွာလမ်းကိုလည်း ရေရှည်အနေနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ဖို့အတွက် မြေဘောင်မြှင့်ဖို့နေကြတာတွေ တာဝန်ခွဲပြီးလုပ်နေကြတော့ အလုပ်တွေကိုယ်စီ ဖြစ်နေကြတယ်" ဟု သူတို့ရွာတွင် ဆောင်းကာလ ဖြစ်သော နတ်တော်၊ ပြာသိုလအစွန်းလုပ်ငန်းအခြေအနေများကို ပြောပြနေချိန်တွင် သူတို့လေးယောက်အနီးသို့ ဆရာကြီး ဦးမြင့်ရွှေနှင့် အောင်ထွန်းတို့ ရောက်လာကြသည်။ ဆရာကြီး ဦးမြင့်ရွှေက -

"အော်- ငါ့တပည့်တို့ စကားကောင်းနေကြတာကိုး၊ ဆရာကြီးလည်း ဟိုဆားကွင်းပြင်တဲ့ဘက်ကို ခဏသွားရင်းနဲ့ တစ်ပါတည်းလာခဲ့တာပေါ့၊ ဘာတွေ စကားကောင်းနေပါလိမ့်၊ အလုပ်တွေကိုယ်စီလို့ ကြားလိုက်ပါတယ်၊ ဘာတွေများ တာဝန်ခွဲဝေနေတာလဲ ရွှေဒင်္ဂါးရဲ့" ဟု မေးလိုက်လျှင် ရွှေဒင်္ဂါးက သူတို့ပြောနေသည့် စကားများကို အကျဉ်းချုံး ပြန်ပြောလိုက်သည်။ ဆရာကြီးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း -

"ဒါတင် ဘယ်ကမလဲကွာ၊ မုန်တိုင်းဆိုးကြီး ကျရောက်ခဲ့တာ အခု ဒီပြာသိုလထဲဆိုရင် ကိုးလ ရှိခဲ့ပြီလေ၊ ဒီအတောအတွင်းမှာ နိုင်ငံတော်ရဲ့စေတနာ၊ စေတနာရှင် ပြည်သူတွေရဲ့ ဝိုင်းဝန်းမှုတွေကြောင့် လေဘေးသင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေးနဲ့ သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်ရေး လုပ်ငန်းတွေကို အင်အားစုတွေ ညီညွတ်မှုပေါင်း တည်ဆောက်ခဲ့တာကြောင့် တို့ရွှေကျွန်းသာမှာ မင်းတို့ မြင်ကြတဲ့အတိုင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ရေလုပ်ငန်းတွေအားလုံး အဆင်ပြေခဲ့ပြီ၊ ဟော အခုဆို ဆားချက် လုပ်ငန်းတွေ၊ နောက်ပြီး လယ်ယာမြေပြုပြင်မှုတွေ၊ ကျွဲ နွားကအစ ထွန်ယက်ကိရိယာ စက်ပစ္စည်းတွေ၊ ရေလုပ်ငန်းအတွက်ဆိုလည်း ပဲ့ထောင်စက်လှေတွေ၊ ငါးဖမ်းပိုက်တွေကအစ ရေလုပ်ငန်း အသုံးပြုနိုင်မယ့် လှေအမျိုးမျိုးနဲ့ နေစရာစားစရာကအစ ပံ့ပိုးခဲ့ပြီး နေရေးအတွက် အိမ်လိုအပ်တဲ့ အိမ်ထောင်စုတွေအတွက် အိမ်သစ်တွေ စနစ်တကျ ဆောက်ပေးလို့ တို့ရွှေကျွန်းသာမှာ နေ့ချင်းညချင်း ပြောင်းလဲတိုးတက်လာနေတာ အရင်ကထက် အစစသာနေတာ တွေ့ကြရပြီ မဟုတ်လား"

"မှန်တာပေါ့ ဆရာကြီး၊ အခုဆိုရင် တစ်နေရာနဲ့ တစ်နေရာ ဖုန်းအဆက်အသွယ်ကအစ ရွာမှာရှိရုံတင်မကဘူး၊ တချို့ လူတော်တော်များများ လက်ကိုင်ဖုန်းလေးတွေနဲ့လေ၊ ဟိုတုန်းက ဖုန်းဆက်ချင်ရင် ကျောက်သဘော်ကူးရတာ အရမ်းအချိန်ကုန်တာပဲ၊ နောက်ပြီး ကျောက်သဘော်မှာ တိုက်နယ်ဆေးရုံ ပေါ်ထွန်းလာသလို ကျွန်တော်တို့ ရွှေကျွန်းသာမှာ ဆေးပေးခန်း၊ ကျန်းမာရေးမှူး

တွေနဲ့ ကျန်းမာရေးအတွက် စိတ်မပူရတော့ဘူးလေ ဆရာကြီးရဲ့၊ ဟို ကိုကျော်ဟိန်းကြီး ပြောသလို "ဘာလိုသေးလဲ ဦးကြီးရယ်" ပြောရမလိုဖြစ်နေပြီ ဆရာကြီးရဲ့" ဟု ဆရာကြီးဦးမြင့်ရွှေ၏ စကားကို အောင်ထွန်းက သူ့အမြင် ဝင်ပြောလိုက်သည်။ နီနီဝင်းက အောင်ထွန်းကို ကြည့်လိုက်ပြီး -

"ဆရာကြီး၊ ဟောဒီ အောင်ထွန်းတောင် စကားတွေပြောတာ တိုးတက်ပြောင်းလဲနေပြီရှင့်၊ အဲဒါ သမီးတို့ ပစ်တိုင်းထောင်ဂေဟာမှာ တာဝန်ပေးထားတဲ့ အကျိုးကျေးဇူးတွေပါပဲ၊ မဟုတ်လား အောင်ထွန်း"ဟုပြောလိုက်လျှင် ဆရာကြီးဦးမြင့်ရွှေက အောင်ထွန်းကို ပြုံးပြုံးကြီးကြည့်နေသည်။

"ဒါ စာတွေဖတ်လာတဲ့ ကျေးဇူး၊ အများနဲ့ ဆက်ဆံမှုများလာတဲ့ ရလဒ်တွေပေါ့ကွယ်"

"အောင်ထွန်းတင် ဘယ်ဟုတ်မလဲကွယ်၊ အခုန ဆရာကြီး ပြောတဲ့ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွေအပြင် ဆရာကြီးတို့ ရွှေကျွန်းသာအုပ်စု တစ်ခုလုံးမှာ စိတ်ပိုင်းဆိုင်ရာတွေပါ တိုးတက်လာသလို အထူးသဖြင့် မြင်သာထင်သာတဲ့အနေနဲ့ ပြောရရင်၊ ဟော မင်းတို့အားလုံးရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ဟောဒီက ရွှေကျွန်းသာမှာ ဘယ်တော့မှ ပျောက်ပျက်မသွားရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမယ့်နေရာမှာ မင်းတို့ လူငယ်တွေမှာ ပိုပြီးတာဝန်ရှိတယ်ဆိုတာ ရင်ထဲအသည်းထဲမှာ ဘယ်တော့မှ မမေ့ကြနဲ့၊ တို့ရွှေကျွန်းသာကို စေတနာရှင်၊ အလှူရှင်တွေနဲ့ ဌာနဆိုင်ရာတွေ ပံ့ပိုးကူညီ ထောက်ပံ့တာတွေ၊ နည်းပညာဖြန့်ဖြူးတာတွေကို အခြေခံထားပြီး ပညာသင်ယူသင့်တာယူ၊ စံနမူနာထားသင့်တာ

ထား၊ လုပ်သင့်တဲ့အလုပ်တွေ လုပ်ကြလို့ တို့ရွှေကျွန်းသာကို ရွှေကျွန်းသာ သားတွေနဲ့ ရည်မှန်းချက်တွေ ရောက်အောင် စဉ်ဆက်မပြတ် တည်ဆောက်နေရမယ်ဆိုတာ မင်းတို့ သန္နိဋ္ဌာန် ချထားရမယ်၊ သွေးနဲ့ချွေးနဲ့ မျက်ရည်တွေနဲ့ ရင်းခဲ့ကြ၊ ရွှေဂင်္ဂါ အဖေ ဦးပလာကြားတို့လို အားလုံးအတွက် အသက်စွန့် ပေးဆပ် ခဲ့ကြတဲ့ လူသားအားလုံး၊ ကျွန်းသားအားလုံးအပေါ် သံမဏိသစ္စာ ထားပြီး ဆက်လက်ရှင်သန်ခွင့်ရနေတဲ့ မင်းတို့ငါတို့ တုံ့ပြန် ကျေးဇူး ဆပ်ရမယ်၊ မော်ကွန်းကမ္ပည်းသစ် ထိုးနိုင်ကြရမယ်၊ အောင်မြင် အောင် ဆောင်ရွက်ရမယ်ဆိုတာ အသက်ထက်ဆုံးမကာ သားစဉ် မြေးဆက် လက်ဆင့်ကမ်းလိုက်ကြပေတော့"

ဆရာကြီးဦးမြင့်ရွှေက သူ့ရင်ထဲ အသည်းထဲမှ ထွက်ပေါ်လာ သည့် သူ့အမြင်သူ့အတွေးနှင့်ထပ်တူ လက်တွေ့ယှဉ်သောပြော လိုက်သည်။ နားထောင်နေသည့် ရွှေဂင်္ဂါတို့ သူငယ်ချင်းတစ်စု စိတ်ထဲတွင် သူတို့ဘဝအတွေ့အကြုံနှင့်အတူ ရွှေကျွန်းသာ၏ပုံရိပ် တို့ ပေါင်းစပ်ထင်ဟပ်လာချေပြီ။ တစ်ယောက်မျက်နှာ တစ်ယောက် တိုက်ပွဲဝင်မည့် သူ့ရဲကောင်းတို့၏ ယုံကြည်မှုအပြည့်နှင့် အားပါ သောအကြည့်များကို ဆောင်နေကြသည်။ ထိုအကြည့် အားလုံး ထဲတွင် မိခွန်းတစ်ယောက် ရွှေဂင်္ဂါကို ကြည့်လိုက်သောအကြည့်က ရွှေဂင်္ဂါအတွက် အဓိပ္ပာယ်နောက်တစ်မျိုးကို ထပ်ဆောင်းပေး လိုက်သလိုလို။

○○○

## အခန်း-၄၁

ဆရာကြီးဦးမြင့်ရွှေ ပြောသလို ကျွန်းသာအုပ်စုကို ကျွန်းသာသား တို့၏ ကိုယ်အားစွမ်းအားတို့ဖြင့် အဓိပ္ပာယ်ရှိရှိ တည်ဆောက်ခဲ့ကြပြီး တည်ထောင်နေကြပြီး ဆက်လက်၍လည်း တည်ဆောက်ကြမှာမလွဲပင်။ လက်တွေ့တွင်လည်း အကောင်အထည် ဖော်ခဲ့ကြပြီ။ နှာဝစ်မုန်တိုင်းကြီး သူတို့ရွှေကျွန်းသာကို တိုက်ခတ်ဖျက်ဆီးသွားခဲ့သည်မှာ ယခုဆိုလျှင် ဆယ်လတင်းတင်းပင် ပြည့်ခဲ့လေပြီ။ ထိုဆယ်လတာအချိန်အတွင်း ကျွန်းသာအုပ်စု၏ မှတ်တမ်းပုံရိပ်များသည်ကား ကျွန်းသာ၊ ကမ်းသာ၊ ကုန်းသာကလည်း တစ်ခုတည်းဖြစ်ခဲ့ပေပြီ။ စာသင်ကျောင်းကလည်း တစ်ခုတည်း။ ဘုန်းကြီးကျောင်းကလည်း ကုန်းသာဘုန်းကြီးကျောင်း တစ်ခုတည်း။ ကိုးမြို့ရှင်နတ်စင်ကလည်း တစ်ခုတည်း။ နောက်ဆုံးသချိုင်းကုန်းပင် တစ်ခုတည်း ဖြစ်သွားသည်။ သတ်သတ်မှတ်မှတ် မီးသင်္ဂြိုဟ်တတ်ကြပြီး ထိုရွာသစ်တည်ထားသော နေရာမှာ ကမ်းသာရွာဟောင်းနေရာလည်းမဟုတ်၊ ကျွန်းသာရွာဟောင်းနေရာလည်းမဟုတ်၊ ကုန်းသာနှင့်လည်းမနီးသည့် နေရာအသစ်မှာ ဖြစ်သည်။ တကယ့်နေရာအသစ်ဖြစ်သလို အိမ်ခြံနေရာတွေကလည်း ယခင်ရွာဟောင်းသား

များကို အုပ်စုလိုက် ခြားထားခြင်းမဟုတ်၊ ခဲစနစ်ဖြင့် နေရာချထားပေးခြင်းမျိုး ရှာခဲ့တွေလည်း ဖြတ်ခဲ့ပြီ။ ထိုရွာတွင် တစ်ခုသောညနေ၌ မင်္ဂလာရှိသော သတင်းတစ်ခု ထွက်ပေါ်လာသည်။

"ဒေါ်မြညရဲ့ နှစ်ကျုပ်သားပင်လိမ်ဆွဲကြီးကြီး ပြန်တွေ့ပြီတဲ့"

"ဟုတ်တယ်၊ အခုမှ တို့ရွှေဒင်္ဂါးအတွက် အလုံးကြီးကျသွားတော့တယ်မော့"

"ဟုတ်လား၊ တကယ်ပြောတာလား၊ ဘယ်မှာတွေ့တာလဲ"

"တွေ့တာကတော့ ကုန်းသာရွာဟောင်းနေရာမှာ ဘောလုံးကွင်းတို့၊ ရေကန်တို့လုပ်ဖို့ ရှင်းကြလင်းကြရင်းနဲ့ ဒေါ်မြညတူ ဘကြီးဒိုးမောင်ရဲ့သား ဖော်မင်းဦးကိုယ်တိုင် တွေ့တာတဲ့"

သို့ဖြင့် ကုန်းသာရွာ၏ တစ်ခုသောညနေတွင် ကြားလိုက်ရသည့်စကားများကြောင့် မိခွန်းတစ်ယောက် အလွန်အမင်း ဝမ်းသာသွားသည်။ ပစ်တိုင်းထောင်ဂေဟာရှိ ကလေးများအတွက် ထမင်းချက်နေရင်းက ကြားလိုက်ရသည်ဖို့ မိခွန်းခမှာ အားရဝမ်းသာဖြင့် တွေ့တဲ့သူတိုင်းကို ပြန်ပြောပြနေသည်။

"ဒွေးဒွေးရယ်၊ အခုမှ ရွှေဒင်္ဂါးအတွက် ရင်အေးရတော့တယ်ဟယ်" ဟု ပြောလိုက်သလို ဒွေးဒွေးက -

"ရင်အေးမနေနဲ့ဦး မိခွန်းရေ၊ ရွှေဒင်္ဂါးနဲ့ မြဇင်ယော်တို့က အခုဆို ရွှေလမ်းငွေလမ်းဖွင့်သွားပြီ၊ နောက်ပြီး ဟိုဒေါက်တာလေးကလည်း မြို့ကို ခပ်မြန်မြန်ပြန်ဖြစ်သွားတာကလည်း ရွှေဒင်္ဂါးနဲ့ မြဇင်ယော်တို့ကို နီးစပ်စေချင်လို့တဲ့"

"ဟယ် ဟုတ်လား၊ ဒီသတင်းတွေ နင် ဘယ်ကကြားလာရပြန်ပြီလဲ" ဟု မေးလိုက်လျှင် ဒွေးဒွေးက -

"ဟဲ့ ဘယ်ကကြားလာရမှာလဲ၊ တစ်ယောက်စကား တစ်ယောက် နားပေါ့၊ နင်က ဒီမှာ ထမင်းဟင်းချက်နဲ့ပဲ လုပ်နေတာ၊ ငါက ဈေးဝယ်တဲ့တာဝန်ဆိုတော့ အိမ်ပေါက်စေ့ရောက်နေတာဟဲ့၊ နောက်ပြီး တို့ဆီ မကြာမကြာလာပြီး ထမင်းဟင်းကူချက်နေတဲ့ ဘကြီးရာပါလှထွန်းဆိုတာ နာမည်တစ်လုံးနဲ့နေတာ၊ သူ့ဆီကလည်း သတင်းအတိအကျ ရတာပေါ့ဟ" ဟု ပြောလိုက်စဉ်မှာပင် -

"ဟော့ မိခွန်းနဲ့ငွေငွေတို့ ဘာတွေပြောနေတာလဲ၊ ငါ့ နာမည်ပါ ပါနေပါလား"

ဖြန်းခနဲရောက်လာသည့် ဦးလှထွန်းကြောင့် ငွေငွေ ရှင်ဘတ်ဖိလိုက်ရင်း မျက်လုံးပြူးသွားသည်။

"ဟာ ဦးလေး လှထွန်းကြီးပါလား၊ ဟင်းတွဲကြီးလည်း ဆွဲလာလို့ ဘာမှမဟုတ်ပါဘူးဦးလေးရဲ့၊ ဒေါ်မြဉ ဆွဲကြိုးကြီး ပြန်တွေ့တဲ့ အကြောင်း ပြောနေတာ"ဟု ကပျာကယာ ပြောလိုက်ရာ ဦးလှထွန်းက -

"အေး ဟုတ်တယ်၊ အဲဒါ ရွာထဲမှာ အရေးကြီးတဲ့ သတင်းကောင်းပဲ၊ အလကား ဥစ္စာပျောက် အပယ်ရောက် ဆိုတာဒါမျိုးပဲ၊ တောင်ထင်မြောက်ထင်နဲ့ ငှက်မသိ ဆရက်ချိုးထင်၊ အချက်မသိတော့ သမက်ကို သူခိုးထင် ဆိုသလို ဖြစ်နေပြီ" ဟုပြောလိုက်ရာ ငွေငွေက -

"ဟင် ဘကြီးဟာကလည်း ဘာစကားကြီးလဲ၊ ဘကြီးပြောသလိုဆိုရင် မြဝင်ယော်နဲ့ ရွှေဂါးပဲ ဘာလိုလို ညာလိုလို ဆိုသလို" ဟု စကားလမ်းကြောင်းလိုက်ရာ ဦးလှထွန်းက -

"မိငွေး၊ နင် ငါ့ကို စကားနိုက်မနေနဲ့၊ ရော့ ဟောဒီမှာ ဝက်သား တစ်ပိဿာ၊ မဖြူက ဒီနေ့ ဝမ်းသာလို့ဆိုပြီး ဟို သူ့ပစ္စည်း တွေ့တဲ့လူတွေလည်း ဟင်းဝယ်ချက်ကျွေး၊ တို့ပစ်တိုင်းယောင် ဂေဟာအတွက်လည်း ဝက်သားတစ်ပိဿာ ကမ်းလိုက်တာဟ" ဟု ပြောရင်း အနီးရှိတိုင်တွင် ဝက်သားတွဲကို ချိတ်ထားလိုက်သည်။ မိခွန်းက -

"ဦးလေး ဝက်သားက သန့်ရဲ့လား၊ ကလေးတွေ ကျွေးဖို့ရော သင့်ရဲ့လား၊ ရောဂါနဲ့သေတဲ့ဝက်သားဆိုရင် ဒီမှာက ဝက်သားပေါက် တွေ မွေးထားတာနော်" ဟု ပြောလိုက်ရာ ဦးလှထွန်းက -

"အမယ်လေး ငါ သိပါတယ် မိခွန်းရယ်၊ ဒီလောက် မညံ့သေး ပါဘူး၊ အားလုံး ကျန်းမာရေးယောက်ခံစာနဲ့မှ တို့ရွာသားတွေလည်း စားကြတာပါနော်၊ ရွာမှာလည်း အရင်ကလို ကြက်၊ ငှက် မွေးတာ ပရမ်းပတာ မဟုတ်တော့ပါဘူး၊ အရင်ကတော့ ဝက်မွေးရင် သူများ မစင် အားကိုးတဲ့လူများတယ်၊ အခုဟာ နင်တို့လိုပဲ ခြံတွေနဲ့ဟ" ဟု ပြောလိုက်ရာ ငွေးငွေးက -

"တော်ပါတော့ ဦးလေးရယ်၊ သိပါတယ်၊ ဟိုစကားလေး ပြန်စပါဦး"

"ဘာစကားလဲဟ"

"ဟို သမက်မသိလေ၊ ဦးလေးရဲ့၊ မေ့တတ်လိုက်တာ" ဟု ဦးလှထွန်းအကြောင်းသိသဖြင့် ငွေးငွေးက စကားလမ်းကြောင်းပေး လိုက်သည်။

"ငါ မမေ့တတ်ပါဘူးဟာ၊ ဒီလိုဟဲ့ နင်တို့ကြားပြီးပြီလား၊ ဟို ဒေါက်တာလေးလေ မြို့မှာ အိမ်ထောင်ပြုတော့မယ်တဲ့၊ မနေ့က

မြခင်ယော်တို့ဆီ ဖုန်းလာတယ်" ဟု ပြောလိုက်လျှင် မိခွန်းက စိတ်ဝင်တစားဖြင့် -

"ဟင် ဦးလေးလှထွန်း ဟုတ်လား၊ ဒါနဲ့ ကျွန်မတို့ကြားသား တာက. . ." ဟု ပြောရင်း စကားဖြတ်ပြီး ဦးလှထွန်းကိုကြည့်ရာ ဦးလှထွန်းက လက်တကာကာဖြင့် -

"ကျွန်မတို့ မကြားနဲ့တော့၊ ငါပြောမယ်၊ အဲဒီအကြောင်းတွေပါ တယ်ဟဲ့၊ အဲဒီဆရာလေးက တို့ရွာမှာ ဆေးခန်းလာဖွင့်တာ တစ်ချက်ခုတ် သုံးချက်ပြတ်ဟ၊ စေတနာနဲ့လာပြီး ကုသိုလ်ယူတာ လည်း ပါတယ်၊ မြခင်ယော်နဲ့ နီးစပ်ဖို့လည်းပါတယ်၊ ရွာကို ပြန်လာ ချင်တဲ့ ဒေါ်မြယုဆန္ဒကိုလည်း ဖြည့်တာပါတယ်"ဟု ပြောလိုက်ရာ မိခွန်းက -

"ဟာ ဦးလေးရယ်၊ ပြောတော့မယ်၊ ဟိုက စေတနာနဲ့ လာဖွင့် တဲ့လူကို ဦးလေးအပြောနဲ့ ဒေါက်တာလေး စေတနာအမှန်တွေ ပျောက်သွားပါဦးမယ်"

"ကဲ ထားပါတော့ဟာ၊ အဓိကအကြောင်းပဲ ပြောမယ်၊ အဲဒီလို နေရင်း ဆရာဝန်လေးက ယောဒီရွာအကြောင်း ကကြိုးအစ အအဆုံး သိသွားတယ်လေ၊ အဲဒီတော့ ရွှေဂါးတို့၊ မြခင်ယော်တို့ မိသားစု နောက်ကြောင်းတွေ၊ လက်ရှိအနေအထားတွေ သိသွားတယ်လေ၊ အဲဒီအချိန်မှာပဲ ရွာကို ပြည့်ဖြိုးမောင်လည်း ပြန်ရောက်လာ၊ နောက်ပြီး ရွာမှာလည်း ဆေးခန်း၊ ဆေးပစ္စည်းနဲ့ ဆရာဝန်ကလည်း စုံပြီဖြစ်တော့ မြေဥတို့ညီအစ်မရဲ့ မျှော်လင့်ထားတဲ့ မျှော်လင့်ချက် ပျောက်သွားတာပေါ့၊ နောက်ပြီး ဆရာဝန်လေးက ကဗျာဆရာပီပီ စကားလက်ဆောင် ပါးလိုက်သေးတယ်"

"ဘာများလည်း ဦးလေးရဲ့" မိခွန်းက ထမင်းတိုးငုံ့ရင်း မေးလိုက်သည်။

"ဒီလိုလေဟာ၊ ဒေါက်တာလေးက ဟောဒီရွှေကျွန်းသာမှာ ရေရှည်နေဖို့ ရည်ရွယ်ထားပေမယ့် လက်တွေ့အနေနဲ့ကျတော့ မနေနိုင်ဘူးတဲ့၊ ဒါကြောင့် ရွှေကျွန်းသာကို မလာခင်တုန်းကတော့ ရွှေကျွန်းသာ သူနဲ့ လက်တွဲဖို့ စိတ်ကူးလေးတွေရှိပေမယ့် ရွှေကျွန်းသာမှာ မနေနိုင်တာကြောင့် မိဘတွေကို ခွင့်လွှတ်ဖို့ ပြောလိုက်ပါပြီတဲ့၊ အဲဒီတော့ ရွှေကျွန်းသာသူတွေ၊ ရွှေကျွန်းသာသားတွေ ရွှေကျွန်းသာမှာ လက်တွဲပြီး ရွှေကျွန်းသာအကျိုး ဆောင်ရွက်နေတာ အဓေးကနေပဲ ကြည်နူးပါရစေတဲ့ဗျ" ဟုပြောလိုက်ရာ မိခွန်းက -

"ဦးလေး လှထွန်းတို့ကလည်း လူငယ်ကိစ္စတွေလည်း သိတာပဲနော်၊ သြရှေလောက်ပါခဲ့" ဟု ပြောလိုက်သလို ဦးလှထွန်းက -

"ဟဲ ဟဲ. . . လူငယ်ကိစ္စတွေမပြောနဲ့ လူကြီးအကြောင်းတွေလည်းသိတာပဲ၊ နင့်အဖေနဲ့အမေ ငယ်ငယ်ကအကြောင်းတွေပါ ပြောရဦးမလား" ဟု ပြောလိုက်လျှင် မိခွန်းက -

"တော်ပါပြီ ဦးလေးရယ်၊ မပြောပါနဲ့တော့၊ အခုတောင် တစ်ရွာလုံးအကြောင်း ကုန်ပြီ" ဟု ပြောလိုက်လျှင် ဦးလှထွန်းက သတိရသွားဟန်ဖြင့် -

"မပြောနဲ့ဆိုပေမယ့် ပြောရဦးမယ်ဟဲ့၊ ကျန်သေးတယ်၊ ဒါကတော့ အများနဲ့ဆိုင်တယ်၊ အခု ဒေါ်မြညွှတို့ညီအစ်မ စိတ်တွေပြောင်းလာပြီ၊ မြဇင်ယော်ရဲ့အလုပ်တွေ အားပေးတဲ့အပြင် ဟိုမြို့မှာ ပွဲရုံတွေဖွင့်ထားတဲ့ မမြယုက စာကြည့်တိုက်အသစ် လှူဦးမှာတဲ့၊ ကြားပြီးပြီလား၊ နာမည်တောင် ရွေးပြီးသွားပြီ ပစ်တိုင်းထောင်" တဲ့။

"ဟင် ဟုတ်လား၊ ပစ်တိုင်းထောင်ဆိုတာ ဟောဒီက ဂေဟာလေးကို ရွှေဒင်္ဂါးစိတ်ကြိုက် မှည့်ထားတဲ့ နာမည်လေး" ဟု ဒွေးဒွေးက ပြောလိုက်သည်။ ဦးလှထွန်းက ဒွေးဒွေးကို အောင်နိုင်သူအပြုံး ပြုံးရင်း ကြည့်နေသည်။

"ဒီမှာ ဒွေးဒွေး၊ မသိရင် မှတ်ထားလိုက်၊ ရွှေဒင်္ဂါး မှည့်တဲ့ "ပစ်တိုင်းထောင်" လို့ မှည့်လိုက်တာကိုက တစ်နည်းအားဖြင့် ရွှေဒင်္ဂါးအပေါ် စိတ်သဘောထား ပြောင်းသွားပြီပေါ့ ဒွေးဒွေးရယ်၊ ညှိလှချည်လား၊ ဟဲ ဟဲ" ဟု ပြောလိုက်သလို မိခွန်းကဝင်၍ -

"ကဲ ဒွေးဒွေးရေ ဦးလေးလှထွန်း တရားနာနေရင် ဝက်သားတွေပုပ်လိမ့်မယ်၊ ဟောဒီမှာ ထမင်းအိုးတွေလည်း နပ်နေပြီ ကလေးတွေ ထမင်းစားချိန် လွန်နေဦးမယ်၊ ဟောဒီ ဝက်သားတွဲကို ဘာလုပ်မှာလဲ" ဟုမေးလိုက်သည်။ ဒွေးဒွေးက ဝက်သားတွဲကို တိုင်မှ ဖြုတ်လိုက်သည်။

"ဒီနေ့တော့ အတုံးလိုက်လှီးပြီး ပြုတ်ထားလိုက်မယ်လေ၊ မနက်ဖြန်မှ ရွှေကျွန်းသာထွက် မုန့်လာဥကြီးတွေနဲ့ရောပြီး ကြော်လိုက်မယ်" ဟုပြောရင်း ဝက်သားတွဲကို ဟင်းကိုင်ရန် စဉ်းတီတုံးပေါ် တင်လိုက်သည်။

"အေး- မုန့်လာဥကြီးဆိုလို့ ပြောရဦးမယ်ဟော့၊ အခု တို့သမားနိုးကြ ဥစားဖို့စိုက်တဲ့ မုန့်လာဥ၊ မုန့်လာပင်ကနေ အသီးခံထားလို့ရတဲ့ အစေ့တွေကို ဆီကြိတ်လို့ရပြီနော်၊ အဲဒါ စိုက်ပျိုးရေးအဖွဲ့တွေနဲ့ ရွှေဒင်္ဂါးတို့ စမ်းသပ်ပြီး ဆီတောင်ထွက်နေပြီတဲ့၊ အဲဒီဆီနဲ့ တို့ရွှေကျွန်းသာ ဆရာတော်ကြီးကျောင်း စုပေါင်းအလှူကြီးမှာ စပြီး သုံးမယ်တဲ့" ဟုပြောလိုက်သလို မိခွန်းက ဦးလှထွန်းကိုကြည့်လိုက်သည်။

"ကြားပြီးပါပြီ ဦးလေးလှထွန်းရယ်၊ အဲဒီဆီက ကျန်းမာရေး အတွက် သင့်တော်သလို ခပ်လွယ်လွယ် စိုက်လို့မျိုးလို့ဖြစ်တဲ့ မုန်လာ ရေက ထွက်တဲ့ဆီမို့ ဟိုတုန်းက သီချင်းလို ဆီကိုရေချိုး ဆေးမှီးမီးလှုံ စပါးတောင်လို့ပုံ ဆိုသလို လက်တွေ့ကြုံလာပြီဆိုတာ ဦးလေး ရွာမှ လျှောက်ပြောလိုက်ဦး" ဟု ခပ်သောသော ပြောလိုက်သည်။

"ပြောမယ်၊ ပြောမယ်၊ မပြောမှာ မပူနဲ့ ငါတို့ ရွှေကျွန်းသာ တစ်အုပ်စုလုံးတင် မဟုတ်ဘူး၊ ပေါဒီ လေဒဏ်ထိတဲ့လူတွေ အားလုံး ရွှေဂါးရွှေတဲ့ ပစ်တိုင်းထောင်ဆိုတဲ့ ဘဝသစ် ရောက်ပြီ လို့ ပြောလိုက်တော့မယ်ဟေ့"

"ပြောလိုက်တော့၊ ပြောလိုက်တော့ ဟေ့"

ဦးလှထွန်းစကားအပေါ် မိခွန်းနှင့်ဌေးဌေးနှစ်ယောက် တစ်ပြိုင်နက်တည်း တယ်လီဖေးရှင်းကြော်ငြာထဲက သီချင်းသံစဉ် အသွားအတိုင်း ပြန်ပြောလိုက်ပြီး တဟင်းဟင်းရယ်နေကြလေ တော့၏။

ရယ်သံတွေက အပြိုင် . . . ။

၀၀၀

## အခန်း-၄၂

"ပစ်တိုင်းထောင်. . . ပစ်တိုင်းထောင်. . . မြန်မာပြည်မှာ လုပ်တဲ့ပစ်တိုင်းထောင်. . . ပစ်တိုင်းထောင် အရုပ်ကလေး. . . အရုပ်ကလေး ပစ်တိုင်းထောင်. . . မြန်မာပြည်မှာ လုပ်တဲ့ ပစ်တိုင်းထောင်"

"လောကစံကို မကြောက်ပါဘူးကွယ်၊ ဒူးမထောက်တဲ့ ပစ်တိုင်းထောင်"

တပေါင်းသာခေါင် လမျှားနောင်ဟု တင်စားကြသည့် တပေါင်းလ အချိန်အခါ ဤကာလဝယ် ကျွန်းသာအုပ်စုရှိ ရွာသူ ရွာသားများ၏အောင်ပွဲဖြစ်သော ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသည့် ဆရာတော်ကြီး၏ စိန်ရတုမွေးနေ့သဘင်ပွဲ ဒိုးပတ်ဝိုင်းမှ ဆိုလိုက်သည့် သီချင်းသံပင်။ ထို့အတူ ဤပွဲကြီးတွင် ရွာဘုံ စုပေါင်း၍ ရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာပွဲကြီးလည်း ထည့်ထားသည်။ ထိုအလှူပွဲကြီးကို သုံးရက်တိုင်တိုင် ကျင်းပပြီး ကျွန်းသာ အုပ်စုသို့ အဘက်ဘက်မှ လာရောက်ပံ့ပိုး လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်

များ၏ ရေစက်ချပွဲလည်း ထည့်သွင်းထားသဖြင့် ရပ်ဝေးရပ်နီးမှ ဧည့်သည်များစုံလျက် ရှိနေပြန်သည်။

"အလှူပွဲလာ ပရိသတ်အပေါင်းတို့ခင်ဗျာ၊ မောင်ရှင်လောင်း၊ ရဟန်းလောင်းများသည် ကျောင်းကြီးပေါ်မှာ စုံနေပြီဖြစ်တဲ့ အတွက် ဆရာတော်ကြီးကို ကန်တော့ကြမှာဖြစ်ပါတယ်၊ ပရိသတ်ကြီးလည်း ကျောင်းပေါ်သို့ ကြွရောက်ကြပါ၊ အိုးစည်ဗိုင်း၊ ဒိုးပတ်ဝိုင်းများ ခဏနားပေးပါခင်ဗျာ"

ကျောင်းကြီး၏ အမိုးဘုံ အပေါ်ဆုံးအဆင့်တွင် တင်ထားသည့် အသံချဲ့စက်ဟွန်းနှစ်လုံးမှ အမြိုင်ထွက်ပေါ်လာသည့် ပြည်ဖြိုးမောင်၏အသံက အားလုံးသောအသံများကို လွှမ်းသွားသည်။ ထိုစဉ် အခြား အသံချဲ့စက်တစ်ခုမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"အားလုံးသိကြတဲ့အတိုင်း ဒီနေ့အစီအစဉ်ကတော့ ဆရာတော်ကြီးရဲ့ တပည့်ရင်းများဖြစ်ကြတဲ့ ဥပ္ပဇ္ဇာရဟန်းလောင်း ကိုဖိုးစီနဲ့ ကိုဖိုးနီ၊ နောက် ကျွန်းသာအုပ်စုရဲ့ ဘောလုံးအသင်း တိုက်စစ်မှူးကိုမောင်တာဖြစ်ပြီး၊ မောင်ရှင်လောင်းများကတော့ ပစ်တိုင်းထောင်ဂေဟာမှ မောင်မင်းထိုက်၊ မောင်စိုးကျော်၊ မောင်နေမျိုးနဲ့ ကျွန်တော်တို့ ဘောလုံးအသင်းခေါင်းဆောင် ကိုဖိုးဖျံ၊ မကျေးဖြူတို့ရဲ့ တစ်ဦးတည်းသော သားကလေး မောင်မင်းသော်တာ ဖြစ်ပါတယ်၊ သီလရှင်လေးကတော့ ပစ်တိုင်းထောင်ဂေဟာက ပုလဲဝင်းလေးနဲ့ဟို ဘယ်သူပါလိမ့်၊ အင်း သူတို့ကတော့ မနေ့ကတည်းက သီလရှင်ဝတ်ပေးပြီးသွားပြီလို့ ကြားပါတယ်၊ ပြီးတော့ အဲဒါ" ဟု တောက်တဲ့လည်းနင်းသလို ပြောနေသည့် အောင်ထွန်း စကားကို ရွှေဂင်းနားထောင်ရင်း စိတ်မရှည် ဖြစ်လာသည်။

"ဟော့ကောင် အောင်ထွန်း၊ မင်း မိုက်နဲ့ပြောနေတာ ရပ်လိုက်တော့၊ ကျောင်းပေါ်မှာ လူတွေစုံနေပြီ၊ ဒီပြင်စည်သည်တွေလည်းပါတယ်၊ မလိုတာတွေ ထပ်ပြောမနေနဲ့၊ အစီအစဉ်တွေကို ပြည့်ဖြိုးအောင် တာဝန်ယူထားတယ်"

ဒိုးပတ်ဝိုင်းအသံရှဲ့ဝတ်မှ အလကားမတ်တင်း ကြေညာပေးနေသူ အောင်ထွန်းအနီး အပြေးရောက်လာရင်း မိုက်ကို ဆွဲယူကာ ပြောလိုက်သည့် ရွှေဂါးစကားကြောင့် အောင်ထွန်း အသံပြောနေရင်း ရပ်သွားတော့၏။

"ကဲ၊ ကိုကြီးပုစီတို့အဖွဲ့က ဆိုင်းချနေတဲ့အချိန်မှာ စည့်ခံထားဗျာ၊ သက်နီးချည်နေတဲ့အချိန်မှာတော့ ရပ်ပေးထားကြပါ" ဟု ဒိုးပတ်ဝိုင်းအဖွဲ့နှင့် အိုးစည်ဝိုင်းအဖွဲ့တို့အား တာဝန်ယူကြီးကြပ်နေသည့် ကိုပုစီကို ရွှေဂါးက ပြောလိုက်သည်။

"ဟာ စိတ်ချပါကွာ ရွှေဂါးရာ ဟိုတုန်းကလို အပြိုင်အဆိုင်ဝိုင်းတွေ မဟုတ်တော့ဘူးပေါ့။ ပိုးဥထီးလတ်ကို မိကျောင်းလည်းလိုက်မကိုက်တော့ပါဘူးကွာ။ စိတ်ချ စိတ်ချ" ဟု ကိုပုစီက ခပ်ရွှတ်ရွှတ်လှမ်းပြောလိုက်သည်။ ထိုအချိန် ရွှေဂါးတစ်ယောက် ကျောင်းကြီးဘက်သို့ အပြေးပြန်တက်သွားလေပြီ။ မကြာခင်မှာပင် ဆရာတော်ကြီးကို ရွာသူရွာသားများနှင့် စည်ပရိသတ်များက ပူဇော်ကန်တော့နေကြပြီ။ ဆရာတော်ကြီးက အကန်တော့ခံကာ သြဝါဒတရားချီးမြှင့်တော်မူသည်။ သြဝါဒတရားချီးမြှင့်ရာတွင် စကားလက်ဆောင်မွန်အဖြစ် ဆရာတော်ကြီးက ထပ်ဆင့်၍ မိန့်တော်မူလိုက်သည်။ ပရိသတ်များအားလုံး ငြိမ်သက်လျက်. . .။

"ကဲ အဲဒီတော့ ဘုန်းကြီးအနေနဲ့ ထပ်ပြီး မိန့်မှာချင်တာကတော့ အများနဲ့ဆိုင်တဲ့ လောကီအကြောင်းလေးတစ်ခုပါ။

မုန်တိုင်းဒဏ်ခံရပြီး ပြန်လည်တည်ဆောက်ကြတဲ့ကာလမှာ ထုံးစံအတိုင်း ရေသစ်၊ မြေသစ်၊ ရွာသစ်၊ အိမ်သစ်တွေ တည်ထောင်ထားတဲ့ နေရာသစ်ကို အမည်သစ်ပေးဖို့ အကြောင်းရှိလာတယ်၊ အဲဒီကိစ္စကို တာဝန်ရှိသူတွေက ဆရာတော်ကြီးကို နာမည်ရွေးပေးဖို့ ခရီးက ပြန်လာတဲ့အထိစောင့်ပြီး လျှောက်ထားခဲ့ကြတယ်၊ ဘုန်းကြီးလည်း အတိတ်ကောင်း နိမိတ်ကောင်းနဲ့ မှည့်ဖို့ စဉ်းစားခဲ့ပါတယ်၊ အင်း အခုအချိန်ပိုင်းလေးမှာ ရွာသုံးရွာပေါင်းပြီး တစ်ရွာတည်း တည်ထောင်ထားတဲ့ရွာကို ပေးရမယ့်၊ သင့်တော်မယ်လို့ ယူဆရတဲ့နာမည် တွေ့လိုက်ရပြီကွယ်" ဟု အမိန့်ရှိလိုက်သဖြင့် အားလုံး စိတ်ဝင်တစား နားထောင်နေကြသည်။

"အဲဒီအမည်ကတော့ အားလုံးနဲ့ မစိမ်းပါဘူး၊ အခုန ဆိုးစည်ပိုင်းမှာ ကြားလိုက်ရတဲ့အထဲမှာ ပါတယ်၊ နောက်ပြီး ရွာကလူငယ်တွေ စုပေါင်းမှည့်ထားတဲ့အမည်ပဲ၊ အဲဒါ ဘာလဲဆိုတော့ "ပစ်တိုင်းထောင်" ဆိုတဲ့ အမည်က သိပ်ကောင်းတဲ့ အမည်နာမပဲ၊ အားလုံးဘဝတွေနဲ့လည်း ထင်သာမြင်သာရှိတယ်၊ ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့ စကားနဲ့လည်းညီတယ်၊ ဒါကြောင့် ရွာသစ်ရဲ့နာမည်ကို "ပစ်တိုင်းထောင်" လို့ ဆရာတော်ကြီး မှည့်ပေးလိုက်ပြီ ဟုတ်ပြီလား ဘယ်လိုခေါ် သလဲ"

"ပစ်တိုင်းထောင်ပါ ဘုရား"

ကျောင်းကြီးပင် တုန်သွားမတတ် အသံများ ဟိန်းထွက်သွားသည်။ ဆရာတော်၏ မိန့်ကြားသံကြောင့် ရွှေဒဂါးမှာ ကြက်သီးမွေးညင်းများပင် ထသွားသည်။ ဆရာတော်ကြီးက ဆက်၍ မိန့်တော်မူသည်။

"ပစ်တိုင်းထောင်ဆိုတာ ဘာနဲ့တူသလဲဆိုရင် ပုံသဏ္ဍာန်မှ ကြက်ဥ၊ ငှက်ဥနဲ့တူတယ်ပေါ့၊ အဲဒီတော့ အဲဒီကြက်ဥ၊ ငှက်ဥနဲ့ ပတ်သက်ပြီး ဘုန်းကြီးက တို့ရွာသားတွေ ဘဝနဲ့နှိုင်းပြီး တစ်ခု ထပ်မိန့်ချင်တယ်၊ ကြက်ဥ၊ ငှက်ဥ၊ လိပ်ဥ စတဲ့ ဥခွံနဲ့ပေါက်တဲ့ သတ္တဝါများဟာ နှစ်ခါ မွေးကြရတယ်၊ ပထမ အမိဝမ်းက ပေါက်ပါတယ်၊ ဥခွံဖုံးနေသေးတယ်၊ အချိန်ကာလတစ်ခုကြာပြီးမှ ဒီဥခွံကနေ ထပ်ဖောက်ထွက်ပြီး ဒုတိယအကြိမ် ပေါက်ဖွားတယ်၊ မွေးဖွားတယ်၊ အဲဒီတော့မှ ဒီသတ္တဝါဟာ ပတ်ဝန်းကျင်၊ စကြဝဠာ၊ လောကကြီးကို အမှန်မြင်ရတယ်၊ အမှောင်မဖုံးတော့ဘူး၊ အလင်း ရသွားတယ်၊ ဒီဥပမာလိုပဲ တို့ရွာသားတွေကို ဘုန်းကြီး နှိုင်းယှဉ်ကြည့်မိတယ်၊ တို့ရွာသားတွေကို အမှန်အတိုင်း အားမနာတမ်းပြောရရင် ဟို မှန်တိုင်းမတိုက်မီကာလကဆိုရင် လူတွေဟာ တော်တော် စရိုက်ကြမ်းကြတယ်၊ လောဘ၊ ဒေါသ၊ မောဟ အမှောင်တွေဖုံးပြီး ညီညွတ်မှု၊ စည်းလုံးမှု နှိုင်းပင်းမှု သေဖြင့် တော်တော်ခေါင်းပါးခဲ့တယ်လို့ ဘုန်းကြီးမြင်တယ်၊ သာသနာရေး၊ ဘာသာရေးအထိပေါ့၊ ဟော အခု အချိန်ကျတော့ အဲဒီ ခုနသတ္တဝါတွေ ဥခွံထဲက ရုန်းထွက်လိုက်သလို အလွန်အံ့ဩစရာ အကောင်းဘက်ကို ပြောင်းလဲလာခဲ့တာကို တွေ့ရတယ်၊ ငှက်ကလေး၊ ကြက်ကလေး၊ သတ္တဝါလေးတွေ ဥခွံထဲက ကွဲထွက်လိုက်သလိုပဲ တို့ရွာသားတွေလည်း အဲဒီ သတ္တဝါတွေ နှစ်ခါမွေးလိုက်သလို ဖြစ်သွားတယ်၊ မြင်ကြည့်ကြ၊ ဟိုအရင် ပထမဘဝဆိုရင် ဒီဘက်ပိုင်းက ဒုတိယဘဝသစ်နဲ့ လူတွေဖြစ်လာတာပေါ့၊ အခုမှ တို့ရွာသားတွေ အားလုံးဟာ အတ္တ၊ မာန်မာန၊ လောဘ ဒေါသ၊ မောဟ အမှောင်တွေထဲကနေ ရုန်းထွက်နိုင်ပြီး ဘာသာ၊ သာသနာ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အသိစိတ်ဓာတ်တွေ

အစရှိတဲ့ အရာရာအားလုံးဟာ နှလုံးသားလှတဲ့ ပထမတန်းစား ဖြစ်လာကြပြီ၊ တစ်ဆက်တည်း ဘုန်းကြီးမိန့်ချင်တာက ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်တာ ကိုယ့်မှာရှိတဲ့ "တရားပဲ"၊ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးတာ ကိုယ့်မှာရှိတဲ့ "မတရားပဲ" ဆိုတာ မြင့်ကြည့်ကြ၊ ထို့အတူပဲ လူဆိုတာ နိုင်ကောက်လို့ပြုံပေါ်ရောက်တဲ့ ဖြစ်စဉ်မျိုး မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ကိုယ့်ဘဝ ကောင်းမွန်အောင် ကိုယ့်ဟာကိုယ် ကြိုးစားလုပ်ယူရတဲ့ အဖြစ်မျိုးဆိုတာ အထင်းသား ပေါ်လွင်ပြီမို့လား၊ အင်း အဲဒီတော့ ဟောဒီ "ပစ်တိုင်းထောင်"မှာ အားလုံးခြုံငုံပြီး ဘုန်းကြီး ဥပမာ ပေးလိုက်ချင်တာတော့ **"ဒုတိယဘဝနဲ့ နှလုံးသားလှသူများ"** လို့ ပြောလိုက်ချင်တယ်၊ နှလုံးသားလှတဲ့ ပထမတန်းစား လူတွေပေါ့၊ သဘောပေါက်ကြပြီလားကွယ်"

"မှန်ပါ့ဘုရား၊ သဘောပေါက်ပါတယ်ဘုရား"

အားလုံးက သံပြိုင်လျှောက်ထားလိုက်သံများသည် ကြက်သီးထလောက်စရာ အားအင်အပြည့် ထွက်ပေါ်လာသည်။

"အင်း ဒီလောက်နဲ့ မရပ်နဲ့ဦး၊ ဘုန်းကြီး ဥပမာပေးတဲ့ စကားဟာ တို့ရွာသားတွေမှ မဟုတ်ဘူး၊ အခုလို ဒုက္ခတွေကို ခံစားနားလည်ပြီး လှူဒါန်းကြ၊ ပံ့ပိုးကြတဲ့၊ နိုင်ငံတော်နဲ့ အလှူရှင်အသီးသီးဟာလည်း လောကကြောင့်၊ မေ့ကြောင့်ပဲ ပထမတန်းစား လူတန်းစားတွေ၊ နှလုံးသားလှကြသူတွေပဲ၊ ဒါကြောင့် ဒီစကားဟာ တွေးလေ အဓိပ္ပာယ်လေးနက်လေ၊ ကျယ်ပြန့်လေပဲ၊ တို့ရွာသားတွေက ဒုတိယဘဝတွေဆိုရင် သူတို့ ပထမလူတွေလို့ ဆိုနိုင်သလို တို့ရွာသားတွေဟာလည်း ဒုတိယဘဝသစ်မှာ ပထမ မူလက်ပေါင်း လူတွေပဲမို့လား၊ ဒါကြောင့် လူက ပဓာနလား စိတ်က ပဓာနကျ

သလားဆိုတာလည်း တွေးကြပေါ့၊ ထင်ဟပ်ကြည့်ကြပေါ့၊ အဲဒီ အတွေ့အကြုံတွေ၊ အသိတရားတွေနဲ့ တိုပြန်လည်ရှင်သန်ခဲ့တာ အခုဆိုရင် တစ်နှစ်ပြည့်တော့မယ်။ ဒါ ပစ်တိုင်းထောင်စိတ်ဓာတ်ပဲ၊ ဒီလို ဖြစ်လာတာလည်း ဦးဆောင်တဲ့လူက ဦးဆောင်၊ နောက်ပါတွေကလည်း ဦးဆောင်မှုအောက်မှာ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြလို့နော်၊ ဘယ်သူတွေ ဘာပြောပြော အရေးကြုံလာတော့ ကိုယ့်ဒေသ၊ ကိုယ့်ရေမြေ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတွေကလွဲလို့ ဘယ်သူကမှ ပိုမချစ်နိုင်ဘူးဆိုတာ အခုလိုအချိန်မျိုးမှာ တွေ့ရပြီမဟုတ်လား။ ဒါကြောင့် စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ကြီးရဲ့ ဆောင်ပုဒ်လို -

"အများအကျိုး ရွက်သယ်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်
ရှေ့ရှုနှင်လော့"

ဆိုတဲ့ဆောင်ပုဒ်လို ကျင့်ခဲ့လို့ အခုလို အကျိုးဆက်တွေ ရကြတာ၊ နောက်ပြီး ဘုန်းကြီးပြောချင်တာလေးက အခု မကြာခင် ကိုရင်လေးတွေ ဖြစ်ကြတော့မယ့် ဟောဒီ မောင်ရှင်လောင်းလေးတွေဟာ အခုန ဘုန်းကြီးပြောခဲ့တဲ့ အကျိုးဆက်တွေက ဖြစ်ပေါ်လာတဲ့ သာဓကတစ်ခုပဲ၊ ဟောဒီ ကျွန်းပေါ်မှာ ပေါ်ထွက်လာတဲ့ ပစ်တိုင်းထောင်ဂေဟာကနေ ရင်ခွင်ပြောင်း တန်ဖိုးထား ပြုစုပျိုးထောင် မွေးမြူခဲ့ကြတဲ့ ကလေးတွေဆိုတာ အားလုံးအသိ၊ ဒါကြောင့် ရွှေညမင်းဆရာတော်ဘုရားကြီး အမိန့်ရှိသလို -

"ကလေး၊ ကလေး၊ အထင်မသေးနဲ့၊ ကလေးကြီးရင် လူကြီးဖြစ်တာ၊ ကလေးကောင်းမှ လူကြီးကောင်းမှာ၊ လူကြီးကောင်းမှ အားလုံးကောင်းမှာ" ဆိုသလို ကလေးတွေကို အရေးတယူနဲ့ ပြုစုပျိုးထောင်ကြလို့ အနာဂတ်ရဲ့ မျိုးဆက်သစ်တွေရဲ့ အားမာန်တွေပဲ၊ အေး- ဒါကြောင့် သူတို့လေးတွေကို ပြုစုပျိုးထောင်ခြင်းဟာ အနာဂတ်နိုင်ငံတော် တည်ဆောက်ခြင်းလည်း မည်တယ်၊ အင်း ဒါကြောင့် ပြောနေရင်းနဲ့ပဲ ဘုန်းကြီးသတိရလိုက်တဲ့ ကျန်စစ်မင်းကြီးရဲ့ ရွှေစည်းခုံဘုရား ကမ္ဗည်းကျောက်စာပါ စာတစ်ပိုဒ်ကိုလည်း မှတ်ထားကြဦး"

"များစွာသော ခပ်သိမ်းသော သူအပေါင်းတို့သည် သားတကွဲ မယားတကွဲ၊ မိတကွဲ၊ ဖတကွဲ ဖြစ်နေရကုန်၏၊ ထိုသူတို့၏ ဆင်းရဲခြင်းဒုက္ခကို ငါငြိမ်းပါစေအံ့၊ ထိုသူတို့၏မျက်ရည်ကို ငါ သုတ်ပါအံ့၊ ငါ၏ လက်ယာလက်ဖြင့် ဆန်စပါး ဘိက္ခာကို ပေးအံ့၊ ငါ၏ လက်ဝဲလက်ဖြင့် အဝတ်အစားတန်ဆာကို ပေးအံ့၊ အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့" ဆိုတဲ့စကားနဲ့ အနှစ်ချုပ်လိုက်ချင်တယ်၊ အလှူရှင်တွေရဲ့ လုပ်ဆောင်ချက်တွေဟာ အဲဒီစကားနဲ့ ထပ်တူကျပြီး ကောင်းမွန်တဲ့အကျိုးတရားတွေ လက်တွေ့ခံစားခဲ့ရပြီ ကဲ ဒါကြောင့် အားလုံးသော ကျေးဇူးတရားရှိသူတွေ၊ ကျေးဇူးတင်ထိုက်သူတွေကို မေတ္တာတွေပေးဝေရင်း ကောင်းမှုကုသိုလ်တွေ အမျှဝေလိုက်ကြပါစို့"

ဆရာတော်ကြီး ဩဝါဒစကားအဆုံးတွင် အမျှဝေ သာဓုခေါ်သံများ ကျောင်းလုံးဟိန်းမျှ ထွက်ပေါ်သွားသည်။

"ပရိသတ်ကြီးများခင်ဗျာ၊ အခုအချိန်ကနေစပြီး ရဟန်းလောင်းသုံးပါး၊ မောင်ရှင်လောင်း ငါးပါးတို့ကို ဆံချပေးမှာ ဖြစ်ပါတယ်၊ ကျောင်းရေကန်အေး ဆံပင်ရိတ်ပေးကြမယ့် ဘကြီးဦးဘိုးဒေါင်း ဦးဆောင်တဲ့အဖွဲ့တွေက စောင့်နေကြပါပြီ၊ အဲဒါကြောင့် ရဟန်းလောင်းမိဘတွေ၊ မောင်ရှင်လောင်းမိဘတွေ၊ ရဟန်းသာမဏေလောင်းများနဲ့အတူ ဆံချမယ့်နေရာကို ကြွရောက်ပေးကြပါခင်ဗျာ"

မြည့်မြိုးမောင်က အသံချဲ့စက်မှ အစီအစဉ်များကို ကြေညာပေးနေသလို ရွှေဂဲ်းတစ်ယောက် ဟိုပြေး၊ ဒီပြေးဖြင့် အစီအစဉ်တကျဖြစ်အောင် စီမံနေလေသည်။ ခေါင်းရင်းပိုင်းမှ ဆရာဦးမြင့်ရွှေတို့ ဝိုင်းတွင်ရှိသော ဦးဒိုးမောင်က -

"အင်း ဒီနေ့ပွဲကတော့ ပစ်တိုင်းထောင်ရဲ့အောင်ပွဲဆိုရမှာပဲ၊ ဒီအထဲမှာတော့ ရွှေဂဲ်းက ကျော်တာပဲဗျာ" ဟု ပြောလိုက်သလို ဆရာကြီး ဦးမြင့်ရွှေက -

"အေးဗျာ၊ ဒီနေ့တင် ဘယ်ဟုတ်မလဲ၊ အလှူအစနေ့ကစပြီး သူ့အဖွဲ့တွေနဲ့အတူ စီမံခန့်ခွဲနေတာ၊ မနက်ဖြန် ဆရာတော်ကြီး မွေးနေ့သဘင်မှာလည်း သူမပါလို့ မပြီးသေးဘူးလေ၊ ဟောနောက်ရက်တွေ ဆက်တိုက်ပဲ၊ မြစင်ယော်တို့ လှူထားတဲ့ စာကြည့်တိုက်ဖွင့်ပွဲတို့၊ နောက်ပြီး ဧရာမြေကုမ္ပဏီက လှူထားတဲ့ ဆိုင်ကလုံးရှယ်တာခေါ်တဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ဖို့ အဆောက်အအုံတို့တွေကိုလည်း ဖွင့်ဖို့ရှိသေးတယ်ဗျ" ဟု ပြောလိုက်သလို စကားဝိုင်းထဲတွင်ရှိနေကြသော ရွာမိရွာဖများဖြစ်ကြသည့် ဦးရွှေဂဲ၊ ဦးဖလံရိုး၊ ဦးဘူးခါ၊ ဦးတောက်ထိန် စသည့်လူကြီးများကလည်း ခေါင်းတညိတ်ညိတ်၊ ဦးရွှေဂဲက -

"ရွှေဒါဂီးတို့ ဟို မြဖင်ယော်တို့ လူငယ်တစ်စုကတော့ဗျာ၊ ကျွန်းသာတစ်အုပ်စုလုံး အဲ- ပစ်တိုင်းထောင် ရွာသစ်အလုပ်တွေဟာ သူတို့အလုပ်တွေလို့ ခံယူထားသလိုဖြစ်နေပြီဗျာ၊ အဲဒီအထဲမှာ ရွှေဒါဂီးကတော့ ကျွန်တော်တို့ တစ်ရွာလုံးရဲ့ စံပြခေါင်းဆောင်လို့ ခေါ်ထိုက်ပါပြီဗျာ" ဟု ပြောနေစဉ်မှာပင် အသံချဲ့စက်မှ ပြည့်ဖြိုးမောင်၏အသံ ထွက်လာပြန်သည်။

"မောင်ရင်လောင်းတွေကို ဆံချတဲ့နေရာမှာ ဆံပင်တွေခံထားဖို့ ပစ်တိုင်းထောင်ဂေဟာက အမိအဖသေဆုံးဖြစ်သူတွေ ဝင်ပြီး နေရာယူပေးကြပါ၊ ဗီဒီယိုမှတ်တမ်းလည်း ရိုက်မှာဖြစ်ပါတယ်" ဟု ပြောနေသဖြင့် ရွှေဒါဂီးနှင့် မြဖင်ယော်တို့က သူတို့ပစ်တိုင်းထောင်ဂေဟာမှ မောင်ရင်လောင်းလေးပါးအတွက် အမေ၊ အမေကိုယ်စား ဆံပင်များ ခံယူထားရန် ဖျင်တဘက်လေးများကိုင်ရန် အတွက် လူရွေးစီစဉ်လျက်ရှိသည်။

"ကဲ ကိုဒုံးပျံ. . . ကိုကြီးဒုံးပျံ အတီးဝိုင်းအနားမှာ မနေနဲ့၊ မောင်မင်းသော်တာလေး ဆံချမယ့်နေရာမှာ နေရာယူပေးပါခင်ဗျာ၊ နောက်ပြီး ဒီလူအုပ်ကြားထဲမှာ မောင်ရင်လောင်းအမေအရင်း တွေ့နေရပါတယ်၊ ဆံချတဲ့နေရာမှာ နေရာယူပေးပါ" ဟု ပြည့်ဖြိုးမောင်ကြေညာလိုက်သည့်အချိန် လူအုပ်ထဲမှ မကျေးဖြူ တစ်ယောက် လှစ်ခနဲ ပျောက်သွားသည်။

"လာပါ မကျေးဖြူရယ်၊ မောင်မင်းသော်တာလေး သာမဏေလောင်း သွတ်သွင်းခွင့်ရတာ ဝမ်းသာရမယ့်အချိန် မဟုတ်လားဗျာ၊ နောက်ပြီး မောင်မင်းသော်တာလေး သာမဏေလောင်း သွတ်သွင်းခွင့်ရတာ ကိုကြီးဒုံးပျံကောင်းလို့ ဆုံးဖြတ်ချက်မှန်လို့ မဟုတ်လား

ဆရာတော်ကြီး အမိန့်ရှိသလို ကလေးက အမိကကျွတယ်ဆိုတဲ့ အကြောင်း တရားတောင် ဟောခဲ့ပြီ မဟုတ်လားဗျာ"

ရွှေဂါးက မမကျေးဖြူကို လိုက်ရှာပြီး ရှင်းလည်းပြကာ လူကိုလည်း မလိုက်လျှင် အတင်းဆွဲတော့မလို လုပ်နေချိန်တွင် မြဖင်ယော် နှင့်နီနီဝင်းတို့ သူတို့အနားရောက်လာပြီး မြဖင်ယော်က -

"ကဲ မမကျေးဖြူ ဟိုမှာ အားလုံးစောင့်နေကြပြီ သားလေး မောင်မင်းသော်တာလည်း အမေကို လှမ်းကြည့်ကြည့်နေတာ၊ သနားစရာပါ မမရယ်၊ ကဲ လာပါ" ဟုပြောရင်း နီနီဝင်းနှင့် မြဖင်ယော်တို့ တစ်ယောက်တစ်ဖက်ညှပ်ကာ မကျေးဖြူကို ကိုဘုံးပွဲ့ နှင့်အတူရှိနေသည့် သားဖြစ်သူ မောင်ရှင်လောင်း အနီးသို့ခေါ်ပြီး နေရာချပေးလိုက်သည်။ မောင်မင်းသော်တာလေးကို ဆံပင်ရိတ် ပေးရန် တာဝန်ယူထားသူမှာ ဆားခါး။

"ကဲ မမလေးကျေးဖြူ ကလေးဆံပင် ရိတ်တော့မယ်၊ တဘက်ကိုကိုင်ပါဗျာ" ဟု ပြောလိုက်ပြီး သင်တုန်းဓားထက်ထက် ဖြင့် ထွေးခနဲနေအောင် မောင်မင်းသော်တာလေးခေါင်းမှ ဆံပင် ကို ရိတ်လိုက်ချိန်မှာတော့ ကိုဘုံးပွဲ့နှင့် မကျေးဖြူတို့ ဆံပင်ခံမည့် ဖြူတဘက်ကို တစ်ဖက်စီ ကိုင်ထားဖြစ်သွားလေပြီ။ ထိုစဉ် ဆံချ မည့်နေရာသို့ ရောက်လာသည့် ပြည့်ဖြိုးမောင်က ပစ်တိုင်းထောင် ဂေဟာမှ မောင်ရှင်လောင်း မောင်မင်းထိုက်ကလေးအနီး ရောက် လာသည်။

"ဟေ့ကောင် ရွှေဂါး၊ ဒီမှာ မောင်ရှင်လောင်းတစ်ပါးအတွက် ဆံချမယ့်လူရှိနေပြီ၊ ဆံခံမယ့်တဘက်ကိုင်ဖို့ လူလိုသေးတယ်ကွ၊ လာ မင်းကိုင်လိုက်၊ နောက်တစ်ဖက်အတွက် မြဖင်ယော် လာ တော့လေဟာ တစ်ဖက်ကကိုင်" ဟု ပြောလိုက်ရာ မြဖင်ယော်

ရှက်သလို ဖြစ်သွားသည်။ နီနီဝင်းက မြဇင်ယော်မျက်နှာကို လှမ်းကြည့်လိုက်သည်။

"မြဇင်ယော် လာ၊ တစ်ဖက်ကကိုင်လေဟာ၊ ဟောဒီမှာ ငါနဲ့ ဆင်ပေါက်နဲ့တောင် မောင်စိုးကျော်လေးအတွက် ကိုင်ထားပြီးပြီ၊ နင်က ဘာရှက်သလို လုပ်နေတာလဲ၊ မောင်နှမတွေပဲဟာ၊ မဟုတ်ဘူးလား မိခွန်း" ဟု အနားမှ မောင်နေမျိုးလေး ဆံချရန် ဖျင်တဘက်ကို ဇော်ခင်နှင့် တစ်ယောက်တစ်ဖက်စီ ကိုင်ထားသော မိခွန်းကို လှည့်ကြည့်ရင်း ပြောလိုက်သည်။ မိခွန်းက ပြုံးပြုံးလေးဖြင့် ခေါင်းအသာညိတ်လိုက်ရင်း ရွှေဒင်္ဂါးနှင့် မြဇင်ယော်တို့ကို တစ်လှည့်စီ ကြည့်၍ အကဲခတ်နေသည်။ မိခွန်း၏မျက်နှာတွင် မချိုပြုံးလေးနှင့်အတူ အမြော်တစ်ခုခုကို စောင့်နေသည့်ပုံပေါ်နေသည်။ ထိုစဉ် အေးချမ်းဦးနှင့်အတူ ဖျင်တဘက်ကိုင်ထားသည့် သွယ်သွယ်စိုးကလည်း -

"ဘာစဉ်းစားနေတာလဲ မြဇင်ယော်၊ နေရာချင်းလဲမလား၊ လာလေ" ဟု ပြောလိုက်လျှင် မည်သည့်အချိန်က သူတို့နောက်တွင် ရောက်နေသည်မသိရသော ဒေါ်မြဥတို့ညီအစ်မနှစ်ယောက်ထဲမှ ဒေါ်မြယုက -

"နေရာလဲမနေနဲ့လေ သမီးရယ်၊ မောင်ပြည့်ဖြိုးမောင် စီစဉ်ထားတဲ့အတိုင်း ဝင်လိုက်တော့လေ" ဟု ဒေါ်လေးဖြစ်သူ ဒေါ်မြယု အသံ ကြားလိုက်သဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ မိခင်ဖြစ်သူ ဒေါ်မြဥကပါ ပြုံးပြုံးကြီး လှမ်းကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် မြဇင်ယော်ရင်ထဲတွင် အေးခနဲဖြစ်သွားပြီး မောင်ရင်လောင်းဘက် ပြန်အလှည့် သူ့အဖြစ်ကိုကြည့်နေသော ရွှေဒင်္ဂါးကြောင့် ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကလေး အမြန်ငုံ့လိုက်သည်။ ထို့နောက်

ရွှေခါးလှမ်းပေးသည့် ဖုင်တဘက်လေးကို မငုံမရဲ လှမ်းကိုင်လိုက်ပြီး အလိုက်သင့် ပြန့်ပေးလိုက်သည်။

"ကဲ- မောင်ရှင်လောင်း ဆံပင်ရိတ်တော့မယ်၊ ကိုပုစိရေ ငြိမ့်ငြိမ့်ညောင်းညောင်းလေးပေါ့ဗျာ"ဟု ပြည့်ဖြိုးမောင်က ခပ်ကျယ်ကျယ် လှမ်းပြောလိုက်ရာ ခပ်လှမ်းလှမ်းတွင် လက်တပြင်ပြင် ဖြစ်နေသော ကိုပုစိတို့ဝိုင်းမှ ဒိုးပတ်သံပေးလိုက်ကြလေပြီ။

"မေမေ သက်နန်းရွက်လို့ရယ်. . . ဖေဖေသပိတ်လွယ် မမလေးရယ် အလှဆုံး ကွမ်းတောင်ကိုင်လို့ပြုံး၊ မမကြီးက ပန်းတောင်ကိုင်၊ ဒိုးပတ်ဝိုင်းက မြှင်လှတယ်. . . မြင်းကြီးပေါ်မှာ မောင်ရှင်လောင်း ရွှေထီးလေးကိုဆောင်း"

ကိုပုစိအသံက တကယ့် တွံတေးသိန်းတန်အသံလို ဝိုင်ဝိုင်းသာသာ ကြည်ကြည်မြမြ။ ဒိုးပတ်ဝိုင်းနှင့် အောက်ဝင်သံကလည်း ငြိမ့်ငြိမ့် ညောင်းညောင်း။ ပဒ္မင်းလောင်းများ၊ မောင်ရှင်လောင်းများ ဆံချနေသည့် မြင်ကွင်းနှင့် ကြားနေရသည့် သီချင်းသံများကြောင့် တကယ်ပင် မနောပီတိ၊ ဂွမ်းဆီထိမှု ကြည်နူးစရာ မြင်ကွင်းပင်။ ထိုစဉ် ကိုပုစိက ယခင် သူတို့ဝိုင်း၏ ဒိုးပတ်သံချပ်ကို စာသားပြောင်း လက်တန်းရေးလိုက်သည့် သံချပ်ကလည်း ပေါ်လာပြန်သည်။

"ရွှေခါး ရွှေခါး ပစ်တိုင်းထောင်သား ရွှေခါး"

"ပစ်တိုင်းထောင်နဲ့ ရွှေခါး၊ အတူမခွဲခြား တို့ရွာသား"

"ပစ်တိုင်းထောင်ရဲ့အောင်ပွဲဟာ အခုချိန်ခါမှာ ကြည့်ကြပါဦး"

"အခုချိန်ခါ ကြည့်ကြပါဦး"

"ကိုယ်တိုင်ထလို့ ကိုယ်တိုင်ထူ၊ အမိကဟာ စိတ်ဓာတ်ပါပဲ"

"အမိကဟာ စိတ်ဓာတ်ပါပဲ"

"ပစ်တိုင်းထောင်ရဲ့အောင်ပွဲဟာ ပြည်မြန်မာရဲ့ အောင်ပွဲ မို့လား"

"ဟေ့ လူသား၊ ဒို့ရွာသား၊ ဟေး လာ မောင် တို့ ဝါး. . ."

ဒိုးပတ်ဝိုင်းမှ သီချင်းကလည်း တစ်မျိုးပြီးတစ်မျိုး ပြောင်းလျက် သံချပ်တွေကလည်း မြိုင်မြိုင်ဖြင့် စည်ခံနေပေပြီ။ ခေါင်းက ဆံပင်ကို အရိတ်ခံနေသည့် မောင်ရင်လောင်းများလည်း ကတုံးလေးတွေ ပြောင်းသွားကြပြီ။ မြဇင်ယော်နှင့် ရွှေဒါဂီးတို့အလယ်တွင် ဆံပင်အရိတ်ခံနေရသည့် မောင်မင်းယျာလေး ခေါင်းကတော့ တစ်ဝက်တောင် မကျသေး။ ဓားကို ပုဆိုးနှင့် ဘယ်ပြန်ညာပြန်သလိုက်၊ မောင်ရင်လောင်း ခေါင်းရေဆွတ်လိုက်ဖြင့် အချိန်ဆွဲရိတ်ပေးနေသည့် ပြည့်ဖြိုးမောင်။ ရွှေဒါဂီးနှင့် မြဇင်ယော်တို့၏ မျက်နှာများကို ပြုံးစေ့စေ့ဖြင့် တမင်တကာလုပ်ကာ တစ်လှည့်စီ လိုက်ကြည့်နေသည်။

"ရွှေဒါဂီးကတော့ကွာ ဆရာတော်ကြီး အမိန့်ရှိတဲ့ ပစ်တိုင်းထောင်ရဲ့ ဒုတိယဘဝနဲ့ နှလုံးသားတွေမှာ ကြည်စေအေးစေနဲ့ တကယ်ကို ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေပါလားဟေ့၊ ဟဲ့- မြဇင်ယော် ဘယ်နှယ်လဲ၊ အခုတော့ ရင်တုန် ရင်ခုန်နေပြီမို့လား၊ အခုလို တစ်ခဏတာကနေ တစ်ဘဝလုံး ရင်ခုန်လိုက်ကြတော့ဟာ"

"ဘို နင် ဘာပြောတာလဲ၊ ငါက ဘာလို့ ရင်ခုန်ရမှာလဲ"

ပြည့်ဖြိုးမောင်၏ မမျှော်လင့်ဘဲ ပြောလိုက်သည့်စကားကြောင့် မြဇင်ယော်က ကမန်းကတန်းဖြင့် ပြန်ပြောလိုက်သလို ရွှေဒါဂီး မျက်နှာလည်း ထူပူသွားသည်။ ထိုစဉ် ကိုပုစိတို့ ဒိုးပတ်ဝိုင်းမှသည် ဒိုးစည်ဝိုင်း အလှည့်ပြောင်းသွားကာ ဒိုးစည်မင်းသား ကိုပုစိက

အဆိုတော် ကိုထွန်းရွှေအသံ လိုက်တုကာ ဆိုလိုက်သည့်သီချင်းသံမှာ ရွှေဒါဂီးနှင့် မြဖင်ယော်အဖြစ် သိနေသလိုလို...။

"ဟိုအမို့ ဒီအမို့ကြိုက်ပါခင်ရဲ့... ဒီမေကို... ပစ်တိုင်းထောင်မဒီက ကြည်စေလို... ရွှေအိုးစည်ကို မောင်မောင်တီးလို့ ရသမျှငွေကို ခင့်ဖို့ချောကို မောင်ပေးခဲ့မယ်ဗျို့" ဟု အပိုဒ်ကို ထပ်ကာထပ်ကာ ဆိုနေသည်၊ ကိုးနံ့မှဲ့လက်ရာ ပစ်တိုင်းထောင် အရုပ်ကြီးကလည်း အမျိုးသမီးလေးများရှိရာဘက်သို့ လှည့်ကာ ပတ်ကာ ကိုယ်လုံးကြီးကို ညွတ်ကာယိမ်းကာဖြင့် ကနေရာ အားလုံးက သဘောတွေ့လျက်၊ ပရိသတ်အားလုံးသည် မြူးရွှင်ရယ်မောနေကြသလို သီချင်းကလည်း "ဟိုအမို့ ဒီအမို့" အပိုဒ်ကို ထပ်ကာထပ်ကာဖြင့် ဆိုနေသည်၊ အနားသို့ တဖြည်းဖြည်းရောက်လာသည့် ပစ်တိုင်းထောင်ရုပ်ကြီးကြောင့် မြဖင်ယော်မှာ ရှက်ရှက်ဖြင့် ခေါင်းကိုငုံ့ထားလိုက်သည်။ ရွှေဒါဂီးပင်လျှင် ကြားနေကျ အိုးစည်သံ တစ်ထုံထုံက အခုအချိန်မှာ သူ့ရင်ကို ဝိုဒ်တုန်စေ၊ ခုန်စေပြီလားဟု ထင်နေမိသလို မျက်နှာပြင် တစ်ခုလုံးလည်း ချွေးတွေပြန်နေသည်။ သူတို့နှစ်ယောက်အဖြစ်ကို ကြည့်ရင်း ပြည့်ဖြိုးမောင်မှာ တပြုံးပြုံး ဒီကနေ့အဖြစ်က ပြည့်ဖြိုးမောင်မှ မဟုတ်၊ ရွှေဒါဂီးနှင့် မြဖင်ယော်တို့၏ ရင်ထဲတွင်လည်း အပြုံးပီတိတွေ ဝေနေမှာအမှန်။ အိုးစည်ဒိုးပတ်ဝိုင်းမှ ပစ်တိုင်းထောင်အရုပ်ကြီးကလည်း ထာဝရပြုံးနေသည့်မျက်နှာကြီး။ ပစ်တိုင်းထောင် သီချင်းအလိုက်အတိုင်း စည်းချက်ညီညီဖြင့် အကမပျက် လူတွေကလည်း တဝါးဝါးတဟားဟား၊ သဘောတွေကျလျက်၊ ပြည့်ဖြိုးမောင်က ထိုမြင်ကွင်းများကို ကြည့်ရင်း -

"ဒီအချိန် ဒီကာလ ပစ်တိုင်းထောင်ရဲ့ ဒုတိယဘဝတွေ ကတော့ ဘယ်လောက် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံသလဲ ကွာ၊ ဒီလိုအချိန်မျိုးမှာ မင်းတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ချစ်သူတွေ ဖြစ်သွားကြရင် နှလုံးသားလှတဲ့ လူသား အဖြစ် ပိုပြည့်စုံသွားမှာပဲကွာ မဟုတ်လားဟေ့"ဟု ပြည့်ဖြိုးမောင်က ရွှေဂါးကို ပြောလိုက်လျှင် ရွှေဂါး ဘာမှပြန်မပြောမီ မြဇင်ယော်က-

"အို- ဘာတွေပြောနေတာလဲ ပြည့်ဖြိုးမောင်ရယ်၊ ငါ မနေ တတ်တော့ဘူးနော်၊ မြန်မြန်ရိုက်"

"ဟား . . . ဟား. . . ဟား"

ပြည့်ဖြိုးမောင် ရယ်သံနှင့်အတူ မြဇင်ယော်ရဲ့ ရှက်သွေးဖြာ သည့် မျက်နှာကလေးကိုကြည့်ရင်း အခုတစ်ခါမှာ မျက်နှာမလွှဲမိဘဲ ငေးစိုက်ကြည့်နေသူက ရွှေဂါးပင် မဟုတ်လား။ မျက်လုံးထဲမှာ သံယောဇဉ်နှင့်အချစ်ရိပ်တွေက အပြည့်။

"ကဲ မောင်ရင်လောင်း ဆံပင်တွေပြောင်သွားပြီ မြဇင်ယော် နှင့် မရှုပ်ထဲ ဝင်သွားလိုက်တော့"

ပြည့်ဖြိုးမောင် စကားအဆုံး ကိုရင်လောင်း မောင်မင်းထိုက် ကလေးကို လက်ဆွဲခေါ်လိုက်ချိန် မျက်နှာချင်းဆုံသွားသည့် ရွှေဂါးနှင့်မြဇင်ယော် တစ်ဦးကိုတစ်ဦး ကြည့်လိုက်သည့်အကြည့် များနောက်ကွယ်တွင် သူတို့နှစ်ဦးလုံး ရင်တွေခုန်သွားကြပြီ။

"ရွှေဂါး၊ ပစ်တိုင်းထောင်ရဲ့ ဘဝသစ်မှာ မင်းတို့နှစ်ယောက် ကြောင့် ပိုပြီးပြည့်စုံသွားပြီ သူငယ်ချင်း၊ ကဲ တဘက်ကို ငါ့ကိုပေးခဲ့၊ မင်းမရှုပ်ထဲ လိုက်သွား" ဟုပြောသဖြင့် ရွှေဂါးက -

"သူငယ်ချင်း ပြည့်ဖြိုးမောင်၊ မင်းကပြောတော့လည်း တဲ့တိုး ကြီးကွာ"

မြဖင်ယော် မကြားအောင် ခပ်တိုးတိုး ကြိတ်ပြောလိုက်သည်။

"ဘာလဲ၊ မင်းက မကြိုက်လို့လား"

"ကဲ ထားပါကွာ၊ အေး မင်းပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါပြောချင်တာကတော့ ပစ်တိုင်းထောင်ရဲ့ ဘဝသစ်ကို ပုဂ္ဂလိကဆန်တဲ့ ငါ့အမြင်နဲ့ ဥပမာပေးပါနဲ့ကွာ၊ အားလုံးပါမှ ပြည့်စုံမှာကွ"

ရွှေခါ်းကပြောလိုက်လျှင် ပြည့်ဖြိုးမောင်က -

"အေး အဲဒီ ပစ်တိုင်းထောင်သားတွေထဲမှာ မင်းလည်း ပါတယ်၊ ငါလည်း ပါပါတယ်ကွာ၊ ဒါကြောင့် ရွှေခါ်းဆိုတဲ့ ပစ်တိုင်းထောင်သားတွေရဲ့ ဘဝသစ်ဟာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေပြီ၊ ဒီအထဲမှာမှ မင်းကပိုပြီးတော့ ဝမ်းသာရမယ့်အဖြစ်မျိုးတွေ ဒီနေ့ ဖြစ်သွားပြီဆိုတော့ အသည်းနှလုံးပါလှုပ်တဲ့သူလို့ အခုန မြင်ကွင်းလေး အမြင်နဲ့ ငါ ကြိုတင်ပြီး ပြောချင်တာပါ သူငယ်ချင်းရာ"

ရွှေခါ်းမြိုး၍ ခေါင်းညိတ်လိုက်သည်။ ရင်ထဲတွင်လည်း သူတို့ ပစ်တိုင်းထောင်၏ ဘဝသစ်များ သို့မဟုတ် သူတို့ ရွာသားအားလုံး၏ လက်ရှိအခြေအနေများနှင့်အတူ သူ့ရင်ထဲမှာ အပျော်များသည် ပေါင်းစည်းရောယှက်ခံစားကာ ထပ်ဆင့်၍ ကြည်နူးနေမိတာ ကတော့ အမှန်ပင်။ ထို့အတူ သူတို့ရွှေးနှင့် သွေးနှင့်ရင်း၍ တည်ထောင်ခဲ့သည့် ပစ်တိုင်းထောင်ရွာ၊ ပစ်တိုင်းထောင် ရွာသား များ၏ အနာဂတ်များသည်လည်း တိုးတက်သည်ထက် ပိုမို တိုးတက်လာကာ အလှကျက်သရေ ဖြာဝေလျက် အမြဲလှပစေချင် သည်။ ဒီမြေ ဒီရေ အမိမြေကို ထာဝရ အလှဆင်နေတော့မည့် ကာလကို ယုံကြည်ချက်များနှင့်အတူ မျှော်မှန်းတွေးဆ၍ တက်ကြွ

ရှင်လန်းစွာဖြင့် အလှူမင်္ဂလာမဏ္ဍပ်ကြီးဆီသို့ ဦးတည်လိုက်ချိန်တွင် ဒိုးပတ်ဝိုင်းမှ ပန်းတိုင်းထောင်အရုပ်ကြီးနှင့် မျက်နှာချင်းဆိုင်မိသွားသည်။

ဒီကနေ့ ပန်းတိုင်းထောင်အရုပ်ကြီးကလည်း ပို၍ပြုံးနေသည်ဟု ရွှေဒင်္ဂါး ထင်နေမိသည်။ ထာဝရ အပြုံးမပျက်ဘဲ ရွှဲလှဲ့လ၊ ဝီနိယတို့နှင့်အတူ အောင်လံမလဲသည့် သဘာဝသရုပ်ကို ဖော်ထားသော မြန်မာတို့ရဲ့ "ပန်းတိုင်းထောင်"အရုပ်သည် ရွှေဒင်္ဂါး အပေါ် အဝင် သူတို့ ရွာသူရွာသားများအပေါ် ဆရာတော်ကြီး အမိန့်ရှိသလို ဒုတိယဘဝနှင့် နှလုံးသားလှသူများဟု အဓိပ္ပာယ် ထင်ဟပ်ပုံဖော်ပေးနေပြီ။ ပို၍လည်း နက်ရှိုင်းကျယ်ပြန့်သော အဓိပ္ပာယ်များစွာရှိကြောင်း အလေးအနက်ခံယူမှုနှင့်အတူ ပီတိအဟုန်လွှမ်းခြုံခံစားမှုများက သူအပါအဝင် သူတို့ရွာသားအားလုံး ရင်ထဲမှာ အမြဲထာဝရရှိနေပြီဟု ရွှေဒင်္ဂါးတစ်ယောက် ယုံကြည်ချက်အပြည့်နှင့် လက်ခံလိုက်ပြီ။ ထိုအချိန်သည် သူတို့ရွာ၊ သူ့ရွာသားတွေရဲ့အလှဆုံးအချိန်ပဲလေ . . . ။

ooo

## အခန်း-၄၃

"ဆရာတော်ကြီး အမိန့်ရှိခဲ့တဲ့ ဝိတိယာဝမျာနဲ့ နှလုံးသားလှကြသူတွေဆိုတာ စာသားလေးလှသလို လက်တွေ့အနေနဲ့လည်း အလွန်ထင်ဟပ်မြင်သာပါတယ် ဘုရား၊ တပည့်တော်တို့ ရောက်တဲ့အချိန်ကစပြီး ဒီနေ့အထိ ကြားခဲ့ရ၊ မြင်ခဲ့ရ တွေ့ကြုံခဲ့ရတဲ့ အကြောင်းတွေ ဇာတ်ရည်လည်လာတော့ ဒီစကားရဲ့အဓိပ္ပာယ် အလွန်နက်ရှိုင်းပြီး အဓိပ္ပာယ်ကျယ်ဝန်းတယ်ဆိုတာ သဘောပေါက်နားလည်ပါပြီ ဘုရား"

သူတို့အဖွဲ့ ခေါင်းဆောင် နိုင်ဇော်မင်း၏ လျှောက်ထားချက်ကြောင့် ဦးပဉ္စင်းဦးသောဘိတ ခေါင်းတဆတ်ဆတ် ညိတ်ရင်း -

"အင်း ဦးပဉ္စင်းလည်း ဆရာတော်ကြီး သက်တော်ကြီးလာလို့ နားနားနေနေ နေနိုင်ဖို့ရယ်၊ တရားရှုမှတ်တဲ့ဘက်ကို အလေးပေး ဆောင်ရွက်နိုင်ဖို့ စာသင်သားဘဝကနေ ဟောဒီ ကျောင်းလေးကို တာဝန်ယူနေခြင်းဟာလည်း ဒီစိတ်ဓာတ်နဲ့ လုပ်ရပ်တွေပဲပေါ့၊ ဦးပဉ္စင်း ဒီလိုပဲ ခံယူပါတယ်၊ ဒီလို နှလုံးသားလှကြတဲ့သူတွေထဲ ဒကာလေးတို့လည်း ပါနေတယ်ဆိုတာ လက်ခံပြီမဟုတ်လား" ဟုပြောလိုက်လျှင် လက်အုပ်ကလေးချီရင်း အားလုံးကိုယ်စား နိုင်ဇော်မင်းက -

"မှန်ပါတယ်ဘုရား။ တကယ်တော့ တပည့်တော်တို့ ဒီခရီးကို လာခြင်းဟာ လေ့လာရေးအဓိကထားပြီး ရသလောက်အချိန်အတွင်းမှာ ပညာဒါနပြုဖို့ပါပဲ၊ ဒါပေမဲ့ ရက်ကြာလာတာနဲ့အမျှ ရွာသူရွာသားတွေနဲ့ အနီးကပ်နေရပြီး အဖြစ်အပျက်တွေအားလုံး ကြားရတော့ စိတ်ထဲက တကယ့်မေတ္တာစေတနာတွေ ပေါ်ခဲ့ရတယ်၊ တန်ဖိုးမဖြတ်နိုင်တဲ့ အသိတရားတွေ ရလာပါတယ်ဘုရား၊ လောကမှာ စိတ်လှဖို့ နှလုံးသားလှပြီး စိတ်ဓာတ်ကောင်းရင် လောကကြီးတစ်ခုလုံး သာယာလှပပြီး အေးချမ်းမှု ငြိမ်းချမ်းမှု တိုးတက်မှုတွေ ပေးနိုင်တယ်ဆိုတဲ့ အသိတွေရခဲ့သလို နှလုံးသားလှကြတဲ့ လူတစ်ယောက်မှသည် တစ်ရွာ၊ အများရဲ့တန်ဖိုးတွေ အင်အားတွေ၊ အကျိုးဆက်တွေ မြင်ရသိရတော့ ရည်မှန်းတာထက် တန်ဖိုးရှိတဲ့ ခရီးတစ်ခု၊ အချိန်ကာလတစ်ခု ကြုံခဲ့ရတာ တပည့်တော်တို့ဘဝရဲ့ အသိသစ်တွေနဲ့ အသစ်ဘဝတစ်ခုလို့တောင် ဆိုနိုင်လောက်ပါတယ်ဘုရား" လူငယ်အားလုံးက ဦးပဉ္ဇင်း ဦးသောဘိတကို လက်အုပ်ချီရင်း ခေါင်းညိတ်လျက်. . .

"အင်း ဒါလည်း မှန်တာပဲ၊ ဒကာလေး ဒကာမလေး ဘဝတွေနဲ့တော့ ဒီရောက်လာတော့ တခြားစီဖြစ်သွားကြပြီမို့လား၊ ဘဝသစ်ပဲ ပြောပါတော့ကွယ်၊ ဒီမှာရောက်လာတော့ ဒကာလေး ဒကာမလေးတို့ စိတ်တွေလည်း ပြောင်းလာကြတာ ဦးပဉ္ဇင်း သိပါတယ်၊ အဲဒါပေါ့ စစ်မှန်တဲ့ ဗဟုသုတကို စိတ်ကူးယဉ်ဖြင့် ဖန်တီးလို့မရ၊ အတွေ့အကြုံနဲ့ လက်တွေ့ရှာမှ ရနိုင်တယ်ဆိုတဲ့ စကားအတိုင်းပေါ့ကွယ်၊ ဒကာလေးပြောတဲ့ အထဲမှာပါတဲ့ လူတိုင်းမှာ ရှိသင့်၊ သိသင့်၊ ခံယူသင့်တဲ့ ပထမတန်းစား စိတ်ဓာတ်လို့ခေါ်ခေါ်၊ နှလုံးသားလှကြဖို့ပဲပြောပြော တစ်နည်းအားဖြင့် ပရဟိတစိတ်နဲ့ ဝံသာနု

ရကွဲတ တရားပဲ၊ အဲဒီစိတ်တွေကြောင့် ရွာရဲ့စံပြလူတွေလို့ပဲ ပြောပြော၊ သူ့ရဲ့ကောင်းတွေပဲဆိုဆို ပြောနိုင်လောက်တဲ့အဆင့်ရှိတဲ့ လူတွေဖြစ်ကြတဲ့ ဒကာလေးတို့ စိတ်ဝင်စားပြီး တွေ့ချင်နေတဲ့ လူမှုထူးချွန်ဆုရတဲ့ မောင်ရွှေဒါဂ်၊ နောက်ပြီး သူနဲ့အတူပြန်လာမယ့် စိုက်ပျိုးရေး ခေတ်မီနည်းစနစ်တွေ သွားရောက်လေ့လာခဲ့တဲ့ မောင်ဆင်ပေါက်နဲ့ နီနီဝင်း၊ ပညာရေးမွမ်းမံသင်တန်းက ပြန်လာမယ့် မြစင်ယော် တို့ဟာ သက်သေပြစရာတွေပေါ့၊ ကဲ- ဒကာလေးတို့အဖွဲ့လည်း သူတို့ရောက်ချိန်နီးပြီ ဟိုမှာ ဆရာကြီး ဦးမြင့်ရွှေလည်း လာခေါ်နေပြီ၊ သွားလိုက်ကြတော့၊ ဦးပဉ္ဇင်းကျောင်းကပဲ စောင့်နေလိုက်မယ်"

"မှန်ပါ့ ဘုရား"

သို့ဖြင့် လူငယ်ငါးဦးနှင့် ဆရာကြီးဦးမြင့်ရွှေတို့ ကျောင်းဝင်းထဲမှ ပစ်တိုင်းထောင် ဆိပ်ကမ်းဘက်သို့ ထွက်လာခဲ့ကြသည်၊ လမ်းတွင် တစ်ခါပြန်တွေ့ရသည့် သစ်ပင်ဆွေးကြီးနှင့် သစ်ပင်ပျိုလေးများ နေရာရောက်တော့ သူတို့အားလုံး၏ စိတ်ထဲတွင် အသက်၊ သွေး၊ ချွေး စတေးခဲ့ကြသည့် ရွာသူ ရွာသားတွေ၊ ကျန်ရစ်ခဲ့သည့် မျိုးဆက်သစ်တွေအကြောင်း ပို၍ ထင်ဟပ်နေမိကြပြီ၊ မြေကြီးသဖွယ်ဖြစ်သည့် ကွယ်လွန်ခဲ့သူ၏ ခန္ဓာကိုယ်တည်း ဟူသော ပင်စည်များမှသည် တန်ဖိုးရှိရှာ ဘဝသစ်များနှင့် ရှင်သန်ခွင့်ရသူတွေတည်းဟူသော ပင်ပျိုတွေအဖြစ် သူတို့ရင်ထဲတွင် မြင်ခဲ့ကြရပြီ၊

"ဒီပင်စည်ဆွေးကြီးမှာ ထွက်ပေါက်ရှင်သန်ခွင့်ရနေတဲ့ ပင်ပျိုလေးတွေဟာ ပစ်တိုင်းထောင်သားတွေရဲ့ ဘဝလိုပဲလို့ သမီးတော့မြင်မိပါတယ် ဆရာကြီး၊ ဒါကြောင့် သမီးတောင် ကဗျာလေး

စပ်ထားသေးတယ်" ဟု နွေးနွေးလှိုင်က ပြောလိုက်သလို ဆရာကြီး ဦးမြင့်ရွှေက လှမ်းဆဲခြေလှမ်း ရပ်လိုက်ရင်း -

"ကဲ- ဒါဆို ဒီကဗျာလေး ဒီနေရာမှာ သမီးရွတ်ကြည့်ပါလား၊ အလွတ်ရရဲ့လား"

"ရပါတယ် ဆရာကြီး၊ ဒီလိုရှင့်"

နွေးနွေးလှိုင်က သစ်ပင်များဘက်သို့ မျက်နှာမူပြီး အသံနေ အသံထားနှင့် သူမ ရေးစပ်ထားသည့် ကဗျာလေးကို ရွတ်နေသည်။

- ရက်စက်မုန်တိုင်း ကြမ်းမှာရိုင်းကြောင့်
  ပြိုင်းပြိုင်းလဲပြို သစ်ပင်အိုသည်
  လမ်းကို ဖြတ်လျက်၊ လဲလေ၏။
- လမ်းရှင်းသည့်နိုက်၊ လွှတိုက်ဖြတ်ထုတ်
  သစ်ငုတ်ကိုလှန်၊ မြစ်သွယ်ကျန်မို့
  သစ်ခွဲလှန်နိုက်၊ သညီးတုန်လှိုက်. . .။
- အားမာန်ကိုတင်၊ တက်ခေါက်ရင်းမြင့်
  မှုရင်းဘဝ၊ ငါမရဟု
  ခေါင်းချအားပျော့၊ မာန်မလျှော့ဘဲ
  ထလော့မျိုးဆက်၊ ငါ့ကိုင်းဆက်တို့
  အသက်ဆက်ကာ၊ ဝေပြာပါတော့
  ငါ၏အားအင်၊ မြစ်တစ်မျှင်မှ
  ဝလင်အောင်ကျွေး၊ ရေကြည်ပေးအံ့
  တစ်ရွေးမျှပင်၊ ကြောက်စိတ်မဝင်နှင့်
  ငါ့ပင်စည်ထွေး၊ အသက်ပေးမည်
  ရဲဆေးရောင်တင်. . . ခမ်းနှင်တော့. . ."

"ဟာ အဓိပ္ပာယ်ရှိလိုက်တဲ့ ကဗျာလေးပဲ၊ ဒီကဗျာလေးကို ကျောင်းမှာရွတ်ရမယ်ဟေ့၊ မျိုးဆက်သစ်တွေအတွက် နမူနာရမယ့် အချက်တွေပဲကွယ့် နောက်ပြီး ရွှေဂါးတို့ အဖွဲ့လည်း လက်ဆောင် ပေးရမယ်ကွယ့်"

"ဟုတ်ကဲ့ပါရှင်"

"ကဲ- သဘောဆိပ်ဘက်သွားကြစို့"

သို့ဖြင့် ရွာသူရွာသားများ စုဝေးကြိုဆိုနေရာသို့ ထွက်ခဲ့ကြသည်။

"ပစ်တိုင်းထောင်. . . ပစ်တိုင်းထောင်. . . ပစ်လိုက်တိုင်း ထောင်"

အဓိကဟာ စိတ်ဓာတ်ပါပဲ၊ ဒုတိယအဝနဲ့ နှလုံးလှသူတွေ

တို့မြေ တို့ရွာမှာ. . . ရှင်သန်ခဲ့ပေါ့။

ပစ်တိုင်းထောင်. . . သီချင်းသံကတစ်မျိုး၊ သံချပ်သံက တစ်ဖုံဖြင့် ကိုပူစီတို့ အိုးစည်ဗိုင်းမှ အသံတွေ လေအသင့်ဝယ် ကြားနေရပေပြီ။ မကြာခင် ရောက်လာတော့မည့် ရွှေဂါးတို့ပါ လာမည့် မော်တော်ကို စောင့်ကြိုနေကြသည့် ကလေးလူကြီးအစုံ ပစ်တိုင်းထောင်ရွာသားများကား ကမ်းလုံးကျွတ်မျှ တိုး၍တိုး၍ စုဝေးနေကြပြီ။ သူတို့မျက်နှာများပေါ်ဝယ် တက်ကြွရွှင်လန်း ဝမ်းသာမှုတွေ အထင်းသားတွေ့နေရသည်။

"အဲဒါပဲ ကြည့်ကြဟေ့၊ ရွှေဂါးတို့၊ ဆင်ပေါက်တို့ ငယ် ငယ်တုန်းက ဆိုးခဲ့ရမ်းခဲ့ကြတဲ့သူတွေဆိုတာ အားလုံးသိပြီးကြပြီ မဟုတ်လား၊ ဆရာကြီးဆုံးမလည်း ခကာပဲ ပြီးခဲ့တဲ့ လေးနှစ်ကျော်က နာဂစ်မုန်တိုင်းလည်းတိုက်ရော သူတို့အသက်ရှိလှမှ ၁၈ နှစ်၊ ၁၉ နှစ်လောက်ပေါ့ အဲဒီအချိန်မှာ ရွာက လူတစ်ဝက်လောက် နေ့ချင်း

ညချင်း ပျောက်သွားတော့ သူတို့ပဲ ကျန်ခဲ့တာလေ၊ အဲဒီတော့ ရွာကခုက္ခတွေကို သူတို့မကူညီလို့ မဖြစ်တော့ဘူး၊ သူတို့ အနားမှာပဲ သေကြေပျက်စီးနေကြတာလေ၊ အဲဒီတော့ ဒါတွေကို လုပ်ရင်း ကိုင်ရင်းနဲ့ သူတို့စိတ်က မသိမသာ လူမှုရေးစိတ်တွေ ဝင်လာခဲ့တာပေါ့၊ အဲဒီအချိန်မှာ ဆရာကြီးက ပြည့်ဖြိုးမောင်တို့ အဖွဲ့နဲ့ တိုင်ပင်ပြီး ကောင်းတဲ့လမ်းကြောင်းထဲ ထည့်ပေးလိုက်တယ် ဆိုပါတော့ကွယ်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ သဘောပေါက်ပါတယ်၊ ဒါကြောင့် သူတို့ ဒီလို အများအားကိုးရတဲ့ လူတွေဆိုတာ ဘဝသစ်ကို ရောက်ခဲ့ပြီး စိတ်ဓာတ်နဲ့ နှလုံးသားတွေ လှခဲ့တာဆိုတာ သဘောပေါက်ပါတယ် ခင်ဗျာ"

နိုင်ဇော်မင်းက ဆရာကြီးဦးမြင့်ရွှေစကားကို သဘောပေါက်ကြောင်း ပြောနေစဉ် သီချင်းသံ၊ အိုးစည်သံတွေကလည်း ပို၍ မြိုင်ဆိုင်နေပေပြီ။ ထိုစဉ် အသံချဲ့စက်မှ ပြည့်ဖြိုးမောင် အသံကြားလိုက်ရသည်။

"ကဲ မကြာခင် ရောက်လာတော့မယ့် ဒုတိယဘဝနဲ့ နှလုံးသားလှကြသူများ မြန်အလာမှာ ပဟာဒီ ပစ်တိုင်းထောင် ရွာသူရွာသားများဖြစ်တဲ့ နောက်ပြီး ဆရာတော်ကြီး အမိန့်ရှိထားတဲ့ ဒုတိယဘဝနှင့် နှလုံးသားလှကြသူများကနေပြီး လက်ခုပ်တီးပြီး ဂုဏ်ပြုကြိုဆိုပေးကြပါ ခင်ဗျား"

ဖြောင်း. . . ဖြောင်း. . . . ဖြောင်း

ပြည့်ဖြိုးမောင် ကြေညာသံအဆုံးတွင် လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်လာသလို အိုးစည်သံတွေလည်း ခပ်မြိုင်

မြိုင်ကြီး ထွက်ပေါ်လာသည်။ ပစ်တိုင်းထောင်အရုပ်ကြီး ကလည်း တလှုပ်လှုပ်ဖြင့် စည်းချက်ညီညီကလျက်။ ကမ်းဘက်သို့ ကပ်လာနေသည့် မော်တော်လေးကို လှမ်းကြည့်ရင်း အားလုံးက ပြုံးပျော်ရွှင်မြူးစွာဖြင့် လက်ပြကြိုနေကြသည်။ ကြည်နူးစရာကောင်းလွန်းသည့် မြင်ကွင်းများကို ကြည့်ရင်း နိုင်ဇော်မင်းတို့ လူငယ်ငါးဦး၏ ရင်ထဲတွင်လည်း သူတို့ ဝမ်းသာကြည်နူး ပျော်ရွှင်မှုများ ပေါင်းကူးခံစားနေကြသလို သူတို့ ရင်ထဲမှ နှလုံးသား အလှတရားများသည် ပစ်တိုင်းထောင် ရွာသူ ရွာသားများနှင့်အတူ အလှချင်းပြိုင်နေကြလေပြီ။

နှလုံးအလှ ထာဝရ တည်တံ့နိုင်ကြပါစေ။

သိန်းဇော်(ရွှေလီဦး)

၀၀၀

၂၀၁၃ ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု
ဝတ္ထုရှည် ပထမဆုရ

# ဒုတိယဘာဝအစနှင့်

# အကြင်နာနှလုံးသားအလှများ



သိန်းဇော် (ရွှေလီဦး)

အဖ ဦးသူငယ်၊ အမိ ဒေါ်ခင်မြင့်တို့မှ ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ မွေးဖွားခဲ့သည်။ ငါးသိုင်းချောင်းမြို့ အစိုးရ အထက်တန်းကျောင်းတွင် ဒသမတန်းအထိ ပညာသင်ကြားခဲ့ပြီး လယ်ယာလုပ်ကိုင်ခဲ့သည်။

၁၉၉၅ ခုနှစ် ရွှေပေါ်ကျွန်း မွေ့သာလာမဂ္ဂဇင်းတွင် ပါရှိသည့် စိန်ခေါ်လိုက်စမ်းပါ ဆောင်းပါးဖြင့် စာပေနယ်ထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် ဝတ္ထုတိုများ ရေးသားဆဲဖြစ်သည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲများတွင် ပန်းတောတစ်ရွာလုံး မရွှေရီ အပျော်ဆုံး ဝတ္ထုတိုများ စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ် တတိယ (၂၀၀၄)၊ ပန်းတောမြေ ရွှေရနံ့သင်းပါလို့ လယ်ကွင်းကနိုးသံ မိုးသို့လျှံ စာမူဖြင့် ဝတ္ထုရှည် တတိယ (၂၀၀၅) နှင့် ကျီးစာငှက်စာနှင့် ကျေးလက်စကားသံ ဝတ္ထုတိုများ စာမူဖြင့် လူငယ်စာပေ ဒုတိယ (၂၀၁၀) ဆုတို့ ရရှိခဲ့သည်။ ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲများတွင် မရွှေရီ ကျေနပ်ပြီလား ဝတ္ထုတိုများ စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ် ပထမ (၂၀၀၃)၊ ရွှေသဲတစ်ပွင့် စာမူဖြင့် ဝတ္ထုရှည် ဒုတိယ (၂၀၀၆)၊ ပိုးကွန်ရက်နှင့် တူသော လက်များ ဝတ္ထုတိုပေါင်းချုပ် စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ် တတိယ (၂၀၀၇) ဆုတို့ ရရှိခဲ့ပြီး အမျိုးသားရေးဆောင်ပုဒ် စာပေပြိုင်ပွဲတွင်လည်း ဆုရရှိခဲ့သည်။

အမည်ရင်း ဦးသန်းလွင် ဖြစ်သည်။

နေရပ်လိပ်စာ - တပ်မတော်ညွှန့်ရိပ်သာ (ဗိုလ်တဲ)၊ မှဆယ်မြို့
ရှမ်းပြည်နယ် (မြောက်ပိုင်း)။